www.burmeseclassic.com



# ရွှေဒေါင်းနှင့်
# ဒေါက်တာသောင်းထိုက်

စုဆောင်း[illegible]များ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ဈေးရဲ့ စာအုပ် ၃၁

စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၇၃၆/ ၂၀၀၂(၇)]

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[illegible]

■

ပုံနှိပ်
ပထမအကြိမ် [illegible]စာအုပ်တိုက်၊ ၁၉၄၀
ဒုတိယအကြိမ် [illegible]စာအုပ်တိုက်၊ ဩဂုတ်၊ ၁၉၆၂
တတိယအကြိမ် စာအုပ်ဈေး၊ ဖေဖော်ဝါရီ ၂၀၀၂

မျက်နှာဖုံး
ဝင်းနိုင်

စာအုပ်ချုပ်
[illegible]

ကွန်ပျူတာနှင့် အတွင်းဒီဇိုင်း
Minerva Graphic Design
အမှတ် ၅၇၊ ၉ လမ်း၊ ရန်ကုန်မြို့။

■

ဦးသန်းဆွေ၊ စစ်သည်တော်စာပေ (၀၁၄၇၃)၊
အမှတ် ၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ၁၇ရပ်ကွက်၊
[illegible]သစ် ဆောင်ပိုင်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
[illegible]ဝင်းလှ(မြဲ ၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
[illegible] အတွင်းစာသားများကိုပုံနှိပ်သည်။

တစ်အုပ် (၆၀၀) ကျပ်

ဒေါက်တာ သောင်းထိုက်

# ရွှေဥဒေါင်း

စာအုပ်ဈေး
အမှတ်၅၇၊ ၉လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၂၂၁၂၁

www.burmeseclassic.com

www.burmeseclassic.com

Richard A. Freeman ၏ Dr. Thorndyke
စုံထောက်ဝတ္ထုတိုများအား မြန်မာမှုပြုသည်။

## မာတိကာ


### ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၁။ ဆွမ်းခံရင်း ငှက်သင့်

၁။ ဆွမ်းခံရင်းငှက်သင့် ၇
၂။ ဥပါဒါန်ကြောင့် ဥပဒ်ရောက် ၁၄
၃။ သော့နှင့်ဦးထုပ်မှအဆက် ၂၀
၄။ နယ်ကျူးသလောက် အရှာမလွယ် ၂၆
၅။ ဆွမ်းခံရင်း ငှက်သင့် ၂၉

### ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၂ လင်းယုန် ရွှေယုန်

၁။ မြင့်မြတ်သူနှင့် တန်ခိုးမိုက်သူ ၃၇
၂။ ရှေးဟောင်း ရှေးဖြစ် ၄၁
၃။ သေကံမရောက် သက်မပျောက် ၄၆
၄။ ဌာနီကို လွမ်းဆွတ်ခြင်း ၄၉
၅။ ချိန်းရက် ၅၃
၆။ ဒေါက်တာသောင်းထိုက် ၅၈
၇။ ရှိန်းခိုနှင့် ညီစိုးစိုးအနံ့ ၆၄

### ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၃။ စိန်ဘာဘူလူသတ်မှု

၁။ လောဘရမ္မက် ၇၁
၂။ မီးရထားတိုက်၍ သေသလော ၈၁
၃။ စုံထောက် ဦးသောင်းထိုက် ရောက်လာပုံ ၈၄
၄။ ပထမ စဉ်းစားရန်အချက် ၉၀
၅။ သဲလွန်စများ ၉၂
၆။ အရေးကြီးသော ကောက်နုတ်ချက်များ ၉၅

www.burmeseclassic.com

**ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၄၊ မယားကြီးသတ်မှု**

| | | |
|---|---|---|
| ၁။ | မီးရထားတွဲပေါ်မှ မိန်းမအလောင်း | ၁၀၇ |
| ၂။ | ငယ်မယား | ၁၁၂ |
| ၃။ | ကြိုးပြတ်စီး ကြိုးပြတ်နှင်း | ၁၁၉ |
| ၄။ | ပုလဲပန်းခိုင် | ၁၂၅ |
| ၅။ | ထန်းသီးကြွေခိုက် ကျီးနင်းခိုက် | ၁၃၁ |

**ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၅ ရွှေသွား**

| | | |
|---|---|---|
| ၁။ | တရားခွင် | ၁၃၉ |
| ၂။ | သေသူ၏ညီ အစစ်ခံချက် | ၁၄၈ |
| ၃။ | ဒဏ်ဆောင် ပြေစာလက်မှတ် | ၁၅၄ |
| ၄။ | သော့ပျက်နေသော အံဝှက် | ၁၆၁ |
| ၅။ | ရွှေသွား | ၁၆၆ |

**ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၆၊ ရုပ်ဓာတ်မြှောင်**

| | | |
|---|---|---|
| ၁။ | သွေးအိုင်ထဲမှ မိန်းကလေး | ၁၇၅ |
| ၂။ | ထွက်ပေါက်မရှိသော အခန်း | ၁၈၂ |
| ၃။ | ဓာတရုပ သိက္ခာပုဒ် | ၁၈၈ |
| ၄။ | ခေတ်ကျောင်းသူ | ၁၉၇ |
| ၅။ | ထူးဆန်းသောစာ | ၂၀၃ |
| ၆။ | ကော်ရင်ဂျီထဲမှ လမ်းစ | ၂၁၂ |

| | |
|---|---|
| ရွှေဥဒေါင်း အတ္ထုပ္ပတ္တိအကျဉ်း | ၂၂၁ |


BURMESE CLASSIC .com

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၁

# ဆွမ်းခံရင်း ငှက်သင့်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## [၁] ဆွမ်းခံရင်း ငှက်သင့်

အနောက်နိုင်ငံ ဥရောပတိုက်တွင် ဂျာမနီအာဏာရှင် ဟစ်တလာ၏ ကျူးလွန်စော်ကားချက်ဖြင့် လက်နက် အင်အားနည်းသော နိုင်ငံကလေးများကို အဓမ္မ သိမ်းယူမှုကြောင့် ဗြိတိသျှ၊ ပြင်သစ်တို့နှင့် အကြီးအကျယ် စစ်ဖြစ်ခြင်း၊ တရုတ်–ဂျပန် အရေးမှာလည်း အရှေ့နိုင်ငံတစ်လျှောက်တွင် မအေးဘဲ သဘော်အသွားအလာ အဝင်အထွက်မမှန်ဘဲ အရောင်းအဝယ်များကို မသိမသာ ထိခိုက်လာလေသည်။

ယင်းသို့ ဖြစ်ရကား ဥဒ္ဒိဿစေတီအဖြစ် ရည်မှတ် ကိုးကွယ်ရာ အထွတ်အမြတ်ဖြစ်သော်လည်း လောကီတန်ဖိုးအားဖြင့် သေးနုပ်သောပစ္စည်းဟုဆိုရသော ရုပ်တု၊ ဆင်းတု မကျန် ခိုးယူကြောင်းကို သတင်းစာများတွင် ဖတ်မိကြပေလိမ့်မည်။

ထို့ကြောင့် တစ်နေ့သောနံနက် လမ်းသစ် ပွဲစားအိမ် တစ်အိမ်မှ ဉာဏ်တော်လေးသစ်မျှမြင့်သော သားရိုးဆင်းတုတော် တစ်ဆူပျောက်ဆုံး၍ လမ်းမတော်ဌာနာတွင် တိုင်တန်းကြောင်း ဖတ်မိသော်လည်း ကျွန်ုပ်နှင့်တကွ ဒေါက်တာသောင်းထိုက်သည် အရေးမပါလှသဖြင့် လျစ်လျူရှုကာ ကျော်၍ ဖတ်လိုက်ကြလေသည်။

ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်းလိုပင် ပန်းဆိုးတန်းတွင် ဖွင့်လှစ်

www.burmeseclassic.com

www.burmeseclassic.com



ထားသော သုနာပြုဌာနနှင့် ဆေးဆိုင်သို့မသွားမီ ဘားလမ်း (မဟာ ဗန္ဓုလ ပန်းခြံလမ်း) ပုလိပ်ရုံးကြီးအနီး ဒေါက်တာသောင်းထိုက်၏ 'ပီ.အိုင်.ဘီ' P.I.B (Private Investigation Bureau) စုံထောက်ရုံးခန်းကိုဝင်၍ နှုတ်ခွန်းဆက်စကားစမြည် ပြောလေ့ရှိလေသည်။

ဆွေးနွေးနေကျအတိုင်း စစ်သတင်းနှင့် နိုင်ငံရေးများကို စကားသတ်၍ ထပြန်မည်အကြံနှင့် ကုလားထိုင်ကို နောက်ဆုတ်လိုက်ရာ ဧည့်သည်နှစ်ယောက် တွေ့လိုကြောင်းနှင့် တပည့်တစ်ယောက်က ဝင်ရောက်ပြောကြားလေသည်။

**ထိုက်**။ ။"နေဦးဗျာ၊ သည်နာမည်တွေ တစ်ခါမျှ မကြားဖူးဘူး။ ဘာများအကြောင်းထူးရှိသလဲ မသိဘူး၊ နားထောင်သွားပါဦးလား"

ထိုစဉ် ဧည့်သည်နှစ်ယောက်လည်း တံခါးမှ ဝင်လာသည်နှင့် ကျွန်ုပ်လည်း ထိုင်မြဲ ပြန်ထိုင်လိုက်လေ၏။

**ပထမဧည့်သည်**။ ။"ဟောသည်မှာလည်း ဆရာဝန်ကြီးနဲ့ တစ်ခါတွေ့နေပြန်မှကိုး"

**ဆရာဝန် ဦးသာထွန်း**။ ။"ဩ တခြားလူလား အောက်မေ့တယ်၊ (ဒေါက်တာ သောင်းထိုက်ဘက်သို့လှည့်၍) မောင်ဘတူ မတွေ့ဖူးဘူး ထင်တယ်၊ သူက 'ဘီအေ.ဘီအလ်' (B.A.B.L) ရှေ့နေစာမေးပွဲအောင်တာ မကြာသေးဘူး၊ ဝတ်လုံဦးစံရတို့နဲ့ တွဲလိုက်နေတယ်"

(တစ်ဖန် မောင်ဘတူဘက်သို့ လှည့်လျက်) "အင်း တွေ့တဲ့အခါ မိတ်ဆက်ပေးရမှာပေါ့၊ ဟောဒီက ကျုပ်မိတ်ဆွေကြီးက မောင်တို့ ကြားဖူးနေတဲ့ ဒေါက်တာ သောင်းထိုက်ဆိုတာပဲ၊ အမှုစုံထောက်မှာတော့..."

**မောင်ဘတူ**။ ။"ဟုတ်ကဲ့၊ ဒေါက်တာကြီးနဲ့ တွေ့ရအောင် တမင် သက်သက်လာတာပါပဲ။ ကျွန်တော့်ကိစ္စတော့ မဟုတ်ပါဘူး၊ အတူပါလာတဲ့ ပွဲစားကြီး ဦးမော် ကိစ္စပါ"



**ထိုက်**။ ။"ထိုင်ကြပါလေ၊ အကြောင်းရှိတာလည်း ပြောတာပေါ့"

**တူ**။ ။"ပြောဆို သည်ဆရာဝန် ဦးသာထွန်းဆိုတာလည်း အခြားလူမှ မဟုတ်ဘဲ"

(ရှက်စနိုးရှိနေသော ပွဲစားကြီး ဦးမော်ဘက်သို့ လှည့်၍ သိလို့ အရေးမကြီးပါဘူးဟူသော ကြည့်ခြင်းမျိုးဖြင့် ကြည့်ပြီးနောက်) "ကဲ၊ ကိုယ့်ဟာကိုယ် ပြောပြပါ"

ပွဲစားကြီး ဦးမော်သည် တွေဝေနေပြန်သည်နှင့်–

**ထိုက်**။ ။"ဦးသာထွန်းတော့ ရှောင်နေစရာ မလိုပါဘူး၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ပါ၊ အကြောင်းရှိလျှင် အကြံဉာဏ်တောင်းရပါသေးတယ်၊ အထူးသဖြင့် ဆေးဘက်ဝါးဘက်နဲ့ဆိုလျှင် သူမပါ မပြီးပါဘူး"

**မော်**။ ။"ကျွန်တော့်ကိစ္စက ပစ္စည်းတော့ အဖိုးတန်လှလို့ မဟုတ်ပါဘူး၊ သည်လောက်ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးများထံ ဆောင်ရွက်ဖို့ တစ်လုံးတလေ လာရောက်ပြောဆိုရတယ်ဆိုတာ ရှက်ဖို့တောင် ကောင်းကောင်းပါပဲ၊ သို့ပေမယ့်"

**တူ**။ ။"ပြောသာပြောပါ၊ သည်ပုဂ္ဂိုလ်ကြီးများမှာ အချိန်ဟာအတော်အဖိုးတန်ပါတယ်"

ပွဲစား ဦးမော်သည် စားပွဲပေါ်တွင် ဖြန့်ထားသော သတင်းစာကို ကောက်ယူ၍ လိုရာစာမျက်နှာကို လှန်ပြီးလျှင်–

"သည်အမှုကို ဖတ်မိပါလိမ့်မယ်" ဟု ယခင်အထက်က ဖော်ပြခဲ့သည့် 'သားရိုး' ဆင်းတုပျောက်ဆုံးမှုကို လက်ညှိုးနှင့် ထောက်ညွှန်၍ ပြလေ၏။

**ထိုက်**။ ။"ဟုတ်ကဲ့ ဖတ်မိပါတယ်၊ သတင်းစာအဆိုကတော့ ဘာမျှ စိတ်ဝင်စားစရာ မရှိတာနဲ့ အထူးသတိမပြုလိုက်ပါ"

**မော်**။ ။"ဟုတ်ပေမယ်၊ ကျွန်တော်လည်း ဂါတ်ကိုတော့ တိုင်ရိုးတိုင်စဉ် ဆာက်သာ တိုင်လိုက်တာပဲ၊ အဖိုးမတန်တဲ့ ပစ္စည်းဆိုတော့ ပုလိပ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တယ်ပြီး အရေးယူမယ်မထင်လို့"

**ထိုက်။** ။"စိတ်ဝင်စားစရာဆိုလျှင် ကျွန်တော်တို့ကတော့ အဖိုးတန် မတန် ဂရုစိုက်ပြီးဆောင်ရွက်လိုပါတယ်"

**မှော်။** ။"သည်လိုပါခင်ဗျာ၊ သည်ဘုရားက အဆက်ဆက်ကိုးကွယ်လာတဲ့ ဘုရားလည်းတစ်ကြောင်း၊ ကျွန်တော့်အိမ်ကို ရောက်လို့ ပူဇော်ရမှ ကျွန်တော်တို့မှာ လာဘ်သပ်ပကာလည်း ရွှင်ပြီး စီးပွားဥစ္စာ တိုးတက်လာတော့ သည်ဘုရား သည်လိုထွက်ပျောက်သွားတာ စိတ်နှလုံးမသာမယာ ရှိနေတဲ့ အထဲမှာ ပျောက်ပြီးတဲ့မနက် အိမ်မှာ မွေးထားတဲ့ တူမကလေးမှာလည်း အိမ်ရှေ့မြောင်းကူး တံတားပေါ်က ချော်လဲလို့ ခြေပွတ်တိုင် လည်သွားပါတယ်။ မိန်းမလုပ်သူလည်း သိမ်ကြီးဈေးထဲမှာ ဈေးဝယ်သွားတာ တောင်းထဲမှာ ပစ္စည်းတွေအပြည့်နဲ့ ကူလီရှာမတွေ့လို့ လက်ချည်းပဲ အိမ်ပြန်လာရတယ်။ ပုဇွန်တောင်နဲ့ ကြည့်မြင်တိုင် ပြေးနိုင်းထားတဲ့ ဘတ်စ်ကားလည်း တာယာနှစ်လုံးပေါက်တယ်။ သည်တော့ သည်ဘုရား အိမ်ကထွက်ကတည်းက တစ်နေ့တည်း သည်လောက်မကောင်းတဲ့ အတိတ်နိမိတ်တွေပြတော့ ဘယ်စိတ်ကောင်းနိုင်စရာရှိမလဲ"

**ဆရာဝန် ဦးသာထွန်း။** ။"ဘုရားပျောက်လို့ ဘေးဒုက္ခရောက်တယ် ဆိုချင်သလား"

**မှော်။** ။"လာပြန်ပြီ သည်က ဝတ်လုံကလေး မောင်ဘတူကလည်း သည်လိုပဲ မေးတာပဲ၊ သူကတော့ ငယ်လို့ အယူမရှိလျှင် ရှိပါစေတော့"

**ထွန်း။** ။"ကျွန်တော်တို့က အသက်ကြီးတော့ စဉ်းစားနိုင်ရမယ်ပေါ့လေ"

**တူ။** ။"ကျွန်တော်လမ်းမှာ ဒါပဲပြောလာတာပဲ၊ အခုဟာတွေဖြစ်တာတော့ အိမ်ပေါ်က ဘုရားကြွသွားလို့ လို့ဆိုလျှင် ဝါဆိုဦးက ပွဲကတော်ကြီးရဲ့ အမိဆုံးတာတော့ ဘယ့်နှယ်ယူမလဲ"

**မှော်။** ။"အို ဒါတော့ အသက်ကြီးမင့်ကို၊ သေပျော်ပါပြီ"



**ထိုက်။** ။"ကိုယ့်အယူနဲ့ ကိုယ် စွဲလမ်းတာတွေ ထားပါဦးတော့၊ ဘုရားပျောက်ဆုံးပုံ ပြောပါဦး"

**မှော်။** ။"ပျောက်ပုံကတော့ အတော်ထူးဆန်းတယ်၊ ဘယ်အချိန်မှာ ဘယ်လိုထွက်ပျောက်တယ် မပြောနိုင်အောင် ဖြစ်နေတယ်၊ ဘုရားကို နံနက် ပန်း၊ ရေချမ်းကပ်တာနဲ့ ည ဆီမီးပူဇော်တာကိုတော့ ပွဲကတော်ကြီး ကိုယ်တိုင်ဝတ်ပြုတယ်၊ သည့်အရင်ညက ၆ နာရီ မီးပူဇော်တော့ ကျောင်းဆောင်ရှေ့က မှန်တံခါးကို အဝတ်နဲ့ တိုက်ရင်း သတိထားကြည့်မိတယ်၊ နောက် မနက် ၇ နာရီ ပန်းကပ်ဖို့ကြည့်တော့ မတွေ့မှ ပျောက်မှန်းသိတာပဲ"

**ထိုက်။** ။"သည်အတွင်း အိမ်မှာ တစ်ရံဆံ လူဝင်လူထွက် မရှိဘူးလား"

**မှော်။** ။"လူစိမ်းလည်း အဝင်အထွက်မရှိဘူး၊ အိမ်တွင်းလူလည်း ကျွန်တော်နဲ့ ပွဲကတော်ကြီးက လွဲလို့ ဘယ်သူမှ မကိုင်တွယ်ရဘူး၊ ကျွန်တော်လည်း တွံတေး တစ်ညအိပ်သွားတာ နောက်မနက်မှ ပြန်ရောက်တယ်"

**ထိုက်။** ။"ကျောင်းဆောင်ကို သော့ခတ်ပိတ်ထားသလား"

**မှော်။** ။"အမြဲဘယ်တော့မှ မဖွင့်ဘူး၊ သော့တော့ ကျောင်းဆောင်အောက်က သံမှာချိတ်ထားတယ်၊ နို့ပေမယ့် ခိုးတဲ့လူက သူ့သော့နဲ့သူ လာဖွင့်ယူတာမှ သူ့သော့တောင် တံခါးသော့အိမ်မှာ တပ်လျက်သား ကျန်ခဲ့တယ်"

**ထိုက်။** ။"သည့်ပြင် ဘာများ ပျောက်သေးသလဲ"

**မှော်။** ။"သည့်ပြင်တော့ ဘာမျှ လက်ရာခြေရာ မပျက်ဘူး၊ တခြားပစ္စည်းများ ပျောက်လျှင်လည်း အခုတော့ဖြင့် မသိသေးဘူး"

**ထိုက်။** ။"အိမ်မှာ နေတဲ့လူတွေတော့ မသင်္ကာမရှိဘူးဆိုပါတော့၊ ဘယ်သူတွေ နေကြသလဲ"

**မှော်။** ။"နေတာတော့ အရင်းအချာချည့်ပါပဲ၊ မိန်းမက ပွဲကတော်ရယ်၊ သမီးရယ်၊ တူမရယ် ၃ ယောက်၊ ယောကျ်ားက ကျွန်တော်နဲ့ ဦးရီးတော်ဘခ်ယောက်၊ အိမ်သူအိမ်သားအပေါ်မှာတော့ အစစ စိတ်ချရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်။ ။"အိမ်မှာ လူလည်း မလစ်ဘူးလား"

မှော်။ ။"လစ်တယ်တော့ မပြောနိုင်ဘူး၊ သည်လိုတော့ တစ်ခုရှိတယ်၊ သည်ညက လမ်းမဆောင် ရာမဇာတ်ကို မိန်းမတွေ သွားကြတယ်၊ ဦးရီးတော်ကတော့ အိမ်စောင့်နေပါလေ၊ ခါတိုင်းလိုပဲ တံခါးပေါက်ဝမှာ အဝတ် ကုလားထိုင်နဲ့ ထိုင်စောင့်နေတာပဲ"

ထိုက်၊ ။"မိန်းမတွေ ရာမပွဲကို ဘယ်အချိန်သွားလို့ ဘယ်အချိန် ပြန်သလဲ"

မှော်၊ ။"၁ နာရီခွဲလောက်သွားကြပြီး ၁၂ နာရီလောက် ပြန်တယ်၊ ဦးကြီးချိုက ပေါ့ပေါ့ဆဆ နမော်နမဲ့နဲ့ အိပ်ပျော်နေတတ်တဲ့ လူကြီးမဟုတ်ပါဘူး၊ အင်မတန် လုံ့လဝီရိယကောင်းပါတယ်"

ထိုက်။ ။"ဘုရားဉာဏ်တော်နဲ့ ပုံတော်ကို အနည်းငယ် ပြောပြစမ်းပါဦး"

မှော်။ ။"ဉာဏ်တော်က လေးသစ်ဆိုတော့ ၃ လက်မ သာသာကလေး ရှိတာပေါ့၊ ပုံတော်က ဗောဓိလက်ရိုးအောက်ပလ္လင်မှာ ကြာ ၉ ပွင့် ခံပြီး ဘုရားနဲ့တွဲလျက် တစ်သားတည်း ထုထားတယ်၊ ပလ္လင်အောက်မှာလည်း ရွှေမှို ကိုးချက် ရိုက်ထားတယ်"

ထိုက်။ ။"တော်တော်လည်း ထူးခြားပုံ ရပါကလား၊ ရွှေမှို ကိုးချက်ဆိုတာက ဘယ်လိုအတိတ်နဲ့ အမှတ်အသားပြုထားပုံလဲ"

ပွဲစား ဦးမှော်လည်း မပြောလိုသော သဘောဖြင့် မျက်နှာအနည်းငယ် ပျက်နေလေရာ ရှေ့နေ မောင်ဘတူက–

"ပြောစရာရှိသရွေ့ ကုန်စင်မကျန် ပြောပြမှပေါ့၊ သည်လို အကြောင်းမျိုးကို ဆောင်ရွက်ရတဲ့သူက ရှိသမျှအကြောင်းအားလုံးအကုန်သိရမှ ရှေ့နောက် ချင့်ချိန်နိုင်တော့မပေါ့"

ဟု ပြောသောအခါမှ ပွဲစားသည် နှုတ်ခပ်လေးလေးဖြင့်–

မှော်။ ။"သည်လိုဆိုလျှင် အရင်းခံက စတည်ပြောမှ ဖြစ်မယ်၊ သည်ဘုရားက ဘယ်သူ့လက်ထက်က ဘယ်လိုရလို့ ကိုးကွယ်လာကြတယ်တော့ မသိ



ဘူး။ ၉ နဝင်း ဦးအောင် စီမံတဲ့ဘုရားလို့ အမေများ အဘိုးများ ပြောသံကြားမိမှတ်မိတယ်၊ သည်ဘုရားက လာဘ်ရွှင်တယ်၊ ဆုတောင်းပြည့်တယ်လို့ အထူးပဲ အာရုံပြုပြီး လူသိတောင် မခံဘူး"

မောင်ဘတူ။ ။"ခိုးတဲ့လူက ရွှေမှိုကိုးချက်ကို လိုချင်လို့ ခိုးတာပဲ"

မှော်။ ။"ရွှေမှို ကိုးချက်ဆိုတာက အမြင်သာ ရွှေမှိုနဲ့တူလို့ ပြောတာပါ၊ ဒါလည်း မြင်ဖူးကြတာ မဟုတ်ပါဘူး"

ထိုက်။ ။"ရွှေမှို မဟုတ်လျှင် ဘာတွေတုံး"

မှော်။ ။"လူကြီးများ ပြောခဲ့တာတော့ ရွှေလက်ဖွဲ့ကလေး ၉ လုံးလို့ ဆိုတာပဲ၊ ရွှေလက်ဖွဲ့ကလေးတွေဆိုတော့ ဘယ်လောက်သား ရှိမှာလဲ၊ သည်လောက် ကြိုးကြိုးစားစား ခိုးရအောင် မက်လုံးမရှိပါဘူး"

ထိုက်။ ။"သည်ဘုရား အကြောင်းကို ဘယ်သူများ သိသလဲ"

မှော်။ ။"ကျွန်တော့်ပွဲကတော်ရယ်၊ ကျွန်တော်ရယ်၊ ဦးချိုရယ်၊ သည့်ပြင်တော့.. ဩ–ညောင်ပင်သာ ဘုန်းတော်ကြီးကလွဲလို့ သိတဲ့လူမရှိဘူး"

ထိုက်။ ။"ညောင်ပင်သာ ဘုန်းတော်ကြီးကို သိပုံပြောစမ်းပါဦး"

မှော်။ ။"ဝါဆိုလပြည့်နေ့က ဘုန်းကြီးဆွမ်းကျွေးတယ်၊ အားလုံး သံဃာများ ပြန်ကြပြီးနောက် ဆရာတော် တစ်ပါးတည်း တရားဟော ကျန်ခဲ့တယ်၊ အဲသည်တော့ ဆရာတော်က ဘုရားကြည်ညိုရင်းနဲ့ 'ပွဲစား သည်ဘုရား ဘယ်ကရသလဲ' မေးလို့ ပြန်ပြောဖူးတယ်"

ထိုက်။ ။"သိသင့်သလောက် သိပါပြီ၊ ဆောင်ရွက်စေလိုလျှင်လည်း ကျွန်တော် ကြိုးစားပါ့မယ်၊ ကျွန်တော့်ထံကို များသောအားဖြင့် ကြီးကျယ် ခဲယဉ်းတဲ့ အမှုမျိုးကိုသာ လာရောက် စောဒနာလေ့ရှိကြတယ်၊ သည်လို သေးဖွဲ့တဲ့

မှော်။ ။"ကျွန်တော်တို့မှာတော့ အကြီးအကျယ် နှလုံးမသာယာ ဖြစ်နေပါတယ်၊ ပွဲကတော်ကြီးဆိုတာတော့ မအိပ်နိုင် မစားနိုင် ဘေးအန္တရာယ်တွေ ဆော့ရတော့မလောက် တွေးပြီး လန့်ကြောက်နေပါတယ်၊ သည်ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရလျှင်တော့–"

**ထိုက်**။ ။"ပြန်ရမယ်လို့ အားမ တော့ မခံနိုင်ဘူး၊ အခု သိရသလောက်မှာ မိမိရရလိုက်ဖို့ တစ်စွန်းတစ်စမှ လမ်းမမြင်သေးဘူး။ သို့သော်လည်း ကျွန်တော်တို့ မနက်စာ စားသောက်ပြီး ၁၁ နာရီလောက်ကို အရောက်လာခဲ့ပါမယ်၊ အိမ်က စောင့်နေပါ၊ အိမ်သူအိမ်သားအားလုံးကိုလည်း မေးစမ်းလိုပါတယ်၊ တခြား မသွားကြပါစေနဲ့"

**မော်**။ ။"ကောင်းလှပါပြီ အားကိုးပါရစေ"

ဟုပြော၍ အိတ်ထဲမှ ငွေစက္ကူများကို ထုတ်ပြီးလျှင် ဒေါက်တာ သောင်းထိုက်သို့ ကမ်း၍ ပေးလျက်–

"ဘုရားကို ပြန်ရတဲ့အခါကျတော့လည်း ထိုက်သည့်အားလျော်စွာ ကျေးဇူးဆပ်ပါ့မယ်"

ဒေါက်တာ သောင်းထိုက်သည် လှမ်း၍မယူဘဲ–

"အို၊ သည်လိုသဘောမထားပါဘူး၊ အောင်မြင်တဲ့အခါမှ သဒ္ဓါ သလောက် ချီးမြှင့်တာပေါ့"

ပွဲစား ဦးမော်သည် ငွေစက္ကူချပ်များကို စားပွဲပေါ်တွင် စာဖိသော မှန်တုံးနှင့် ဖိ၍ထားပြီးနောက် ထိုင်ရာမှ ထလျက်–

"သွားလာရတဲ့စရိတ်ဆိုတာ အရင်ကုန်နှင့်တာမျိုးပဲ၊ အားမနာပါနဲ့ ယူသာယူပါ" ဟု ပြော၍ ထွက်သွားလေ၏။

## [၂] ဥပါဒါန်ကြောင့် ဥပဒ်ရောက်

ပွဲစားဦးမော်နှင့် ရေ့နေ မောင်ဘတူတို့ ထွက်သွားပြီးနောက် ဒေါက်တာ သောင်းထိုက်သည် ငွေစက္ကူများကို တစ်ချပ်စီလှန်လျက်–

"ပွဲစားကတော့ အတော်သေချာ စေ့စပ်တဲ့လူပဲ၊ စက္ကူ အချပ်တိုင်းမှာ



ဘုံဆိပ်နှိပ်ပြီး လက်မှတ်များတောင် ထိုးထားတယ်"

(တံဆိပ်ကို ကြည့်လိုက်သောအခါ လမ်းသစ် အိမ်နံပါတ် ၃၅၆) ဟု အပေါ်တန်းတွင် ပါရှိလျက် အလယ်တွင် နေ့စွဲရက်စွဲနှင့် အောက်တွင် ဦးမော် ဟု လက်မှတ်ထိုးထားလေသည်။

"သို့သော် ပညာရှိသော်လည်း သတိဖြစ်ခဲသည် ဆိုသလိုပဲ ဝီရိယလွန်လျှင် ဥဒ္ဒစ္စဖြစ်တတ်တယ်။ ငွေစက္ကူက တစ်ဆယ်တန် ငါးချပ်တောင်မှ၊ လူကြည့်ရပုံကတော့ ထားဝယ်လုံချည် တစ်ပတ်နွမ်း၊ နေစားလို့ တချို့နေရာမှာ အရောင်ပျက်နေတဲ့ နက်ပြာ သက္ကလတ်အင်္ကျီ အောက်ခံမှာ သားရေ ထပ်ပိုးထားတဲ့ ဘုံဘိုင်ရေဖိနပ်စီးပြီး လက်တစ်ဆစ်လောက်ရှိတဲ့ ဆေးပြင်းလိပ်တိုကလေးကို မီးမရှိဘဲနဲ့ လက်ကြားညှပ်ပြီး မပစ်ရက်ထား ထောက်ကြည့်လျှင် အတော်စီစစ်မယ့် လူစားမျိုးဖြစ်လျက် ဒါလောက်ကိစ္စကလေး ဆောင်ရွက်ဖို့ကို ငွေငါးဆယ်လုံး ပေးနှင့်ထားတာ ဘယ်သဘောလဲ"

**ဆရာဝန် ဦးသာထွန်း**။ ။"ဘုရားက သူပြောသလောက် ကမယ် မထင်ပါဘူး၊ အထဲမှာ အဖိုးထိုက်အဖိုးတန် တစ်ခုခု ပါပါလိမ့်မယ် ထင်တယ်"

**ထိုက်**။ ။"သည်လို တွေးစရာတော့ လမ်းရှိတယ်၊ သို့ပေမယ့် လူဆိုတာ တစ်ယောက်တစ်မျိုး စွဲလမ်း အယူသီးကြတယ်။ ရိုးရိုးဘုရားတစ်ဆူ ထွက်ပျောက်လို့ သည်လောက် ငွေကုန်ကြေးကျ မခံဘူး၊ စွဲလမ်းခြင်းတရားက တယ်ခက်တာမျိုးပဲ။ ဗုဒ္ဓါမေသရဏံ အည်နတ္ထိ၊ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိလို့ ပါးစပ်ကသာ တတွတ်တွတ် ရွတ်ကြတယ်၊ ကြည့်ပါတော့လား ရုပ်တု၊ ဆင်းတုထဲမှာ အင်းအိုင်၊ ဂါထာ၊ မန္တရားတွေ စုတ်လား လက်ဖွဲ့ဘွေမြှုပ်လားနဲ့ လောကီသိဒ္ဓိလမ်းတွေဘက်ကို ယုံကြည်လိုက်စားကြတာပဲ။ ပွဲကတော်ကြီးမှာလည်း ဘုရားထွက်ပျောက်ထာနဲ့ စားမဝင်၊ အိပ်မပျော်ဖြစ်နေတာ၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ပေါ့ဗျာ။ စိတ်ကသည်လို စွဲလမ်းလို့ သည်း မှဲ့မှဲ့လျော့လျော့ဖြစ်ပြီး ကုလီကုလားကို ဂရုမစိုက်မိလို့ ဈေးဝယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သား ပစ္စည်းတွေအပြည့်နဲ့ တောင်းဆုံးတာပေါ့"

ထွန်း။ ။"တူမ ခြေပွတ်တိုင် လည်တာတော့ကော"

ထိုက်။ ။"မွေးထားတဲ့ တူမကလေးဆိုတာနဲ့ အရွယ်ငယ်ကြောင်း မထင်ရှားဘူးလား။ ကာလမိန်းကလေးတွေက အိမ်ရှေ့ထွက်တယ်ဆိုတာ အချိန်းအချက်ရှိလို့ ထွက်တာများတယ်၊ ရည်းစားမျှော်ရင်း ငေးလို့ ချော်ကျတာနဲ့ တူပါတယ်"

ထွန်း။ ။"နို့ ဘတ်စ်ကား တာယာ နှစ်လုံးပေါက်တာတော့ကော"

ထိုက်။ ။"အို– ပွဲစားဆိုတဲ့လူမျိုးက အင်မတန် ဆယ်လီကျေတဲ့ လူစားမျိုးပဲ၊ ဘတ်စ်ကားကို သူတို့ဝယ်တောင်တယ်ဆိုလျှင် အချောင်ရတဲ့ အဟောင်းဝယ်မှာဗျ။ တာယာလည်း အသစ်ဝယ်ဖို့ စိတ်မကူးဘူး၊ သူတို့ မျက်စိအောက် လမ်းသစ်ထဲမှာ တာယာအဟောင်း လိုက်ဝယ်ပြီး ပြင်ဆင် ဖာထေးပြီး ရောင်းနေတဲ့ ဆိုင်တွေက ဝယ်မှာပေါ့။ သည်တော့ တစ်နေ့တည်း နှစ်လုံး မဟုတ်ဘူး၊ လေးလုံးစလုံးတောင် ကွဲလိမ့်ဦးမယ်။ သည်လိုပါ၊ သူတို့အယူသီးတာတွေက ကျုပ်တို့သဘောနဲ့ဆိုတော့ ဘာမှအကြောင်းအဆက်မရှိဘူး၊ ကျုပ်တို့က တွေ့နိုင် မြင်နိုင်တဲ့ အကြောင်းအဆက်ကို ထောက်ပြောနေတာပါ"

ထွန်း။ ။"ဖြစ်နိုင်စရာပါပဲ"

ထိုက်။ ။"ကျုပ်ကလည်း တပ်အပ်ပြောနေတာမှ မဟုတ်ဘဲ၊ စုံထောက်ပညာဆိုတာ ဖြစ်နိုင်တဲ့လမ်းတွေကို ချိန်ချပြီး တွေးဆယူရတာကို အမှန်ချည့်လည်း အခါတိုင်းတွေးနိုင်တယ်လို့ ဝန်မခံပါဘူး"

ထွန်း။ ။"နို့ အခု ဘယ်လိုသဘောရသလဲ"

ထိုက်။ ။"အိမ်တွင်းသူခိုး မဟုတ်ကြောင်းတော့ သိရပါပြီ"

ထွန်း။ ။"ပွဲစားက အိမ်သူအိမ်သားအပေါ်မှာ စိတ်ချရတယ်ဆိုလိုသလား"

ထိုက်။ ။"အို သော့တွဲလည်း ကျန်ခဲ့တယ်ဆိုမှ အိမ်သူအိမ်သားခိုးလျှင် သော့ တခြားရှာနေပါဦးမလား၊ ကျောင်းဆောင်အောက်မှာ ချိတ်ထားလျက်



ရှိပြီးသားပဲ"

ထွန်း။ ။"သည့်ပြင် ဘာများ လမ်းစတွေ့သေးသလဲ"

ထိုက်။ ။"ပြောသလိုတော့ သူတို့သုံးယောက်အပြင် ဆရာတော်ပဲ ဘုရားအကြောင်းကို သိတယ်ပြောသွားတယ်၊ ဆရာတော်ကိုလည်း ပြစ်မှားစရာမရှိပါဘူး၊ သည်တော့ သည်အကြောင်းကို သိတဲ့လူတစ်ယောက် ရှိရဦးမယ်၊ ဒါကြောင့် သိနိုင်မယ့်သူကို စုံစမ်းရှာဖွေရမယ်။ ည မီးပူဇော်တုန်းကပဲ တွေ့သေးတယ်၊ မနက် ပန်း ရေချမ်း ဆွမ်းကပ်တော့မှ ပျောက်မှန်းသိတယ်ဆိုတော့ သည်အတွင်းမှာ ဘယ်အချိန် လစ်တယ်ဆိုတာကို ထောက်လှမ်းဖို့ရှိတယ်။ ပွဲစားအပြောက ဦးချိုဆိုတဲ့ ဦးရိုးတော်ကလည်း လုံ့လဝီရိယနဲ့ စိတ်ချရတယ်ပြောထားတယ်။ သည့်ပြင်အချိန်ကို ဝင်ခိုးဖို့ အခွင့်အလမ်းမရနိုင်ဘူး၊ သည်တော့ သူတို့အိမ် သွားမေးစမ်းပြီး တစ်နည်းတစ်လမ်း ပေါ်ပေါက်လာမှ သိနိုင်မယ်"

ထွန်း။ ။"ဒါဖြင့် ကျွန်တော်လည်း လိုက်ခဲ့မယ်၊ ကျွန်တော် ဆေးဆိုင်သွားပြီး ပြန်မှာနဲ့ နောင်ကြီး ထမင်းစားပြီးမှာနဲ့ အတော်ပဲ"

ဒေါက်တာ သောင်းထိုက်သည် အမြဲမကွာ ဆောင်ယူလေ့ရှိသော ဓာတ်အက်စ်အမျိုးမျိုးနှင့် ဆရာဝန်များသုံးသော လက်နက်ကိရိယာ အစုံအလင်တို့အပြင် ခရီးဆောင်ရန် စီမံထားသော သေတ္တာကလေးကို မော်တော်ကားပေါ်သို့ တပည့်တစ်ယောက်အား ယူဆောင်တင်စေသည့်အခိုက်တွင် ဆရာဝန် ဦးသာထွန်း ပြန်ရောက်လာသည်နှင့် မိတ်ဆွေနှစ်ဦး အနောက်လမ်းသစ်ဘက်သို့ စီးနင်းလိုက်ပါသွားကြလေ၏။

လာမည့်လမ်းကို မျှော်နေသော ပွဲစားဦးမော်က–

"အိမ်မှ အလွယ်တကူ တွေ့ပါ့မလားလို့ ကိုယ်တိုင်စောင့်နေရတယ်၊ ကျွန်တော့်အပြစ်ပဲ၊ အိမ်နံပါတ်ပြောခဲ့မယ်လို့ဟာ မေ့ထွက်လာတယ်"

ဟု ရိုသေကိုင်းရှိုင်းစွာ ခရီးဦးကြိုပြုသော်လည်း ပွဲကတော်လုပ်သူမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အား စကားဟဟမပြောဘဲ မအီမသာ ရှုံချည်စောင်ကြီးကို သိမ်းခြုံပြီး ထိုင်နေလေ၏။ ၎င်း၏အမူအရာမှာ ကျွန်ုပ်တို့အား အယုံအကြည်မရှိ၍ လင်ဖြစ်သူ ပွဲစားအား–

"ဘုမသိ ဘမသိနဲ့ သူလုပ်လိုက်မှဖြင့် သည်လိုချည့်ပဲ၊ ငွေ ငါးဆယ်ရင့်မကြီး လက်ဦးလွှန် ခြေဦးလွှန် ပေးခဲ့ရမလား"

ဟု အပြစ်တင် မြည်တွန် တောက်တီးနေဟန် တူလေသည်။

ဦးစွာပထမ ဘုရားထားသည့် ကျောင်းဆောင်ကို ကြည့်လိုကြောင်း ဦးသောင်းထိုက်က ပြောလေရာ ပွဲစားက အိမ်ပေါ်ထပ်သို့ကြွရန် ပြောသည်နှင့် ပွဲကတော်ကြီးလည်း နောက်ကလိုက်တက်လာပြီး ခပ်လှမ်းလှမ်းမှ စောင်းပါးရိပ်ခြည် ကြည့်နေလေ၏။

ပွဲစားပြောသည့်အတိုင်း သော့မှာ ကျောင်းဆောင်မှန်တံခါး သော့ပေါက်တွင် တွဲလောင်းတပ်လျက်ရှိကြောင်း တွေ့ရလေ၏။

**ထိုက်**။ ။"တခြားဘယ်သူကိုင်သေးလဲ"

**ပွဲစား**။ ။"ဘယ်သူမှ မကိုင်ပါဘူး၊ ကျွန်တော်ပဲ တံခါးရွက် အောက်နားက ကိုင်ပြီး လှပ်ကြည့်လိုက်တယ်"

ဒေါက်တာသောင်းထိုက်သည် လက်တွင် ဆွဲထားသော သေတ္တာ ကလေး အတွင်းမှ ပုလင်းကလေး တစ်လုံးကို ထုတ်ယူ၍ ပုလင်းထဲမှ ပေါင်ဒါမှုန့်များကို စက္ကူတစ်ချပ်ပေါ်တွင် သွန်၍ ဖြန့်လေ၏။ ထို့နောက် ကျောင်းဆောင် မှန်တံခါး လက်ကိုင်နှင့်တကွ သော့ပေါက်အနီး မှန်သားများပေါ်သို့ ပေါင်ဒါမှုန့်များ အနှံ့အပြား ရောက်စေရန် စက္ကူကို အလိုက်သင့်ရွှေ့၍ ပါးစပ်ဖြင့် လေမှုတ်ကာ မှုတ်ကာ လုပ်လိုက်သောအခါ ပေါင်ဒါမှုန့်များသည် ကပ်သည့်နေရာတွင် ကပ်လျက် ကျန်ခဲ့လေ၏။

**ထိုက်**။ ။"ဘယ်သူမှ မကိုင်တဲ့ကျေးဇူး၊ ပွဲကတော်ကြီးကလည်း ဘုရားကို ကြည်ညိုပြီး လုံ့လဝီရိယကောင်းကောင်းနဲ့ မှန်များကို တိုက်ချွတ်ထားတဲ့



အတွက် ပေါ်သည်မှာ– သူခိုးရဲ့ လက်ပုံစံ ကောင်းကောင်းကြီး ထင်ရှားပါပေတယ်"

ဟုပြော၍ ပွဲကတော်ကြီးအား လှည့်ကြည့်လိုက်ရာ 'ဘုရားကို ကြည်ညိုသည်၊ လုံ့လဝီရိယကောင်းသည်' ဟု ချီးမွမ်းသောစကားများသည် ပွဲကတော်ကြီးနားထဲသို့ နလုံးလေခွေ့ဝင်လေ၏။ အောင့်သက်သက် ရှိနေသော မျက်နှာထားမှာလည်း ချိုလာသည့်ပြင် သူခိုးလက်ပုံစံတွေ့လျှင် ငါတို့ ဘုရားတော့ ပြန်ရတော့မည်ဟု စိတ်အချကြီးချဟန်နှင့် အနီးသို့ချဉ်းကပ်လာလေ၏။

ဤအမူအရာကို မြင်သောအခါ ပွဲစားက ဦးသောင်းထိုက်အား စုံထောက်ပညာသာမက လူကဲခတ်ကောင်း ကြိုက်လုံးကောက်ပြီး အချက်ကျတော်တော်ပြောတတ်တဲ့လူပါပေပဲဟု စိတ်ထဲက ချီးမွမ်းမိလေသည်။

ဒေါက်တာ သောင်းထိုက်သည် ပွဲကတော်အား လုံးဝဂရုမစိုက်ဘဲ ဓာတ်ပုံ ရိုက်ကူးသော 'ကင်မရာ' ကလေးကိုသာ ဖြန့်ထုတ်၍ လက်ပုံစံများကို ရိုက်ကူးယူလေ၏။ ထို့နောက် သော့ပေါက်တွင် ချိတ်လျက် တွေ့သော သော့ဖြင့် ပိတ်ချည်ဖွင့်ချည် အကြိမ်ကြိမ် ခတ်ပြီးနောက် နုတ်ယူပြီးလျှင် ပြတင်းပေါက်သို့သွား၍ သော့လုံးအခေါင်းထဲသို့ မှန်ဘီလူးနှင့် သေချာစွာ ကြည့်ရှုလျက် ကျွန်ုပ်အား–

**ထိုက်**။ ။"ဦးသာထွန်း၊ ခိုင်းတယ်လည်း မအောက်မေ့ပါနဲ့၊ ဟိုသေတ္တာထဲက ဇာဂနာ အသေးဆုံးကလေးနဲ့ မှန်ချပ်ကလေး တစ်ပြားရယ် စက္ကူဖြူမာမာကလေးတစ်ချပ်ရယ် ထုတ်ပေးစမ်းပါ"

**ထွန်း**။ ။"လက်မအားလျှင် ကူညီဖို့ လိုက်လာတာပဲ အလိုရှိတာသာ ခိုင်းပါ"

ဒေါက်တာသောင်းထိုက်သည် သော့ထိပ်ဝရှိ အခေါင်းတွင်းမှ အမှုန်အဖတ်ကလေးများကို ဇာဂနာနှင့် ဖြည်းညင်းစွာ ဆွဲထုတ်ပြီးနောက် စက္ကူအသုချပ်ပေါ်တွင် တင်ပြီးသကာလ မှန်ချပ်နှင့် ဖိထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## [၃] သော့နှင့် ဦးထုပ်မှအသက်

အနောက်နိုင်ငံတွင် လောကဓာတ်ပညာ ထွန်းကားသည် အလျောက် သေးနုပ်သော အရာဝတ္ထုကလေးများကို အပြန်ပေါင်းများစွာ ချဲ့ထွင်၍ မြင်စွမ်းနိုင်သော မှန်ဘီလူးများမှာ အံ့သြလောက်ပေ၏။ ဒေါက်တာ သောင်းထိုက်သည် သော့အခေါင်းတွင်းမှ ထုတ်နုတ် ဆွဲငင်ယူသော အမျှင်ကလေးများကို မှန်ဘီလူးနှင့် ကြည့်ပြီးနောက်–

ထိုက်။ ။"သော့နဲ့ သော့အိမ်နဲ့ အတော်ကျပ်တဲ့ပုံ ထောက်တော့ ပါလာတဲ့ သော့နဲ့ အရမ်းအားတိုက်ဖွင့်ရတဲ့ လက္ခဏာရှိတယ်။ သော့မှာ သံချေးလည်း မတက်၊ ပြောင်လက်ပုံထောက်တော့ အမြဲသုံးနေတဲ့ သော့နဲ့ သဏ္ဌာန်တူတယ်။ အမြဲသုံးတဲ့သော့မျိုးကို ကိုယ်နဲ့ တယ်ခွာကြတာမဟုတ်ဘူး၊ အိတ်ထဲမှာ ထည့်ဆောင်တတ်ကြတယ်။ အဲ–ဒါကြောင့် နှစ်ရှည်လများ ကြာတော့ သော့ခေါင်းထဲမှာ ဝင်နေတဲ့ အမှိုက်၊ အမွေး၊ အမျှင်ကလေးတွေက သည်သော့ရှင်ဟာ အမြဲလိုလို မီးခိုးရောင် သက္ကလတ်အကျႌကို ဝတ်ဆင်ပြီး ဆေးပြင်းလိပ် ဆေးစာမှ ကျတဲ့ ဆေးမှုန့်ထည့်ပြီး ဆေးတံသောက်တဲ့လူ ဖြစ်ရမယ်လို့ သက်သေခံနေပါကလား။ အင်္ဂလိပ်စကားပုံလို ပြောတာ မဟုတ်ဘူး၊ သူ့သော့ထဲကရတဲ့ အမှိုက်က မှန်ဘီလူးအောက်မှာ သက်သေခံနေတာ။ တော်တော်ကြာတော့ သည်လူကြီးဟာ စုန်းတတ်တယ်၊ မှော်ဆရာကြီး ဘာညာ ပြောမနေနဲ့၊ ပွဲကတော်ကြီး ဟောသည်မှာ လာကြည့်လှည့်"

မခေါ်ဘဲနှင့် ရောရောဝင်ဝင် ရင်းရင်းနှီးနှီး ရှိချင်လာသော ပွဲကတော်ကြီးသည် မှန်ဘီလူးဖြင့် ကြည့်သောအခါ ဒေါက်တာ သောင်းထိုက်က–

"မီးခိုးရောင် ကွေ့ကွေ့ကောက်ကောက် အမျှင်တွေဟာ တွေ့ရဲ့ မဟုတ်လား။ အဲသည် သိုးမွေးချည်ကလေးတွေဟာ တခြားကတော့ လာမရောက်



နိုင်ဘူး။ အမြဲဝတ်တဲ့ အကျႌအိတ်ထဲမှာ သော့ကို နှစ်ရှည်လများ ထည့်ချည်ထုတ်ချည် လုပ်နေတော့ ပွန်းပြတ်ကာ အထဲဝင်ပြီး သော့ဖွင့်တိုင်း ပိတ်တိုင်း သိပ်သွင်းထားသလို ဖြစ်နေတာ။ အဲဟို အမှုန် အဖတ်တွေက ဆေးချေးတွေနဲ့ မည်းနေတဲ့လက္ခဏာထောက်တော့ ဆေးပြင်းလိပ်က ကျတဲ့အမှုန် မဟုတ်ဘူး၊ ဆေးတံထဲကမှ ထွက်နိုင်တယ်"

ဤစကားကို ကြားသောအခါ ပွဲကတော် ဒေါ်ဒွန်းသာသည် အံ့သြသော မျက်နှာထားနှင့် လေးမြတ်စွာ ကြည့်လေ၏။ ၎င်းနောက် သမီးကိုခေါ်၍ ဧည့်သည်များသောက်ရန် လက်ဖက်ရည်၊ မုန့်၊ လင်မနစ်နှင့် ကွမ်း၊ ဆေး၊ လက်ဖက်မကျန် ပြင်ဆင်ခင်းကျင်းစေရန် တီးတိုးစီမံလေ၏။

အပေါ်ထပ်တွင် စုံစမ်းရန် ကိစ္စတုံးသဖြင့် အောက်သို့ ဆင်းလာကြသည့်အခါ အိမ်သူ အိမ်သားများအနက် ဦးရီးတော်ဖြစ်သူ ဦးချို့ကို စတင်မေးစမ်းရာ ဦးချို့မှာ အသက်အရွယ် ၅၀ ကျော်မျှရှိ၍ အသားအရည် ပြည့်တင်းပုံကိုထောက်သော် ကျန်းမာသော လူကြီးဟု ဆိုရပေမည်။ ပြောပုံဆိုပုံကိုထောက်သော် ရိုးသားဖြောင့်မတ်၍ လုံ့လရှိပုံလည်းရ၏။

ထိုက်။ ။"ဟိုနေ့ညက ပွဲကတော်များ ရာမပွဲ ထွက်သွားတဲ့နောက် အိမ်ကို ဘယ်သူများ လာသလဲ မှတ်မိရဲ့လား"

ဦးချို့။ ။"ဘယ်သူမှ မလာပါကလား"

ထိုက်။ ။"သေသေချာချာ ပြန်တွေးစမ်းပါဦး၊ တစ်စတစ်စ ပြန်တွေးရင် ရေးရေးပေါ်လာတတ်ပါတယ်"

ဦးချို့သည် တွေဝေနေရာမှ–

"တစ်ခုတော့ရှိတယ်၊ သူတို့လမ်းထိပ်လောက်ရောက်တော့ လူ တစ်ယောက်လာပြီး ပွဲကတော်ရဲ့ တူမက ခင်ဗျားသောက်ဖို့ ဆေးပေါ့လိပ် တစ်လိပ် လမ်းကြုံရင်းဆွဲသွားပါဆိုလို့ ဝင်ပေးရတယ်ပြောပြီး ပေးပစ်ခဲ့တယ်။ အဲ့ပ်ကလည်း သည်လိုပေးနေကျမို့လို့ အထူးအရေးမယူလိုက်ဘူး၊ ဒါလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ မဆိုင်ပါဘူး"

ထိုက်။ ။"မဆိုင်တာဆိုင်တာ ထားပါဦး၊ လာပေးတဲ့ဆေးလိပ်ကို သောက်လိုက်ရောလား"

ဦးချို။ ။"မသောက်ရလို့ လွှင့်ပစ်ဖို့ပေးတာမှ မဟုတ်ဘဲ"

ထိုက်။ ။"ကိုင်း တူမဆိုတာ ခေါ်စမ်းပါဦး"

ပွဲကတော်ကြီးသည် တူမ မြသွေးကို လှမ်းခေါ်သောအခါ အတွင်းဘက်တွင် တခိခိ ကျိတ်၍ ရယ်နေသည်ကို မျက်နှာပိုးမသတ်နိုင်ဘဲ ထော့ကျိုးထော့ကျိုးနှင့် ထွက်လာသော မိန်းကလေးမှာ အသက်အရွယ် ဆယ့်လေးငါးနှစ်မျှရှိသေး၍ ယောကျ်ားကလေးများအား တည့်တည့်မတ်မတ် ရိုးရိုး သားသား မကြည့်တတ်ဘဲ ခေါင်းပါးရိပ်ခြည်ဖြင့် မျက်စိတစ်ဆုံး ကြည့်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်လေ၏။

ဒေါက်တာ သောင်းထိုက် မေးသော စကားမဆုံးမီပင်–

"ကျွန်မ ဘာဆေးလိပ်မှ မပေးရပါဘူး"

ဟု ခပ်ဆတ်ဆတ် ပြန်ပြောလေ၏။ ထို့ပြင် ပွဲကတော်ကလည်း–

"ဟုတ်ပါတယ်၊ ကျွန်မတို့ အတူ သွားကြတာပဲ၊ သည်ဆေးလိပ်ကတော့ ကျွန်မတို့က ပြန်မပေးရကြောင်း မှန်ပါတယ်"

ထိုက်။ ။"နို့ ဦးချို အဲသည် ဆေးလိပ်သောက်ထာ ကုန်ရော့လား"

ဦးချို။ ။"ကုန်တော့မကုန်ဘူး၊ နောက်နေ့ညသောက်တော့ ငေါ်တော် ရှိတာနဲ့ ဆက်မသောက်တော့ဘူး၊ အိပ်ရာနံဘေးက နို့ဆီခွက်ထဲမှာ ဒီအတိုင်းပဲ ရှိသေးတယ်"

ထိုက်။ ။"သွားယူစမ်းပါ"

ဆေးလိပ်တိုကို ဦးချို သွားယူနေစဉ် စုံစမ်းကြည့်ရာ ပွဲကတော်က–

"ကျွန်မတို့ ပြန်လာတော့ အိပ်ပျော်မနေပါဘူး၊ တုံးလုံးတောင် မလှဲဘူး ပြောတာပါပဲ။ လိမ်လည်း မပြောတတ်ပါဘူး၊ အိပ်ချင်တယ်တော့ပြောတယ်"



ဦးချို၏ ဆေးလိပ်တိုကို မီးညှိ၍ သောက်ကြည့်သောအခါ စိမ်းရွှေရွှေ အနံ့ထွက်လာသည်တွင်–

ထိုက်။ ။"ထင်သားပဲ၊ သို့သော်လည်း ထင်ရှားအောင် ဖြေကြည့်မှပဲ"

ဟုပြော၍ ဆေးလိပ်ကို လက်နှင့်ဖျစ်ညှစ်၍ ဆေးရိုးများကို စက္ကူတစ်ရွက်ပေါ်သို့ သွန်ချပြီးလျှင် ဇာဂနာနှင့် ဆေးရိုးတခြား ဆေးတခြား ခွဲထုတ်လေ၏။ ထိုအခါ ဆေးရွက်ဖတ်များမှာ အရောင်ခပ်မည်းမည်းကား တချို့နှင့် နေလောင်ထား၍ ခြောက်ရော်နေသော သစ်ရွက်ခြောက်ကဲ့သို့ ဝါဖျော့ဖျော့အရောင်ကား တချို့ နှစ်မျိုးတွေ့ရလေ၏။ ဝါဖျော့ဖျော့ အရောင်ရှိသော ဆေးဖတ်များကို ဇာနာနှင့် ရွေးထုတ်ပြီးလျှင်–

"ဟောဒီဟာက မြန်မာပြည်တွင် မကြာမီကမှ ရောင်းချဖို့ အစိုးရကအထူး လိုင်စင်ထုတ်ပေးတဲ့ ဆေးခြောက်ဆိုတာ ဒါပဲ။ အထက်ကျော် ကာရီက ဆေးဝါးဖော်စပ်ဖို့တောင် ရုတ်တရက် ဝယ်ခြမ်းလို့ မရဘူး။ အခုတော့ အလွယ်တကူရတော့ အလိုရှိရာ သုံးနိုင်ကြတာပေါ့"

ပွဲစားနှင့် ပွဲကတော်။ ။"ပြောသံသာ ကြားရတယ်၊ အခုပြောမှ သိရတာပဲ"

ထိုက်။ ။"ဆေးခြောက်ဆိုတဲ့အတိုင်း သူ့တန်ခိုးသတ္တိက အာရုံကြောအားလုံးကို ချဲ့ထွင်ပြီး မြင်တတ်ကြားတတ်လေ့ရှိပြီး ရွံ့ဖွက်ကလေးများကို ရေအိုင်ကြီး ထင်လိုထင်၊ ထင်းပေါက်စကို တုံးကြီးမှတ်လိုမှတ်၊ ကြောက်စရာရှိလည်း အထူးကြောက်တတ်လို့ 'ဆေးခြောက်' လို့ခေါ်တယ်။ သူ့အငွေ့အသက်ကို ရှူရှိုက်၍ ကြာကြာနေလျှင် အိပ်ချင်ခြင်း၊ ငိုက်မျဉ်းတွေဝေခြင်း ဖြစ်လာတာပဲ။ အိပ်မပျော်သေးမီ အချိန်ကို အတိုင်းအရှည်မရှိ မေ့လျော့တတ်တဲ့ သတ္တိမျိုးလည်းရှိတယ်။ သည်အကြောင်းကို ထောက်လျှင် သည်ဆေးလိပ်ကို ပေးကတည်းက ဘာရည်ရွယ်ချက်နဲ့ ဦးချိုကိုပေးတယ် ဆိုတာတော့ အထူးပြောဖို့ မလိုဘူး"

ဦးချို။ ။"ပေးချင်တဲ့ သစ္စာပေးပါ၊ ကျုပ်အိပ်ချင်တာတော့ မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တုံးလုံးတောင် မလှဲမိပါဘူး။ စိုးရိမ်ပြီးတော့ ခါတိုင်းလို အဝမှာတောင် အဝတ်ကုလားထိုင်နဲ့ မလှဲဘူး"

**ထိုက်။** ။"အဝတ်ကုလားထိုင်နဲ့ အဝပိတ်လှဲနေတာက တော်လိမ့်ဦးမယ်၊ နို့ ဘယ်လိုနေသလဲ"

**ဦးချို။** ။"အပြင်ဘက်က ခုံပေါ်မှာ ထိုင်နေတယ်"

**ထိုက်။** ။"တစ်ခါမှ အခြားတစ်ပါး ထ မသွားဘူးလား"

**ဦးချို။** ။"တပိုတပါး သွားရအောင်တော့ ခဏဝင်မိတယ်"

**ထိုက်။** ။"အိမ်ထဲဝင်တော့ အိမ်ရှေ့တံခါး ပိတ်မိခဲ့ရဲ့လား"

**ဦးချို။** ။"အင်း အခု စဉ်းစားကြည့်မှ ပိတ်ခဲ့ဟန် မတူဘူး၊ သို့ပေမယ့် ခဏကလေးပဲ"

**ထိုက်။** ။"ဦးချိုပြောတဲ့ ခဏကလေးက ဘယ်လောက်ကြာတယ် ပြောနိုင်သလား"

**ဦးချို။** ။"တစ်အောင့်ကလေးဆိုမှ အခင်းကလေး လုပ်ပြီးပြီးချင်း ပြန်ထွက်လာတာပဲ"

**ပွဲကတော်။** ။"ဦးချို အပေါ့အလေးသွားလျှင် ကွမ်းတစ်ယာညက်ထက် မနည်းဘူး၊ သည်ကတည်းက ကြံတဲ့လူက အခါအခွင့်ရတာပေါ့၊ မုချ သည်တုန်းက တက်ယူတာပဲ"

**ထိုက်။** ။"ဆေးခြောက်ဆိုတာမျိုးက ခုတင်က ပြောသလိုပဲ၊ အချိန်ကို အတိုင်းအထွာမရှိအောင် မေ့လျော့စေတတ်တယ်။ ခဏကလေးကို အကြာကြီး ထင်ချင်ထင်၊ အကြာကြီးကို ခဏကလေး ထင်ချင်ထင်တယ်။ အရေးတကြီး အလျင်စလို ဆောင်ရွက်စရာကိစ္စကိုလည်း နောက်ထားပြီး မဆီမဆိုင်တာကို ရှေ့တင်ပြီး စိုးရိမ်ကြောင့်ကြ ပြုတတ်တယ်။ ဒါကြောင့် ဦးချိုရဲ့ တစ်အောင့်က ဦးချိုထင်တဲ့ ခါတိုင်း တစ်အောင့်မျိုး ဟုတ်မယ်မဟုတ်ဘူး။ သည်တော့ ပွဲကတော်ကြီး ယူဆတာ မှန်လိမ့်မယ် ထင်တယ်"



ထိုစဉ်တွင် တူမနှင့် သမီးနှစ်ယောက်တို့မှာ ဦးထုပ်တစ်လုံးကို တစ်ယောက်ဘက်သို့ တစ်ယောက်တွန်းလျက်–

"ညည်းမြင်တယ်၊ ငါကောက်တယ်၊ ညည်းပြော၊ ငါပြော"

စသည်ဖြင့် ငြင်းခုံနေကြသည်ကို ပွဲကတော်က မေးသောအခါ ထိုနေ့ညရာမပွဲက အပြန် အိမ်ရှေ့မြောင်းကူးတံတားထိပ်တွင် သမီးလုပ်သူက တိုက်မိ၍ တူမလုပ်သူက ကောက်ယူကြောင်း၊ ဦးထုပ်မှန်းကိုသိ၍ အရေးမကြီးသည်နှင့် အမှတ်မဲ့ သမင်ချိုတွင် ချိတ်ထားလိုက်ကြကြောင်း၊ ယခုမှ သတိရ၍ သူခိုးဦးထုပ်များ ဖြစ်ကောင်းဖြစ်မလားဟု လူကြီးကိုပြရန် သူပြော၊ ငါပြောနှင့် ငြင်းနေကြကြောင်း သိရလေသည်။

ဒေါက်တာ သောင်းထိုက်သည် ဦးထုပ်ကို လှမ်းယူ၍ ကြည့်ပြီးလျှင်–

"သူခိုးဟာ သော့ကိုတောင် ချွတ်သူဖို့ အချိန်မရပုံကိုထောက်တော့ အလျင်စလို ဆင်းပြေးရပြီး ဦးထုပ်ကျတာတောင် ပြန်ကောက်နိုင်ဟန် မတူဘူး။ ဦးထုပ်က သက္ကလတ်အပျော့ အီတလီနိုင်ငံဖြစ် အပေါ်စားပဲ၊ အတော်လည်း ဟောင်းနွမ်းနေပြီ"

ဟုပြော၍ မှန်ဘီလူးနှင့် စေ့စပ်သေချာစွာ ကြည့်ပြီးလျှင်–

"ဦးထုပ် သက္ကလတ်ကြားထဲမှာ အဖြူမှုန့်တွေ အလိမ်းလိမ်းကပ်နေပုံထောက်တော့ ခိုးတဲ့လူဟာ ထုံးရုံ၊ ဘိလပ်မြေရုံများတွင် အလုပ် လုပ်ဟန်တူတယ်၊ ဒါမှမဟုတ်လျှင် ပန်းရန်သော် လည်းကောင်း၊ ထုံးသုတ်တဲ့လူသော်လည်းကောင်း ဖြစ်ရမယ်"

ဟုပြော၏။ ထို့နောက်တစ်ဖန် ဦးထုပ်အတွင်းဘက်သို့ပြန်သော် အပြင်ဘက်နည်းတူ အဖြူမှုန့်များ တွေ့ပြန်ကြသဖြင့် ၎င်းအမှုန့်များကို သတင်းစာစက္ကူပေါ်သို့ သွားပွတ်တံနှင့် ပွတ်၍ ချလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [၄] နယ်ကျဉ်းသလောက် အရှာမလွယ်

ဒေါက်တာ သောင်းထိုက်သည် တစ်ခဏမျှ စဉ်းစားပြီးနောက် ဦးထုပ်မှ ကျသော အမှုန့်များကို မှန်ဘီလူးဖြင့် ကြည့်လျက်–

"ပထမပြောလိုက်တာက ဦးထုပ်အပြင်ဘက်ကို သာမန်ကာလျှံကာ ကြည့်ပြီး ပြောမိတယ်။ အဲဒီအလုပ်သမားမျိုးဟာက ဦးထုပ်ဆောင်းပြီး အလုပ်လုပ်တတ်လေတော့ အပြင်ဘက်တွင်သာ ထုံးဖြူမှုန့်များ ကျနိုင်တယ်၊ အတွင်းဘက်သို့ ရောက်နိုင်စရာ အကြောင်းမရှိဘူး။ ယခုမှာတော့ ဦးထုပ်အတွင်းရော၊ အပြင်ရော အနံ့အပြားတွေ့ရတယ်။ အတွင်းဘက်မှာ အဖြူမှုန့်ဝင်ခြင်းဟာ ဦးထုပ်ချွတ်ပြီးထားတဲ့ အခိုက်မှာဝင်ရတယ်။ ဒါကြောင့် ဦးထုပ်ကို အလုပ်ခန်းထဲမှာ ချွတ်ထားဟန်တူတယ်။ ဒီအလုပ်မျိုးဟာ ဘယ်လိုအလုပ်မျိုးလဲ၊ အဖြူမှုန့်များဟာလည်း ရုတ်တရက်အားဖြင့် မြေဖြူမှုန့်နှင့်တူသော်လည်း မြေဖြူလို မှုန့်မှုန့်ညက်ညက်မရှိဘူး၊ ပြောင်လည်း ပြောင်လက်တယ်၊ ဆင်စွယ်လည်း ဟုတ်ဟန်မတူဘူး၊ ခရုခွံမှုန့်တော့ ဖြစ်နိုင်တယ်။ ခရုခွံနှင့် စပ်လျဉ်းတဲ့အလုပ်ဟာ ဘယ်အလုပ်မျိုးလဲ စဉ်းစားဖို့ ရှိတယ်။ ကြည့်စမ်းပါဦး၊ သည်အမှုန့်တွေဟာ ဘာမှုန့်များဖြစ်နိုင်မလဲ"

ဟု မေးလေ၏။ ဦးသာထွန်းသည် မှန်ဘီလူးနှင့် ကြည့်၍ အထင်အားဖြင့် ကနုကမာခွံအမှုန့်များဖြစ်ဟန်တူကြောင်း ပြောသည်တွင် ဒေါက်တာသောင်းထိုက်က ဆက်လက်၍–

"ဟုတ်ပါသော်ကော။ ခင်ဗျားက တွေးမိ၊ မှတ်မိသေးတယ်၊ ကနုကမာအထည်ဝတ္ထုလုပ်ငန်းက ရေး၊ ဘိတ်၊ ထားဝယ်မှာ ရှေးအထက်ကျော်ကာရီကစပြီး တွင်ကျယ်စွာ လုပ်ကိုင်ကြတယ်။ ရန်ကုန်မြို့မှာတော့ ထွန်းထွန်းကားကားလုပ်ကိုင်သူ အလွန်နည်းပါးတယ်။ အနည်းငယ်မျှရှိတဲ့ လုပ်သားများမှာလည်း ၎င်းအရပ်များမှ လာတဲ့လူများဖြစ်တယ်။ ဒါကြောင့် ခိုးသူ၊



သို့မဟုတ် ဦးထုပ်ရှင်ဟာ ဒီလုပ်ငန်းမျိုးနှင့် ပတ်သက်တဲ့ ရေး၊ ဘိတ်၊ ထားဝယ်သားတစ်ယောက် ဖြစ်ရမယ်"

ဤသို့ ပြောပြီးနောက် ဦးထုပ်အတွင်းခွေ သားရေပတ်ကို လှန်၍ ကြည့်လေရာ သားရေအတွင်းဘက်တွင် (P.T) အင်္ဂလိပ်စာလုံးနှင့် ပီတီဟု ရေးသားမှတ်ထားကြောင်း တွေ့ရလေသည်။ ၎င်းနောက် ဒေါက်တာသောင်းထိုက်သည် မှန်ဘီလူးနှင့် သေချာစွာကြည့်လျက် သားရေအောက် သက္ကလတ်ကြားထဲမှ အမျှင်ကလေးများကို ဇာဂနာနှင့် ဆွဲထုတ်၍ စက္ကူပေါ်တွင် တင်ပြီးသကာလ–

"သည်ဆံပင်မွေးများဟာ အမြစ်ရင်းနားက စပြီး ဖြူစပြုလာပုံကိုထောက်တော့ ဥစ္စာရှင်ဟာ အသက် ၄၀ ကျော် လူကြီးပိုင်း ရောက်နေပြီလို့ ဆိုရမယ်"

ဒေါက်တာ သောင်းထိုက် လုပ်ပုံ ကိုင်ပုံမှစ၍ ပြောသမျှ စကားအားလုံးတို့ကို နားစိုက်၍ထောင်နေသော ပွဲကတော်ကြီးသည်–

"အင်း၊ ဒါဖြင့် အသက်အရွယ် ၄၀ ကျော် ဆံပင်ကွက်ကျားဖြူပြီး သက္ကလတ်အကျီ မီးခိုးရောင်ဝတ်လို့ ဆေးတံသောက်ပြီး ကနုကမာလုပ်ငန်းလုပ်စားတဲ့လူ ကျွန်မတို့အသိထဲက တစ်ယောက်မှ မရှိဘူး။ သို့သော်လည်း လိုက်ရှာဖို့တော့ တယ် နယ်မကျယ်လှပါဘူး ထင်တယ်"

ထိုက်။ ။"ဟုတ်ကဲ့၊ ကျွန်တော်တွေ့သမျှအတိုင်း စဉ်းစားလို့ရတဲ့ အချက်များ မှန်ခဲ့လျှင်တော့ လူကို ရှာစရာ နယ်မကျယ်ဝန်းလှပါဘူး၊ ရှာဖို့ တော်တော် နယ်ကျုံ့သွားပါပြီ။ ကိုင်း ကျွန်တော့လုပ်ငန်းလည်း ပြီးသလောက်ရှိပါပြီ။ ကိုယ့်ဟာကိုယ်ပဲ ရှာရှာ၊ ပုလိပ်ကိုပဲ အကြောင်းကြားကြား ခဲယဉ်းလှမယ် မထင်ပါဘူး"

ထိုစကားကို ကြားလျှင် ပွဲစားလုပ်သူက–

"ဟာ သည်လို ဟုတ်ရိုးလားခင်ဗျာ၊ ဆုံးခန်းတိုင်အောင် ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ပေးပါမှ"

ထိုက်။ ။"ကျွန်တော်တို့က ဆုံးခန်းတိုင် လိုက်ပါမယ်၊ သို့သော် သည်ကလည်း တင်ဇက်တစ်လမ်း ကနကမာ လုပ်ငန်းအလုပ်ရုံများကို လိုက်လံစုံစမ်းလျှင် မြန်မြန်ထက်ထက်"

**ပွဲထာတော်။** ။"ဟုတ်ထာပေါ့၊ ဘယ်သူစုံစမ်း ရှာဖွေလို့ပဲ တွေ့တွေ့၊ မြန်မြန်ထက်ထက် ပြန်ရတာ မှုလမဟုတ်လား ပွဲစားကြီးရဲ့"

ဟု ပြောသည့်လေသံမှာ–

"ကနကမာလုပ်ငန်း အလုပ်ရုံတွေလိုက်ပြီး စုံစမ်းလိုက်လျှင် အခု တွေ့မှာပေါ့၊ အိမ်မှာ အလုပ်လုပ်တဲ့ ဘတ်စ်ကားစပယ်ယာ ကောင်ကလေးတွေ တစ်နေ့လိုက်ပြီး စုံစမ်းနိုင်းလို့တွေ့လျှင် သူတို့ပေးရမည့် ပိုက်ဆံ အကုန်မသက်သာပါလား"

ဟူသော အဓိပ္ပာယ်မျိုး ထွက်လာလေသည်။ ထို့ကြောင့် ဦးသောင်းထိုက်သည် နှုတ်ခွန်းဆက်၍ ပြန်ခဲ့လေ၏။

နှစ်ရက်လောက်ကြာ၍ ဦးသောင်းထိုက်နှင့် တွေ့သဖြင့် ကျွန်ုပ်က ထိုအမှုအကြောင်း မေးကြည့်ရာ–

ထိုက်။ ။"ဟုတ်ကဲ့၊ ကျုပ်ကလည်း ပွဲစားအိမ်ကို သွားရအောင် ခင်ဗျာ့ပဲစောင့်နေတယ်။ ကြာနေတာက သည်လိုဗျ၊ ရန်ကုန်မှာ ကနကမာ လုပ်ငန်းအလုပ်ရုံမှန်သမျှ အကုန်စုံစမ်းပြီးပြီ။ ပန်းဆိုးတန်းက အထူးအဆန်း အထည်အလိပ်ရောင်းတဲ့ တီကျူမားလ်တိုက်သွားပြီး သူတို့ဆိုင်ထဲမှာ မရှိတဲ့ ကနကမာပန်း ပန်းကန်ပြားတစ်ချပ်ကို ပုံစံအတိုင်း အလိုရှိတယ်လို့ ပုံစံပြတော့ သူတို့လုပ်ပေးနိုင်ကြောင်း သိရတယ်။ သူတို့တိုက်မှာ လုပ်တတ်တဲ့ လူရှိသလားမေးတော့ တိုက်ထဲမှာ မရှိကြောင်း၊ အပြင်ဘက်တွင် သူတို့နှင့် အလုပ်ဆက်ဆံတဲ့လူရှိကြောင်း သိရတယ်။ သူတို့ခိုင်းသောသူမှာ အလုပ်ရုံများတွင် ဝင်ရောက် လုပ်ကိုင်သူမဟုတ်၊ တစ်သီးပုဂ္ဂလ သူ့အလုပ်ကိုသူ လုပ်ကြောင်း



ပြောပြီး အလုပ်ကို လက်ခံလိုက်တယ်။ ဒီလိုပြောဆိုနေစဉ် ထိုတိုက်မှာ အတူရောင်းနေတဲ့ ဓေဒဘာဒီကပြားကလေး တစ်ယောက်နှင့် မျက်မှန်းတန်းမိအောင် ဖော်ရွေစွာ စကားပြောပြီး ပြန်ထွက်ခဲ့တယ်။ ညနေသူတို့အလုပ်ဆင်းချိန်မှာ ဓေဒဘာဒီကို လမ်းကစောင့်ပြီး အမှတ်မဲ့ လမ်းမှာဆုံမိသလိုလိုနဲ့ နေ့ခင်းက အပ်ခဲ့တဲ့အလုပ်ကို သူတို့လူ လုပ်နိုင်ပါ့မလားလို့မေးရင်း ကနကမာအလုပ်သမားများအကြောင်း စုံစမ်းကြည့်တော့ ဓေဒဘာဒီကုလားက သူတို့တိုက်သွင်းနေတဲ့လူအမည်မှာ ဘိုးတင် ဖြစ်ကြောင်း၊ သရက်တောကျောင်း ဘိုက်ထဲတွင်နေကြောင်း ပြောပြတယ်။ အဲသည်တော့ ပထမ ဘိုးတင်ရဲ့ ကျန်ရစ်ခဲ့တဲ့ ဦးထုပ်အတွင်း သားရေပတ်ထဲမှာ ခင်ဗျား ဦးထုပ်ထဲက 'ပီတီ' (P.T) ဆိုတဲ့ အမှတ်အသားနဲ့ သည်နာမည်နဲ့ မကိုက်လား၊ ဒုတိယ သရက်တောကျောင်းတိုက်ထဲမှာ ဇရပ်တွေ၊ ကျောင်းတွေ အများကြီး ရှိပေမယ့်လို့ ကျုပ်က ညောင်ပင်သာ ဘုန်းကြီးကျောင်း အရင်ဝင်ပြီး စောင်းပါးရိပ်ခြည်ကြည့်လိုက်တော့၊ လားလား– ကျောင်းအောက်မှာ သူ့နေရာကလေးနဲ့သူ သီးသန့်အခန်းကလေးကာပြီး ကနကမာခွံတစ်ချပ်ကို ကော်ဖတ်နှင့် တိုက်နေတာ မြင်ခဲ့ရတာကိုးဗျ"

**ထွန်း။** ။"ဒို့ ဘုရား မရခဲ့သေးဘူးလား"

**ထိုက်။** ။"အို အချိန်တန်တော့ နွားပိန် ကန်လိမ့်မပေါ့၊ ကိုင်း ပွဲစားအိမ်သွားကြရအောင်"

## ၅] ဆွမ်းခံရင်း ငှက်သင့်

ပွဲစားအိမ်သွားပြီးနောက် ပွဲစားနှင့် ပွဲကတော်ကို အကြောင်းစုံ ပြောပြဘဲ ညောင်ပင်သာဆရာတော်ထံ အနည်းငယ် စုံစမ်းလို၍ လိုက်စေချင်ကြောင်းနှင့် ခေါ်ခဲ့ပြီးလျှင် ဒေါက်တာ သောင်းထိုက်သည် ကျောင်းပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



မတက်ဘဲ အောက်ထပ် အလုပ်သမားရှိရာသို့သွား၍ ဟန်မပျက် စကားပြော နေလေ၏။ ပွဲစား၊ ပွဲကတော်နှင့် ကျွန်ုပ်တို့မှာ ကျောင်းအပေါ်ထပ်သို့ တက်၍ ဆရာတော်အား ကန်တော့ပြီးလျှင်ပြီးချင်း ကျွန်ုပ်က ဆရာတော်အား အောက်ထပ်တွင် နေထိုင်သော ကနကမာလုပ်ငန်းဆရာ ကိုဘိုးတင် အပေါ် ဘွင် စုံထောက်ဘက်က မသင်္ကာ၍ ရှာဖွေလိုကြောင်း ခွင့်တောင်းရာ ပွဲစားနှင့် ပွဲကတော်တို့မှာ အံ့အားသင့်နေကြ၏။ ဆရာတော်မှာ မျက်နှာ အနည်းငယ် ပျက်သော်လည်း ဘုန်းတော်ကြီးတို့၏ ထုံးစံအတိုင်း ဣန္ဒြေမပျက် ပြောလေ သည်မှာ–

"ဘယ်လိုအကြောင်းဆိုတာ မေးခွင့်ရှိသော်လည်း တို့ဘုန်းကြီး အရာ ဌာနမဟုတ်တော့ မမေးပါဘူးလေ၊ မင်းတို့ရှာဖို့ ဝတ္တရားရှိတဲ့အတိုင်း ရှာကြ တာပ"

ဟု အမိန့်ရှိလေသည်။ ကျွန်ုပ်က ထပ်မံ၍ ဆရာတော်မျက်မှောက်တွင် ရှာလိုကြောင်း လျှောက်ထားရာ ဆရာတော်နှင့်တကွ အားလုံး ကျောင်းပေါ် မှ ဆင်းသက်ခဲ့လေ၏။

ကနကမာ အလုပ်ဆရာ ဘိုးတင်သည် ဦးသောင်းထိုက်နှင့် စကားပြော နေရာမှ ဆရာတော့်နောက်မှ ပွဲစားနှင့် ပွဲကတော်ကို မြင်သောအခါ ရိပ်မိဟန် လက္ခဏာနှင့် ထ ပြေးမည်အပြုတွင် ဒေါက်တာ သောင်းထိုက်က လက်နှစ် ဖက်ကို ဂျပန် 'ဂျူဂျစ်ရှု' မြန်မာ 'ဗန်ဒို' သဘောခေါက်၍ ချုပ်ထားလိုက် သည်နှင့် မရုန်းနိုင်တော့ဘဲ "ဘာလုပ်တာလဲ မတရားမလုပ်ကြနဲ့နော် သိ စေမယ်" စသည်ဖြင့် ကြိမ်းဝါးသေး၏။ ထို့နောက်မှ ဆရာတော်ဘက်သို့ လှည့်၍–

"ဆရာတော် ကြည့်နေတော့မလား၊ ဘုရားတပည့်တော် လက်ကျိုး တော့မယ်ဘုရား"

ဟု လျှောက်ထားတော့လေ၏။



ထိုက်။ ။"မကျိုးရပါဘူး၊ ခင်ဗျားက ရုန်းလျှင် နာမှာပေါ့၊ ငြိမ်ငြိမ်နေလျှင် ဘာမှ မဖြစ်စေရဘူး။ ကိုင်း ဦးသာထွန်း ဟောဟိုတန်းမှာ လှမ်းထားတဲ့ ရေသနုပ်ပိုင်းနဲ့ လက်ပြန်ကြိုး တုပ်စမ်းဗျ"

၎င်းနောက် ဒေါက်တာသောင်းထိုက်သည် အိပ်ရာခေါင်းရင်းတွင် ထားသော လက်ဆွဲသေတ္တာကို ယူကြည့်ရာ ပွင့်နေသည်ကို တွေ့သဖြင့်–

"ဘယ်မှာလဲသော့"

ဟု မေးသောအခါ–

"သေတ္တာပွင့်လျက်သားပဲ၊ ဘာရှည်နေစရာ ရှိသလဲ"

ဟု ဘိုးတင်က ပြန်ပြောလေ၏။

ဒေါက်တာ သောင်းထိုက်သည် မိမိအိတ်တွင်းမှ သော့ကို ထုတ်၍ ခတ် ပြီးလျှင်–

"ခင်ဗျား မေ့ကျန်ခဲ့တဲ့ သော့လာပို့တာပါ"

ဟု ပြောပြီးနောက် သေတ္တာထဲတွင် ရှာဖွေသော်လည်း တစ်စုံတစ်ရာမျှ မတွေ့ချေ။ ၎င်းနောက် ထရံတွင် ချိတ်ထားသော အင်္ကျီကိုယူ၍–

"ကျွန်တော် ပြောတဲ့ မီးခိုးရောင် သက္ကလတ်အင်္ကျီပဲ၊ ဟောသည်ဘက် အိတ်မှာ ဆေးတံ၊ ဟိုဘက်အိတ်မှာ လေးထောင့်သံဘူးကလေးနဲ့ 'ဂေါရင်ဂျီ' ဆေးမှုန့်ပါ အပြည့်ထည့်လို့ပါကလား၊ ကိုဘိုးတင်အသက် ဘယ်လောက်ရှိ ပြီလဲ"

ဘိုးတင်။ ။"ခင်ဗျား ရှာစရာ ရှိတာသာ ရှာပါ၊ ကျုပ်ကို ဘာမှုရှိလို့ သည်လို ရှာလား ဖွေလား လုပ်ရတာလဲ"

ထိုက်။ ။"ကျွန်တော် ခန့်မှန်းတဲ့အတိုင်း လေးဆယ်ကျော်လောက်ပဲ ရှိဦး မယ်။ အလို ဟောသည် အတွင်းအိတ်ထဲမှာ စာတစ်စောင်ပါလား၊ ဟော ဓာတ်ပါကလား၊ အပေါင်လက်မှတ်ပဲ။ မြော် အဆင်သင့်ပဲဗျို့၊ ဒါ ခင်ဗျား ဘယ်တိုင် သွားပေါင်သလား"

www.burmeseclassic.com

www.burmeseclassic.com



**ဘိုးတင်။** ။"ကိုယ့်ပဋ္ဌည်း ကိုယ်ပေါင်တာ ဘာဖြစ်ရဦးမလဲ"

**ထိုက်။** ။"ဟုတ်ပါတယ်၊ ခင်ဗျားပစ္စည်း ခင်ဗျားကိုယ်တိုင် သွားပေါင်တာ ကျုပ်လည်း သဘောကျပါတယ်"

ဟုပြောလျက် အပေါင်လက်မှတ်ကို သေတ္တာပေါ်တွင် ဖြန့်ပြီးလျှင် ကျောင်းဆောင်တံခါးမှ ရိုက်ကူးထားသော လက်ပုံစံ ဓာတ်ပုံကားချပ်နှင့် နှိုင်းယှဉ်ကြည့်သောအခါ လက်ပုံစံနှစ်ခုမှာ တူနေကြောင်း တွေ့ရလေ၏။ ထို့နောက်–

"ဟောသည် လက်ပုံစံက ခင်ဗျား ကျောင်းဆောင်ကို ဖွင့်တုန်းက ကိုင်မိ၊ တွယ်မိတဲ့နေရာက ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေပဲ ကိုဘိုးတင်၊ ခင်ဗျား ဘာ ငြင်းချင်သေးသလဲ"

**ဘိုးတင်။** ။"ကျုပ်ကို မတရား မစွပ်စွဲနဲ့နော်၊ ကျုပ် ဘာခိုးလို့လဲ၊ ကျုပ်မှာ ဘာပစ္စည်းမှ မရှိဘူး"

ဒေါက်တာသောင်းထိုက်သည် စက္ကူအိတ်နှင့် ထည့်ယူလာသော ဦးထုပ်ကို ထုတ်၍–

"ဟောသည်မှာ ခင်ဗျားရဲ့ နာမည် အတိုကောက် အင်္ဂလိပ်လို 'ပီ.တီ' လို့ မင်နဲ့ ရေးမှတ်ထားတယ်၊ ဘာငြင်းဦးမလဲ"

**ဘိုးတင်။** ။"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ ပြောပါ၊ တွေ့ကရာ ဦးထုပ်မှာ 'ပီ.တီ' ရေးထားတိုင်း ကျုပ်ဦးထုပ်လို့ စွဲနိုင်သလား"

**ထိုက်။** ။"ဒါတွေတော့ ရုံးပေါ်ရောက်လို့ တရားသူကြီးရှေ့ကျတော့မှ လျှောက်လဲတာပေါ့"

ထိုစကားကို ကြားသောအခါ ဘိုးတင်သည် ဒေါပွဟန်မလုပ်နိုင်တော့ဘဲ မျက်နှာပျက်စပြုနေစဉ် ဘုန်းတော်ကြီးသည် ဦးထုပ်ကို မျက်စိစိုက်မိသဖြင့်

"ဟဲ့– ဘိုးတင်၊ သည်ဦးထုပ် နင့်ဦးထုပ်ပါကပဲဟဲ့၊ နင်အမြဲ ဆောင်းဆောင်းနေတာ ငါမြင်သားပဲ၊ သည့်နှုတ်ခမ်းက နည်းနည်းစုတ်နေတာ ငါ



သတိပြုမိသားကပဲ"

ဘိုးတင်သည် စကားတုံ့ပြန်မပြောဘဲ ခေါင်းငုံ့လျက်ရှိရာ–

**ထိုက်။** ။"ပစ္စည်းကတော့ သူ့လက်မှာ လက်ပူးလက်ကျပ်တော့ မမိသေးဘူး၊ သို့သော် ကျောင်းပေါ်က ဘုရားစင်မှာ ကေန်ရှိလိမ့်မယ်။ သူက ဆရာတော်ဘုရားကို ရုံးလိုက်ပြီး သက်သေခံစေချင်လျှင်တော့ မလွဲသာလို့ ကျောင်းပေါ် တက်ရှာရတော့မှာပဲ"

ထိုအခါ ဘိုးတင်သည် ခေါင်းအောက်စိုက် ကျသွားလေ၏။

**ထိုက်။** ။"အင်း အသာတကြည် ထုတ်ပေးရင်တော့ တစ်ကြိမ်တစ်ခါ ကျူးလွန်မိတာကို 'မြွေမသေ တုတ်မကျိုး' ဆိုသလို ဖြစ်နိုင်ဖို့ လမ်းရှိတာပေါ့လေ။ ပွဲကတော်က ကိုယ့်ပစ္စည်း ကိုယ်ပြန်ရရင် ရှည်ရှည်ဝေးဝေး လုပ်နေဦးမှာလား"

ကျောင်းသို့ ရောက်သည်မှစ၍ တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ စိုက်ကြည့်နေသော ပွဲကတော်သည် ရုတ်တရက် သတိရ၍–

"ဩော်– ကျွန်မ မေးသလား၊ ကျွန်မကတော့ ပစ္စည်းပြန်ရ ပြီးတာပါပဲ"

**ဘုန်းတော်ကြီး။** ။"အခု ဘာပစ္စည်းပျောက်လို့လဲ ဒကာမကြီး"

**ပွဲကတော်။** ။"တပည့်တော်မတို့ အိမ်မှာ ကိုးကွယ်တဲ့ သားရိုး ဆင်းတုတော်ကလေး ဘုရား၊ အရှင်ဘုရား တစ်ခါ ဆွမ်းစားကြွလာတော်မူတုန်းက ဖူးဖူးပါတယ်"

**ဘုန်းတော်ကြီး။** ။"ဖူးဖူးရဲ့ ဘယ်ကမလဲ၊ ဘိုးတင်တောင် ခဏခဏ သည်အကြောင်း ပြန်ပြောနေရသေးတယ်၊ သည်တုန်းက သူလည်း ကပ္ပိယ လုပ် လိုက်လာသကောလို့"

**ဘိုးတင်။** ။"ဆရာတော်က သည် ကိုးနဝင်းဦးအောင် စီမံတဲ့ ဘုရားများဟာ ကိုးကွယ်ရလျှင် တယ်အကြံအစည်အောင်တယ်၊ စီးပွားချမ်းသာ ဖြစ်တယ်နဲ့ နေ့ရှိသမျှ စွမ်းတဲ့အကြောင်း ပြောလွန်းတော့ တပည့်တော်ကလည်း ကြံမိ

www.burmeseclassic.com

www.burmeseclassic.com



ကြံရာ ကြံမိပါတယ်ဘုရား"

**ဘုန်းတော်ကြီး**။ ။"ဟုတ်ပေတယ်၊ စွမ်းကြောင်းတော့ ငါပြောမိပေတယ်၊ သို့သော် နင်ခိုး[illegible]လိုလို တိုက်တွန်းတာမှ မဟုတ်ပါဘဲလား။ အဲဒါမှ 'ဆွမ်းခံရင်း ငှက်သင့်' ဆိုတဲ့စကားလို ဆွမ်းစားသွားမိတာနဲ့ ကိစ္စများတော့မလို ဖြစ်နေပြီကော၊ ငါပါ အလိုတူအလိုပါဖြစ်အောင် ပြောနေပြန်ပါပြီ၊ သည်အကောင်ဟာ"

**ဘိုးတင်**။ ။"ဘုန်းတော်ကြီးဘုရားကို ဘယ်လိုစိတ်မှ မအောက်မေ့ပါဘူးဘုရား၊ သည်းခံတော်မူပါ"

**ဘုန်းတော်ကြီး**။ ။"နို့- သူ့ပစ္စည်း ခိုးလာလည်း ပြန်ပေးမှပေါ့"

**ဘိုးတင်**။ ။"ပြန်တော့ပေးမှာပါပဲ ဘုရား၊ သို့ပေမယ့် ဂါတ်က ကျေအေးမယ် မဟုတ်ဘူးဘုရား၊ ဆရာတော် ကယ်ပါဦးဘုရား"

**ထိုက်**။ ။"အို သည်အတွက်တော့ ကျုပ်တာဝန်ရှိပါစေ၊ ဆရာတော်ကို ဒီလောက် အနှောင့်အယှက်ပေးရတာ အလွန်တရာ ဝမ်းနည်းခြင်းဖြစ်ဖို့ ကောင်းနေပြီ။ ဥစ္စာရှင်ကလည်း သူ့ဘုရား သူပြန်ရရင် ကျေအေးပါပြီတဲ့၊ ကျုပ်လည်း ပုလိပ် မဟုတ်ပါဘူး"

ထိုအခါမှ ဘိုးတင်က ကျောင်းအပေါ်ထပ် ဆရာတော် ကိုးကွယ်သော ဘုရားကျောင်းဆောင် ပလ္လင်နောက်ဘက်တွင် ဝှက်ထားကြောင်း ပြောသဖြင့် ပလ္လင်ကြာခံလျက် ရွှေမှိုကိုးချက် ရိုက်ထားသော ၉ နဝင်းဦးအောင် စီမံထုလုပ်ပူဇော်သည်ဟု အယူရှိသော ဘုရားကို ပြန်ရခဲ့လေသတည်း။ ။

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၂

# လင်းယုန် - ရွှေယုန်

www.burmeseclassic.com

www.burmeseclassic.com

## [၁] မြင့်မြတ်သူနှင့် တန်ခိုးမိုန်သူ

လူတို့၌ အတန်းအစားကိုလိုက်၍ မိန်းမဖြစ်မှု စိန်၊ ရွှေ၊ ရတနာ လက်ဝတ်လက်စားနှင့် ဟန်လုပ်ကြ၏။ ဟန် လုပ်နိုင်မှုလည်း အလှူပွဲတိုင်မှစ၍ ဥပုသ်ဇရပ်မှာပင် ခေါင်းချင်သူများ၍ ရှေ့က တင်ကြ၏။ ယောကျ်ားများ၌မူ မြင်းပွဲ၊ ဘောလုံးပွဲ၊ ရုပ်ရှင်၊ သဘင်မှစ၍ သဘော်၊ မီးရထား လမ်းခရီးသွားရာ တတ်အားသမျှ ပိုက်ဆံပိုပေးလျက် ပထမတန်း၊ ဒုတိယတန်း စသည်တို့ကို ဝင်ရောက် စီးနင်းလှေ့ရှိကြ၏။

ဤအလေ့မျိုးမှာ သူများထက် ထူးချွန်လိုသော ရည်သန်ချက်ဖြစ်သော်လည်း ပိုက်ဆံပိုပေးသလောက် ကာယိကသုခလည်း ရပေသည်။ သို့ကြောင့် လူပုံပန်းနှင့်တကွ ဝတ်စားပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



မင်းဂိုက်စိုးဟန် အသက် ၄၀ ကျော်ရွယ် လူတစ်ယောက်သည် ပဲခူးဘူတာရုံတွင် အစုန်စာပို့ရထား ဆိုက်လာသောအခါ ဒုတိယ တန်းတွဲလွတ်တစ်ခုကို ရှာ၍ ချမ်းသာအေးကြည်စွာ ဝင်ထိုင်ပြီးလျှင် အင်္ဂလိပ်သတင်းစာကို ဖတ်ရှုလျက် နေလေ၏။

မီးရထားသည် အရှိန်ယူ၍ ထွက်သောအခါ နောက်ကျနေ၍ မီရာတွဲကို ပြေးတက်ရသည့် လက္ခဏာ၊ အဝတ်အစား နွမ်းနယ်သော ခရီးသည် တစ်ယောက်သည် ယခင် ဒုတိယတွဲသို့ အမြန်အထက် ဆွဲတက်၍ ဖွင့်ပြီးလျှင် တစ်ဖန် တံခါးကို တရကြမ်း ဆွဲပိတ်လိုက်၏။

ဤပြုမူချက်သည် ပထမရောက်ရှိသူ ဂုဏ်အသရေရှိလူကြီးအား များစွာ အနှောင့်အယှက် ဖြစ်စေ၏။

ဒုတိယတွဲထဲသို့ လက်ဦးရောက်နှင့်သူသည် သာမည အနုပ်အဖွဲ့ လူစားမျိုးနှင့် အတူသွားလာ ဆက်ဆံရမည်ကို စိုးသဖြင့် ပိုက်ဆံသုံးဆလုံး ပိုပေး၍ တွဲလွတ်ကို သက်သက် လိုက်လံရှာဖွေတွေ့ရှိရပါလျက် ယခုဖြစ်ရချက်ကို မီးရထားနည်းလမ်းစနစ် မကောင်းခြင်းကြောင့် ဖြစ်ရသည်ဟု မီးရထားဆိုင်ရာကို များစွာ စိတ်ထဲက အပြစ်တင်လေသည်။ သို့သော် တက်လာသူကို လုံးဝ အလေးမမူဘဲ တစ်ချက်မျှ မျက်စောင်းထိုးကြည့်ပြီးနောက် သတင်းစာကို ကြည့်မြဲ ကြည့်နေလေ၏။

ဤသို့ တစ်ချက်ကြည့်ရုံမျှနှင့် နေမိုးမရှောင် သွားလာလုပ်ကိုင်ရသည်နှင့် ရင့်ထော်မာကျော၍ ကြမ်းတမ်းသော အသားအရေနှင့် လူရောင်၊ လူသွေး မပြောင်ဘဲ အဟောင်းဆိုင်မှဝယ်သော သက္ကလတ်ပျော့ဦးထုပ်၊ အရောင် မပေါ်သော သက္ကလတ်အင်္ကျီ၊ တရုတ်ဘောင်းဘီ အနက်နှင့် ကျိုက်ထို ခုံဖိနပ်ကြီးကို စီးနင်းထားသည်ကို တွေ့သည်နှင့် မိမိနှင့် အဖက်မတန် များစွာ အတန်းကွာခြားသည်ကိုသာ အမှတ်ထားလိုက်၏။

သတင်းစာကို ဖတ်နေသော်လည်း တွဲထဲတွင် လူစိမ်းနှစ်ယောက်တည်း



တွေ့ဆုံရာ၌ အကဲခတ်တတ်သည့်အတိုင်း တစ်ယောက်သောသူသည် မိမိအား ကြည့်နေကြောင်းကို သိနိုင်လေသည်။

ကွမ်းတစ်ယာညက် အကြာလောက်တွင် မျက်နှာချင်းဆိုင်ထိုင်နေသည်နှင့် လှမ်း၍ ကြည့်လိုက်သော် တစ်ဖက်ခုံတန်းတွင် ဖင်မကျတကျ ထိုင်လျက် ရေ့တည့်တည့်တွင် ဖဲထီးကိုထောက်၍ လက်နှစ်ဖက်နှင့် စုံကိုင်ပြီးလျှင် မိမိအား စူးစူးစိုက်စိုက် ကြည့်နေသည်ကိုမြင်လေလျှင် တတိယတွဲစီးသူ လူတန်းစားအနေနှင့် ဒုတိယတန်းတွဲသို့ ကျူးကျူးကျော်ကျော် တက်လာရုံမျှမက ပမာမခန့် မလေးမစား ကြည့်နေသည်ကို များစွာ မခံချင်ခြင်း ဖြစ်လေ၏။

ပထမလူသည် ရှေးနည်းတူ ဣန္ဒြေမပျက် စာကို ဖတ်မြဲဖတ်နေသော်လည်း စာထဲသို့ စိတ်မရောက်ဘဲ အနေအထိုင် အခံခက်သဖြင့် သတင်းစာကို ဘေးတွင် ချထားလိုက်လေ၏။

ဒုတိယခရီးသည်သည် တံတိုင်းပေါ်က ကျောက်ဘီလူးရုပ်ကဲ့သို့ မလှုပ်မရှား မျက်တောင်မခတ်ဘဲ ကြည့်မြဲတိုင်း ကြည့်နေသဖြင့် ပထမလူက ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ပဝါဖြင့် မျက်နှာသုတ်ခြင်း၊ ဆံပင်ကို လက်နှင့် သပ်ခြင်း စသည့် လူတို့မနေတတ်တိုင်း လုပ်လေ့ရှိသည့် အမူအရာများ ပြုလုပ်ပြီးနောက် အိတ်တွင်းမှ ဖတ်ပြီးသားစာကို ထုတ်၍ အလုပ်ပိုသက်သက် ဖတ်ပြီးသကာလ ဖောင်တိန်တစ်ချောင်းနှင့် စာအိတ်ပေါ်တွင် ဟိုခြစ်သည်ခြစ် ရေးခြစ်ကာ နေ၏။ သို့ရာတွင် ကြည့်နေသောလူမှာ မူမပျက် ကြည့်မြဲ စိုက်၍ ကြည့်နေလေ၏။

၎င်းနောက် အင်္ကျီကြယ်သီးကို ဖြုတ်ချည် တပ်ချည်၊ လုံချည်ကို ပြင်ဝတ်ချည် ပြုမူစရာ အကြံကုန်၍ စိတ်လည်းတိုလာလေ၏။

သည်းမခံနိုင်သည့်အဆုံး၌ ပြန်လှန် ဆိုင်ပြိုင်ကြည့်ပြီးလျှင်–

ပထမခရီးသည်။ ။"ဘာကြောင့် သည်လောက် စူးစူးဝါးဝါး ကြည့်ရတာလဲ နောက်တွေ့လျှင် မမှတ်မိမှာစိုးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှုတင်းတင်းနှင့် မေးလေရာ–

ဒုတိယခရီးသည်။ ။"ဒါတော့ စိုးရိမ်စရာ မရှိပါဘူး၊ ကျုပ်က မျက်နှာကို တစ်ခါမြင်ဖူးလျှင် မှတ်မိတတ်တဲ့ သညာတစ်ခုတော့ ရှိပါတယ်"

ဟု မှုတည်တည်နှင့် ပြန်ပြောလေသည်။

ပထမ။ ။"ချီးမွမ်းထိုက်တဲ့ သတ္တိထူးပေပဲ၊ နို့သော် ဘုရားရှင် တန်ခိုးတော်ကြောင့် နောင် ဘယ်တော့မှ မတွေ့ပါရစေနဲ့လို့ ဆုတောင်းပါတယ်"

ဒုတိယ။ ။"ဟာ သဘောထားဆိုတာ တယ်တိုက်ဆိုင်ခဲတာပဲ"

ပထမ။ ။"အခုတွေ့မိတာတောင် ကျုပ်ကတော့ မေ့ပစ်လိုက်ချင်တယ်"

ဒုတိယ။ ။"ကျုပ်ကတော့ မမေ့တတ်ထာကိုပဲ သဘောကျနှစ်ခြိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်မိတယ်၊ ဘာကြောင့်ဆိုတော့ သည်သညာကလေးက တစ်ခါတစ်ခါ အသုံးဝင်တယ်၊ ဥပမာဆိုလျှင် ယခုလို တွေ့တဲ့အခါမှာ"

ပထမ။ ။"ကျုပ်ကတော့ ဂါတ်ဗိုလ်ခေါ်ပြီး ဒုတိယတန်းလက်မှတ်မပါလျှင် တွဲပေါ်က မောင်းချချင်တာပဲ"

ဟု စိတ်လိုက်မာန်ပါ ဒေါသအလျောက် ပြောလိုက်လေ၏။

ဒုတိယ။ ။"သည်းခံပါဦးလေ၊ စကားဆုံးအောင် နားထောင်ပါဦး။ ကျုပ်အင်းစိန်ထောင်မှာ ထောင်စာရေးကလေးလုပ်စဉ်က– ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်နီးနီး ရှိသွားပြီ၊ ကျုပ်နှာမည် ထွန်းပြည့်တဲ့၊ ပြန်စဉ်းစားရင် မှတ်မိမှာပေါ့၊ ဟိုတုန်းက တစ်တွေ့တည်း တွေ့နေရတာပဲ၊ ခင်ဗျားက အတွင်းစားပွဲက ထိုင်လို့"

ပထမ။ ။"အဲ– ဒါကြောင့် ကျုပ်စိတ်ကအထင်သား ခင်ဗျား လူမှားနေပြီလို့"

ဒုတိယ။ ။"အို အလည်လုပ်မနေစမ်းပါနဲ့၊ သည်မျက်နှာမျိုးကို ကျုပ်က ခွေးချီသွားတောင် မမေ့ဘူး၊ လူမှားဖို့ နေနေသာသာ"

ပထမ။ ။"သယ်– စော်စော်ကားကား ဘယ်လိုလူစား အောက်မေ့သလဲ"



ဒုတိယ။ ။"ဒေါသိပ်မပွန့်လေ၊ မာနထောင်လျှင် မှားတတ်တယ်"

ပထမ။ ။"အခု အတည်ပြောနေတာလား၊ တစ်ယောက်ယောက်နဲ့ တူလို့ဖြစ်လိမ့်မယ်"

ဒုတိယ။ ။"နားသယ်နားက မှဲ့ကလေးထိအောင် မှတ်မိတယ်၊ ခင်ဗျား ဘယ်လက်မောင်းအတွင်းမှာ လင်းယုန်ငှက်ခေါင်းပုံ ဆေးထိုးထားတာတောင် ရှိသေးတယ်၊ ခင်ဗျား နှစ်ကြီးသမား နာမည် ရွှေယုန်မဟုတ်လား၊ ဟိုတုန်းက နာမည် ပြောတာပါ"

## [၂] ရှေ့ဟောင်း ရှေ့ဖြစ်

တွဲထဲသို့ တက်လာစဉ် မြင်စက လုံးဝမမှတ်မိသော်လည်း အင်းစိန်ထောင်ဟု စပြောသည်မှစ၍ တစ်ချက်တည်း ပြန်ပေါ်လာသော်လည်း သတ္တိကောင်း လူလည်တစ်ယောက်ဖြစ်သည့် အားလျော်စွာ မျက်နှာပိုးသေသေနှင့် ဟန်လုပ်၍ ငြင်းလေ၏။ သို့သော်လည်း ထောင်ချောက်ထဲမှာ မိသလို ရုန်းထွက်စရာ လမ်းမမြင်သည်နှင့် ဝန်ခံရကောင်းမလားဟု စဉ်းစားနေစဉ်–

ဒုတိယ။ ။"လိမ်လည်မှုနဲ့ ၂ နှစ်၊ ဖမ်းတဲ့အခါ ပုလိပ် ခုခံမှုနဲ့ ၃ နှစ်၊ ပေါင်း ၅ နှစ်။ ၉ လမျှသာ အကျဉ်းခံပြီးတော့ ဆောင်းတွင်းကြီး နှင်းတွေဝေတုန်း မနက်စောစော ထောင်တံခါးအဖွင့်မှာ တံခါးစောင့် 'ဂျမဒါ' ကို ရိုက်ပြီး ထွက်ပြေးတာ"

ပထမ။ ။"ရှေ့မဆက်ပါနဲ့တော့"

ဟုပြော၍ တောင်မြောက် လေးပါး ကြည့်ပြီးလျှင်–

"ခင်ဗျား အလိုရှိတာသာ ပြောပါ" ဟု မျက်နှာငယ်ကလေးနှင့် ပြောလေ၏။

ဒုတိယ။ ။"ခင်ဗျား ကံသိပ်ကောင်းတာပဲ၊ ခင်ဗျားဝတ်တဲ့ အင်္ကျီတွေကို

www.burmeseclassic.com

www.burmeseclassic.com



နောက် ၃ ရက်ကြာတော့ မြစ်ကမ်းစပ်မှာ တွေ့လေတော့ သေစာရင်းသွင်းထားလို့ အစိုးရက သည်လောက် အေးနေတာပေါ့၊ သို့မဟုတ်ရင်တော့”

ပထမ။ ။“တော်ပါတော့၊ ချေးခြောက် ရေနှုးစရာ မလိုပါဘူး၊ နှုတ်ပိတ်ခ ဘယ်လောက်လဲ”

ဒုတိယ။ ။“အို ဒါတော့ ဖြည်းဖြည်းသာသာ စဉ်းစားပြောကြတာပေါ့၊ သည်လိုပါ၊ ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးဆိုတာ ယုံကြည်ပါတယ်။ ကျုပ်ကတော့ ၆ လလောက်က စမြင်ကတည်းက နောက်ယောင်ခံ လိုက်ပြီး စုံစမ်းနေခဲ့လို့ ကိုယ့်လူတော့ အတော်စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံတဲ့ လူကုံထံကြီးတစ်ယောက် ဖြစ်နေပြီကိုးလို့ သိနေပြီကော။ နှစ်ယောက်ချင်း ဘယ်တော့ တွေ့ရမလဲလို့သာ တွေးနေတာ၊ အဆင်သင့် ကနေ့တော့ ခင်ဗျား ရန်ကုန်လိုက်မယ်ဆိုတာသိတာနဲ့ စရိတ်ကုန်ခံပြီး လိုက်လာတာပဲ။ ကျုပ်က မရှိတဲ့ လူဆိုတော့ ကိုရွှေယုန် သဒ္ဒါသလောက် ကြည့် မစတာပေါ့၊ ခုတ်သိချင်းတွေ အထူးပြောနေစရာ မလိုပါဘူး”

ပထမ။ ။“သည်မလေ ကိုထွန်းပြည့်၊ ရွှေယုန်ဆိုတဲ့ နာမည်ကို မခေါ်စမ်းပါနဲ့၊ မေ့ပစ်လိုက်စမ်းပါ မောင်မင်းကြီးသား”

ကိုထွန်းပြည့်။ ။“အို သတိလစ်သွားလို့ပါ ဦးစိန်ဘ ခင်ဗျား၊ နောက်နောင်တော့ သည်အမှားမျိုး မထပ်စေရပါဘူး”

ဦးစိန်ဘ။ ။“ကိုင်း၊ ဒါနဲ့ ပြီးပြီးပြတ်ပြတ် ခင်ဗျားအလိုရှိတာ ဆိုစမ်းပါဦး၊ ဒါးပိန်ရောက်လျှင် ခင်ဗျားဆင်းပြီး တွဲပြောင်းမှ ဖြစ်မယ်”

ထွန်း။ ။“ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျားနဲ့တွဲလျက် လူမြင်မှာစိုးပါတယ်။ ငွေရေးကြေးရေးမှာ သုံးထောင်ဆိုလျှင် ခင်ဗျားမှာ နစ်နာမသွားဘူးထင်တယ်၊ သည်လောက်ပိုက်ဆံရှိတဲ့ မိန်းမတစ်ယောက် ရထားတာကပဲ”

စိန်။ ။“အလို– ကျားသားမိုးကြိုး၊ ခင်ဗျားက ကျုပ်ကို သူဌေးဦးဘိုးလှိုင်များ အောက်မေ့နေသလား၊ သုံးထောင်ဆိုတာ ကြွေပန်းကန်စ ပြောတာလား



ကျုပ်ပိုင်ငွေတော့ သုံးထောင်မပြောနဲ့–”

ထွန်း။ ။“ခင်ဗျားပိုင် ရှိမရှိ အပထားလို့ ခင်ဗျားမယား ချမ်းသာတယ် ဆိုဘာ ဘယ်သူငြင်းနိုင်သလဲ။ မယားရှိ လင်ပိုင်တာပေါ့၊ တစ်ခါတည်း သုံးထောင်ကို လုံးခနဲ ပေးရမယ်လည်း မဟုတ်ပါဘူး။ သုံးလတန်သည်၊ ခြောက်လတန်သည် အလီလီပေးသွားတာပေါ့”

စိန်။ ။“နွားထီး နို့ညှစ်လို့ မထွက်ဘူးဆရာရဲ့”

ထွန်း။ ။“ရောင်းဝယ်ရာကျတော့ နွားထီးက ဈေးရတယ်၊ ဒါထက် ပေါလူးလည်း သည်ဂါတ်ရောက်နေတယ်၊ သူလည်း ခင်ဗျားကို မြင်မှာတွေ့မှာပဲ၊ မမှတ်မိလို့သာနေတာ သူမှတ်မိရင်တော့ ‘ချောက်’ ပဲ။ နောက်ပြန်လှည့်ကြည့်နေမှာ မဟုတ်ဘူး၊ တစ်ခါတည်း သတင်းသွားပေးမှာပဲ”

စိန်။ ။“ဘယ်သူလဲ ပေါလူးဆိုတာ”

ထွန်း။ ။“ဟိုတုန်းက အင်းစိန်ထောင်မှာ ‘ဂျမဒါ’ လုပ်နေတဲ့ ကရင် ပေါလူးပေါ့ဗျ၊ ကော်ဇောတွေ အထည်ကြမ်းတွေရက်တဲ့ရုံထဲက အကြပ်ဟာကောလို့”

စိန်။ ။“သူက အခု ဘာလုပ်နေသလဲ”

ထွန်း။ ။“သူလည်း အမှုထမ်းနဲ့ တယ်အကျိုးမပေးရှာဘူး၊ ပုလိပ်ဘက်ပြောင်းလည်း ရာဇဝတ်ကြပ်ပဲ ရှိရှာသေးတယ်၊ မြို့မဌာနာမှာ လူဆိုးစုံထောက်ဘဲ”

စိန်။ ။“ဘာလဲ နှစ်ယောက် အကြံတူ ကျုပ်ကိုညှစ်ပြီး သွေးစုပ်ကြမယ်ပေါ့လား”

ထွန်း။ ။“မတော်မတည့်ဗျာ၊ သည်စိတ်မျိုး မထားပါဘူး။ သူနဲ့ ကျုပ်နဲ့လည်း အခေါ်အပြော မလုပ်ပါဘူး။ သည်အကောင်က သူ့မှာ မယားကြီးရှိလျက်နဲ့ စော်စော်ကားကား ကျုပ် မယားပါသမီးကလေးကို လာပိုးပန်းနေတယ်၊ ကျုပ် ဆိုပြောပစ်လိုက်လို့ အခုမှ လမ်းပြတ်သွားတယ်။ သူ့အတွက်တော့ မစိုးရိမ်နဲ့ ကျုပ်တာဝန်ထား၊ သူလည်း မှတ်မိမှာ မဟုတ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



**စိန်**။ ။"သည်နေရာမတော့ ခင်ဗျားတစ်ခုပေါ့လေ၊ သည်စကားဖြတ်လို့ ခုတင်ကဟာ ပြတ်အောင် ပြောပါဦး"

**ထွန်း**။ ။"ပြောထားပကောလို့"

**စိန်**။ ။"ခင်ဗျားဟာက လွန်အားကြီးတယ်၊ နှားပြန်ပေး၊ လူပြန်ပေးများလို အခုလည်း သတင်းပြန်ပေးလုပ်တာလား၊ အင်္ဂလိပ်လို ဘလက်မေလ် (Black Mail) လို့ခေါ်တယ်၊ အဆုံးမှာတော့ မတရားသဖြင့် ငွေညှစ်ယူတာပဲ"

**ထွန်း**။ ။"သည်လို သဘောမထားပါနဲ့လေ၊ သူ့အကျိုး ကိုယ့်အကျိုး နှစ်ဖက်မျှပြီး စကားပြောမှပေါ့။ တကယ်လို့များ အစိုးရသိသွားလျှင် ကျုပ်ကိုပါ အားပေးကူညီပြီး ထိမ်ဝှက်ထားတယ်ဆိုပြီး ဒုက္ခ မဖြစ်ပေဘူးလား"

**စိန်**။ ။"သည်အပေါက်တွေ ထားပါဦး၊ ကျုပ်လက်ထဲမှာ ငွေကို မရှိသေးဘူး ရှာရဦးမယ်"

**ထွန်း**။ ။"ခင်ဗျားလိုလူ ငွေမရှားပါဘူး၊ မယားအရှိန်နဲ့ လက်မှတ်ထိုးလျှင် ဘယ်မှာယူယူ ရတာပဲ"

**စိန်**။ ။"ယူတာက ဟုတ်ကဲ့၊ ဘယ်နှယ့်လုပ်ပြီး ပြန်ဆပ်မလဲ"

**ထွန်း**။ ။"မယားဆပ်လိမ့်မှာပေါ့၊ စင်စစ်တော့ သူ့အကျိုးပဲဟာကိုး။ မတော်လို့ တစ်ခုခုဖြစ်လို့ လင်ဆုံးသွားလျှင် နောင် သည်လိုလင်မျိုး ရခဲဘိခြင်း"

**စိန်**။ ။"ကျုပ် စဉ်းစားရဦးမယ်၊ အချိန်ပေးဦးမှပေါ့၊ ဘယ်မှာ တွေ့ရမလဲ အိမ်တော့ မလာနဲ့"

**ထွန်း**။ ။"ကောင်းပါပြီ၊ ကျုပ်နေတာနဲ့ ခင်ဗျားအိမ်နဲ့လည်း တယ်မဝေးလှဘူး။ ကျွန်တော့်အလုပ်က ပင်စင်ယူပြီးနောက် အငြိမ်းစားဝန်ထောက်ကြီး ခြံထဲမှာ ခြံစောင့်ဖြစ်နေတယ်။ ခင်ဗျားလာခဲ့လေ၊ ခြံအကျယ်ကြီးပဲ။ ပိန္နဲ၊ တညင်း သစ်ပင်ကြီးတွေပြည့်လို့။ လူမမြင်စေချင်လျှင် ဝင်းပေါက်ထဲ ဝင်မိတော့ လက်ယာဘက်ကို လျှောက်၊ ညောင်ကြတ်ပင် နှစ်ပင်တွေ့လိမ့်မယ်။ အဲသည် အောက်ကစောင့် အရင်ရောက်တဲ့လူက စောင့်၊ ဘယ်နေ့လာမလဲ



အချိန်ပေး"

**စိန်**။ ။"ခင်ဗျား ခုပြောနေတာ အငြိမ်းစား ရာဇဝတ်ဝန် ဦးဖော့ခြံ ပြောနေတာလား၊ အောင်မယ် မလုပ်ပါနဲ့ သူ့ခွေးတွေကဆိုးက ဆိုးပါဘိနဲ့"

**ထွန်း**။ ။"အို ဆိုးတယ်ဆိုတဲ့ ပဲခူးခွေးသမင်တွေက အဖိုးတန် အမဲလိုက်ခွေးတွေပဲ။ ခြံထဲမှာ ပေါက်လွှတ်ပဲထားထားတာ မဟုတ်ပါဘူး၊ သူ့ ခွေးတွေ သူ အင်မတန်မှ အရေးယူပြီး နယ်မှာ အမှုအခင်းဖြစ်လျှင် သည်ခွေးတွေ အကြောင်းပြချင်လွန်းလို့ အချက်ရှာနေတာ၊ ခွေးတွေကို သူ့အိမ်သူ သပ်သပ်မွေးထားတာပါ။ ခင်ဗျားမြင်ချင်လို့တောင် မမြင်ရပါဘူး စိတ်သာချ"

**စိန်**။ ။"ကောင်းပြီ၊ ဒါဖြင့် သန်ဘက်ခါ ည ၇ နာရီ လာခဲ့မယ်၊ အခု ရန်ကုန်သွားပြီး နက်ဖြန်တစ်ရက်နေပြီး ပြန်လာမယ်"

**ထွန်း**။ ။"ကောင်းပြီ၊ သန်ဘက်ခါ ည ၇ နာရီနော်၊ စရန်ငွေလည်း ငါးရာ လောက်ပါပေစေ၊ လက်ချည်းတော့ မလာခဲ့နဲ့"

ဟုပြော၍ ဒါးပိန်ဘူတာတွင် မီးရထားရပ်လျှင်ရပ်ချင်း ဆင်းသွားလေ၏။

အစိုးရ ရိက္ခာတော် ပင်စင်ရ ဦးထွန်းပြည့်သည် မင်းတိုင်ပင် အမတ်လောင်း ဦးစိန်ဘအပေါ်တွင် အတော်ပင် အထင်မြင်သေး၏။ ထောင်အတွင်းတွင် ပြစ်မှုခံရဖူးသော 'ငရွှေယုန်' နှင့် မိမိသဘောရှိ ထောင်ပြင်ဘက်တွင် လွှတ်လပ်စွာ နေရသော ဦးစိန်ဘတို့ ကွာခြားခြင်းကို စဉ်းစားမိဟန် မတူချေ။ ထို့ထက် အစစအရာရာတွင် မိမိထက် သတ္တိ၊ ဇွဲတို့မှစ၍ ပညာအရည်အချင်းသာသည်ကိုလည်း မသိ၊ ထောင်ကျလာသော အကျဉ်းသမားမှန်လျှင် အမျိုးအစား တစ်တန်းတည်းဟူ၍ တစ်ထစ်ချ မှတ်ယူနေ၏။ ထို့ကြောင့် ဦးထွန်းပြည့်က မိမိဆင်းလာပြီးနောက် ဦးစိန်ဘသည် မိမိအကြောင်းတွေ ပေါက်မည်ကို စိုးရိမ်သဖြင့် နှုတ်ပိတ်ပေးရန် ကြံစည်စိတ်ကူးနေရစ်မည်ဟု ယုံကြည်မိလေသည်။ စင်စစ်သော်ကား ဦးစိန်ဘသည် မိမိ၏ လွှတ်လပ်ရေးနှင့် စီး

www.burmeseclassic.com

www.burmeseclassic.com



ပွားရေးလမ်းတွင် အနှောင့်အယှက်ပေးသော ဦးထွန်းပြည့်ကို မည်သို့ ရှင်းလင်းသုတ်သင်ပစ်ရမည်ဆိုသည်ကိုသာ စဉ်းစားစိတ်ကူးလျက်ရှိလေ၏။

## [၃] သေကံမရောက် သက်မပျောက်

ဦးစိန်ဘခေါ်မောင်ရွှေယုန်ဆိုသူသည် ငယ်စဉ်ကကျောင်းတွင် အင်္ဂလိပ် ပညာ ၁၀ တန်းအောင်ပြီးနောက် ကောလိပ်ကျောင်းတွင် ဆက်လက် သင်ကြားခဲ့ဖူးသူတစ်ယောက်ဖြစ်၏။ ကျောင်းမှ ထွက်ပြီးသည့်နောက်၌လည်း လခစား ကျွန်မခံဘဲ မိမိသဘောအတိုင်း လွတ်လပ်စွာ အသက်မွေး ကိုယ်စားလှယ်တစ်ဦးအဖြစ် လုပ်ကိုင်၍ လူတစ်လုံး သူတစ်လုံးဖြစ်ခဲ့ဖူး၏။ သို့သော် မတရားသော လောဘကို မဆင်ခြင် မတားဆီးနိုင်သဖြင့် ကုမ္ပဏီ၏ ငွေအမြောက်အမြားကို သုံးစားမိသည်နှင့် ထောင်ကျ၍ ထောင်မှူးရုံးခန်းထဲတွင် စာရေးစာချီအဖြစ် လုပ်ကိုင်ရလေသည်။

၉ လမျှ အကျဉ်းခံပြီးနောက် ဦးထွန်းပြည့် ပြောပြသည့်အတိုင်း ဆောင်းဥတု တစ်မနက်တွင် 'ဂျမဒါ' တံခါးမှူးသည် ထောင်တံခါးကိုဖွင့်၍ အပြင်ကို အာရုံစူးစိုက်နေသည့်အခိုက်တွင် မောင်ရွှေယုန်သည် တစ်ဟုန်တည်း ထွက်ပြေး၍ နှင်းမြူပိတ်သဖြင့် ဝါးတစ်ရိုက်မျှမမြင်နိုင်သည့် အချိန်အခါဖြစ်သောကြောင့် အင်းစိန်ကမ်းနားဘက် လှိုင်မြစ်ဆိပ်သို့ ရောက်အောင် ပြေးလာခဲ့လေ၏။ ကံထောက်မလျှင်လည်း လွတ်စေတော့၊ ကံဆိုး၍ ရေတွင် နစ်သေရလျှင်လည်း ထောင်တွင်း အကျဉ်းခံနေရသည်ထက် မြတ်သေး၏ဟု အောက်မေ့လျက် ထောင်ဝတ်ထောင်စားများကိုချွတ်၍ မြစ်ထဲသို့ ခုန်ဆင်းလေ၏။

ထောင်အတွင်း၌ အကျဉ်းခံရသူ နစ်ကြီးသမားများအနက် အကျင့်ကောင်းသူတို့မှာ ခြေချင်းတစ်ဖက်မျှသာ ခတ်ခြင်း ခံရပေရာ ငရွှေယုန်သည် ခြေချင်းတစ်ဖက်နှင့် ဒီရေအကျတွင် မျှော၍ မြစ်လယ်သို့ ကူးထွက်လေ၏။



အတန်ကြာလတ်သော် လက်ပန်းကျ၍ မောပန်းသဖြင့် နှာခေါင်းပေါ်ရုံမျှ ကူးယက်နေရသည့်အခိုက် ဝါးရင်းတုတ်နှင့် သိမ်း၍ ရိုက်လိုက်ဘိသကဲ့သို့ အရိုက်ကို တစ်စုံတစ်ခုနှင့် တိုက်မိ၍ မေ့မြောလုမတတ်ဖြစ်နေလေ၏။

ထိုစဉ်တွင် တိုက်မိသည့်အရာကို ရေနစ်သူတို့၏ ဓမ္မတာအတိုင်း ကြောက်အားလန့်အား ဆွဲမိဆွဲရာ ဆွဲလိုက်လေရာ ထိုအရာဝတ္ထုမှာ ရေအောက်မှ အထက်သို့ တဖြည်းဖြည်းပေါ်တက်နေသည့်ပြင် အထက်မှလည်း ရှည်သော အသံများကို ကြားရလေ၏။

အတန်ငယ် သတိရသောအခါ မိမိကိုယ်တိုင်လည်း ထိုအရာဝတ္ထုနှင့်အတူ ရေပေါ်သို့ကြွတက်လာ၍ ကျောက်ဆူးသံကြိုးကြီးဖြစ်ကြောင်းကို တွေ့ရလေ၏။ အကြောင်းသော်ကား ငရွှေယုန်သည် ဒီရေကျစနှင့် မျှောပါလာ၍ ကဲ့တေးတူးမြောင်းတွင် ဆန်တင်ပြီး၍ ထွက်လုဆဲဖြစ်သော ပင်လယ်ကူးသင်္ဘောမှကျောက်ဆူးသံကြိုးကြီးနှင့်တိုက်မိခြင်း ဖြစ်ပေသောကြောင့်တည်း။

ငရွှေယုန်သည် ကျောက်ဆူးသံကြိုးကို မြဲမြံစွာ ဆုပ်ကိုင်ထားလေ၏။ အပေါ်သို့ ရောက်လုနီးတွင် သင်္ဘောဦးတွင် စောင့်ကြည့်နေသော သင်္ဘောသားက မြင်သည်နှင့် 'ဟိုး' ဟု အချက်ပေးကာ ရပ်စဲစေလေ၏။ သင်္ဘောသားသည် လက်အန်သေ၍ ပြုတ်ကျလုမတတ်ရှိနေသော ငရွှေယုန်ကို ဆွဲတင်ကယ်ဆယ်ပြီးနောက် သင်္ဘောကို အချိန်နှင့်ထွက်ရန် ဝတ္တရားအတိုင်း ကျောက်ဆူးကို ဆက်လက်ဆွဲတင်စေလေ၏။ ထိုအခါ အဝတ်အလျှင်းမရှိသော ငရွှေယုန်သည် သင်္ဘောသား မျက်နှာဖြူအား–

"ကျွန်တော့်မှာ ဒုက္ခရောက်နေပါတယ်၊ ကယ်တော်မူပါ"

ဟု အင်္ဂလိပ်စကားဖြင့် ဒူးထောက်၍ ရှိခိုးတောင်းပန်လေ၏။

နှင်းမြူငွေ့သည် မြစ်တွင်း၌ အလွန်တရာ ထူထပ်လေရကား ဤအခြင်းအရာကို အခြားသူများ မမြင်ကြချေ။

ယင်းကဲ့သို့ သေကံမရောက် သက်မပျောက် ဆိုဘိသကဲ့သို့ ငရွှေယုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



အသက်ဘေးမှ ချမ်းသာစွာ ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းပေါ်သို့ ရောက်ခဲ့သော်လည်း ကပ္ပိတန်က မည်သို့ စီရင်ဆုံးဖြတ်မည်ကို ပူပင် တွေးတောနေရ၏။ ယခင်သင်္ဘောသားသည် ငရွှေယုန်အား–

"သည်မှာ မောင်မင်း၊ နေဦး"

ဟု မပီတပီပြော၍ ထွက်သွားလေ၏။ အကြောင်းကား ၎င်း သင်္ဘောသားသည် အင်္ဂလိပ်စကား ကောင်းမွန်စွာ မပြောတတ်သော ဂျာမန်လူမျိုး တစ်ယောက် ဖြစ်ခြင်းကြောင့်ပေတည်း။

ငရွှေယုန်မှာ အဝတ်ဗလာ ဖြစ်နေသောကြောင့် နေရာမှ လှုပ်ရှားဝံ့မည် မဟုတ်ပေ။

အတန်ငယ်ကြာသောအခါ မာလိန် နှင့် ကပ္ပိတန်တို့ ပါလာ၍ ကြည့်ရှုပြီးနောက် ပုလိပ်ဘက် အရာရှိများ မမြင်စေခြင်းငှာ ကပ္ပိတန်က ငရွှေယုန်ကို ကြိုးခွေပုံကြီး၏ အတွင်းတွင် သွင်း၍ အပေါ်တွင် ရွက်ထည်တစ်ခု အုပ်ထားရန် အမိန့်ပေးလေ၏။ ၎င်းနောက် နှင်းများလည်း တဖြည်းဖြည်း ကွဲစပြုသည်နှင့် 'ဘော' တွင် တွယ်ထားသော နောက်ဆုံးသံကြိုးကိုဖြုတ်၍ သင်္ဘောသည် မြစ်ဖေါက်ပင်လယ်ဝသို့ ဦးတည့်တည့်လှည့်ကာ ထွက်ခွာလေ၏။

ငရွှေယုန်သည် အေးမြသည့် ဆောင်းအခါတွင် စိုစွတ်မောပန်းနေရာမှ ကြိုးခွေအတွင်း ရွက်ထည်အောက်တွင် နွေးလှသည်နှင့် တစ်ခဏချင်းတွင် အိပ်ပျော်သွားလေ၏။

မိမိကိုယ်ကို လှုပ်၍ နှိုးသော အသံများကိုကြား၍ ကြည့်လိုက်သောအခါ ကပ္ပိတန်သည် စိတ်ချလက်ချ အိပ်နေသော ငရွှေယုန်၏ ကိုယ်လုံးကို ကြည့်၍ ပြုံးနေသည်ကို မြင်ရလေ၏။ ထိုအခါ ငရွှေယုန်သည် ရှေးနည်းအတူ ရှိခိုးတောင်းပန်ပြန်၏။

အကြောင်းရေစက်ရှိ၍လားမသိ၊ ကပ္ပိတန်သည် သနားခြင်း ကရုဏာ ညွတ်လာသည်နှင့် မိမိအလုပ်ရှင် ကုမ္ပဏီ၏ ဝတ္တရားမှအပ နိုင်ငံခြား အင်္ဂလိပ်



အစိုးရ၏ ဥပဒေဝတ္တရားများကို များစွာ ပမာဏမထားဘဲ ငရွှေယုန်အား အကျယ်ချုပ်သဘောဖြင့် အဝတ်များပေး၍ အစားအစာကျွေးမွေးလေ၏။ ပင်လယ်ပြင်သို့ ရောက်၍ သုံးလေးရက်ကြာသောအခါ ငရွှေယုန်၏ ကျိုးနွံသော အခြင်းအရာကို တွေ့မြင်သဖြင့် ကရုဏာ ပိုမိုသက်ဝင် ခင်မင်လာပြီးလျှင် မိမိ၏အခန်းတွင် အစေခံ လူကလေးအဖြစ် ခန့်ထား၍ ဂျာမနီနိုင်ငံသို့ ခေါ်သွားလေ၏။

ငရွှေယုန်၏ ထကြွသော လုံ့လ တရွှေ့ရွှေ့ ဆည်းပူးရရှိသော ပညာစွမ်းရည်တို့၏ ကျေးဇူးကြောင့် ဂျာမနီပြည်တွင် ဝမ်းစာအတွက် အလုပ်လုပ်ကိုင်ရန် အခွင့်အရေးရသည်နှင့် နှစ်ရှည်လများကြာသော် လူသွေးလူမွေးတစ်မျိုးတစ်မည်ဖြစ်၍ ပိုက်ဆံကြေးငွေလည်း အတော်အသင့် စုဆောင်းမိလေ၏။

## [၄] ဗြာနီကို လွမ်းဆွတ်ခြင်း

ဆယ့်ငါးနှစ်မျှကြာ၍ အသက်လေးဆယ်နီးနီးရှိသောအခါ အကျဉ်းသမား ငရွှေယုန်ဟု အများမှတ်မိနိုင်ရန် ခဲယဉ်းလှပေ၏။ ထိုအခါ ငရွှေယုန်မှာ မြန်မာပြည်ကို လွမ်းဆွတ်တမ်းတမိသည့်ပြင် မိမိ၏ ကျေးဇူးရှင် ကပ္ပိတန်လည်း ကွယ်လွန်လေသဖြင့် ကမ္ဘာစစ်ကြီးပြီး၍ များမကြာမီ မြန်မာပြည်သို့ ထွက်ခွာခဲ့လေ၏။

ယခု ဦးထွန်းပြည့်နှင့် တွေ့သည့်အချိန်၌ကား မြန်မာပြည်သို့ ပြန်ရောက်၍ ၅ နှစ်မျှကြာလေပြီ။ အကြံဖန်ကောင်းလှ၍ လိုရာသို့ရောက်အောင် ဆောင်ရွက်တတ်သော ဇွဲရှိသည်အားလျော်စွာ နိုင်ငံခြားသင်္ဘောများ ရန်ကုန် မြစ်ဘွင်းသို့ ဆိုက်ရောက်သည့်အခါ သင်္ဘောသားတို့ နှစ်သက်သော မြန်မာပြည်ကုန်စည်များနှင့် ၎င်းတို့နိုင်ငံမှ ပါလာသည့် သေးငယ်ပေါ့ပါးသော ပစ္စည်းများဖြင့် လဲလှယ်ဖလှယ်ပြုတတ်၏။ အတော်အတန် [illegible]ပစ္စည်း

www.burmeseclassic.com

တိုးပွားလာသောအခါ အဆက်ကောင်းတွေ့သဖြင့် ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီးအနီး သွားလေသူမြို့အုပ်မင်း၏ဇနီး ပစ္စည်းဥစ္စာကြွယ်ဝသူ မုဆိုးမ တစ်ယောက်နှင့် အကြောင်းဆက်၍ လာလတ္တံ့သောရွေးကောက်ပွဲတွင် အရွေးခံရမည့် မင်းတိုင်ပင်အမတ်လောင်းတစ်ဦးအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်လေ၏။

သို့ကြောင့် ထောင်စာရေးဟောင်း ဦးထွန်းပြည့်က အထက်ဖော်ပြခဲ့သည့်အတိုင်း မိမိအား မှတ်မိ၍ အနှောင့်အယှက်ပေးမည်ကို များစွာ နှလုံး မသာမယာသော်လည်း ဦးထွန်းပြည့်လို ပညာဗဟုသုတ နည်းပါးသူတစ်ယောက်၏ ငွေညှစ်ခြင်းကို အသာအကြည်ဖြင့် ခံမည့် လူစားမျိုး မဟုတ်ချေ။

ထို့ပြင်တစ်ရပ်လည်း မိမိထောင်ကျစဉ်က 'ဂျမဒါ' အကြပ်ဟောင်း ပေါလူးဆိုသူ ကရင်ကလည်း မည်သည့်ရက်တွင် မိမိကို မှတ်မိမည် မသိနိုင်သေး။ သည်ကရင်က ထွန်းပြည့်ကဲ့သို့ ငွေပေး၍ ကျေနပ်မှ ကျေနပ်မည်၊ သို့သော် ထောင်လွတ် ငရွှေယုန်သည် လာမည့်ဘေးကို တုန်လှုပ်စွာဖြင့် တွေဝေ ထိုင်မှိုင်းနေတတ်သော လူတစ်ယောက် မဟုတ်ရကား ထွန်းပြည့်နှင့် ပေါလူးလို လူစားမျိုးနှစ်ယောက်ကို 'အပျော့' ထား၍ တစ်ချက်ခုတ် နှစ်ချက်ပြတ် အပြီးစီရင်ရန်ကိုသာ အကြံထုတ်လေ၏။

ဦးစိန်ဘခေါ် ငရွှေယုန်သည် အကြံဉာဏ်ကောင်းသဖြင့် မှုလက မကောင်းသည့် လမ်းလွဲကို မလိုက်မိခဲ့ပါက ယခုအခါတွင် အတော်ပင် ကြီးပွားနေမည်ကား မလွဲချေ။ ယခုသော်ကား ကောင်းမကောင်း ရွေးချယ်နိုင်ခွင့်မရဘဲ မိမိစိတ်ထဲတွင် ပထမပေါ်ပေါက်လာသည့်အတိုင်း ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း အမြန်စီမံလေ၏။ စီမံပုံကား တရုတ်ဟိုတယ်တစ်ခုတွင် တည်းခို၍ နံနက်လင်းသောအခါ ဦးစွာပထမ အနော်ရထာလမ်း လက်ကိုင်တုတ်များ ရောင်းသော ဆိုင်တစ်ဆိုင်တွင် ထားဝယ်ကြိမ်တုတ်ကောက်ကြီး တစ်ချောင်းကို ဝယ်ယူ၍ အောက်တွင်စွပ်ထားသောအခွေမှ သံခဲကို ဆိုင်ရှင်ကုလားအား ထုတ်ခိုင်းလေ၏။ ထို့နောက် သိမ်ကြီးဈေးကြီးမှ ရှမ်းလွယ်



အိတ် တစ်လုံး၊ ပရဆေးဆိုင်မှ ရှိန်းခို တစ်ကျပ်သား၊ အသွား ၅ လက်မကျော်ကျော် ၆ လက်မနီးနီးရှိသော သစ်သားရိုးနှင့် မောင်းချဓားဆင်တူ နှစ်စင်း၊ ဆလခါစ ငါးတစ်ကောင်နှင့် ဝါဂွမ်းအနည်းငယ်၊ ကော်ဖတ်ကြမ်းတစ်ချပ်ကို ဝယ်ယူပြီးနောက် ဖယောင်းစက္ကူနှင့် အထပ်ထပ်ပတ်ပြီးသကာလ တည်းခိုရာအခန်းသို့ ပြန်ခဲ့လေ၏။

အခန်းတွင်းသို့ ရောက်သောအခါ တံခါးကို လုံအောင်ပိတ်၍ ဝယ်ယူပါလာသော အထုပ်များကိုဖြေ၍ ကြမ်းပေါ်တွင် ချသည့်အခါ ရှိန်းခိုနှင့် ငါးကို အခြားဝတ္ထုများနှင့် မထိခိုက်စေရန် ဖယ်ရှားထားလေ၏။

ဦးစွာပထမ မောင်းချဓားတစ်ချောင်းကို ယူ၍ လက်ကိုင်တွင် သုတ်ထားသော အရောင်တင်ဆေးများကို သစ်သားပေါ်အောင် ကော်ဖတ်နှင့် စားပစ်လိုက်ပြီးနောက် သေပြီးစ ငါးလည်ပင်းကိုဖြတ်၍ သွေးများကို ဓားသွားနှင့် လက်ကိုင်ရိုးတွင် နံ့အောင် သုတ်လိမ်းလေ၏။ ၎င်းနောက် ဖယောင်းစက္ကူပေါ်တွင် လေသလပ်အောင် ချထား၏။

ဒုတိယ ရှိန်းခိုကို သွေးတစ်စက် နှစ်စက်နှင့် တေပြီးလျှင် ဝါဂွမ်းနှင့်ရော၍ ကြိုးကျစ်သလို လိမ်ပြီးလျှင် သံခဲထုတ်ထားသဖြင့် အခေါင်းမျှ ကျန်သော လက်ကိုင်ကြိမ်တုတ်ကောက်အောက် အခွေထဲသို့ ခဲတံနှင့် အထပ်ထပ် သွင်းသိပ်လေ၏။ ပြည့်တင်းလာသောအခါ တာအိတ်ခေါင်းကို တံတွေးဆွတ်၍ လုံလုံအောင်ပိတ်ပြီးမှ တစ်ဖန် ခြောက်အောင် ချထားပြန်၏။

ပထမ သွေးလူးထားသော ဓားလက်ကိုင် ခြောက်လာသောအခါ ကျန်ရှိန်းခိုအနည်းငယ်နှင့် ပွတ်သုတ်၍ ဖယောင်းစက္ကူနှင့် လေလုံအောင် ထုတ်ထားလိုက်၏။ ၎င်းနောက် သုံးပြီး၍ မလိုသော ငါးကော်ပတ်အားလုံးကို ပြတင်းပေါက်မှ နောက်ဖေးလမ်းကြားထဲသို့ ပစ်ချလိုက်လေ၏။

ဤထူးဆန်းသော အလုပ်တို့ကို လုပ်ပြီးနောက် ကြိမ်တုတ်ကို ဆောက်ဆို့ မသိရှိအောင် ခုတင်ခေါင်းရင်းတွင် ချိတ်ထား၏။ ဓားနှစ်စင်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တခြားစီ သတင်းစာစက္ကူများနှင့် ပတ်၍ လွယ်အိတ်တွင်ထည့်ပြီးလျှင် ထရံတွင် ချိတ်ထားခဲ့လေ၏။

အခန်းကို သော့ခတ်ပြီးနောက် ဦးစိန်ဘသည် မိမိမူလ ရန်ကုန်တွင် စီမံရန်လာသော ကိစ္စများကို သွားရောက် ဆောင်ရွက်လေသည်။

နေ့လယ် နာရီပြန် တစ်ချက်တီးကျော်တွင် ဟိုတယ်တွင် ပစ္စည်းများကို သိမ်းယူ၍ ပဲခူးသို့ ပြန်ခဲ့လေသည်။ ထိုသို့လာစဉ် ကြိမ်တုတ်၏ အောက်ဖျားကို မထိခိုက်စေရန် အထူးသတိပြု၍ လက်နှင့်ဆုပ်ကိုင်လျက်သော် လည်းကောင်း၊ လက်မောင်းတွင် ချိတ်လျက်သော် လည်းကောင်း ဆောင်ယူခဲ့လေသည်။

ပဲခူးသို့ ရောက်သောအခါ ဘူတာရုံမှ မြင်းရထားစီးလျက် ရွှေမော်ဓောဘုရားသို့သွား၍ အနောက်မုခ် စောင်းတန်းမှ တက်ပြီးလျှင် မြောက်မုခ်မှ ဆင်းသက်၍ ဦးထွန်းပြည့်ပြောသည့် ရာဇဝတ်ဝန် ဦးဖော့၏ ခြံရှိရာသို့ သွားလေ၏။

ဝင်းပေါက်ဝသို့ ရောက်သောအခါ လူသွားလူလာ နည်းပါး တိတ်ဆိတ်သဖြင့် အလစ်တွင် ခြံတွင်းသို့ ဝင်ပြီးသကာလ လက်ယာဘက်သို့ လျှောက်သွားသောအခါ ဦးထွန်းပြည့်ပြောသွားသည့်အတိုင်း တညင်း၊ ပိန္နဲများနှင့် ညောင်ကြတ်ပင် နှစ်ပင်ကိုပါ တွေ့ရလေ၏။

နေရာများကို လှည့်လည်ကြည့်ရှုပြီးနောက် လွယ်အိတ်ကို အရွက်များဖုံးအုပ်နေသော ပိန္နဲပင် ခွကြားတွင်တင်၍ တုတ်ကိုလည်း ၎င်းနည်းတူ လွယ်ကူစွာ မမြင်နိုင်စေရန် သို့ဝှက်၍ ပြန်ထွက်ခဲ့လေ၏။

ဦးစိန်ဘ၏ အကြံအတွက် ပြင်ဆင်ရန်အရေးမှာ ကရင်ပေါလူး နေအိမ်နှင့် သူဝင်ထွက်သွားလာတတ်သော အချိန်များကို သေချာစွာ သိရှိရန် လိုတော့၏။ ဤအလုပ်လည်း ခဲယဉ်းလှသည်မဟုတ်၍ တိတ်တဆိတ် စုံစမ်းသိရှိပြီးနောက် မိမိနေအိမ်သို့ ပြန်ခဲ့၏။

## ၆ ချိန်းရက်

နောက်တစ်နေ့ ဦးထွန်းပြည့်နှင့် ချိန်းဆိုထားသော အချိန်မတိုင်မီ နေဝင်ရီတရောတွင် ယခင်ထားခဲ့သော လွယ်အိတ်နှင့် တုတ်ရှိရာခြံတွင်းသို့ သွားရောက်ပြီးသကာလ သွေးလူးထားသော ဓားကို လွယ်အိတ်မှထုတ်၍ လုံခြုံစွာ ဝှက်ထားခဲ့၏။ လွယ်အိတ်နှင့် တုတ်ကို ဆောင်ယူ၍ ပြန်ထွက်ခဲ့လေ၏။

ယခုအကြိမ် ထွက်လာသောအခါ ကြိမ်တုတ်ကို လက်ကိုင်ကောက်မှ ဆွဲကိုင်၍ အောက်တွင် လေလုံအောင် ကပ်ထားသော စာအိတ်ခေါင်းကို ဖွင့်ပြတ်စေရန် ကျောက်စရစ်ခဲကလေးများပေါ်သို့ ဖိနှိပ်၍ ထောက်ကာ လမ်းဘက်သို့ ပြန်ထွက်ခဲ့လေ၏။ ထိုမှသည် ၃ ဖာလုံသာသာ မိုင်ဝက်နီးနီးအကွာ ကရင်ပေါလူးနေသော အိမ်ဝင်းဝအထိ လမ်းတစ်လျှောက်လုံး တုတ်ကို မပြတ်ခလုပ် ထောက်ကာထောက်ကာ လျှောက်ခဲ့လေသည်။ ဝင်းထရံတိုင်တွင်လည်း တုတ်နှင့် တစ်ချက် နှစ်ချက်ထိုးပြီးနောက် တုတ်ကို အလယ်မှတစ်ဖန်ကိုင်ဆောင်၍ မနီးမဝေး လမ်းပြင်ရန် ကျုံထားသဖြင့် အေးလုနီးပါးရှိသော ခွဲလျက်ပုံးထဲသို့ အဖျားကို နှစ်လိုက်ရာ အောက်အခွေတွင် သိပ်ထည့်ထားသော ရှိန်းခိုနံ့တို့သည် တစ်ဖန် လေလုံ၍ ပိတ်သွားလေ၏။

ထိုသို့ မပြုမီ ကြိမ်တုတ်အောက်ဖျားနှင့် ပိုက်ဆံထည့်သော သားရေအိတ်အတွင်းသို့ ရှိန်းခိုနံ့ရစေရန် အကြိမ်ကြိမ် ထိုးလိုက်လေသည်။

ယခုသော်ကား ပေါလူးအလာကို စောင့်ကြည့်ရန် အလုပ်ရှိသည့် အတိုင်း လမ်းဘေးရှိ ကြခတ်ဝါးခြုံကွယ်တွင် ရပ်၍ စောင့်နေလေ၏။

ပေါလူးသည် ပုလိပ်ဌာနသို့ ညစာထမင်းစားပြီး၍ ပြန်လာသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရလေ၏။ သို့ကြောင့် ဦးစိန်ဘသည် ပခုံးမှလွယ်အိတ်ကိုဖြုတ်၍ ပိုက်ဆံသားရေအိတ်ကို ထည့်လိုက်လေ၏။ သို့သော် ပေါလူးရှေ့ကောင် တောင်းထမ်းလာသော လူတစ်ယောက်ကို မြင်သည်နှင့် ၎င်းလူ လွန်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပုန်းကွယ်နေလိုက်လေ၏။

ထိုလူ လွန်သည်နှင့် တစ်ပြိုင်နက် ပိုက်ဆံသားရေအိတ် ထည့်ထားသော လွယ်အိတ်နှင့်တကွ ကြိမ်တုတ်ကိုပါ လမ်းပေါ်သို့ ပစ်တင်လိုက်လေ၏။ အခြားမောင်းချအားတစ်စင်းကိုကား မိမိအတွင်းအိတ်ထဲသို့ ထည့်ထားလေသည်။

ကရင်ပေါလူးသည် ဤနေရာသို့ ရောက်သောအခါ ဦးစိန်ဘ မျှော်လင့်သည့်အတိုင်း တုတ်နှင့် လွယ်အိတ်ကို ကောက်ယူ၍ ပိုက်ဆံသားရေအိတ်ကို မိမိအိတ်တွင်းသို့ ထည့်ပြီးလျှင် နေအိမ်ဘက်သို့ တစ်ဖန် တုံ့ပြန်သွားလေ၏။ ထိုအချိန်မှာ ၇ နာရီမတ်တင်းမျှရှိ၍ ဦးထွန်းပြည့်နှင့် ချိန်းသည့်နေရာသို့ သွားရန် လမ်းပေါ်မှ လူများကို ရှောင်ကွင်းလာခဲ့လေ၏။

ညောင်ကြတ်ပင် နှစ်ပင်ရှိရာသို့ ရောက်၍ မကြာမီ ဦးထွန်းပြည့် ခြေသံကို ကြားသဖြင့် ညောင်ပင်ကွယ်တွင် ပုန်းနေလျက် အနီးသို့ရောက်သောအခါ ဖွင့်ကိုင်ထားသော မောင်းချအားနှင့် နောက်မှ တစ်အားလွှဲ၍ လက်ပြင်အောက်သို့ စိုက်ထိုးလိုက်လေ၏။

ဦးထွန်းပြည့်သည် တစ်ချက်မျှ လန့်အော် အော်ပြီးနောက် ဦးစိန်ဘနှင့် ဖက်၍လုံးကြရာ ဦးစိန်ဘသည် ဦးထွန်းပြည့်၏ခါးကိုဖက်၍ ကျောကို အချက်ပေါင်းများစွာ ဆက်ကာဆက်ကာထိုးသည်နှင့် ဦးထွန်းပြည့်မှာ နောက်ထပ် မအော်နိုင်ဘဲ မြေကြီးပေါ်တွင် လဲလေ၏။

ပထမအော်သံကို ကြားလိုက်သော ဦးထွန်းပြည့်၏ဇနီး ဒေါ်သက်ပုသည် စောစောကလည်း မျက်ခုံးလှုပ်၍ စိတ်မကောင်းဘဲရှိသည်နှင့် မီးအိမ်ကို ဆွဲကိုင်၍ အသံကြားရာဘက်သို့ -

"မောင်ပြည့် မောင်ပြည့်" ဟု ခေါ်ကာ ထွက်လာလေ၏။

ဦးစိန်ဘသည် ထိုးသောဓားကို မောင်းပိတ်၍ စက္ကူနှင့် တစ်ဖန်ပတ်ပြီးမှ အတွင်းအိတ်ထဲသို့ ထည့်လေ၏။ ၎င်းနောက် အနီးရှိ ပိန္နဲပင်တွင် တင်ထား



သော ဓားကိုယူ၍ စက္ကူများကိုဖြေပြီးမှ လဲနေသော ဦးထွန်းပြည့်အနီးသို့ ဝင်ခဲ့သည်နှင့် တစ်ပြိုင်နက် ဒေါ်သက်ပုဆွဲလာသော မီးအိမ်လည်းအနီးသို့ ရောက်လာသည်နှင့် ညောင်ကြတ်ပင်ပေါ်သို့ ဆွဲတက်ပြီးလျှင် ခွဆုံပေါ်၌ ငြိမ်သက်စွာ ထိုင်နေလေ၏။

ဒေါ်သက်ပုသည် ညည်းညူသံကြား၍ ကြည့်လိုက်ရာတွင် မိမိ လင်ယောကျ်ား ဖြစ်နေသည်ကို သိသည်နှင့်–

"အောင်မယ်လေး မောင်ပြည့်ရယ်၊ ဘယ်နယ်ဖြစ်ပုံလဲ၊ ဘယ်သူ့ လက်ချက်လဲ" ဟုမေးလေ၏။ ဦးထွန်းပြည့်က အသံနက်ကြီးနှင့်–

"လက်မှာ လင်းယုန် ရွှေယုန်"

ဟု တစ်ခွန်းတည်းပြော၍ အသက်ထွက်ရှာလေ၏။ မယား ဒေါ်သက်ပုသည်း ကြံရာမရသည်နှင့်–

"အောင်မယ်လေး မြခဲရေ မြခဲ သွားခေါ်ဦးမှပဲ"

ဟု ပြောပြောဆိုဆို အိမ်ဘက်သို့ လှည့်၍ပြေးသွားလေ၏။

ထိုအခါ ဦးစိန်ဘသည် သစ်ပင်မှ သက်ဆင်း၍ ဝင်းဝသို့ ရောက်သော် လမ်းပေါ်မှ မြင်းရထားတစ်စီး ဝင်လာသည်ကို မြင်သည်နှင့် ကိုယ်ရှိန်သတ်၍ တသင်းပင်အကွယ်တွင် ပုန်းရလေ၏။ မြင်းရထားလွန်သည်နှင့် တစ်ပြိုင်နက် ရောက်ခွာ၍ ခြံစည်းရိုးအတိုင်းလျှောက်လျက် ကွင်းပြင်သို့ ထွက်ပြီးလျှင် မိမိနေအိမ်ဘက်သို့ လာခဲ့လေ၏။ လမ်းရှိ ရေအိုင်တစ်ခုတွင် သွေးပေသော သက်များကို စင်ကြယ်စွာ ဆေးကြောပြီးနောက် ဣန္ဒြေမပျက် မိမိနေအိမ်သို့ သောက်လေ၏။

အိမ်သို့ ရောက်သောအခါ ဝတ်ထားသော အဝတ်အစားများကို ချွတ်၍ အဝတ်ဟောင်းခြင်းထဲသို့ ထွေးလုံးထည့်ပြီးသကာလ စင်ကြယ်စွာ ရေချိုးပြီးနောက် မိမိမယားနှင့်အတူ ထမင်းစားသောက်နေလေ၏။

ဒေါ်သက်ပုသည် သမီး မြခဲကို ခေါ်၍ ပြန်လာသည့်အခါ မောင်းဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသော မြင်းရထားနှင့် လမ်းတွင်ဆုံ၍–

"အောင်မလေး ဝန်ထောက်ကြီးရဲ့၊ ကိုထွန်းပြည့်အဖြစ် မြင်ဝံ့သေးရဲ့လား"

ဟု ရထားထဲတွင် လိုက်ပါလာသူကို ဆီး၍ ငိုပြောလေ၏။

အငြိမ်းစား ရာဇဝတ်ဝန်ကြီး ဦးဖော့သည် ရထားပေါ်မှ ကပျာကသီ ဆင်း၍ အကြောင်းကို စုံစမ်းပြီးနောက် ဦးထွန်းပြည့်အလောင်းရှိရာသို့ သွားရောက် ကြည့်ရှုလေ၏။

ဦးဖော့။ ။"အို ပုပ္ပနွေးနွေးကြီးပါလား၊ အော်သံကိုတောင် မယ်သက်ပုကြားလိုက်သေးတယ်ဆိုလျှင် လက်သည်ဟာ ဝေးဝေးတောင် ရောက်ဦးမယ် မဟုတ်ဘူး"

ဟု ပြောလျက် အတူပါလာသူ တပည့်အား–

"ကိုင်း–မင်းက သည်မြင်းရထားနဲ့သွားပြီး ဆရာဝန်နဲ့ ဂါတ်ကို အကြောင်းကြားပြီး မြန်မြန်ပြန်ခဲ့" ဟု လွှတ်လိုက်လေ၏။

ထို့နောက် အိမ်မှ ထမင်းချက် လူကလေး လူငယ်တစ်စုတို့ ရောက်လာရာ မြဲထဲတွင် တစ်ယောက်တစ်လမ်း လိုက်လံရှာဖွေကြည့်ရှုကြလေ၏။

အတန်ငယ်ကြာသောအခါ မိမိခွေးသမင်များကို သတိရသည်နှင့်–

"အို သည်လိုအချက်မျိုးမှ အသုံးမချလျှင် သင်းတို့ မွေးထားရကျိုး ဘယ်တော့ နပ်မှာလဲ" ဟု တွေးတော၍–

"ဟေ့ ဘိုးဆင်၊ ဟိုကောင်နှစ်ယောက်ခေါ်ပြီး ခွေးကြီးသုံးကော် ထုတ်ခဲ့စမ်း၊ လည်ပတ်ခိုင်ရဲ့လား၊ သေသေချာချာကြည့် သံကြိုးနဲ့ ချိတ်ဆွဲခဲ့"

ဘိုးဆင်တို့ ထွက်သွားပြီးနောက် များမကြာမီ ဆရာဝန်နှင့် ပုလိပ် အရာရှိများ ရောက်လာကြလေ၏။ အလောင်းနှင့်တကွ အနီးတွင်တွေ့သော ဓားကိုပါ ထုံးစံအတိုင်း စုံစမ်းသင့်သမျှ စုံစမ်းပြီးနောက် တစ်စုံတစ်ရာမျှ အကြံဉာဏ်မပေးနိုင်ဘဲ ရှိဆဲတွင် ဘိုးဆင်နှင့်တကွ အခြား နှစ်ယောက်တို့သည် ခွေး ၃ ကောင်ကို ဆွဲလာကြလေ၏။ အငြိမ်းစား ရာဇဝတ်ဝန်ကြီးသည်



ခွေးများ အကြောင်းကို ပြချင်အားကြီးစွာနှင့်–

ဦးဖော့။ ။"ကျွန်တော့် ခွေးများအကြောင်းတော့ ဆရာဝန်နှင့် အင်စပိတ်တော်မင်းများ ကြားဖူးကြပေလိမ့်မယ်၊ အတော်တော့ သင်ကြား လေ့လာပြီးထားတာပဲ။ အခုလိုအခါမှ အကြောင်းပြရမှာပဲ၊ ယူလာစမ်းဟေ့ ဘိုးဆင် ခွေးကို၊ ဟိုမှာကျနေတဲ့ ဓားလက်ကိုင်ရိုးကို အနံ့ပေးလိုက်စမ်း၊ ပြီးတော့ လိုက်သင့် သူဆွဲရာလိုက်သွား။ ဟိုကောင် နှစ်ကောင်လက်က ခွေးနှစ်ကောင်ကို အင်စပိတ်တော်နဲ့ ရာဇဝတ်အုပ် လက်အပ်လိုက်"

ဟု ပြောသည့်စကားအဆုံး၌ ဦးဖော့ပြောသည့်အတိုင်း ဘိုးဆင်သည် ခွေးကိုဆွဲ၍ ဓားရိုးကို အနံ့ခံစေ၏။ ခွေးသည် ပိန္နဲပင်အနီးအနားတွင် လည်လည်ဝေ့လည် မြေကြီးကို နှာခေါင်းနှင့် ရှုရှိုက်၍ အနံ့ခံပြီးနောက် ရန်းကန်၍ ဝင်းပေါက်ဆီသို့ သွားလေ၏။ ဘိုးဆင်လည်း နောက်မှ ခွေးဆွဲရာ ပါသွားလေ၏။ ဒုတိယနှင့် တတိယခွေးနှစ်ကောင်လည်း ပထမခွေးနည်းတူ အင်စပိတ်တော်နှင့် ရာဇဝတ်အုပ်တို့ကို ဆွဲခေါ်သွားလေ၏။

၎င်းသုံးယောက်တို့ ထွက်ခွာသွားပြီးနောက် ဆရာဝန်သည် ဓားကို ပုလိပ်တစ်ယောက် လက်သို့အပ်၍ အလောင်းကို ဆေးရုံသို့ ဆောင်ယူစေ၏။

ဝင်းပေါက်မှထွက်သော ရှေ့ဆောင်ခွေးသည် တစ်ခဏမျှ တန့်၍ လေ ဆင်ဆလအောက် အနံ့ခံပြီးလျှင် ကရင်ပေါလူးနေအိမ်ဘက်သို့ တရကြမ်း သွားလေ၏။ အိမ်ပေါ်သို့ ကျော်လွှားတက်၍ ဟိုဟိုသည်သည် လိုက်လံ ရှာ အိမ်ရှိသူအပေါင်းတို့လည်း အကြောင်း တစ်စုံတစ်ရာမသိဘဲ ခွေး တက်လာသည်ကို ကြောက်ရွံ့တုန်လှုပ်လျက် ကြက်သေ သေ၍သာ နေကြလေ၏။ ခွေးများသည် အိမ်ပေါ်မှ တစ်ဖန် လွှားဆင်း၍ ဌာနာ သို့ သမ်းအတိုင်းလိုက်ပြီးလျှင် ဂါတ်အတွင်း စားပွဲတွင် ထိုင်၍ စာရေး သော ရာဇဝတ်ကြပ် ပေါလူးကို နှာခေါင်းနှင့် အနံ့ခံပြီး ကိုက်ဆွဲမည်ပြု လေ၏၊ ထိုအခါ ခွေးဆွဲရာလိုက်လာသူများက ခွေးများကို အင်္ဂင်းဆွဲ၍

www.burmeseclassic.com

အခြားအခန်းတွင်းသို့ သွင်းထားကြရလေ၏။

နောက်တစ်နေ့နံနက် သတင်းစာများတွင် ပဲခူးလူသတ်မှုနှင့်တကွ ဦးဖော့၏ ခွေးစွမ်းကောင်းများကို ချီးမွမ်းထောမနာပြုကာ အကြောင်းစုံ ရေးသားလျက် မသင်္ကာသူ ရာဇဝတ်ကြပ်ကို ဖမ်းဆီးလိုက်ရကြောင်း ပါရှိလေသည်။ ထို့ပြင် ပေါလူးအိတ်ထဲတွင် သူပိုင် ပိုက်ဆံသားရေအိတ်တစ်လုံးအပြင် အခြားပိုက်ဆံသားရေအိတ်တစ်လုံးနှင့် ငွေဒင်္ဂါးမှုးဆော့၊ မတ်ဆော့ အကြွေပေါင်း လေးကျပ်ဆယ့်နှစ်ပဲ ပါရှိကြောင်း၊ အသတ်ခံရသူနှင့် ကရင်ပေါလူးမှာလည်း သေသူ၏မယားပါသမီးအတွက်ရန်စရှိကြောင်း ရေးသားပါရှိလေ၏။

## [၆] ဒေါက်တာ သောင်းထိုက်

ရန်ကုန် မဟာဗန္ဓုလလမ်း ပုလိပ်ရုံးကြီးအနီး ဒေါက်တာသောင်းထိုက် ဖွင့်လှစ်ထားသော (ပီ.အိုင်.ဘီ) စုံထောက် အလုပ်တိုက်ခန်းအတွင်း အထက်ပါ သတင်းများကို ဖတ်ရှု၍ ဒေါက်တာ သောင်းထိုက်က သတင်းစာကို ကမ်းလျက်–

"ပဲခူးလူသတ်မှု ဖတ်ပြီးပလား"

**ဆရာဝန် ဦးသာထွန်း။** ။"ဟုတ်ကဲ့၊ မြန်မာပြည်မှာလည်း အနောက်နိုင်ငံ အတုအပတွေ အတော်ထွင်လာကြကုန်ပြီ၊ သို့သော်လည်း ခွေးနဲ့ အနံ့ခံပြီးလိုက်လို့ ဖြစ်ဖြစ်မြောက်မြောက် ပေါ်ပေါက်တယ်ဆိုတာတော့ သည်တစ်ခါပဲ ကြားဖူးသေးတယ်"

**ထိုက်။** ။"ဖြစ်ဖြစ်မြောက်မြောက်လို့ ဘယ်ပုံသိရသလဲ၊ အမှုတောင် စွဲချက်မတင်ရသေးပါကလား၊ စီရင်ချက်ကျပြီးမှ ပြောပါ"

**ဆရာဝန် ဦးသာထွန်း။** ။"ဟုတ်ပါပေတယ်၊ သို့သော်လည်း သတင်းစာမှာ ရေးသားထားပုံကတော့ တရားခံကြိုးပေးဖို့ပဲ လိုတော့တဲ့ လက္ခဏာပဲ"



**ထိုက်။** ။"သတင်းစာတွေတော့ မပြောနဲ့တော့၊ သူတို့ထင်မြင်လျှင် ထင်မြင်သလောက် ရေးတာပဲ၊ တစ်ခါတလေတော့ မီးလောင်လေပင့် ကျလွန်းတယ်"

ဤသို့ မိတ်ဆွေနှစ်ဦး အပြန်အလှန်ပြောနေစဉ် အပြင်ဘက်မှ တံခါးခေါက်သံကြားပြီးနောက် တပည့်တစ်ယောက်သည် ပဲခူးမှ အင်စပိတ်တော် ဦးခံဘောက ဒေါက်တာ သောင်းထိုက်အား တွေ့လိုကြောင်း ပြောကြားလေသည်၊ အခွင့်ပြုသဖြင့် တံခါးကို လှပ်လိုက်သောအခါ အသက် သုံးဆယ့်ငါးနှစ်ရှိယ် ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ဝင်လာလေ၏။

ထုံးစံအတိုင်း တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်သပြီးနောက် အင်စပိတ်တော် ဦးခံဘောက ယခုလာရသည့်အကြောင်းမှာ သတင်းစာတွင် တွေ့မြင်ရသည့်အတိုင်း ယခုအမှုတွင် မိမိတို့နှင့် အတူတူ အလုပ်လုပ်ဖက် ငယ်သား တစ်ယောက်ကို တရားခံအဖြစ် ဖမ်းဆီးထားရကြောင်းနှင့် စုံလင်စွာ ပြောကြားလေသ၏။

**ထိုက်။** ။"ဟုတ်တယ်၊ ဒါတော့ ပုလိပ်အဖွဲ့လည်း နာမည်ပျက် လူကြားသို့လည်း မကောင်းစရာကြီးပဲ"

**ဦးခံဘော။** ။"ကိုယ့်လူကိုယ် ပြန်ဖမ်းရတယ်ဆိုတာ မလွှဲသာလို့ ဖမ်းရခြင်းဖြစ်ပါတယ်၊ ဒါကြောင့် သည်အမှုတွင် ကြားကနေ၍ ဖြောင့်မှန်ရာကို ဖြစ်စေရန် အလွတ်သတ်သတ်ကူညီစုံစမ်းစေလို၍ ဦးထံကို လာခဲ့ရခြင်းဖြစ်ပါတယ်"

**ထိုက်။** ။"အကြောင်းအစုံအလင် ပြောစမ်းပါဦး"

**ဦးခံဘော။** ။"သေနေပုံနဲ့ အလောင်းတွေ့ရတာတော့ သတင်းစာထဲမှာ တွေ့ခဲ့ အတိုင်းပါပဲ၊ သေသူဦးထွန်းပြည့်ဆိုသူက ပင်စင်မယူခင်က ထောင်စာရေး လုပ်လာခဲ့တယ်၊ အင်းစိန်ထောင်မှာ အတော်ကြာတယ်၊ အခုတော့ အငြိမ်းစားရာဇဝတ်ဝန်ကြီး ဦးဖော့ခြံထဲမှာ ခြံစောင့်အဖြစ်နဲ့နေတယ်။ ဦးဖော့ကလည်း သူ့ခွေးတွေကို အင်မတန်မှ အထင်ကြီးနေပြန်၊ သေတာကလည်း သူ့ခြံစောင့် ဖြစ်ပြန်၊ ခွေးတွေကလည်း အနံ့ရသည်နှင့်တစ်ပြိုင်နက် ပေါလူး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို တန်းပြေးပြီး အိမ်မှာ မတွေ့တော့မှ ဂါတ်ကိုလိုက်ပြီး တွေ့တွေ့ချင်း ခွေးတွေက သူ့ကို နှာခေါင်းနဲ့ အနံ့ခံပြီး စားတော့မလို ဝါးတော့မလို ဝိုင်းအုံပြီး ဟိန်းနေကြလေတော့ ခွေးတွေဆွဲပြီး သူ့ကို စစ်ဆေးစုံစမ်းကြည့်တယ်၊ အမှုဖြစ်ပွားတဲ့အချိန်မှာ အိမ်ကထမင်းစားပြီး ဂါတ်ကိုပြန်ရောက်သင့်ပါလျက် ဂါတ်မှာ သူမရှိဘူး။ သူ့မေးတော့ လမ်းတစ်ဝက်က ကိစ္စရှိလို့ အိမ်ကို ပြန်တယ်ပြောတယ်။ အိတ်ထဲမှာလည်း သူပိုင် ပိုက်ဆံသားရေအိတ်အပြင် ငွေနဲ့ ကြေးနဲ့ အပိုသားရေအိတ်တစ်လုံး တွေ့ပြန်တယ်။ သူ့အပြောတော့ သည်သားရေအိတ်ကလေးကို ရှမ်းလွယ်အိတ်နှင့် တုတ်ကောက်နဲ့အတူ လမ်းမှာ ကောက်ရတယ်ပြောတယ်။ သူနောက်ကျတာလည်း လွယ်အိတ်နဲ့ တုတ်ကို အိမ်ပြန်ထားနေလို့ ပြောတယ်။ တယ်ပြီး မှုမှန်ပုံမရဘူး။ ပြီးတော့လည်း ဦးထွန်းပြည့်နဲ့ သူနဲ့လည်း မသင့်မတင့်ရှိကြောင်း သူကပဲ ဝန်ခံတယ်။ သည်တော့ သူ့အပေါ်မှာ မသင်္ကာတာနဲ့ ဖမ်းချုပ်ရတာပဲ"

ထိုက်။ ။"ပေါလူးဆိုတဲ့ ကရင်က ဘယ်လိုလူစားလဲ သူ့အကြောင်း သိသလောက် ပြောပါဦး"

ဦးစံဘော။ ။"သည်လူက အရိုးခံ ကရင်ကြီးသက်သက်ပါ၊ ဒါကြောင့်လည်း ပုလိပ်ဘက်မှာ ခများ မကြီးပွားတာဘဲ၊ ကျွန်တော်တို့ သိတဲ့အတိုင်းတော့ ဖြောင့်မတ် တည်ကြည်တယ်၊ သည်းခံတဲ့စိတ်လည်း အတော်ရှိတယ်၊ သူ စိတ်ဆိုးတာ တစ်ခါမှ မတွေ့ရဘူး။ သေတဲ့လူကတော့ လူနပ်လူပါးကြီးပဲ၊ တော်တော်လည်း ကလိမ်ကျချင်တယ်"

ထိုက်။ ။"နို့ ပိုက်ဆံသားရေအိတ်ဆိုတာက"

ဦးစံဘော။ ။"ပိုက်ဆံအိတ်ရယ် လွယ်အိတ်နဲ့ တုတ်ကောက်ရယ်က ဦးထွန်းပြည့် ပစ္စည်းမဟုတ်ဘူး၊ ပေါလူးက ကောက်ရတယ်ပြောတာ ကျွန်တော်တော့ မယုံမကြည်မရှိဘူး"

ထိုက်။ ။"သူ့အကျီ လုံချည်မှာရော သွေးစွန်းသွေးစ မတွေ့ဘူးလား"



ဦးစံဘော။ ။"အစွန်းအငြိထားလို့ ကြေမွတောင်မနေဘူး"

ထိုက်။ ။"ပွန်းပဲ့ ကုတ်ရာ ခြစ်ရာ"

ဦးစံဘော။ ။"နည်းနည်းမျှ မတွေ့ဘူး"

ထိုက်။ ။"ဘယ်အချိန် သူ့ကို ဂါတ်မှာ ဖမ်းသလဲ"

ဦးစံဘော။ ။"၇ နာရီခွဲကျော်ကျော် ကလေးပဲရှိဦးမယ်"

ထိုက်။ ။"သူ့ထုံးစံ ဂါတ်ကို ဘယ်အချိန်ပြန်ရောက်ရသလဲ"

ဦးစံဘော။ ။"ခါတိုင်းတော့ ၇ နာရီမထိုးခင် ရောက်နေကျပဲ၊ ကနေ့တော့ မိနစ် ၂၀ လောက် နောက်ကျတယ်"

ထိုက်။ ။"ပေါလူး သည်ခြံထဲကို ရောက်ကြောင်း သက်သေရှိသလား"

ဦးစံဘော။ ။"မျက်မြင်သက်သေမရှိပေမယ့် သူ့အိမ်ကလာလျှင် ဦးဖော့ခြံကို တိုက်ရိုက်ဖြတ်မလာရသော်လည်း လမ်းဆုံက ကိုက်တစ်ရာလောက် ကွေ့ဝင်လျှင် ရောက်နိုင်တာပဲ"

ထိုက်။ ။"ထိုးတဲ့ဓားနဲ့ ဒဏ်ရာကို ဆရာဝန်က ဘယ်လိုအစစ်ခံသလဲ"

ဦးစံဘော။ ။"ဒဏ်ရာတော့ ၇ ချက်ပဲ၊ သွေးစွန်းတဲ့ ဓားတော့ ဖြစ်ပွားတဲ့နေရာက အမှုထမ်းတစ်ယောက် ကောက်ယူပြီး သူ့လက်ကိုင်ပဝါနဲ့ပတ်ပြီး သိမ်းဆည်းထားတယ်"

ထိုက်။ ။"ဓားကတော့ ပေါလူးရဲ့ ဓား ဟုတ် မဟုတ်"

ဦးစံဘော။ ။"ပေါလူး ဓားရယ်လို့ မစွဲနိုင်ဘူး"

ထိုက်။ ။"ဖြစ်ပွားတဲ့နေရာမှာ ပေါလူးခြေရာများတွေ့သလား"

ဦးစံဘော။ ။"သည်လိုတော့ သေသေချာချာ စစ်စစ် လျှောက်မကြည့်မိသေးဘူး၊ သို့ပေမယ့် ဖြစ်ပွားတဲ့နေရာတစ်ခွင်မှာ နောက်ထပ်နင်းထားတဲ့ လူခြေရာ အမှုထမ်း ဖိနပ်ရာနဲ့ ခွေးခြေရာချင်း ထပ်နေတယ်"

ထိုက်။ ။"ဖြစ်ပွားတဲ့နေရာကို ကိုယ်တိုင်လာရောက် ကြည့်ရှုပြီးမှ ပြောနိုင်မယ်၊ သို့သော်လည်း အစအတိုင်းသာဖြင့် တရားခံတစ်ယောက်ကို အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေးလောက်အောင် ပေါလူးအပေါ်မှာ ပြစ်မှုမထင်ရှားဘူး"

ဦးစံဘော။ ။"ဒါဖြင့် သည်အမှုကို ဦးဆောင်ရှက်မယ် ဆိုပါတော့"

ဦးသောင်းထိုက်သည် နေ့စဉ်မှတ်ပုံတင်သွင်းသော 'ဒိုင်ယာရီ' စာအုပ်ကလေးကို လှမ်းယူပြီးနောက် မီးရထားအချိန်စာအုပ်ကို ကြည့်ရှုလျက်–

"ကောင်းပြီ၊ ဒါဖြင့် စားသောက်ပြီးတော့ ၁၁ နာရီ ရထားနဲ့ လိုက်ကြတာပေါ့"

မီးရထားပေါ်သို့ ရောက်သောအခါ ဒေါက်တာသောင်းထိုက်သည် ဒုတိယတန်း နောက်ခုံကိုမှီလျက် မျက်စိနှစ်လုံးကို မေးမှိတ်ပြီးလျှင် တစ်ယောက်တည်း စဉ်းစားသကဲ့သို့ အောက်ပါစကားရပ်များကို အသံထွက်ကာ ပြောလေသည်။"စားကို မည်သူ့စားလို့ တပ်အပ်မခွဲနိုင်၊ စားတွင် ပေကျံနေတဲ့ သွေးမှာလည်း မည်သူ့သွေး၊ အကယ်၍ သေသူ့သွေးဖြစ်ခဲ့သော် သွေးနံ့ရလျှင် ခွေးများသည် လူကောင်ရှိရာကိုသာ ပထမသွား၍ အနံ့ခံရန်သာရှိမယ်။ သို့သော် ခွေးများဟာ လူကောင်ကို လုံးဝလျစ်လျူရှုသည်ကို ထောက်သော် စားတွင် လူးနေသောသွေးဟာ သေသူရဲ့သွေးလို့ မဆိုနိုင်။ တစ်ဖန် စားသည် သေသူ၏စားဖြစ်၍ ပြန်လှန်ခုခံခြင်းဖြစ်ခဲ့သော် စွန်းသောသွေးမှာ တရားခံတွင် ထိသောဒဏ်ရာမှ ယိုစီးသော သွေးဖြစ်ရမယ်။ တစ်ဖန် ပေါလူးထံ အနံ့ခံ၍ ရောက်သည်ယူဆသော် ပေါလူးတွင် ဒဏ်ရာတွေ့ရမည်။ သည်လိုလည်း မတွေ့ရဘူး၊ ခွေးများသည် အနံ့ခံ၍လိုက်တတ်သည် မှန်သော်လည်း ဘာအနံ့ကြောင့် လိုက်သည်ဟု ခွဲခြားနိုင်သော ဉာဏ်မျိုးလည်းမရှိ၊ သိတတ်သမျှကို သက်သေခံနိုင်ကောင်းသော သတ္တဝါမျိုးလည်း မဟုတ်ဘူး။ ယခုအမှုမှာ ခွေးက ဘာနံ့ကိုရ၍ ဘယ်နည်းကြောင့် ပေါလူးထံ ရောက်လာသည်ကို အမှန်အကန်မသိရဘဲနဲ့ အရမ်းတွေးတောယူဆရုံနဲ့ သက်သေခံမဝင်နိုင်ဘူး။ မြေကြီးပေါ်တွင် ရုန်းကန်သော ခြေရာများနှင့် တွန်းထိုးသတ်ပုတ်လူးလိမ့်ကြတဲ့ အရာများကို ထောက်ခြင်းအားဖြင့် စားနှင့် ၇ ချက် ထိုးနေစဉ်



သေသူက ငြိမ်ရပ်မခံကြောင်း ထင်ရှားတယ်။ ပေါလူးလက်နှင့် အဝတ်ပုဆိုးတို့မှာ အစွန်းတွေ့သင့်ပါလျက် မတွေ့ရဘူး။ အခင်းဖြစ်ပွားတဲ့အချိန်နှင့် ပေါလူးဂါတ်ကို ပြန်ရောက်တဲ့အချိန်ကို တွက်လျှင်လည်း ပေကျံနေတဲ့ သွေးများကို ဆေးကြောသုတ်သင်ဖို့ အချိန်မရနိုင်ဘူး။ အင်စပိတ်တော် ပြောပြတဲ့ သတင်းအတိုင်းလောက်နဲ့ ပေါလူးအပေါ်မှာ ငြိစွန်းတဲ့ အချက် တစ်ကွက်မျှ မရှိသေးဘူး" ဟု တွေးဆပြောဆိုသံကို ကြားရသောအခါ မိတ်ဆွေဆရာဝန် သာထွန်းနှင့် အင်စပိတ်တော် ဦးစံဘောတို့မှာ ဒေါက်တာသောင်းထိုက်၏ ကဲသော ထိုးထွင်းဉာဏ်နှင့် ပြည့်ဝသော ပညာရည်ကို များစွာအံ့ဩလျက် တော်ပါပေသည်ဟု ဝန်ခံကြရလေ၏။

ပဲခူးသို့ ရောက်သောအခါ ဆေးရုံတွင် အလောင်းကို ကြည့်ရှုပြီးနောက် အခင်းဖြစ်ပွားရာသို့ သွားကြလေ၏။ အလောင်းတွေ့သော နေရာနှင့် စား တွေ့သောနေရာတွင် ခြေရာများကို တိုင်းထွာရာ သေသူ၏ ခုံဖိနပ်ရာနှင့် ခြေရာကိုသာ ထင်ရှားစွာ တွေ့ရလေ၏။ သေသူ လူးလိမ့်သည့်နေရာနှင့် နှစ်ယောက် တစ်ပြန်တစ်လှန် လုံးသတ်ကြသော နေရာတွင်မူကား အခြား ခြေရာများနှင့် ရှုပ်ထွေးနေလေ၏။ အနီးအနားတစ်ဝိုက်တွင် လိုက်လံ ကြည့်ရှုသောအခါ နောက်ပိတ် ဖိနပ်ရာတစ်ခုတွေ့သည်နှင့် ခြေရာခံ လိုက်ကြပြန် သော် ညောင်ကြတ်ပင်ရင်းသို့ ရောက်ရှိလေ၏။ အပင်လုံးကို မှန်ဘီလူးနှင့် စေ့စပ်စွာ ကြည့်သောအခါ သွေးပေကျံသော လက်နှစ်ဖက်ရာနှင့်တကွ သစ် ပင်လုံးပေါ်တွင် ပွန်းပဲ့သော အပွေးများကို တွေ့ရခြင်းအားဖြင့် အပင်ပေါ် တက်ကြောင်း ထင်ရှား၏။ အပင်ခွဆုံပေါ်တွင်လည်း သွေးစွန်းသော လက်ရာများကို ထင်ရှားစွာ ထပ်မံတွေ့ရှိရပြန်လေ၏။

ဒေါက်တာသောင်းထိုက်သည် တွေ့ရှိသော လက်ရာများကို စုံထောက် ပညာနှင့် စပ်လျဉ်းသော လက်နက်ကိရိယာ ခရီးဆောင် သေတ္တာကလေး ထဲမှ ဆေးဖြူမှုန့်ပုလင်းကလေးကိုယူ၍ ငရုတ်ကောင်းမှုန့်ဖြူးသကဲ့သို့ အနံ့

www.burmeseclassic.com

www.burmeseclassic.com



အပြား ဖြူးပြီးနောက် လေမှုတ်ထုတ်လိုက်သောအခါ ပိုလျှံသော အမှုန့်များ လွင့်စဉ်၍ လက္ခဏာရာနှင့် လက်ပုံများ ပေါ်လာလေ၏။ ထိုပုံစံများကို ဓာတ်ပုံကူး 'ကင်မရာ' ကလေးနှင့် ရိုက်ကူးယူလေ၏။

၎င်းနောက် ခြေရာခံ၍ လိုက်လံ စစ်လျှောက်ပြန်သော် ခြေရာတစ်ဖက်နှင့်တစ်ဖက် အကွာအလှမ်း တိုင်းထွာခြင်းအားဖြင့် အလှမ်းကျဲကျဲ လှမ်းသူ မဟုတ်ကြောင်း သိရ၏။ သစ်ပင်ခြေရင်းတွင် ကပ်၍ ရပ်လျက် သစ်ပင်၌ တွေ့ရသော လက်နှစ်ဖက်ရာကို ကြည့်ခြင်းအားဖြင့်လည်း အရပ်မမြင့်ကြောင်း သိရ၏။ ထို့ပြင် ဖိနပ်အရာမှာလည်း လူတန်းစေ့ရှိရုံမျှ ရှိနေသဖြင့် လူလုံးလူဖန် ထွားကျိုင်းသော ကရင်ပေါလူးနှင့် ကွာခြားလှလေ၏။

## [၇] ရှိန်းခိုနှင့် ညှီစို့စို့အနံ့

ထိုမှတစ်ဖန် ခြေရာနောက်သို့ အလိုက်သင့်ခံ၍ လိုက်ပြန်သော် ပိန္နဲပင်ရင်းသို့ရောက်၍ ၎င်းအပင်ရင်းပတ်လည်၌ ခွေးခြေရာများ တွေ့ရှိရ၏။ ထိုအပင်၌ လိုက်လံရှာဖွေသော် အသီးကင်းနှင့် အရွက်များ အုပ်နေသည့် ကြားထဲတွင် ဖယောင်းစက္ကူနှင့် သတင်းစာစက္ကူများ လုံးထွေး၍ ဝှက်ထားသည်ကို တွေ့ရလေ၏။ သတင်းစာစက္ကူများတွင် သွေးစွန်းပေသောလက်ရာများ တွေ့ပြန်ရာ ရှေးနည်းအတူ 'ပေါင်ဒါ' မှုန့်ဖြူး၍ ဓာတ်ပုံရိုက်ယူပြန်၏။ ဖယောင်းစက္ကူများမှာကား ပတ်၍ထုပ်ထားသော ခေါက်ရိုးများမပျက်သေးသဖြင့် မောင်းချထား ကိုမောင်းမချဘဲ ဖွင့်လျက်ထုတ်ထားသည့်အရာများ တွေ့ရလေ၏။ အတွင်းဘက်မှလည်း ရှိန်းခိုနံ့နှင့် ညှီစို့စို့အနံ့များ ထောင်းခနဲ ထွက်လာလေ၏။ ထိုအနံ့ကို ရှူရှိုက်ပြီးနောက် ဒေါက်တာသောင်းထိုက်သည် ထူးခြားသော သဲလွန်စတစ်ခုဖြစ်ကြောင်းကို ကောင်းစွာ အမှတ် ပြုမိလေ၏။

ပုလိပ်ဌာနသို့ ရောက်သောအခါ သိမ်းယူထားသော ဓားကို ထုတ်၍



ကြည့်လေ၏။

ထိုက်။ ။"ဓားမှာ ပတ်ထားတဲ့ လက်ကိုင်ပဝါက ဘယ်သူ့ပစ္စည်းလဲ"

အင်စပိတ်တော်။ ။"အခင်းဖြစ်ပွားတဲ့နေရာမှ သိမ်းယူစဉ်က အမှုထမ်းရဲ့ လက်ကိုင်ပဝါနဲ့ ပတ်ပြီး သိမ်းထားပါတယ်"

ထိုက်။ ။"ဓားကို အမှုထမ်းသိမ်းဆည်းတဲ့ အချိန်နဲ့ ဖြစ်ပွားတဲ့အချိန်နဲ့ ဘယ်လောက်ကွာမလဲ"

အင်စပိတ်တော်။ ။(လက်ချိုး၍ တွက်ချက်လျက်) "မြန်လျှင် မိနစ် ၂၀ ကြာလျှင် ၃၅ မိနစ်ထက် မပိုနိုင်ပါ"

ထိုက်။ ။"ဓားသွားနဲ့ ဓားရိုးပေါ်တွင် ခြောက်ကပ်နေသောသွေးများကို ကြည့်ခြင်းအားဖြင့် စွန်းပေစဉ်က အတော်များများကြီး ပေကျံထားတဲ့ လက္ခဏာရှိတယ်၊ ဓားလိုသတ္တုမျိုးပေါ်၌ စွန်းပေတဲ့ သွေးစက်ကလေးများဟာ အေးချမ်းတဲ့ညအခါတွင် တစ်နာရီနှင့် သွေ့ခြောက်နိုင်မယ်မဟုတ်ဘူး၊ ယခု တွေ့ရတဲ့ဓားဟာ သွေးစက်စက်နှင့် မြေကြီးပေါ်သို့ ကျတယ်ဆိုလျှင် ဓားတွင် အမှိုက်နှင့် မြေကြီးများ ကပ်နေရမယ်၊ ထို့ပြင် နာရီဝက်သာသာ အကြာမှာ ကောက်ယူပြီး ပတ်လိုက်တဲ့ လက်ကိုင်ပဝါနှင့်လည်း ကပ်နေစရာ ကောင်းတယ်၊ ယခုတော့ လက်ကိုင်ပဝါမှာ တစ်စွန်းတစ်စမှ အရာမထင်ဘူး"

ဟုပြော၍ ထွက်လာသော အနံ့ကို မသင်္ကာသဖြင့်ရှူရှိုက်ကြည့်လေရာ မှုရှင်းလင်းသည်ကို ရှင်းလင်းလာသကဲ့သို့ ဒေါက်တာ သောင်းထိုက်သည် မျက်ခုံးများချီ၍–

"နမ်းကြည့်စမ်းပါ၊ သည်မှာလည်း ဖယောင်းစက္ကူမှာ နံတဲ့ ရှိန်းခိုနံ့နဲ့ ညှီသို့စို့ အနံ့မျိုးထွက်နေတယ်" ဟုပြောလေ၏။

ထို့နောက် ပေါလူးအိတ်ထဲမှရသော ပိုက်ဆံသားရေအိတ်အတွင်းမှ လည်း ထိုအနံ့မျိုးထွက်သည်ကို စဉ်းစားသော် ခွေးများသည် ထိုအနံ့များကို ခံ၍လိုက်ကြောင်း ထင်ရှားသည့်ပြင် ပေါလူးအိမ်မှရသော ကြိမ်တုတ်ကောက်

www.burmeseclassic.com

www.burmeseclassic.com



၏အလယ်တွင် တွေ့ရှိသော လက်ပုံစံမှာလည်း ယခင်တွေ့ထားသော ပုံစံများနှင့် မခြားသည်ကို တွေ့ရပြန်၏။

**ထိုက်။** ။"ယခု တွေ့ပုံအလုံးစုံကို ခြုံပြီးစဉ်းစားသော် တစ်စုံတစ်ယောက်သောသူက ပေါလူးနှင့် ထွန်းပြည့်တို့နှစ်ယောက်စလုံးကို ဖယ်ရှားသုတ်သင်လို၍ လုံ့လ ပယောဂကြီးစွာနှင့် လုပ်ကြံအားထုတ်ပြီး အမှုဆင်ထားကြောင်း ထင်ရှားတယ်။ ဒီလူဟာ သူတို့ ပျက်စီးစေလိုတဲ့ဆန္ဒ ကြီးစွာရှိရမယ်၊ ဘယ်လိုလူစားမျိုးက ဒီအမှုမျိုးပြုမလဲဆိုတော့ မကောင်းမှုကို အမြဲပြုနေတဲ့ လူစားမျိုးသာလျှင် ဒီလောက် စွန့်စားဝံ့မယ်။ ဤသူမျိုးကား ထောင်တန်းနှင့် မကင်းသူများ ဖြစ်တတ်တယ်၊ ပေါလူးနှင့် ထွန်းပြည့်တို့လည်း ထောင်တွင် အမှုထမ်းဖူးသူများ ဖြစ်တဲ့ပြင် အင်းစိန်ထောင်တွင် အတော်ကြာကြာ အတူတူ လုပ်ကိုင်ခဲ့ဖူးသည်ကို ထောက်သဖြင့် ယခု တွေ့ရှိထားတဲ့ လက်ပုံစံများကို အင်းစိန်ထောင်ပို့ပြီး စုံစမ်းခဲ့လျှင် ပေါ်နိုင်ဖို့ နည်းလမ်းရှိတယ်"

**အင်စပိတ်တော်။** ။"ဟောသည်မှာ ကျွန်တော်မရှိခိုက် ရရှိထားတဲ့ အစစ်ခံချက်များအနက် သေသူရဲ့ ဖနိးပြောတဲ့စကားဟာ 'လက်မှာ လင်းယုန် ရွှေယုန်' လို့ ပီပီသသကြီး ပြောသွားသတဲ့"

ငင်းနောက် တရားခံပေါလူးကို စစ်ဆေးလေ၏။

**ထိုက်။** ။"ပိုက်ဆံကောက်ရပုံကို ပြောစမ်းပါ"

**ပေါလူး။** ။"ရှမ်းလွယ်အိတ်နဲ့ တုတ်ကို လမ်းပေါ်က ကောက်ရလို့ နှိုက်ကြည့်လိုက်တော့ ပိုက်ဆံအိတ်ကို တွေ့တယ်။ ငင်းအိတ်ကို ကျွန်တော့်အိတ်ထဲမှာထည့်ပြီး လွယ်အိတ်နှင့် တုတ်ကိုတော့ သယ်ပိုးဖို့ ရှုပ်လို့ အိမ်ပြန်ထားပါတယ်၊ ဒါကြောင့် ဂါတ်ကို အရောက်နောက်ကျပါတယ်"

**ထိုက်။** ။"မင်းကောက်ရတာကို တစ်စုံတစ်ယောက်မှ မမြင်ဘူးလား၊ အနီးအနားမှာ လူသွားလူလာ မတွေ့ဘူးလား"

**ပေါလူး။** ။"လူတစ်ယောက်တော့ အထမ်းနဲ့ ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းက



သွားတာပဲ၊ သူက လှည့်တော့ မကြည့်ဘူး"

**ထိုက်။** ။"မင်းရှေ့က လူကတော့ မမြင် မင်းကျမှ မြင်တာ မထူးဆန်းဘူးလား၊ ဟိုလူက အထမ်းနဲ့ဆိုတော့ လမ်းဂရုစိုက်သွားမှာပေါ့၊ သည်အချက်ထောက်တော့ ဟိုလူသွားပြီးတဲ့နောက်မှ သည်ပစ္စည်းများ လမ်းပေါ်ရောက်တာနဲ့ တူတယ်"

**ပေါလူး။** ။"မှန်ပါတယ်"

**ထိုက်။** ။"အနီးအနားမှာ လူများပုန်းနိုင်စရာ ချုံများရှိသလား"

**ပေါလူး။** ။(စဉ်းစားပြီးနောက်) "ဟုတ်ကဲ့ရှိပါတယ်"

**ထိုက်။** ။"မင်းတို့နှစ်ယောက် အင်းစိန်ထောင်မှာ အတူလုပ်စဉ်က ထောင်ကျဖူးတဲ့လူထဲက မင်းတို့ မှတ်မိတဲ့လူများ သည်မြို့မှာရှိသလား"

**ပေါလူး။** ။"ကျွန်တော်တော့ မတွေ့မိဘူး၊ ရှိလျှင်လည်း ကျွန်တော် သတိထားမိဘူး"

**ထိုက်။** ။"ထိုစဉ်က ထောင်ထ ပြုပြီး လွတ်ပြေးတဲ့ အမှုများ မရှိဘူးလား"

**ပေါလူး။** ။"ထောင်ထလို့တော့ မဟုတ်ဘူး၊ နှင်းဝေတုန်း မနက်စောစော တစ်ယောက်တည်း စွန့်စွန့်စားစားထွက်ပြေးပြီး မြစ်ထဲမှာ ရေနစ်သေတာတော့ မှတ်မိတယ်၊ နှစ်ကြီးသမားပဲ၊ နာမည်တော့ ရုတ်တရက် တွေးမရဘူး"

**ထိုက်။** ။"နို့ သေတဲ့လူက သေခါနီး 'လက်မှာ လင်းယုန် ရွှေယုန်' လို့ ပြောတဲ့စကားဟာ ဘာအဓိပ္ပာယ်လဲ မင်းသိသလား"

**ပေါလူး။** ။"ဟာ" ဟု အလန့်တကြားပြောပြီးနောက် ဆက်လက်၍–

"ဒါကြားတော့မှ ဟိုအကျဉ်းသမားနာမည်ကို တွေးမိတော့တယ်၊ သူ့နာမည် ရွှေယုန်တဲ့၊ လက်မောင်းမှာ လင်းယုန်ငှက်ခေါင်းပုံ ဆေးထိုးထားတယ်"

**ထိုက်။** ။"ကိုင်း မလွဲတော့ဘူး၊ အင်းစိန်ထောင်ကို လက်ပုံစံပို့ပြီး လက်မောင်းမှာ လင်းယုန်ငှက်ခေါင်းပုံ ဆေးထိုးထားတဲ့ ငရွှေယုန်သာ ရှင်မှဖို့ ရှိတော့တယ်"

www.burmeseclassic.com



အင်းစိန်ထောင် အရာရှိသည် လက်ပုံစံမှာ ထွက်ပြေးသော ငရွှေယုန်၏ ပုံစံမှန်ကြောင်းကို အစီရင်ခံသော်လည်း လူကို မဖမ်းမိချေ။ အဘယ်ကြောင့်ဆိုသော် ဦးစိန်ဘခေါ် ငရွှေယုန်သည် နံနက်စောစောထ၍ အဝတ်ဟောင်းခြင်းထဲမှ သွေးစွန်းသော အဝတ်ပုဆိုးများကို လက်ဆွဲသားရေအိတ်တွင် ထည့်ပြီးနောက် ရတတ်သမျှသော စိန်၊ ကျောက်၊ ရွှေ၊ ငွေ တို့ကို သိမ်းဆုယူငင်ပြီးလျှင် အိမ်မှထွက်သွားလေ၏။ ပန်းလှိုင်ချောင်းတံတားသို့ ရောက်သောအခါ လက်ဆွဲသားရေအိတ်အတွင်း ကျောက်ခဲလုံးကြီးများ သွတ်သွင်း၍ ပိတ်ပြီးလျှင် ပစ်ချလိုက်လေ၏။

ဦးစိန်ဘထွက်သွားသည့်နောက် ၂ ရက် ၃ ရက်ကြာသည်တွင် ပြန်မလာ၍ စောင့်ဆိုင်းနေသော ဇနီးသည်အား အဝတ်ပုဆိုးများ ဝတ်ဆင်လျက် ပုပ်ပွနေသော ဦးစိန်ဘအလောင်းကို ပန်းလှိုင်ချောင်းထဲမှ ဆယ်ယူရရှိကြောင်း လာပြောသဖြင့် သင်္ဂြိုဟ်လိုက်ရလေ၏။ စင်စစ်ကား ထိုအလောင်းမှာ ဦးစိန်ဘ မဟုတ်ချေ။ ငရွှေယုန်ကား ယခုလွတ်လျက်ပင် ရှိသေး၏။ သို့ရာတွင် ဦးစိန်ဘနှင့် ငရွှေယုန်ကို ဆက်သွယ်နိုင်သူမရှိချေ။ ငရွှေယုန်သည် ဂျာမန်လူမျိုးတို့၏ ဆေးဝါးအတတ် လောကဓာတ်ပညာ အစွမ်းကြောင့် မိမိလက်တွင် ထိုးထားသော ဆေးတို့ကို ဖျောက်ဖျက်၍ ယခုအခါ ၎င်း၏လက်မောင်းမှာ နဂိုသားပကတိအတိုင်း ရှိနေလေ၏။

ငရွှေယုန်မှာ အပြစ်မရသေးသော်လည်း ကရင်ရိုး ပေါလူးကား အပြစ်ဘေးမှ လွတ်ကင်းလေသတည်း။ စုံထောက်ကြီးဒေါက်တာ သောင်းထိုက်၏ ဂုဏ်ကျေးဇူးပေတည်း။

ဒေါက်တာသောင်းထိုက်က ပေါလူးအား နောက်ဆုံး ဆုံးမသွားသောစကားမှာ သည်ဟာ ဆရာပဲ၊ နောက်နောင် အရှင်မရှိသောပစ္စည်းကို လမ်းတွင် တွေ့ကောက်ရစေကာမူ အမှတ်မဲ့ သိဝှက်သိမ်းပိုက်မထားဘဲ နီးရာဂါတ်သို့ ပေးအပ်စေရန် လူတိုင်း၏ ဝတ္တရားဖြစ်ကြောင်း သင်ခန်းစာတစ်ခုပေတည်း။

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၃

## စိန်ဘာဘူ သတ်မှု

www.burmeseclassic.com

www.burmeseclassic.com

## [၁] လောဘရမ္မက်

အမြင်အားဖြင့် စိတ်ကောင်းနှလုံးကောင်းရှိ၍ ပြုံးရွှင်သော မျက်နှာထားဖြင့် သူငယ်တော်ရုပ် (ဘိုးဝရုပ်) ကြီးသဖွယ် ဖောင်းဖောင်းပွပွ ဝဝတုတ်တုတ်ရှိသော ဦးပေါ်လာကို မည်သူ တစ်စုံတစ်ယောက်က ပြစ်မှုကျူးလွန်လေ့ရှိသော ရာဇဝတ်ကောင် လူဆိုးကြီးတစ်ယောက်ဟူ၍ မှတ်ထင်နိုင်ဖွယ်ရှိချေမည်နည်း။

ဝါတွင်း ဝါပမပြတ် ဥပုသ်သီတင်း ကျင့်သုံး ဆောက်တည်လေ့ရှိသော မယား မစိတ်ကောင်းကလည်း လင်ယောကျ်ား ဦးပေါ်လာကို ကြည်ညိုလေးမြတ် ချစ်ခင်အပ်သည့်ပြင် ပစ္စည်းဥစ္စာကလည်း အသင့်အတင့် တောင့်တင်းခိုင်လုံပေရကား ဘိုးသူတော် ဦးနုရေးသည့်အတိုင်း 'အပြစ်ရှိသမျှ ပျောက်လို့ကွယ်၊ အမျိုးအနွယ်တောင် မြင့်မြတ်၊ အရုပ်ရုပ် အမော်မော်လုပ်ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လှူဆင့်၍ ဒင်္ဂါးမြင့်ရင်ဖြင့် ကျော်ရှော' ဆိုသည့် စကားနှင့် ညီပါပေ၏။

သို့သော် ယခုအခြေသို့ရောက်အောင် ဦးပေါ်လာ စုဆောင်းရမိသည့် ဓနကြေးငွေများမှာကား ဓမ္မိယလဒ္ဓ စင်ကြယ်ပါ၏လော။

ဦးပေါ်လာသည် ကျွန်ုပ်တို့ ကြားဖူးသော ပုံပြင်ဝတ္ထုထဲက သိုက်တူး ဆရာကဲ့သို့ မမြင်နိုင်၊ မသိနိုင်သော ကျောင်းကြို ဘုရားကြား၊ ဂူတွင်းမြေအောက်မှ ရတနာကို ရှာဖွေသူမဟုတ်၊ ချက်ချင်းလက်ငင်း မျက်မြင်ဒိဋ္ဌ အလုပ်ကိုသာ ရှေ့နောက်ချိန်ဆ၍ မိမိနိုင်နင်းလောက်ရုံမျှ လုပ်ကိုင်လေ့ရှိ၏။ ထို့ကြောင့် 'စိန်ပွဲစား ဦးပေါ်လာ၊ ကျောက်ကုန်သည် ဦးပေါ်လာ' ဟု ပန်းထိမ်ဆရာမှ စ၍ စိန်ဘာဘူတိုင် ကျော်ကြား၏။ သို့သော် ဦးပေါ်လာသည် အလုပ်အကိုင် ကျစ်လျစ်သူတစ်ယောက်ဖြစ်၍ အဖော်မဆောင် လက်အောက် ငယ်သားမထား၊ တစ်ကိုယ်ချင်း၊ တစ်ယောက်တည်း သိုသိပ်စွာ လုပ်ကိုင်လေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် လောဘကြီး၍ အများနှင့် ဆက်ဆံသော် အခန့်မသင့်သည့်အခါ၌ 'အသားထဲက လောက်ထွက်' ဆိုသကဲ့သို့ မလိုလျှင်လည်း 'တို့' တတ်၏။ အရေးပေါ်ပေါက်သည့်အခါ ကိုယ်ကောင်းကြံ၍ အစိုးရ သက်သေဘက်သို့လည်း ပြောင်းလဲတတ်၏။

ဦးပေါ်လာသည် ငယ်စဉ်က ရန်ကုန်မြို့ စမ်းချောင်းရပ်တွင် ကျောက်သွေးလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကြပ် ဝင်ရောက် လုပ်ဆောင် တတ်မြောက်ခဲ့ဖူး၏။ ယခုလည်း ဤလုပ်ငန်းနှင့် ဆက်ဆံလျက်ပင်၊ သို့သော် ဥဿဖယားနှင့် အနောက်နိုင်ငံဖြစ် ဓာတုဗေဒစိန်များကို ကိုင်တွယ်ခြင်းမပြုဘဲ ရတနာကျောက်အစစ်များကို မူလပုံစံမှ ပြောင်းလွဲစေရန် သွေးခြင်းနှင့် ဆက်ဆံခြင်းမျှဖြစ်လေသည်။

ဦးပေါ်လာသည် ယခုအခါ လယ်မြေဧက အနည်းငယ်ကြွယ်ဝ၍ မြေပိုင်ရှင် တစ်ဦးအဖြစ်ဖြင့် သုံးဆယ်မြို့တွင် နေထိုင်လျက်ရှိ၏။ ယခုဖြစ်ပျက်သည့် ညနေတွင် ရတနာလုပ်ငန်းနှင့်ပင် ရန်ကုန်မြို့သို့ ညရထားနှင့် သွားရန်



ငြင်ဆင်ထား၏။ မယားဖြစ်သူ ဒေါ်စိတ်ကောင်းကလည်း ထိုနေ့ည ဘက် စစ်ကိုင်းတောင်ရိုးမှ ကြွလာတော်မူသော ဓမ္မကထိက ဆရာတော် ပါး၏ ဒေသနာတော် ကြားနာရန် သွားသည်နှင့် ဦးပေါ်လာမှာ ညဦး နဲ့ ရိုမှုန်မှုန်များအရောင်တွင် ခြံဝမြောင်းကူး တံတားလက်ရန်းကိုမှီ၍ ဆေး သောက်ကာ စဉ်းစားစိတ်ကူးနေစဉ် မလုံမ်းမကမ်း မှောင်ထဲမှ ထီးကို ကောက်၍ လမ်းလျှောက်လာသော ခြေသံကိုနားစိုက်၍ ထောင်မိလေ၏။

ဆောင်းဦးပေါက် အခါဖြစ်၍ အနည်းငယ် မြူဆိုင်းသဖြင့် ဆယ်ကိုက် လောက်အကွာကျမှ လူရိပ်ကို ကွဲပြားနိုင်လေသည်။ သုံးဆယ်မြို့နှင့် မီးရ ဘူတာမှာ (မကြာမီက အလယ်ကုန်းဘူတာမဖွင့်မီ) အတော်ကွာလှမ်း သည့်ပြင် လူနေအိမ်ခြေလည်း အလွန်နည်းပါး၍ တစ်အိမ်နှင့်တစ်အိမ် အတော်ကွာခြား၏။ ယခုအချိန်မှာလည်း ၁၀ နာရီကျော် ၁၁ နာရီနီးနီးရှိ၍ အိမ်များလည်း မီးငြိမ်းကုန်ကြလေပြီ။ ထို့ကြောင့် ခြေသံမှာ မိမိအိမ်သို့လာသူ သည်မဟုတ်ခဲ့သော် ဘူတာရုံကို ဆင်းမည့်ခရီးသည် ဖြစ်ဟန်တူသည်ဟု ပေါ်လာသည် ဂရုစိုက်၍ ကြည့်လေ၏။ ခြံတံခါးဝနှင့် တည့်တည့်ရောက် သောအခါ လျှောက်လာသူမှာ စုတ်ချာချာ အူလယာ မြေတူးကုလားကြီး ဖြစ်ကြောင်း သိရလေ၏။

ထိုစဉ်တွင် ထိုကုလားကြီးက လှမ်း၍–

"ဆပ်၊ ဘူတာရုံ ဘယ်လောက်ဝေးသလဲ"

ဟု ဟိန္ဒူစကားဖြင့် မေးလေ၏။

ဦးပေါ်လာ။ ။"မဝေးလှဘူး၊ နှစ်ဖာလုံလောက် ကျန်တော့တယ်၊ ဘယ် သိုက်မှာလဲ"

ကုလားကြီး။ ။"လမ်းမှာတွေ့တဲ့လူတိုင်း မေးလျှင် မဝေးဘူး ရှေ့နားမှာ ပဲ ပြောတာပဲ။ နဂိုက မျက်စိကမ္ဘ၊ နှင်းထဲမှာ သာ မျက်စိလည်သေး ယ်၊ ဘုန်လိုက်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်လာ။ ။"ကျွန်ုပ်လည်း ရန်ကုန်ကို သွားဖို့ပဲ၊ ဒါဖြင့် သည်မှာပဲ နားဦး၊ မီးရထားအချိန် အများကြီးလိုသေးတယ်၊ အတူသွားတာပေါ့"

ကုလားကြီး။ ။"ဆပ်ကို ဒုက္ခပေးသလို ဖြစ်နေတော့မယ်၊ ကျွန်တော် ဖြည်းဖြည်းလျှောက်"

ဦးပေါ်လာ။ ။"ဘာမျှ ဒုက္ခမရှိပါဘူး၊ ခရီးသည်ချင်း ကိုယ်ချင်းစာပါတယ်၊ လာပါ အိမ်ထဲမှာ ခဏဝင်နားပါဦး၊ ဘူတာမှာလည်း စောင့်ရမယ့် အတူတူ"

ထိုသို့ပြောလျက် အိမ်ရှင်က ရှေ့၊ ဧည့်သည်က နောက် အိမ်တွင်းသို့ ဝင်ကြ၍ လသာမှန်အိမ်ကို မီးမြှင့်လိုက်လေ၏။ မီးလင်းလာသောအခါ လိုက်ရော ဖော်ရွေသော ဦးပေါ်လာ၏ မျက်နှာကိုလည်းကောင်း၊ ဣန္ဒြေကြီးသော ကုလားကြီး၏ မျက်နှာကိုလည်းကောင်း တစ်ယောက်ကိုတစ်ယောက် အကဲခတ် ကြည့်နေကြသည်တွင် ဦးပေါ်လာသည် ဟာရီလား ဘာဘူကြီး ဖြစ်နေသည်ကို သိရလေ၏။ သို့သော် မသိဟန်ဆောင်၍ မျက်နှာပိုး သတ်ထားလိုက်၏။

ဦးပေါ်လာ။ ။"ထိုင်ပါ"

ဟု အနီးရှိ ကုလားထိုင်ကို လက်ညှိုးထိုး၍-

"ရေများသောက်ပါဦး"

ဟု ရေတည်ရန် အတွင်းခန်းသို့ ဝင်သွားလေ၏။

ဟာရီလားဘာဘူကြီးသည် ရှေးအခါက ရန်ကုန်မြို့ မဂိုလမ်း (ရွှေဘုံသာလမ်း) တွင် ဆိုင်ကြီး ကနားကြီးနှင့် စိန်ဘာဘူကြီးတစ်ယောက် ဖြစ်လေရာ လူလိမ်ခံရ၍ ဆုံးရှုံးခဲ့ပြီးနောက် ဆိုင်ကို ရပ်သိမ်း၍ အချောင်ထုတ်သူတို့ထံမှ အချောင်ဝယ် အချောင်ရောင်းအလုပ်နှင့် စီးပွားရှာလျက်ရှိသူ တစ်ယောက်ဖြစ်၏။

သာယာဝတီနယ်သည် ခိုးမှု၊ တိုက်မှု၊ လိမ်လည်မှု အလွန်များသော နယ်ဖြစ်ရာ ဟာရီလားဘာဘူ ယခု လာခြင်းအကြောင်းမှာလည်း အချောင်



ဘ်လိုသူတို့ထံမှ သတင်းရ၍ လာရောက်ဝယ်ယူပြီးနောက် စိန်များကို ထိုနေ့ပင် ရောင်းသူတို့ရှေ့၌ 'ပါဆယ်ထုပ်' လုပ်၍ စာတိုက်မှ ရန်ကုန်သို့ ပို့လေ၏။ ရောင်းသူအား-

"ယခု ဘာဘူ စိတ်အေးသွားပြီ၊ ကျွန်တော့်လက်ထဲမှာရှိတယ်နော် စိတ်မချရဘူး၊ ညအိပ်ပျော်မှာ မဟုတ်ဘူး။ အခုနော် ည ကောင်းကောင်း အိပ်မယ်၊ မနက်စောစောရထားနဲ့ ရန်ကုန်ပြန်မယ်"

ဟုပြော၍ ထွက်လာခဲ့ပြီးနောက် ရပ်ဖျက်၍ မြင်းရထားဖြင့် နေဝင်ရီတရောတွင် သုံးဆယ်မြို့သို့ ထွက်ခွာခဲ့လေ၏။

ဟာရီလားသည် ဦးပေါ်လာကို မသိသော်လည်း ဦးပေါ်လာကမူ ဟာရီလားကို မဂိုလမ်း (ရွှေဘုံသာလမ်း) တွင် မကြာခဏ မြင်ခဲ့ဖူးသည့်အပြင် ယခု မြေတူးကုလား သူဆင်းရဲယောင်ဆောင်ထားသော်လည်း ဤအရပ် ဤနယ်ကို အကြောင်းမဲ့ အချိန်ကုန် ငွေကုန်ခံပြီး လာမည်မဟုတ်ကြောင်း ကောင်းစွာရိပ်မိလေ၏။ ထို့မှုမက ၎င်း၏ကိုယ်တွင်းတွင် မည်မျှ အဖိုးထိုက် အဖိုးတန် ရတနာများ ပါမည်ကိုလည်း တွေးတောမိလေ၏။

ဦးပေါ်လာ ထင်မြင်ချက်လည်း မမှားပေ၊ အကြောင်းကိုဆိုသော် ဟာရီလားဘာဘူသည် နေ့လယ်က စာတိုက်ကပို့သည်မှာ လှည့်ဖြား၍ ပို့ခြင်းမျှသာဖြစ်လေရာ စင်စစ်သော်ကား စိန်များကို မိမိကိုယ်တွင်း၌သာ သိုဝှက်ထား၏။

ဦးပေါ်လာသည် အိမ်တွင်းခန်းမှ ရေနှင့်တကွ အုန်းသီး၊ ငှက်ပျောသီးများပါ ယူလာ၍ တည်ခင်းလေ၏။

ဦးပေါ်လာ။ ။"ကျွန်တော်တို့ မြန်မာအိမ်ကို လာတဲ့အခါ ခင်ဗျားတို့ကို အသီးအနှံပဲ ဧည့်ခံကျွေးမွေးရတယ်၊ စားပါဦး အားမနာပါနဲ့"

ဦးပေါ်လာသည် ဟာရီလား ဘာဘူဖြစ်နေကြောင်းကို သိသည့်မှစ၍ သူ၏ အလုပ်နှင့် ပတ်သက်သော စကားများကို အမှတ်မဲ့ မေးမိမည်ကို အထူး

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်၏။ အဘယ်ကြောင့်ဆိုသော် မိမိအိမ်တွင်းသို့ ပစ္စည်းနှင့်တကွ အသင့်ရောက်လာပါလျက်နှင့် မရလိုက်ဘဲ ပြန်ထွက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဦးပေါလာ စဉ်းစားသည်ကား "သူ့ကိုယ်ထဲမှာ အနည်းဆုံး ငါးထောင် တစ်သောင်းဖိုးပါမှာပဲ၊ ထုခွဲလိုက်ပြီး ၎င်းရွှေနဲ့ လယ်ဝယ်လျှင် တစ်နှစ်ကို လယ်ခတစ်ထောင်ကျော်ရမယ်၊ ချေးငှားထားလျှင် အတိုး တစ်ထောင်ကျော်ရမယ်။ လက်ရှိငွေနှင့် ပေါင်းသော် တစ်သက်မှာ ပူစရာမရှိတော့ အေးအေးနေနိုင်ပြီ၊ နောက်နောင် ပြစ်မှုကျူးလွန်ရန်လည်း မလိုတော့" စသည်ဖြင့် တွက်ရေးချနေရာမှ–

**ဦးပေါလာ။** ။"စားပါ၊ ကျွန်တော့်ခြံထဲကထွက်တဲ့အသီးအနှံပဲ၊ ချိုပါတယ်"

ဟု စကားကို လေသံမှန်အောင် အတော်ပင် ကြိုးစား၍ပြောရလေသည်။

ဟာရီလားသည် တိုက်တွန်းသည်လည်း တစ်ကြောင်း၊ ဆာမွတ်သည်လည်းတစ်ကြောင်းကြောင့် တည်ခင်းသော အသီးအနှံတို့ကို စားလေ၏။ ဦးပေါလာလည်း ရေးနည်းအတိုင်း ဟာရီလားနှင့် မျက်နှာချင်းဆိုင်ထိုင်၍ လောဘဇောတပ်မက်လျက် "ငါးထောင် တစ်သောင်း" စသည်ဖြင့် ပစ္စည်းကိုသာ ခန့်မှန်း၍ စိတ်တွက်တွက်နေလေ၏။ ထို့နောက် စိတ်ကိုပြောင်းသွားစေရန် စကားစရှာ၍–

**ဦးပေါလာ။** ။"ခင်ဗျားတို့ မြေတူးကုလားတွေဟာ အသီးအနှံ သာပြီး စိုက်တတ်မှာပေါ့၊ ဝါသနာမပါဘူးလား"

**ဟာရီလား။** ။"ကျွန်တော်တို့ မဂိုလမ်းမှာ ဘယ်မှာ စိုက်စရာ နေရာရှိမလဲ"

ဟု ပြောရာတွင် သတိရပြန်သဖြင့်–

"ကျွန်တော် မဂိုလမ်း ဂုန်နီအိတ်ဆိုင်မှာ အလုပ်လုပ်ပါတယ်"

ဟု ရုတ်တရက် ပြင်၍ ပြန်ပြောလေ၏။

**ဦးပေါလာ။** ။"ဟုတ်တယ် ရန်ကုန်မှာတော့ ဥယျာဉ်ဝါသနာပါလို့ စိုက်စရာ အခွင့်မရဘူး"



ယင်းသို့ ပြောပြီးနောက် ယခင်ကကဲ့သို့ပင် လောဘဇောတိုက်ပြန်လေ၏၊ သို့သော် ပစ္စည်းကို အနနှင့် ရရန် လမ်းမမြင်၊ အကြမ်းပတမ်း ပြစ်မှုကျူးလွန်ရမည်ကား မပေါ်ပေါက်အောင် အလွန်ခဲယဉ်း၏။ ရှေးအခါက ပဲခူးနယ်တွင် ရာဇဝတ်အမှုထမ်းကို သတ်ခဲ့ဖူးလေသည်။ သို့သော် ထိုစဉ်က သူ့အသက်ထက် ကိုယ့်အသက်အလွတ်ရုန်းရခြင်း ဖြစ်ခဲ့လေသည်။ ထို့နောက် "ကြို့ကုန်းက မိန်းမကြီးတစ်ယောက်တုန်းကလည်း သူ့ကိုယ်က အရမ်းဆော်တာကိုး၊ အဆုံးစီရင်ခဲ့ရတာပေါ့" ဟု မိမိ ကျူးလွန်ခဲ့သော ပြစ်မှုများကို မိမိ အပြစ်သက်သက် မဟုတ်လေဟန် တွေးတော ဖျန်ဖြေနေလေ၏။ ၎င်းနောက် လောဘဇောကို ဖြိုဖျက် ချုပ်တည်းစေခြင်းငှာ ထိုင်ချည် ထချည် အနားမငြိမ် ဖြစ်နေပြန်ရာ ကုလားကြီးက–

"သွားဖို့ အချိန်တော်ပြီလား ဘယ်နနာရီရှိပြီလဲ"

ဟု မေးသောအခါ–

"အချိန်တော့ လိုပါသေးတယ်၊ အခုသွားလျှင် ဘူတာရုံမှာ ၂ နာရီကျော် ၃ နာရီနီးနီး စောင့်ရမယ်"

"အို ဒါဖြင့်လည်း အေးအေးပေါ့"

ဟု ကုလားကြီးက ပြန်ပြောလေ၏။

ဆောင်းဦးပေါက်စ အေးမြသော ရာသီဥတု ဖြစ်ငြားသော်လည်း ဦးပေါလာမှာ လောဘဇောနှင့် အကြံဉာဏ်ထုတ်ရသဖြင့် ခေါင်းရှုပ်၍ ချွေးလုံးကြီးများ ပြန်လာသဖြင့် တံခါးဝသို့ ထွက်ရပ်၍ လေခံရလေ၏။

သို့သော်ငြားလည်း အလွန်အဖိုးထိုက်သော စိန်ပစ္စည်းများကို မိမိ လက်တွင်းမှ လွတ်ထွက်သွားမည်ကို ပူပန်စိုးရိမ်သည်က သာလွန်မောက်မို လာပြန်၍ တွေးပြန်သည်မှာ မယားလုပ်သူလည်း နံနက် အရုဏ်ကပ်ပြီးမှ ပြန်မည်၊ အိမ်မှာလည်း အခြားလူသူတစ်ယောက်မျှမရှိ။ အိမ်နားနီးချင်းမှာလည်း ကွာလှသည်။ လမ်းနှင့်လည်းဝေး၊ လဝင်၍ မှောင်မိုက်သည်နှင့် အလျှောက်

www.burmeseclassic.com



သူ သွားသူလည်းမရှိ။ သို့သော် စဉ်းစားရန် တစ်ချက်မှာ အလောင်းကို ဘယ်နည်းနဲ့ ဖျောက်ဖျက်မလဲ။ ထိုအခါ ကုလားကြီးက–

"အပေါက်ဝမှာ ရပ်နေတာ မအေးဘူးလား"

ဟု မေးလိုက်သည်နှင့် မိမိကုလားထိုင်တွင် ဝင်ထိုင်ပြန်လေ၏။

ဤသို့ ချီတုံချတုံ စိတ်မပိုင်းဖြတ်နိုင် ဖြစ်လှသည်နှင့် လောဘ တိုက်တွန်းခြင်းမှ ငြိမ်းချမ်းစေရန် အိမ်တွင်းမှ မြန်မြန်ထွက်ရလျှင် ကောင်း၏ဟု စိတ်အကြံဖြင့်–

"ဟုတ်တယ် အေးလာပြီ၊ အင်္ကျီထပ်ဝတ်လိုက်ဦးမယ်၊ ပြီးတော့ ဖြည်းဖြည်းလျှောက်သွားကြမယ်"

ဟုပြော၍ အိမ်ခန်းတွင်းသို့ ဝင်သွားလေ၏။

အခန်းတွင်းမှ လှမ်း၍ ကြည့်လိုက်သောအခါ လသာမှန်အိမ်အောက်တွင် သူ့ဘက်သို့ နောက်ခိုင်း၍ ထိုင်နေသော ဟာရီလား၏ ကိုယ်နှင့်ခေါင်းကို မြင်ရပြန်သော် မတားဆီးနိုင်သော အကြံဖြစ်ပြန်သည်နှင့် အသံ မကြားအောင် ခြေဖျားထောက်၍ ချဉ်းကပ်လေ၏။ နောက်တည့်တည့်သို့ ရောက်သောအခါ မိမိဦးခေါင်းကို သွေးတိုးသောအသံသည် နားအုံကို တဘောက်ဘောက် ခေါက်သကဲ့သို့ တဒိန်းဒိန်း မခံရပ်နိုင်အောင် မြည်လွန်းသဖြင့် လူတစ်ယောက်၏ အသက်ကို သွေးအေးနှင့် လက်ရုံးအားကိုး သတ်ရမည်ကို တွေးတောလျက် ကြောက်ရွံ့တုန်လှုပ်၍ နောက်ပြန်ဆုတ်ခဲ့လေ၏။

အခန်းတွင်းသို့ ပြန်ရောက်သောအခါ သက်မကြီး ချပြီးလျှင် "အောင်မယ်လေး–လက်မတင်ကလေးလိုတော့တယ်" ဟု အောက်မေ့၍ "ငါ့လက်မှာ ဘာမျှမပါပေလို့၊ တူလို အုတ်ခဲလိုများ ပါလျှင်" ဟု တွေးတော၍ အခန်းကို လှည့်ကြည့်လိုက်ရာ ခြံတိုတူးသော သံကလော်ကို မျက်စိရိုက်မိလေ၏။ "သည်သံကလော်များ ခုတင်က ငါ့လက်မှာ ပါသွားလျှင်" ဟု စဉ်းစားရင်း ကောက်ကိုင်ပြီး လက်ဖြင့် ဆကြည့်သည်တွင် မကောင်းနတ် တိုက်တွန်း



...သို့ နောက်ပြန်မကြည့်ဘဲ ကုလားကြီးရှိရာသို့ သွားလေ၏။

ကုလားကြီးသည် ငှက်ပျောသီး၊ အုန်းသီးများကို စားပြီးနောက် မိမိ ...တွင်းမှ ကွမ်းသီးခြမ်းကလေးများကို စားလျက် ဘီဒီဆေးလိပ်ကလေး ...၍ သောက်နေလေ၏။

ဦးပေါလာသည် တွေဝေဆိုင်းတွခြင်းမရှိဘဲ သံကလော်ကြီးဖြင့် တစ် ...အားကုန် လွှဲချလိုက်ရာ ကုလားကြီးက ခေါင်းကိုငုံ့၍ အနီးရှိ ထွေးခံထဲသို့ ...တွေးထွေးသည်နှင့် ချိုစောင်းကို လွဲ၍ ရိုက်မိလေ၏။

ကုလားကြီးသည် ကြောက်အားလန့်အားနှင့် ငယ်သံပါအောင် အော် ...ပြီးလျှင် နောက်ရိုက်မည့် အချက်ကို ငုံ့ရှောင်လိုက်သည်နှင့် ဦးပေါလာ ...က်မှ သံကလော်သည် စားပွဲကိုရိုက်မိလေ၏။ ထို့နောက် လူနှစ်ယောက် ...သည် ထွေးလုံးသတ်ပုတ်နေကြလေ၏။

ကုလားကြီးမှာ အသက်ကလည်းကြီး အားခွန်ဗလလည်း မပြည့်စုံရ ...အား အားအင်ပြည့်တင်း၍ အလုံးအရပ် ကောင်းသော ဦးပေါလာကို ခုခံရန် ...သာ်နိုင်ဘဲ အော်ရုံသာ အော်နိုင်လေသည်။ ထိုသို့ ဟစ်အော်သည်တွင် ...ည်ကိုညှစ်၍ စားပွဲခင်းနှင့် ပါးစပ်ကို ဆို့ပိတ်ထားလေ၏။ ကုလားကြီးမှာ ...န့်ငင် ဆန့်ငင် ဖြစ်ရာမှ ငြိမ်သွားသောအခါမှ လွှတ်ချလိုက်လေ၏။

လှုဆိုးဓားပြတို့လက်မှ မတရားသောပစ္စည်းကိုထုတ်၍ သက်စွန့် ကြိုး ...ပစ္စည်းရှာဖွေသော ဘာဘူဟာရီလားမှာ ဦးပေါလာ၏ လက်တွင်း၌ ...ခြင်းဆိုး သေရှာလေပြီ။ သို့သော် သူ၏ အသက်ကို သတ်လိုက်သော ...ပေါလာမှာ ကျေးဇူးရှိမရှိ စောင့်ကြည့်ရန် လိုတော့၏။

ဤအဖြစ်အပျက်မှာ စာနှင့် အရှည်ကြီးရေးရသော်လည်း အစအဆုံး ...တ်လုပ်ကြံရသည်မှာ မိနစ်အနည်းငယ်မျှသာ ကြာလေ၏။

ဦးပေါလာသည် ခါးထောက်၍ အလောင်းကို ကြည့်နေရာမှ ငုံ၍ ဟာရီ ...၏ ပါးစပ်တွင်းမှ စားပွဲခင်းကို ဆွဲ၍ထုတ်ပြီးနောက် ကိုယ်တွင်း၌ သို

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားသော ပစ္စည်းကို ရှာဖွေလေ၏။ သူတွေးထင်သည့်အတိုင်း စိန် ထုပ်ကို တွေ့လေ၏။

သို့သော် ဤမျှနှင့်မပြီးသေး၊ ဦးပေါလာမှာ သေချာကျစ်လျစ်သူ တစ် ယောက်ဖြစ်ရကား မိမိလုပ်ငန်း လက်စလက်နကို သေသပ်အောင် ပြုရန် အရေး ရှိသည့်အလျောက် လူသေ၏ခေါင်းမှ စီးထွက်၍ စားပွဲခင်းနှင့် ကြမ်း ပေါ်တွင်ကျနေသော သွေးစက်များကို ရေစိုအဝတ်နှင့် သုတ်သင်ပြီးလျှင် သေသူ၏ ခေါင်းအောက်တွင်လည်း နောက်ကျမည့်သွေးအတွက် သတင်း စာ စက္ကူများကို ခံထားလေ၏။ ၎င်းနောက် စားပွဲခင်းကို နေရာတကျ ပြန်ခင်း လဲမှောက်သော ကုလားထိုင်များကို ပြန်ထောင်ခြင်းစသည်တို့ကို မူလ အတိုင်း အနေကျအောင် ပြန်လည်ပြုပြင်ပြီးနောက် ဟာရီလား၏မျက်မှန် 'ကိုင်း' ကို ကြမ်းပေါ်မှ ကောက်ယူ၍ စားပွဲပေါ်တွင် တင်ထားလိုက်၏။

မျက်မှန် မှန်သားမှာမူ အစိတ်စိတ်ကွဲ၍ စားပွဲပေါ်မှလဲကျသော ဖန်ခွက် ကွဲများနှင့် ရောနေသဖြင့် ၎င်းတို့ကို ကြက်မွေးတံမြက်စည်းနှင့် စု၍ စက္ကူဖြင့် ထည့်လေ၏။ ၎င်းနောက် မျက်မှန်ကွဲများကို တတ်နိုင်သမျှ ရွေးနုတ်၍ မျက် မှန်ကိုင်းနှင့်အတူ စက္ကူတစ်ချပ်နှင့် သပ်သပ်ထုပ်လေရာ မျက်မှန်စများ နည်း လွန်းသဖြင့် အချို့မှန်ကွဲစအဖြုန်းနှင့် အကြေများကိုပါ ထည့်ရလေ၏။ ၎င်း နောက် ဖန်ကွဲများကို နောက်ဖေးအမှိုက်ပုံပေါ်သို့ ပစ်လိုက်၏။

အိမ်တွင်းကိစ္စ အပြီးသတ်ပြီဖြစ်၍ သေသူ၏ အလောင်းနှင့် အထုပ်နှင့် ထီးများကိုသာ စီရင်ရန် ကျန်တော့၏။ ညစ်ထပ်ထပ် ပိတ်ပိုင်းနှင့် ထုပ်ထား သော အထုပ်တွင်းတွင် ဒိုတီ (ကုလားများဝတ်သော ပိတ်ပုဆိုး) တစ်ထည် နှင့် မျက်နှာသုတ်ပဝါငယ်ကလေးတစ်ခု ပါရှိ၏။ ထိုအထုပ်နှင့် ထီးကို ရှူချည် ကြိုးနှင့်တွဲ၍ ချည်လိုက်၏။ ရှူချည်ကြိုးမှာ ဒေါ်စိတ်ကောင်း သင်ဖြူးရက် သော ရှူပန်းထည်မှပိုသော အစများကို လုံး၍ သိမ်းဆည်းထားရာမှ ရရှိခြင်း ဖြစ်၏။



၎င်းနောက် အထုပ်နှင့် ထီးကို ပခုံးပေါ်တွင် သိုင်းလျက် လူသေ၏ အလောင်းကို ကျောပိုး၍ ထမ်းပြီးလျှင် အိမ်တွင်းမှ ထွက်ခဲ့လေ၏။ သန်း ခေါင်အချိန်နီးနီးရှိပြီဖြစ်၍ လမ်းပေါ်တွင်လည်း လူသွားလူလာမရှိ၊ မှောင် လည်းမှောင်သည်နှင့် ပေတစ်ရာလမ်းမကြီးကို ဖြတ်ကျော်ပြီးနောက် မီးရထား သံလမ်းသို့ရောက်အောင် ပေ ၂၅၀– ၃၀၀ ခန့် မြက်တောကို ဖြတ်သွားရ၏။ အလောင်းကောင်ကို မီးရထားသံကြိုးပေါ်မှ ကျော်ချပြီးနောက် အလိုက်သင့် ဆွဲငင်၍ သံလမ်းပေါ်တွင် လည်ပင်းကိုတင်၍ မှောက်ထားလိုက်၏။ အထုပ် နှင့် ထီးကိုလည်း တွဲချည်ထားသော ကြိုးကိုဖြတ်၍ အနီးတွင် ပစ်ချထား၏။ မျက်မှန်ထုပ်ကိုလည်း အိတ်ထဲမှထုတ်၍ လူသေ၏ဦးခေါင်းနားတွင် ဖြန့် ကြဲထားလေ၏။ မျက်မှန်ထုပ်သော စက္ကူနှင့် အထုပ်နှင့် ထီးကိုချည်သော ကြိုးကိုလည်း မကျန်ရစ်စေရန် ယူခဲ့၏။ လိုလေသေးမရှိအောင် စေ့စပ်သေချာ စွာ စဉ်းစားနေစဉ် အစုန်ကုန်ရထားလာသံကို ကြားသဖြင့် မီးရထားလမ်းမှ ဆုတ်၍ ဆင်းခဲ့လေ၏။

## ၂။ မီးရထားတိုက်၍ သေသလော

ဦးပေါလာ ခြံတွင်းသို့ ပြန်ရောက်သည်နှင့် မီးရထား ဥသြတွတ်သံနှင့် မီးရထားရပ်ရန် 'ဘရိတ်' ဖမ်းသံတို့ကို တစ်ပြိုင်နက် ဆူညံစွာ ကြားရလေ ၏၊ ထိုအခါ မီးရထားစက်ဗိုလ်သည် လဲနေသော လူကို နင်းမိမည်စိုးသဖြင့် ကြိုးစား၍ ရပ်လေ၏။ ဦးပေါလာကလည်း မနင်းမိမည်ကို စိုး၍ အထူး ဆုတောင်းလေ၏။ သို့သော် ဦးပေါလာမှာ မီးရထားရပ်လိုက်သည်ကို မနစ် မြည်ဘဲ အိမ်တွင်းသို့ ခပ်သုတ်သုတ် ပြေးဝင်လာခဲ့လေ၏။

အိမ်တွင်းသို့ ရောက်သောအခါမှ သံကလော်ကို မျက်စိစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူ၍ မီးခွက်အောက်တွင် ကြည့်သောအခါ သွေးစသွေးနမရှိဘဲ ဆံပင်တစ်ချောင်းနှစ်ချောင်းကိုသာ သံချောင်းမှာ ကပ်နေသည်ကိုတွေ့သဖြင့် စားပွဲခင်းနှင့် သုတ်ပြီးနောက် နောက်ဖေးပေါက်မှ လွှင့်ပစ်လိုက်လေ၏။

ဦးပေါ်လာတို့ လိုက်ရမည့် စာပို့မီးရထားမှာ ယခုသန်းခေါင် ကုန်ရထား သွားပြီးနောက် နာရီပြန် ၂ ချက်မှ သုံးဆယ်ဘူတာသို့ ဆိုက်မည်ဖြစ်သော်လည်း ဦးပေါ်လာမှာ အိမ်ထဲတွင် မနေဝံ့လောက်အောင် သွေးချောက်ချားသည်နှင့် ဘူတာသို့ သွားရန် ပြင်ဆင်လေ၏။

မိမိလွယ်အိတ်နှင့် ထီးကိုယူပြီးနောက် မီးအိမ်ကို ငြိမ်းမည်အပြုတွင် စားပွဲအောက်တွင် ကျနေသော ဟာရီလား၏ဖောင်းထုပ်နှင့် ခေါင်းအောက်တွင် ခံထားသည့် သွေးစွန်းသော သတင်းစာစက္ကူတို့ကို မြင်လေလျှင် ဦးပေါ်လာမှာ နဖူးမှ ချွေးလုံးကြီးများ ယိုစီးကျလာလေ၏။

“အို လက်မတင်ကလေး လိုတော့တယ်၊ မီးငြိမ်းပြီး ထွက်သွားမိလျှင် အသေအချာ တန်းနေတာပဲ”

ဟု တွေးတော၍ စက်တိုင်မှ ကြိုးတွဲလဲကို မြင်ယောင်ပြီးလျှင် လည်ပင်းယား၍ လက်နှင့် ပွတ်သပ်မိလေ၏။

သို့သော် ဦးပေါ်လာမှာ အများနှင့်စာသော် အတော် စိတ်ခိုင်သူ တစ်ယောက်ဖြစ်သည့်အားလျော်စွာ ဖောင်းထုပ်ကိုယူပြီးလျှင် နောက်ဖေးမီးဖိုသို့ သွားလေ၏။ ကောက်ရိုးနှင့် သတင်းစာစက္ကူများကိုစု၍ ထင်းများ ထပ်တင်ပြီးလျှင် မီးတောက်လာသည်နှင့် တစ်ပြိုင်နက် ဖောင်းထုပ်ကြီးကို အပေါ်မှာ အုပ်လိုက်လေ၏။ ထိုအခါ မီးခိုးလုံးကြီးတက်၍ ညှော်နံ့အမျိုးမျိုး ထွက်ပေါ်လာလေ၏။ အကြောင်းသော်ကား ဖောင်းထုပ်အတွင်းတွင် ခံပေါင်းသော ဦးထုပ်ကလေးမှာ ဆီဝနေသည့်ပြင် ဖောင်းထုပ်မှာလည်း ပိုးဖြစ်၍ ကြက်မွေး မီးမြှိုက်သော အနံ့မျိုး ညှော်လေသည်။

ဤအရာဝတ္ထုများ ပြာကျအောင် စောင့်ကြည့်သည့်အခိုက် အမျိုးမျိုး



[illegible]ချောက်ချားတုန်လှုပ်လျက် အချိန်ကုန်ခဲ့၏။ ပြာကျသည်နှင့် တစ်ပြိုင် [illegible] ဆင်းစများနှင့် မွှေနှောက်၍ ငြိမ်းပြီးလျှင် သက်မကြီးချ၍ တစ်ဖန် မိမိ [illegible]ယ်အိတ်နှင့် ထီးကိုယူ၍ အိမ်ကို သော့ခလောက်ခတ်ပြီးလျှင် ဘူတာဘက် [illegible] ထွက်ခွာခဲ့လေ၏။

မြူအနည်းငယ်တို့၍ ဆိုင်းလာသဖြင့် ပြည်လမ်းဘက်မှ မီးရထားကို [illegible]၍ ကြည့်နိုင်မှ ရေးရေးမျှ မြင်နိုင်လေသည်။

ဘူတာရုံသို့ ရောက်သောအခါ လက်မှတ်ယူ၍ ‘ပလက်ဖောင်း’ ဘက် [illegible] ထွက်သွားလေရာ ခရီးသည်နည်းသော သုံးဆယ်ဘူတာရုံမှာ ခါတိုင်းနှင့် [illegible] ဟိုတစ်စု သည်တစ်စု အုတ်အုတ်ကျက်ကျက် အမျိုးမျိုးအဖုံဖုံ ထင်မြင် [illegible] စကားပြောကြလျက် သုံးဆယ်တံတားဘက် ခပ်လှမ်းလှမ်းတွင် ရပ်နေ [illegible] ကုန်ရထားကို မျှော်မှန်းကြည့်နေသည်ကို တွေ့ရလေ၏။ သို့သော် [illegible]လာမှာမူ ရေငုံဘိသကဲ့သို့ မည်သူကိုမျှ မစုံစမ်းဝံ့ဘဲ ဆိတ်ဆိတ်နေ [illegible]၏။

မကြာမီ ရန်ကုန်ဘက်မှ အဆန် ပြည် စာပို့ရထား ဆိုက်ရောက်လာ [illegible] ဘူတာတွင် မငြိမ်မသက်သည်ကို ဒုတိယတွဲ ပြတင်းပေါက်မှ ကြည့် [illegible] လူတစ်ယောက်က ပလက်ဖောင်းပေါ်ရှိ လူတစ်စုကို လှမ်းမေးပြီး [illegible] မင်းမှုထမ်းဟန် မြန်မာတစ်ယောက်၊ ကုန်သည် ရှေ့နေရှေ့ရပ် [illegible]နိုင်သူ မြန်မာလူရွယ်ရွယ် တစ်ယောက်နှင့် ဘောင်းဘီဝတ် ကုလား [illegible]ယောက် ဆင်းလာ၍ လူများနှင့် စကားပြောနေကြ၏။

ထိုခဏ်တွင် ရပ်ထားသော ကုန်ရထားဘက်မှ လက်ဆွဲမီးအိမ် ယမ်း [illegible] တရွေ့ရွေ့ နီးကပ်လာသော လူတစ်ယောက်ကို မြင်ကြရ၏။ မီးအိမ်ကို [illegible]မှာ သူရုံပိုင်ဖြစ်ရာ ၎င်းနောက်မှ ကုလီနှစ်ယောက်သည် ထမ်းစင်ကို [illegible] ထိခိုက်နာကျင်သူ လူနာကို ယူလာကြလေ၏။ နောက်ဆုံးမှ [illegible]ယ်’ ကုလားသည် လက်တွင် အထုပ်တစ်ခုနှင့် ထီးတစ်လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်လျက်–

"ဟာရေး ဘာဘာ ဟာရေးဘာဘာ" စသည်ဖြင့် ညည်းတွား လိုက်ပါလာလေ၏။

ထိုအခါ ဘောင်းဘီဝတ် ကုလားက–

"ဟေး ဘာဖြစ်တာလဲ"

ဟု မေးလေလျှင် ပေါ်တယ်သည် မြင်မိမှတ်မိသမျှအားလုံးကို ကုန်စင်အောင် ပြောကြားလေ၏။

'ပေါ်တယ်' ကုလား ပြန်ပြောသည့် အကျဉ်းချုပ်မှာ ကုန်ရထား စက်ခေါင်းမောင်းသူ စက်ဗိုလ်သည် မီးရထားလမ်းကွေ့ကို လွန်၍ သုံးဆယ်ချောင်းကူးတံတားကြီးကို ကျော်မိမှ လက်ဝဲဘက် သံလမ်းပေါ်တွင် လူတစ်ယောက် မှောက်လျက် လဲနေသည်ကို တွေ့သဖြင့် ဥသြအကြိမ်ကြိမ် တွတ်'ဘရိတ်' ကို ဖမ်းသော်လည်း နီးကပ်နေသဖြင့် အရှိန်မသတ်နိုင်ဘဲ လူကို ၄–၅ တွဲလောက်နင်းပြီးမှ ရပ်နိုင်ကြောင်း၊ အနင်းခံရသူ မာရဝါရီ ကုလားကြီးမှာ ခေါင်းတခြား ကိုယ်တခြားဖြစ်သွားကြောင်း၊ ယခုသူ၏ လက်တွင် ယူဆောင်လာသော အဝတ်ထုပ်နှင့် ထီးမှာ အနီးတွင် တွေ့ရှိကြောင်းကို အကျယ်တဝင့် လေးနက်စွာ စိတ်ရော မာန်ပါ ပြောပြသည်ကို အများဝိုင်း၍ နားထောင်ကြလေ၏။

## [၃] စုံထောက် ဦးသောင်းထိုက် ရောက်လာပုံ

ယခင်က ဒုတိယတွဲပေါ်မှဆင်းလာသူ သုံးယောက်အနက် မြန်မာ နှစ်ယောက်မှာ ဦးသာထွန်းနှင့် ဦးသောင်းထိုက် ဖြစ်လေသည်။ ဦးသာထွန်းမှာ ဆေးဘက်ဆိုင်ရာဌာန အစိုးရအမှုထမ်းမှထွက်၍ ရန်ကုန်မြို့တွင် ဆေးဆိုင်အကြီးအကျယ်နှင့် သူနာပြုဌာနတစ်ခုဖွင့်လှစ်၍ ကုသနေသော ဆရာဝန်ကြီး



တစ်ယောက်ဖြစ်လေသည်။ ဦးသောင်းထိုက်ကား ဓာတုဗေဒ၊ ရုက္ခဗေဒ စသော လောကဓာတ်ပညာကို အလွန်လိုက်စားသော B.A.B.L (ဘီအေဘီအယ်လ်) ဝတ်လုံတော်ရ ရှေ့နေတစ်ယောက်ဖြစ်၏။ သို့သော် အနောက်နိုင်ငံ အကြောင်းအရာ စာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် ဗဟုသုတ များပြားသည်နှင့် ကျိုးကြောင်းဆင်ခြင်မှုဖြစ်သော စုံထောက်ပညာကို ဝါသနာထုံ၍ အပျော်တမ်းလိုက်စားရာမှ အတည်လုပ်ငန်းကြီးတစ်ခုအဖြစ် 'ပီအိုင်ဘီ' (Private Investigation Bureau- P.I.B) အမည်ဖြင့် ဖွင့်လှစ်လာလေ၏။ ထို့ဖြစ်၍ စုံထောက်ကြီး ဦးသောင်းထိုက်ဟူ၍ အစိုးရကပါ အသိအမှတ်ပြုသည်သာမက နိုင်ငံခြားသို့ပင် ကျော်ကြားလေသည်။ မကြာမီကလည်း ဦးသောင်းထိုက်၏ ဂုဏ်အရည်အချင်းကို ထောက်၍ ယူနီဘာစီတီ သိပ္ပံအဖွဲ့က 'ဒေါက်တာ' (D.O.-Doctor of Observation- Dr.) ဟူသော ဘွဲ့ထူးကို ချီးမြှင့်ခြင်း ခံရလေသည်။ ဤသည်မှ 'ဒေါက်တာ သောင်းထိုက်' ဟု သမုတ်ကြပြန်၏။

ဒေါက်တာ သောင်းထိုက်နှင့် ဆရာဝန် ဦးသာထွန်းတို့မှာ ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သည့်ပြင် အပေါင်းလည်း နားလည်သဖြင့် အမြဲလိုပင် တိုင်ပင်ဖော် တိုင်ပင်ဖက် တွဲမိကြလေသည်။

ယခု မီးရထားနှင့် အတူလာခြင်းကိစ္စမှာ အသက်ပေါင်ကုမ္ပဏီတစ်ဦးသည် သေသူ၏ ငွေထုတ်ပေးရန်အတွက် ရှုပ်ထွေးသည်ကို အသက်ပေါင်စဉ်က ဆရာဝန် ဦးသာထွန်းက ကျန်းမာခြင်း စစ်ဆေးရသူဖြစ်၍ ဤအရေးကိစ္စနှင့် ပြည်မြို့ကို သွားရခြင်းဖြစ်ရာ ဒေါက်တာ သောင်းထိုက်ကို အကြံဉာဏ်နှင့် အတိပေးရန် ခေါ်လာခြင်းဖြစ်လေသည်။

ဘောင်းဘီဝတ် ကုလားမှာ ဘုံဘိုင်နယ်သား ဆရာဝန်တစ်ယောက်ဖြစ်၍ အစိုးရ ဆေးဘက်ဌာနတွင် လုပ်ကိုင်စဉ်က ဆရာဝန် ဦးသာထွန်းနှင့် သိကျွမ်းဖူးလေသည်။ ကုလားဆရာဝန် 'ဘိုပလ်' သည် အင်းစိန်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်အဖြစ်မှ ပုသိမ်ကိုပြောင်းရ၍ လိုက်ပါလာခြင်းဖြစ်လေရာ ဦးသာထွန်းတို့နှင့် ဒုဘီယတွဲထဲတွင် ဆုံမိကြလေသည်။

ဆေးဘာဘူ-ဘိုပလ်သည် ဒေါက်တာ သောင်းထိုက်၏ စွမ်းရည်သတင်းကို မကြာခဏ ကြားဖူးသော်လည်း ယခုဆရာဝန် ဦးသာထွန်းက မိတ်ဆက်ပေးမှ တွေ့ဖူးလေသည်။ တွေ့သည်မှစ၍လည်း ကြည်ညိုလေးမြတ်စွာ အရေးပေးလေသည်။

ယခင်က ပေါ်တယ် ကုလား ပြောကြားသည်ကို နားထောင်နေကြရာမှ ဘိုပလ်သည် ပေါ်တယ်လက်တွင် ကိုင်ထားသောထီးကို-

"ပြစမ်းပါ"

ဟု အရေးတကြီး ဆွဲယူကြည့်လေ၏။ ဤသို့ဆွဲယူ၍ ကြည့်ခြင်းမှာ မြင်ဖူးသော ထီးနှင့် သဏ္ဌာန်တူသဖြင့် ကြည့်ခြင်းဖြစ်လေသည်။ ထီးမှာ အိန္ဒိယတိုင်းသားများ ပြုလေ့ရှိသည့်အတိုင်း အပေါ်တွင် ပိတ်ဖြူထပ်၍ အုပ်ထားသည့်ပြင် သံရိုးလက်ကိုင်ကောက်တွင် အရိုးနေရာ၌ ပွန်းတီး၍ ဒန်ရေများကွာနေပုံမှာလည်း ချွတ်စွပ်မလွဲ တူလှပေ၏။ ထီးကိုဖြန့်၍ ကြည့်သောအခါ အရွက်တွင်း၌ အဖြူကြိုးနှင့် 'အိတ်ချ်-အယ်လ်' (H.L) ဟူသော အမှတ်အသားပါရှိရကား-

"ဟလို သည်ထီး ဟာရီလားရဲ့ ထီးပါလား"

ဟု အထိတ်တလန့် ကျယ်လောင်စွာ အော်လိုက်လေ၏။

ဘိုပလ်သည် ဟာရီလားကို ဘုံဘိုင်သားချင်းဖြစ်၍ သိရုံမျှမက တစ်ခါက ဟာရီလား မကျန်းမာ၍ ဆေးဝါးကုသသည့်အခါ ထီးကို သံရိုးနှင့် လုပ်ထားသည့်အတွက် လှျပ်စစ်ကြိုးများနှင့် ထိမိသော် ဘေးအန္တရာယ်ဖြစ်တတ်ကြောင်းကို သတိလည်း ပေးဖူးကြောင်း ပြောပြသေး၏။ ရုံပိုင်ကြီးသည် ထိုစကားကိုကြား၍-

"အို ဒါဖြင့် တစ်ဆိတ် လာကြည့်စမ်းပါ"



ဟု လူကောင်သွင်းသွားသော အခန်းထဲသို့ ခေါ်သဖြင့် သုံးယောက်လုံး ဝင်ကြသွားကြလေရာ ဘိုပလ်ထင်သည့်အတိုင်း ဟာရီလား ကိုယ်တခြား၊ ခေါင်းတခြား ဖြစ်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရလေ၏။

ဘိုပလ်သည် ငုံ့ကြည့်ရာမှ ဒူးထောက်ပြီးလျှင် ရင်ဘတ်တွင် လက်ကိုယှက်၍ ခေါင်းအောက်စိုက်လျက် ပါးစပ်လှုပ်ကာ ဝမ်းနည်းစွာ ဆုတောင်းပြီးနောက် မျက်နှာလွှဲ၍ အပြင်ဘက်သို့ ထွက်သွားလေ၏။

အပြင်သို့ ရောက်သောအခါ ဟာရီလား၏ ကြောင်းရာ ဇာစ်မြစ်ကိုပြောပြီးနောက် ဟာရီလား ဤအရပ်တွင် သေခြင်းဆိုးသေရခြင်းမှာ မတော်တဆ မီးရထားနှင်းမိသောကြောင့်ဟူ၍ သူမယုံကြည်နိုင်ကြောင်း၊ ထို့ကြောင့် ဤအမှုကို ဒေါက်တာ သောင်းထိုက်အား စုံထောက်ရန် လွှဲအပ်လိုကြောင်းနှင့် ပြောဆိုလေသည်။

ဘိုပလ်။ ။"ဟာရီလား သည်အရပ်ကို တော်ရုံအရေးကိစ္စနှင့် ရောက်လာသည်မဟုတ်၊ သူ၏အရေးကိစ္စမှာလည်း စိန်၊ ကျောက် ရတနာ အလုပ်သာရှိသည်၊ ညအချိန်မှာ မီးရထားလမ်းပေါ် ရောက်နေခြင်းက စဉ်းစားရန် တစ်ချက်၊ တစ်ယောက်တည်းလာခြင်း ဟုတ် မဟုတ် စဉ်းစားရန် တစ်ချက်၊ သူ့ကိုယ်သူ သတ်သေခြင်း ဟုတ် မဟုတ် စဉ်းစားရန် တစ်ချက်၊ ဒီအချက်များကို စုံထောက်ပေးဖို့ တောင်းပန်ပါသည်။ ကုန်ကျမည့်စရိတ်ကို ကျွန်တော်က တာဝန်ထားပါ၊ သူ့မှာလည်း တော်ရုံလူစားမဟုတ်သည့်ပြင် ပစ္စည်းဥစ္စာလည်း သူပိုင်အတော်ပင် ချမ်းသာသူဖြစ်ပါသည်။ သူ၏ သားမယားပေါ်တွင်လည်း ကျွန်တော်၏ ဩဇာရှိပါသည်။ ဒေါက်တာသောင်းထိုက်ကို အားကိုးပါရစေ"

ဟု ပြောသည့်အခိုက်တွင် ရပ်တန့်ထားသော ကုန်ရထားလည်း ဘူတာသို့ ဝင်လာလေ၏။ များမကြာမီ စီးလာသော အဆန် စာပို့မီးရထားထွက်ရန် သံချောင်းခေါက်လေရာ ဆရာဝန် ဦးသာထွန်းက ပြည်မြို့တွင် မိမိအလုပ်

www.burmeseclassic.com



မှာ တစ်ညတာအတွက် ဆိုင်းငံ့ရန် အရေးမကြီးကြောင်းပြောသဖြင့် ဒေါက်တာသောင်းထိုက်သည် တာဝန်ယူ၍ သုံးဆယ်ဘူတာတွင် ဆင်းနေရစ်ရန် ၎င်းတို့ ဝန်စည်စလယ်များကို ချယူလေ၏။ မီးရထားထွက်သောအခါ ဘိုပလ်သည် နှုတ်ဆက်၍ မီးရထားတွင် ဆက်လက်လိုက်ပါသွားလေ၏။

၎င်းနောက် ဒေါက်တာ သောင်းထိုက်သည် ရုံပိုင်အား အစိုးရဆရာဝန် ဘိုပလ်က ဤအမှု၏ အခြေအမြစ်ကို သိရှိလိုသဖြင့် မိမိအား စုံစမ်း ထောက်လှမ်းရန် လွှဲအပ်ခဲ့ကြောင်း ပြောပြလေသည်။

**ထိုက်။** ။"ဆေးရုံဆရာဝန်နှင့် ပုလိပ်ဘက်ဆိုင်ရာကို အကြောင်းကြားပြီးပါပလား၊ သူတို့မလာခင် ကျွန်တော်တို့ စိတ်အတိုင်း တစ်စုံတစ်ရာ လုပ်ကိုင်ရန် အခွင့်မရှိပါ"

**ရုံပိုင်။** ။"ဟုတ်ကဲ့၊ သာယာဝတီ ဆေးရုံကြီးကို သတင်းပေးလိုက်ပါပြီ။ ၃ မိုင်ကျော်ပဲ ကွာပါသည်။ မကြာမီအတွင်း ဆရာဝန်လာပါလိမ့်မည်။ ဆရာဝန်က ဆိုင်ရာ ပုလိပ်များကိုပါ အကြောင်းကြား၍ ခေါ်ပါလိမ့်မည်။ အခုကြားတဲ့ မော်တော်ကားဟွန်းသံဟာ သူတို့ထင်ပါသည်၊ ကျွန်တော် ကြည့်လိုက်ပါဦးမယ်"

ဟု ပြော၍ ဘူတာပြင်ဘက်သို့ ထွက်သွားလေ၏။ ဒေါက်တာ သောင်းထိုက်သည် ဆရာဝန် ဦးသာထွန်းဘက်သို့လှည့်၍–

"အိုင်ဆေး ညီမောင်၊ သည်အမှုမျိုးဟာ ဖြစ်နိုင်ဖို့ သုံးလမ်းရှိတယ်။ (၁) မတော်တဆရယ်၊ (၂) ကိုယ့်ကိုယ်ကိုယ် သတ်သေတာရယ်၊ (၃) အသတ်ခံရတာရယ်။ ဦးစွာ (၁) အချက်– မတော်တဆဖြစ်ပျက်ရန် အကြောင်းလမ်းကား ရထားလမ်းကို ကျော်ဖြတ်သော လှည်း၊ ရထားလမ်း ဖြစ်စေ သို့မဟုတ် လူများ ခြေလျင်ဖြတ်ကူးသော တစ်ယောက်သွားသာရုံ၊ သစ်သားချောင်း ၂ ခုကို ရဟတ်သဘောပြုလုပ်ထားသော အပေါက်ဖြစ်စေ၊ သို့မဟုတ် အိမ်ဝင်းခြံနှင့်ကပ်လျက် အသွားအလာလွယ်ကူစေခြင်းငှာ သံကြိုးတန်းကို



ဘော်တက်ရန် လှေကားထစ်ကလေးများ ပြုလုပ်ထားသည့်နေရာ– အဲဒီဘာမျိုးတွေနဲ့ နီးမှသာ မတော်တဆလို့ စဉ်းစားဖို့ရှိတယ်။ (၂) အချက် ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ ဘိုပလ်ပြောသွားသည့်အတိုင်း ဖြစ်နိုင်ဖို့ လွန်စွာခဲယဉ်းတယ်။ (၃) အချက် လူသတ်ခြင်းမှာကား ဖြစ်နိုင်ရန် သမ်းများသော်လည်း အကြောင်းစုံလင်စွာသိပြီးမှ စဉ်းစားလို့ ဖြစ်နိုင်မယ်"

**ထွန်း။** ။"ကြည့်စမ်း၊ ဟိုပေါ်တယ်ဟာ လူတကာကို ပြောချင်လွန်းလို့ ရှုထိုးနေတယ်"

**ထိုက်။** ။"လာ အလကားနေရင်း သူ့ထပ်မေးစမ်းရအောင်"

ထို့နောက် 'ပေါ်တယ်' ဟူ၍ မခေါ်ဘဲ ဟိန္ဒူလူမျိုးတို့နှစ်သက်သော 'ဒန်ဒစ်' (ပါဠိစကား ပဏ္ဍိတမှလာသော ပုဂ္ဂိုလ်) ဟုခေါ်သည်နှင့် တစ်ပြိုင်နက် များစွာ နှလုံးခွေ့ပြီးလျှင် "ဟာဇူရ်" ဟု လက်နှစ်ဖက်ဖြင့် အရိုအသေပြု၍ ပြန်ထူးလေ၏။

**ထိုက်။** ။"မောင်မင်းကြည့်ရတာ လူပါးတစ်ယောက်နဲ့ တူတယ်၊ မောင်မင်းတော့ ပြောတတ်မှာပဲ၊ စက်ခေါင်းပေါ်က 'ဒရိုင်ဘာ' က သံလမ်းပေါ်မှာ လဲနေတဲ့လူကို မြင်သလား"

**ပေါ်တယ်။** ။"လဲနေတယ် မဟုတ်ဘူး ဆပ်၊ သံလမ်းပေါ်မှာ ခေါင်းစင်းပြီး တမင် လာအသေခံတာပဲ"

**ထိုက်။** ။"အာချား၊ ပြောစမ်းပါဦး"

**ပေါ်တယ်။** ။"တံတားမရောက်ခင် ကပ်လျက် အကွေ့ရှိတယ်၊ တံတားတိုရောက်လျှင် ဒရိုင်ဘာများ အထူးဂရုစိုက်ကြည့်ရတယ်။ တံတားကို လွန်တော့လည်း အလံကိုကြည့်ရတယ်။ ကနေ့ည နှင်းတွေဝေတော့ အထူးဂရုစိုက်တယ်။ အဲဒါကြောင့် လမ်းပေါ်မှာ လူတစ်ယောက် လည်ပင်းတင်ပြီး မှောက်စင်းခံနေတာကို သေသေချာချာမြင်တယ်၊ သို့သော် ကုန်ရထားသည်း ဖြစ်တော့ အရှိန်မသတ်နိုင်လို့ နင်းမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုက်။ ။"အော် မှောက်ကို ခံနေသတဲ့လား"

ပေါ်တယ်။ ။"အို မှောက်ကိုခံတာမှ အောက်တစ်ပိုင်းက သံလမ်းဘေးမှာ လို့ ပြောနေတာ"

ထိုက်။ ။"နို့ နေပါဦး၊ သည်အနားမှာ သံလမ်းကိုကျော်တဲ့ ဖြတ်လမ်းများ ရှိသလား"

ပေါ်တယ်။ ။"အို သေချင်နေတဲ့ လူက ဖြတ်လမ်း ဘယ်ဂရုစိုက်နေမှာလဲ၊ သူတို့ သွားချင်ရာ ဖြတ်လမ်းပေါ့"

ထိုက်။ ။"အင်း တော်တယ်၊ မောင်မင်း အတော် ပါးရည်နပ်ရည်ရှိတဲ့ လူတစ်ယောက်ပဲ၊ ရော့ မင်းပြောရတာ အတော်မောရှာမယ် လက်ဖက် ရည်သွားသောက်ချေ"

ဟု ငွေဒင်္ဂါးတစ်ပြားပေး၍ ဆရာဝန်နှင့် ပုလိပ်များရောက်လာသော နေရာသို့ လျှောက်လာကြလေ၏။

ပေါ်တယ်ကုလားသည် ငွေသားဒင်္ဂါးကိုကြည့်လျက်-

"ဘုရားဖြစ်မည့် သူ" ဟု ဒါနရှင်ကို ဆုတောင်း၍ ဒင်္ဂါးကို နမ်းပေါ်တွင် အကြိမ်ကြိမ် ဆလံတင်လေ၏။

## [၄] ပထမ စဉ်းစားရန်အချက်

ဒေါက်တာသောင်းထိုက်သည် ဦးသာထွန်းဘက်သို့ လှည့်၍-

"မျက်စိမှုန်၊ နားထိုင်း၊ မူးယစ်တွေဝေ မိုက်မဲသော်မှလည်း လမ်းမဟုတ် သည်ကို ရှာရှာဖွေဖွေ ရောက်ဖို့ခဲယဉ်းတယ်၊ ပေါ်တယ် မောင်ပဏ္ဍိ ပြောတဲ့ အတိုင်း တမင်အသေခံခြင်းမဟုတ်ခဲ့လျှင် သည်လူဟာ မေ့မြောနေ၍သော် လည်းကောင်း၊ သေပြီးသား အလောင်းကောင်သော် လည်းကောင်း ဖြစ်ရ မယ်။ ဒီအကြောင်းကို ထောက်သဖြင့် သတ်ပြီးမှချထားတယ်လို့ တွေးစရာရှိ



တယ်၊ ကိုင်း သို့သော် သူတို့သဘောကို နားထောင်စမ်းရအောင်"

ဟုပြော၍ ရုံပိုင်နှင့် ဆရာဝန်တို့နောက် အလောင်းရှိရာ အခန်းထဲသို့ပင် လိုက်သွားကြလေ၏။

သို့သော် ဤသို့သော အမှုအခင်းမျိုးတွင် အပြင်လူများ ဝင်ရောက် ရှုက်ဖက်ခြင်းကို များစွာ ကန့်ကွက်လေ့ရှိသည့်အတိုင်း ပုလိပ်အင်စပိတ်တော် သည် အခန်းဝမှ ဆီးကာ၍ လမ်းကို ဆို့ပိတ်ထားလေသည်။

အင်စပိတ်တော်။ ။"ဘာအလိုရှိပါသလဲ"

ဒေါက်တာ သောင်းထိုက်သည် မိမိအမည်ပါသော ပုံနှိပ်စက္ကူကတ်ပြား တလေးကိုပြလျက် အလောင်းကိုကြည့်ရှုလိုကြောင်း ပြောလေလျှင် ဒေါက် တာသောင်းထိုက်၏ အစွမ်းကို ကုန်စင်အောင် မသိရှိသော်လည်း မငြင်းပယ် ဝံ့သဖြင့် ခွင့်ပြုရလေ၏။

အခန်းဘေး နံရံအနီးရှိ ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် သေသူ၏ အထုပ်နှင့် ထီးတို့နှင့်အတူ မှန်မပါသော မျက်မှန်ကိုင်းတစ်ခုကို တွေ့သည်နှင့်

"သေသူ့မျက်မှန်ထင်ရဲ့၊ မှန်မရှိတော့ဘူး 'ကိုင်း' ချည့်ပါလား"

ဟု ဒေါက်တာ သောင်းထိုက်က မေးသောအခါ-

ရုံပိုင်။ ။"ဟုတ်တယ်၊ 'ကိုင်း' ချည်းပဲ၊ အလောင်းနားမှာ တွေ့တယ်၊ မှန်တော့ ကွဲကြေကျနေတာ တွေ့ခဲ့တယ်"

ထမ်းစင်ပေါ်တွင် အုပ်ထားသော မိုးကာရွက်ထည်ကို လှန်၍ ကိုယ် အခြား ခေါင်းတခြားဖြစ်နေသော ဟာရီလား၏ အလောင်းကို ကြည့်နေကြ ရာမှ ဒေါက်တာ သောင်းထိုက်သည် လက်တွင် ဆွဲကိုင်လာသော သားရေ အနက် သေတ္တာကလေးကို အနီးရှိ ခွေးခြေပေါ်သို့ ချပြီး ဖွင့်မည်ပြုသောအခါ အင်စပိတ်တော်က-

"ဓာတ်ပုံရိုက်မလို့လား"

ဟု-ရှေ့က ကာဆီး ကာဆီး လုပ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသေတ္တာမှာ ၁၂လက်မ ပတ်လည်၊ အမြင့် ၄ လက်မမျှရှိသော်လည်း 'အက်စစ်' ခေါ်ရည် အမျိုးမျိုးပါသည့် သေးသွယ်သောပုလင်းကလေးများနှင့် ဆရာဝန်များကိုင်ဆောင်သော လက်နက်ကိရိယာအငယ်စား အစုံအလင်နှင့်တကွ မှန်ပြောင်း၊ မှန်ဘီလူးများပါ အလွယ်တကူ ခရီးဆောင်ရန် အထူးချုပ်၍ လုပ်ဆောင်ထားသော သေတ္တာကလေး ဖြစ်လေသည်။

ဒေါက်တာ သောင်းထိုက်သည် ပြုံးလျက် ထိုသေတ္တာကလေး တစ်ဖန်ဖွင့်လိုက်သောအခါ–

"သည်းခံပါ၊ ကျွန်တော်တို့ လက်မှလွတ်၍ ဆေးရုံ ဆရာဝန်လက်သို့ ရောက်ခါမှ ရင်ခွဲရုံထဲတွင် ဘယ်လိုပဲ လုပ်လုပ်၊ ယခုတော့ လူကောင်ကို ခွဲစိတ်ခြင်း ခွင့်မပြုနိုင်ပါ"

ဟု အင်စပိတ်တော်က တားလေ၏။

ထိုက်။ ။"သည်လိုလည်း ကျူးကျူးလွန်လွန် မလုပ်ပါဘူး၊ မျက်စိနှင့် ပါးစပ်ကို ဖြဲကြည့်ရုံကလေးပါ"

## [၅] သဲလွန်စများ

ဒေါက်တာသောင်းထိုက်သည် မျက်ခွံများကို လှန်၍ ကြည့်ပြီးနောက် ပါးစပ်ကိုဖြဲ၍ မှန်ဘီလူးနှင့် ကြည့်သောအခါ အင်စပိတ်တော်က ပြုံးစိစိ မျက်နှာထားနှင့်–

"နဂိုသွား ပေါ့၊ စိုက်သွားဖြစ်လျှင်လည်း အရေးမကြီးပါဘူး"

ဟု ပြောသေး၏။ ဒေါက်တာသောင်းထိုက်သည် သေသူ၏ အပေါ်သွားနှစ်ချောင်းကြားထဲမှ ညပ်နေသော ဝါးဖတ် အစအနကလေးများကို ဇာဂနာနှင့် ဆွဲထုတ်ယူလိုက်သောအခါ အင်စပိတ်တော်က ထပ်လော၍–



"သေပြီးမှပဲ၊ အစာကြေ မကြေတယ်တော့ အရေးမကြီးပါဘူး"

ဟု ပြက်ရယ်ပြုပြန်လေ၏။

ဒေါက်တာ သောင်းထိုက်ကမူ မိမိလုပ်မြဲတိုင်း ဆက်လက်၍ သွားကြားထဲမှ ရသော အမျှင်အဖတ်ကလေးများကို မှန်ပြားကလေးတစ်ချပ်ပေါ်တွင် ဖြန့်တင်၍ ပုလင်းငယ်တစ်လုံးတွင်းမှ ကော်ရည်ဖြင့် မကွာအောင် ကပ်ပြီးနောက် အပေါ်မှ အရွယ်တူ မှန်ကလေးတစ်ချပ်ကို ထပ်အုပ်လိုက်၏။ (၎င်းကော်ရည်မှာ လျှင်မြန်စွာ ခြောက်၍ ထုတ်ခြင်းပေါက်မြင်နိုင်ရန် ကြည်လင်အောင် အထူးဖော်စပ်ထားလေသည်။)

၎င်းနောက် အဆပေါင်းသုံးလေးရာမျှ ချဲ့ထွင်မြင်စွမ်းနိုင်သော 'မိုင်ကရိုစကုပ်' (Microscope)ခေါ် ဓာတ်မှန်ဘီလူးကလေးကို ထုတ်၍ ယခင်နှစ်ချပ်ထပ် မှန်ပြားကလေးကို အောက်တွင် သွင်းပြီးနောက် အပေါ်မှစိုက်ကြည့်လေ၏။

ထိုက်။ ။"ဟောသည်မှာ ကြည့်ခြင်းအားဖြင့် မသေမီ နောက်ဆုံးစားတဲ့ အစာဟာ အုန်းသီး၊ ငှက်ပျောသီး ဖြစ်တယ်လို့ သိနိုင်တယ်၊ သို့သော် သိုးမွှေးနှင့် လျှော်ချည်မျှင်များက ဘယ်လိုနည်းနဲ့ ပါးစပ်ထဲရောက်နေသလဲ မဆိုနိုင်ဘူး"

အင်စပိတ်တော်။ ။"မသေမီ ဘာစားလို့ ပါးစပ်ထဲမှာတာတွေ့တာ အရေးမဟုတ်ပါဘူး၊ မတော်တဆ တိုက်မိခြင်းလား ကိုယ့်ကိုယ်ကိုယ် သတ်တာလား၊ သူများသတ်တာလား စဉ်းစားဖို့သာရှိပါတယ်"

ထိုက်။ ။"အို ဒါတော့ အရှင်းသားပဲ၊ လက်သည်ဘယ်သူလဲ ဘာအကြောင်းကြောင့် သတ်တယ်၊ အဲဒါလောက်သာ စုံစမ်းဖို့ရှိတော့တာပဲ"

အင်စပိတ်တော်။ ။"အောင်မယ် ဆရာကြီးက တယ်အဆုံးအဖြတ် မြန်ပါလားလား"

ထိုက်။ ။"သေသူက ဟာရီလား စိန်ဘာဘုဆိုတော့ ပစ္စည်းလို၍ သတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလို့ ဆိုရမယ်၊ အလောင်းမှာ ပစ္စည်းများ ရှာကြည့်ပြီးပါပြီလား"

ထိုအခါမှ သတိရ၍ အင်စပိတ်တော် ဦးလူဘေသည် အလောင်းကို လှန်ပြန်၍ အတွင်းအိတ်၊ အပြင်အိတ်မှ အောက်စာရင်းပါ ပစ္စည်းများကို ထုတ်ယူလေ၏။

၁။ မောင်းချအားတစ်စင်း၊ ၂။ မီးခြစ်တစ်လုံး၊ ၃။ ဘီဒီဖက်လိပ်တစ်စည်း၊ ၄။ ခါးပိုက်ဆောင်ငွေနာရီ တစ်လုံး၊ ၅။ ငွေစက္ကူတစ်ဆယ်တန် တစ်ချပ်၊ မှုးစေ့မတ်စေ့ အနုပ်ဆယ့်နှစ်ပဲနှင့် ကြေးပြား ၆ ပြား၊ ၆ ။ နာရီပြင် ဆရာများနှင့် စိန်ကုန်သည်များ ဆောင်သော မှန်ဘီလူးတစ်ခုဖြစ်လေသည်။

**အင်စပိတ်တော်။** ။"ကိုင်း ဟောသည်မှာ သေသူပိုင် ပစ္စည်းများအားလုံး လက်ရာ ခြေရာ မပျက်ပါကလား၊ တိုက်မှု နိုက်မှု လုယက်မှု လို့ ဆိုနိုင်ပါ့ မလား၊ ဒါနှင့် လူသတ်မှု ဘယ်လိုစွပ်စွဲမလဲ၊ ပုလိပ်အလုပ်များအောင် မလုပ်နဲ့ဆရာကြီးရယ်၊ သာယာဝတီနယ်မှာ နာမည်ပျက်လှပါပြီ"

**ထိုက်။** ။"ကျုပ် ဆုံးဖြတ်ပြီးသားကို ပြင်စရာ အကြောင်းမမြင်ဘူး"

၎င်းနောက် ဒေါက်တာ သောင်းထိုက်သည် သေသူ၏ ခြေထောက်တွင် စီးထားသော 'ကျားပါးစပ်' သားရေဖိနပ်ကို သေချာစွာ မှန်ဘီလူးနှင့် ကြည့် နေလေ၏။

**အင်စပိတ်တော်။** ။"ဖိနပ် ဘယ် 'ဆိုက်' စီးတယ်ဆိုတာ အလွတ်ကြည့် လျှင်လည်း သိနိုင်ပါတယ်၊ သည်လောက် မျက်စိမွဲနေပြီလား ဆရာကြီး"

ဒေါက်တာ သောင်းထိုက်သည် ရုံပိုင်အား–

"မီးရထား စက်ခေါင်းနှင့် ဘီးများကော စစ်ဆေးဖို့ စီမံပါသလား"

**ရုံပိုင်။** ။"ဟောသည်မှာ စက်မောင်းတဲ့ အင်ဂျင်နီယာရဲ့ အစီရင်ခံစာပါပဲ"

**အင်ဂျင်နီယာ အစီရင်ခံစာ**

'အင်ဂျင်စက်ခေါင်းကို ကျွန်ုပ်ကိုယ်တိုင် သေချာစွာ စစ်ဆေးရာ၊ လက်ဝဲဘက်ရှေ့ဆုံး ဘီးနှုတ်ခမ်းတွင် သွေးအနည်းငယ် စွန်းကွက်နေ



ကြောင်း၊ နောက်လိုက်ဘီးမှာ စွန်းသည်ဆိုရုံမျှ သွေးစက်ကလေး ဘယ်စက်နှစ်စက်မျှ တွေ့ရကြောင်း၊ တစ်စုံတစ်ရာ ထူးခြားခြင်း မတွေ့ ရကြောင်း"

ဤစာကိုကြည့်၍ ဒေါက်တာ သောင်းထိုက်က–

"သံလမ်းကကော ဒီအတိုင်း သက်သေခံမလား မဆိုနိုင်ဘူး"

ဟုဆိုသော စကားကို ရုံပိုင်နှင့် အင်စပိတ်တော်တို့မှာ နဝေတိမ်တောင် [illegible] ကြည့်နေကြ၏။

၎င်းနောက် ရုံပိုင်က ဒေါက်တာသောင်းထိုက်အား မေးမည့်အပြုတွင် [illegible]င်းပိတ်တော်က–

"ကိုင်း လာလေ၊ တိုက်မိတဲ့နေရာ သံလမ်းကို သွားကြည့်ဖို့လိုသေး [illegible]ယ်" ဟု ပြော၍ ဆွဲခေါ်သည်နှင့် ထွက်သွားကြရာ ဒေါက်တာသောင်း [illegible]က်နှင့် ဦးသာထွန်းတို့မှာလည်း စောစောက ဘောက်ဆူးပေးထားသည့် [illegible]း၏ ကျေးဇူးကြောင့် ပေါ်တယ်ကုလားက အဆင်သင့် မီးအိမ်တစ်လုံး [illegible]၍ ၎င်းတို့နောက် မလှမ်းမကမ်းမှ လိုက်ကြလေ၏။

## [illegible] အရေးကြီးသော ကောက်နုတ်ချက်များ

[illegible]း၊ ။"အင်ဂျင်နီယာ အစီရင်ခံစာကို ယူဆပုံပြောစမ်းပါဦး"

[illegible]က်၊ ။"လူအရှင်လတ်လတ်ကို မီးရထားနင်းသော် ပန်းထွက်မည့် သွေး [illegible]ဘ စက်ခေါင်း 'အင်ဂျင်' အောက်မှာ အိုင်ထွန်းနေရမယ်၊ ယခု အစီရင်ခံ [illegible]ိုတော့ သိပ်ကွာနေတယ်။ ပြီးတော့လည်း သေသူရဲ့ မျက်လုံးများကို[illegible] [illegible]ဘားမိရဲ့လား၊ မီးရထားနင်း၍ ရုတ်တရက်ပြတ်သော ခေါင်းရဲ့ မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးများဟာ ဒီလောက် ပြူးမထွက်တတ်ဘူး၊ လည်ပင်းအစ်မှသာ မျက်လုံ ပြူး လျှာထွက်ဆိုသလိုဖြစ်ရတယ်။ သည့်ပြင်လည်း ချိုစောင်းမှာ ဒဏ် တစ်ခု တွေ့ရဲ့လား၊ မီးရထားစက်ခေါင်းအောက်က သံဖွန်းတစ်ခုခုနှင့် တို မိတယ် ထားပါဦး၊ ဒဏ်ရာမှ ယိုထွက်တဲ့ သွေးစီးကြောင်းဖြာက် နှစ်တန် တယ်၊ သတိထားမိရဲ့လား။ ဒီသွေးစီးကြောင်း နှစ်ကြောင်းရဲ့ အဓိပ္ပာယ် ဒဏ်ရာရသည်နှင့် တစ်ပြိုင်နက် ထွက်သော သွေးကြောင်းက တစ်ကြော ၎င်းနောက် နေရာပြင်လိုက်လို့ လမ်းလွှဲပြီးထွက်ရတဲ့ သွေးကြောင်းက တ ကြောင်း၊ အထူးစဉ်းစားဖို့တစ်ချက်မှာ ဦးခေါင်းတွင် ထိခိုက်တဲ့ ဒဏ်ရာ ဟာ ခေါင်းပြတ်ပြီးနောက် သွေးများစွာ မထွက်နိုင်ဘူး၊ ယခု ဒဏ်ရာမှာ သွေးများအတော်ကြာကြာ ယိုစီးနေတယ်။ ဒါကြောင့် ထိုဒဏ်ရာဟာ ခေါင်းမပြတ်မီက ရရှိထားတဲ့ဒဏ်ရာဖြစ်ရမယ်၊ သို့မို့ကြောင့် ဒီအမှုကို သတ်မှုလို့ ကျွန်ုပ်ဖွင့်ဆိုတယ်”

**ထွန်း**။ ။“ကျွန်တော်လည်း သဘောတူပါတယ်၊ ဆရာဝန်လုပ်လာ လူသေမျက်နှာနဲ့ လျှာကို မြင်ကတည်းက လည်ပင်းအစ်ပြီး အသက် ပေါက် ပိတ်သေကြောင်း အတော်ထင်ရှားတာပဲ၊ နို့- သွားကြားထဲ တွေ့တဲ့ အမျှင်၊ အဖတ်တွေအကြောင်း ပြောပြပါဦး၊ မှန်ပြောင်းအောက် ကျွန်တော်ကြည့်ဖို့ အချက်မရလိုက်ဘူး”

**ထိုက်**။ ။“အုန်းသီးဖတ်နှင့် ငှက်ပျောသီးအခွံမှ ကပ်နေတဲ့ အမျှင်များ လတ်လတ်ဆတ်ဆတ် စားပြီးခါပဲ ရှိရှာသေးတယ်၊ ကုလားများဟာ ငှ ပျောသီးကို အခွံမှာကပ်နေတဲ့ အမျှင်များကိုပါ စားလေ့ရှိတယ်”

**ထွန်း**။ ။“နို့ပြီး သိုးမွေးနဲ့ လျှော်ချည်လို့လည်း ကြားမိသလားလို့”

**ထိုက်**။ ။“ဟုတ်တယ်လေ၊ အစိမ်းရောင် ဆိုးထားတဲ့ သိုးမွေးချည်နဲ့ ပိုက် ဆံ၊ လျှော်ချည်မျှင်များနဲ့ အုန်းသီး၊ ငှက်ပျောသီးဖတ်များနဲ့ ရောပြီး သွား ကြားထဲက နှိုက်ယူရတယ်။ သိုးမွေးချည်မှာ အစိမ်းရင့်၊ ပိုက်ဆံချည်မှာ



နှင့်ခွဲနှင့် အစိမ်းမကျတကျ ဆိုးထားတဲ့အရောင်ဖြစ်တယ်။ ဒီအထည်ဟာ များဝတ်ဆင်တဲ့ အထည်အဝတ်မဟုတ်နိုင်။ အခန်းစည်း၊ စားပွဲခင်း စတဲ့ အသုံးအဆောင်ထဲက ပစ္စည်းမျိုးဖြစ်ရမယ်။ ဒါကြောင့်မို့ အစာ စားပြီး နောက် သေသူသည် အိမ်တွင်းမှာရှိကြောင်း ထင်ရှားတယ်။ တစ်ကြောင်းက လည်း လူများဟာ သွားကြားမှာ ညပ်နေတဲ့ အစားအစာကို ထိုးမထုတ်ဘဲ နေနိုင်စေကာမူ အစာအာဟာရမဟုတ်တဲ့ အခြားဝတ္ထု တစ်စုံတစ်ရာ ပါး စပ်ထဲဝင်နေခဲ့သော် အမြန်ဆုံး ထွေးထုတ်တတ်တယ်။ သေသူမှာ ထွေး၍မှ ထုတ်နိုင်ခြင်းနှင့် လျှာနှင့် မျက်လုံးနေပုံကို ထောက်ခြင်းအားဖြင့် ပါးစပ်ကို သက္ကလတ်စနှင့် ထိုးပိတ်ထားခြင်းဖြစ်ကြောင်း ထင်ရှားတယ်။ နောက် သေ သူရဲ့ ဖိနပ်ကလည်း သက်သေခံချက် ရှိသေးတယ်။ ဖိနပ်အောက်ခုံသည် ရထားလမ်းကို ရောက်အောင် နင်းစိုဖွတ်သော မြက်တော၊ မြေလမ်းများကို ဖြတ်သန်းရသည့်အတွက် ရွှံ့စ၊ သဲစ၊ မြက်စများ ကပ်နေသင့်တယ်။ သူ့မှာ တော့ မကပ်မလူးသည့်ပြင် ကြမ်းခင်း သမံတလင်းများကို နင်းထားသည့် အတိုင်း ခပ်ချောချော ပြောင်ပြောင်ရှိနေတယ်၊ ဒါကြောင့် သေပြီးနောက် အိမ်တွင်းမှ သယ်ယူလာခဲ့ကြောင်း ထင်ရှားတယ်”

**ထွန်း**။ ။“အင်း- ငါသူနဲ့ လိုက်လေသရွေ့ သူယူဆပုံ သိရသလောက်မှာ ဘယ်တော့မှ မှားတယ်မရှိသေး၊ လိုက်တိုင်းလည်း ထူးကဲတဲ့ ဉာဏ်တွေ၊ အဆန်းအသစ်တွေသာ ထပ်ခါ ထပ်ခါ တွေ့ရတယ်”

ဟု ဦးသာထွန်းသည် စဉ်းစား၍-

“သည်ဟာအားလုံး ကျွန်တော်တော့ သဘောကျပါတယ်၊ သည့်တိုင်း နှမ်းလျှင် အမှု အပြီးသတ်အောင် ပြစ်မှုကျူးလွန်သည့်အိမ်ကို ရှာဖို့သာ လိုပါ တော့တယ်”

**ထိုက်**။ ။“အဲဒါအခက်ဆုံးပဲ၊ အိမ်တိုင်းစေ့ လျှောက်ဝင်ကြည့်လို့ ရတာမျိုး မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် ဆက်လက် လျှောက်လာကြသည်နှင့် ရှုံပိုင်နှင့် အင်စပိတ်တော်တို့ မီးရထားနင်းမိသောနေရာတွင် ကြည့်ရှုနေကြသည်ကို တွေ့ရလေ၏။

**ရှုံပိုင်။** ။"ကျွန်ုပ်တစ်သက်နှင့် တစ်ကိုယ် မီးရထားဘက်မှာ လုပ်လာသရွေ့ တွေ့ဖူးသမျှ လူကို မီးရထားနင်းခံရတိုင်း အင်ဂျင်စက်ခေါင်းဘီးနှင့် သံလမ်းပေါ်မှာ ရစရာမရှိအောင် သွေးများအိုင်ထွန်းပြီး အတုံးလိုက်၊ အတစ်လိုက် ခြောက်ခဲနေတာသာ တွေ့ရတယ်၊ အခုသည်မှာတော့ လူကောင်နှင့်မမျှအောင် သွေးစွန်းသွေးစ နည်းလွန်းလို့ သိပ်ထူးဆန်းတာပဲ"

**ထိုက်။** ။"နို့– သူဆောင်းတဲ့ ဦးထုပ် ခေါင်းပေါင်းများကော တွေ့ပလား"

ဟု မေးရင်း ရှုပန်းထည်စကလေးတစ်ခုကို လမ်းဘေးမှ ကောက်ယူလိုက်လေ၏။

**အင်စပိတ်တော်။** ။"ဘာများတွေ့ပြန်သလဲ၊ သေးသေးနုပ်နုပ် အစစ ဘာမကျန် သိမ်းဆည်းတဲ့ ဝါသနာ တော်တော်ရှိသကိုး"

**ထိုက်။** ။"သည်လို နုပ်နုပ်ဖွဲ့ဖွဲ့ကလေးက သဲလွန်စ မရဘူးလို့ ဘယ်သူပြောနိုင်သလဲ"

ဟု ပြောလျက် အိတ်ထဲမှ ထုတ်ယူသော စာအိတ်ငယ်ကလေးတစ်ခုထဲတွင် ထည့်၍ သိမ်းထားလိုက်လေ၏။

ငင်းနောက် ဒေါက်တာ သောင်းထိုက်နှင့် ဦးသာထွန်းတို့သည် ဇလီဖားတုံးပေါ်နှင့် သံလမ်းတွင်းရှိ ကျောက်ခဲများပေါ်တွင် ဖြန့်ကြဲကျနေသော မျက်မှန်ကွဲများကို ဇာဂနာတစ်ချောင်းစီနှင့် ကောက်ယူ၍ စက္ကူပေါ်တွင် စုတင်ကြသည်ကို အင်စပိတ်တော်သည် စောင်းစောင်းမဲ့မဲ့ကြည့်၍–

"လာ သူ့ဖောင်းထုပ် ရှာချေရအောင်"

ဟု ရှုံပိုင်ကို ဆွဲခေါ်သွားလေ၏။

ရသမျှ မျက်မှန်ကွဲတို့ကို ကောက်ယူပြီးနောက် စက္ကူပေါ်တွင် တင်၍



ဆင်ဟပ်ကြည့်လိုက်သော် မှန်ကွဲများမှာ မျက်မှန်နှစ်ဖက်စာထက် ပိုနေသည်ကို တွေ့ရသည်နှင့် ဒေါက်တာသောင်းထိုက်သည် မှန်ဘီလူးကြီးနှင့် မှန်ကွဲများကို သေသေချာချာ ကြည့်ရှုသောအခါ မျက်မှန်ကွဲများမှာ စင်စစ်အားဖြင့် မှန်နှစ်ချပ်စာမပြည့်ဘဲ ပိုနေသော မှန်ကွဲများမှာ ပြွန်လုံးသဏ္ဌာန်ရှိ ပြောင်းအံခွက် စသည်တို့မှ ကွဲသော ခပ်ခုံးခုံး အပေါ်စားမှန်မျိုးဖြစ်သည်ကို တွေ့ရလေ၏။ ထိုပြင် ပြောင်းမဟုတ်ဘဲ ဖန်ခွက်ဖြစ်ကြောင်းကို ခြယ်လှယ်ထားသော နှုတ်ခမ်း၊ ပန်းခွေ အစကလေးများကို တွေ့မြင်ခြင်းဖြင့် သိရလေ၏။

ထိုစဉ်တွင် ရှုံပိုင်နှင့် အင်စပိတ်တော်တို့ ပြန်လာ၍ ဦးသောင်းထိုက်တို့ကို မြင်သောအခါ–

"တစ်ခု ပြောပါရစေ၊ ဝတ္ထုတွေထဲက စုံထောက်များလို မှန်ဘီလူးကြီးနှင့် ကြည့်လား၊ ပေကြိုးများနဲ့တိုင်းလား ထွာလား ဓာတ်ပုံရိုက်လား လုပ်နေစရာ မလိုဘူးထင်တယ်"

ဟု အင်စပိတ်တော်က ပြော၏။

**ထိုက်။** ။"ကျုပ် သဘောမှာတော့ မပိုလှဘူး ထင်တယ်၊ နို့ ခေါင်းပေါင်းဦးထုပ်တွေ့ခဲ့ပလား"

**ရှုံပိုင်။** ။"တွေ့တော့ မတွေ့သေးဘူး၊ ရှာရဦးမှာပဲ"

**ထိုက်။** ။"တွေ့လျှင် သာကောင်းမှာပဲ၊ ဒါထက် သည်အနီးအနားမှာ အိမ်ရှိသလား"

**ရှုံပိုင်။** ။"ဟောသည် သံကြိုးတန်းကျော်လိုက်လျှင် နှင်းတောထဲမှာ ရေးရေးမြင်ရတဲ့ ခပ်မှိုင်းမှိုင်းအတန်းဟာ ပြည်လမ်းပေါ်က ကုက္ကိုပင်တန်းကြီးပဲ၊ လမ်းဟိုဘက်မှာ ဟိုတစ်ခြံ သည်တစ်ခြံနဲ့ အိမ်များရှိပါတယ်၊ သို့သော် တစ်အိမ်နဲ့ တစ်အိမ်တော့ ခပ်လှမ်းလှမ်းပဲ"

**ထိုက်။** ။"လူကောင်ကို သံလမ်း သည်ဘက်ဘေးမှာ တွေ့ပုံနှင့်ဟောသည် သံကြိုးတန်းအောက်မှာ မြက်များနင်းထားလို့ ကြေနေပုံအောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လာစဉ်က သည်ဘက်ကပဲ လာဟန် လက္ခဏာရှိတယ်၊ အဲသည်ဘက်ကို လျှောက်ဆင်းကြည့်စမ်းရလျှင် မကောင်းဘူးလား"

ရုံပိုင်။ "ဘယ့်နှယ့်လဲ အင်စပိတ်တော်မင်း"

အင်စပိတ်တော်သည် "ငါမလိုက်သော်လည်း သူတို့သွားမှာ" ဟု သိသည်နှင့်–

"ကောင်းပြီ"

ဟု ပြော၍ ရှေ့က အရင်လျှောက်သွားလေ၏။

ဦးပေါ်လာ လာစဉ်က ဟာရီလားဏ် အလောင်းကို ကျောပိုး၍ ဝန်လေးနှင့်လာသောလမ်းမှာ အင်စပိတ်တော်၏ လက်နှိပ်ဓာတ်မီးအောက်တွင် လူသွားထားသော လမ်းကဲ့သို့ ထင်ရှားနေသော်လည်း အင်စပိတ်တော်သည် ခပ်ဆိတ်ဆိတ်သာ ရှေ့ကလျှောက်လေ၏။ ပြည်လမ်းဘေး မြေပြောင်းသို့ ရောက်သောအခါ မြေပျော့ပေါ်တွင် ရော်ဘာဖိနပ်အရာများ ထင်ရှားစွာ တွေ့လေ၏။ အင်စပိတ်တော်သည် ရပ်၍ ဓာတ်မီးနှင့်ထိုးကြည့်ရာ ဒေါက်တာသောင်းထိုက်သည် ခြေရာများကို လက်ညှိုးညွှန်လျက်–

"ဟောဒီဘက်ကို ဦးလှည့်တဲ့ ခြေရာများဟာ အထူးသဖြင့် နက်ပြီး ထင်ရှားတယ်၊ ဟိုဘက်ကို ဦးလှည့်တဲ့ ခြေရာများကတော့ ထင်ရုံကလေး လောက်သာ ထင်နေတယ်။ ဒါကြောင့် ရော်ဘာဖိနပ်စီးသူဟာ အလာတွင် ဝန်လေး ထမ်းပိုးလာရမယ်၊ အပြန်တွင် ကိုယ်လွတ်ပြန်သွားဟန် တူတယ်။ သို့သော် ဟာရီလားရဲ့ 'ကျားပါးစပ်' သားရေဖိနပ်အရာ မတွေ့ဘူး၊ ကျွန်တော်တို့ ဒီပြင်နေရာက ဟိုဘက်ကို ကူးလျှင် ကောင်းမယ်"

ဟုပြောလျက် အိတ်တွင်းမှ ပေကြိုးကိုထုတ်၍–

"အင်စပိတ်တော်မင်းက စာချုပ်ထားသော်လည်း မနေနိုင်လို့ သုံးရပေဦးတော့မယ်"

ဟု ပြောပြောဆိုဆို ခြေရာကို တိုင်းယူလေ၏။



၎င်းနောက် လမ်းတစ်ဖက်တွင် မြောင်းကူးတံတားကို မြင်သည်နှင့် ကြည့်လိုက်သော် ဝင်းခြံအတွင်း သပ်ရပ်သော နေအိမ်တစ်လုံးကို မြင်ကြသည်နှင့် ထိုအိမ်ကို ရှေးဦးစွာ စုံစမ်းရန် သဘောတူလေ၏။

ဝင်းတံခါးချိတ် သံခွေကို မ၍ ဖွင့်ဝင်ပြီးလျှင် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ အိမ်အဝင် တံခါးမကြီးမှာ သော့ခလောက်နှင့် ပိတ်ထားသည်ကိုမြင်၍ အိမ်တွင်း၌ လူရှိဟန် မတူသဖြင့် အိမ်နောက်ဖေးဘက်သို့ လှည့်၍ကြည့်ရာ မီးဖိုဆောင်လည်း သတ်သတ်မဟုတ်၊ အစေခံနေသော အိမ်ကလေးများလည်း သတ်သတ်မရှိကြောင်း တွေ့ရလေ၏။

ဒေါက်တာသောင်းထိုက်သည် နောက်ဖေးအမှိုက်ပုံရှိရာသို့ သွား၍ အမှိုက်ပုံပေါ်တွင် သတင်းစာစက္ကူထုပ် တစ်ခုကိုတွေ့သဖြင့် ဖြေကြည့်ရာ ခွန်ကွဲများကို တွေ့ရှိလေ၏။ မှန်ဘီလူးနှင့် သေချာစွာကြည့်သောအခါ ဖန်ခွက်ကွဲများဖြစ်ကြောင်း တွေ့ရုံမျှမက ထိုမှန်စထဲတွင် မျက်မှန်ကွဲကလေးများကိုလည်း တွေ့ရလေ၏။

ဤအကြောင်းများကို ရှင်းလင်းပြောပြနေစဉ် အမှိုက်ပုံနောက်ဘက်သို့ လှမ်း၍ ကြည့်လိုက်သော် သံကလော်ကြီးတစ်ခုကို တွေ့ရပြန်သဖြင့် ကောက်ယူ၍ ရှေးနည်းတူ မှန်ဘီလူးနှင့်ကြည့်ရာတွင် သံကလော်ပေါ်၌ သက္ကလတ်စိမ်းအမွေးစများ ကပ်နေသည်ကို တွေ့ရလေ၏။

(ကိုပေါ်လာသည် သံကလော်တွင် ဟာရီလား၏ ဆံပင်မွေး တစ်ပင်နှစ်ပင် တွေ့သောအခါ စားပွဲခင်းနှင့် အမှတ်တမဲ့ သုတ်လိုက်ကြောင်း ဖတ်ရှုသူတို့ မှတ်မိကြပေလိမ့်မည်။)

ဒေါက်တာသောင်းထိုက်သည် ဟာရီလား၏ ပါးစပ်ထဲမှရသော သိုးမွေး အစိမ်းမျှင်များနှင့် ယှဉ်ကြည့်ပြီးလျှင်–

"ဘယ့်နှယ်လဲ အိမ်တွင်း ဝင်ကြည့်ကြရအောင်"

ဟု ပြောနေစဉ် မီးဖို ပြတင်းပေါက်ပွင့်နေသည်ကို တွေ့သည်နှင့် ခါးပန်း

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းဆွဲ၍ ပြတင်းပေါက်မှ ကျော်တက်လေ၏။

(ကိုပေါ်လာသည် သံကလော်ကို ပြတင်းပေါက်မှ လွှင့်ပစ်ပြီးနောက် ကြောက်အား လန့်အားနှင့် မေ့၍ မပိတ်မိဘဲ ရှိဟန်တူ၏။)

အင်စပိတ်တော်က အိမ်တွင်းသို့ ဝင်ရန် သင့်လျော်မည် မထင်၍ တားမည်ကြံသော်လည်း ဒေါက်တာသောင်းထိုက်မှာ မီးဖိုဆောင်အတွင်းသို့ ရောက်နှင့်သည်သာမက နောက်ဖေးလှေကားပေါက်တံခါးကိုဖွင့်၍ ဝင်လာကြရန် လက်ယပ်ခေါ်သည်နှင့် ဝင်လိုက်ကြရလေ၏။

ဒေါက်တာသောင်းထိုက်သည် မီးဖိုထဲတွင် တွေ့သော ပြာများကို ထင်းမီးသွေးတို့မှကျသော ပြာများနှင့် ကွဲပြားခြားနားကြောင်းကိုသာမက တွေ့ရှိရသော ပြာအချို့မှာ ဟာရီလား၏ ကုလားများပေါင်းသော ပိုးလျှော်ဖျင်ဖောင်းထုပ်မျိုးမှ ကျသော ပြာဖြစ်ကြောင်းကို ခွဲခြားတတ်၍ ပြလေ၏။

၎င်းနောက် အိမ်ရှေ့ခန်းရှိ သက္ကလတ်စားပွဲခင်းမှာ လူသေ ပါးစပ်ထဲတွင် တွေ့သော သိုးမွေးမျှင်နှင့် ပိုက်ဆံချည်တို့ကို တိုင်ဖောက်၍ ရက်လုပ်ထားသည်သာမက ရေနှင့် တိုက်သုတ်ထားသော်လည်း ညှစ်လိုက်သောအခါ သွေးများစို့၍ ထွက်လာသည်ကို တွေ့ရ၏။

အုန်းသီး၊ ငှက်ပျောသီး၊ ရှုံချည်ကြိုး၊ ဟာရီလား သောက်ထားသော ဘီဒီ ဖက်လိပ်တို့နှင့်တကွ ကုလားများစားသော ကွမ်းသီးခြမ်းကိုစား၍ ထွေးထားသော တံတွေးများကိုလည်း ထွေးခံထဲတွင် ထင်ရှားစွာ တွေ့ရလေ၏။ အင်စပိတ်တော်သည် ဒေါက်တာသောင်းထိုက်၏ စစ်လျှောက်ယူဆပုံကို သဘောကျစပြုလာ၍ လှေကားထိပ်ပေါ်ရှိ ရော်ဘာ ဖိနပ်ပေါင်းတစ်ရန်တွင် ဖနောင့်နှင့် အောက်ခုံတို့၌ ရွှံ့အစအနများ တွေ့သည်နှင့် တိုင်းထွာကြည့်ရှုသောအခါ မြောင်းထဲတွင် တွေ့ခဲ့သော ခြေရာနှင့် တစ်တိုင်းတည်း ကိုက်ညီနေလေ၏။ အင်စပိတ်တော်သည် စိတ်ထဲက ဖြစ်ပွားခဲ့မိသည်များကို နောင်တရခဲ့သည့်အလား ဒေါက်တာသောင်းထိုက်အား တောင်းပန်မည်အပြုတွင်



အိမ်ရှေ့တံခါးပေါက်မှ ချောင်းဟန့်သံနှင့် တကွ သော့ခလောက်ဖွင့်သံများကို ကြားရလေ၏။

တံခါးကို ဖွင့်၍ လန့်အော်မည်ပြုသူမှာ အာရုံဆွမ်းကပ်ပြီး၍ အိမ်သို့ ပြန်လာခဲ့ပြီးနောက် မိမိဆောင်ထားသော သော့အပိုတစ်ချောင်းနှင့် ဖွင့်ဝင်နေသူ ဦးပေါ်လာ၏ဇနီး ဒေါ်စိတ်ကောင်းပင် ဖြစ်လေသည်။

ဒေါ်စိတ်ကောင်းမှာ ထိတ်ထိတ်လန့်လန့် အယောင်ယောင် အမှားမှားဖြစ်ပြီးနောက် မိမိ၏လင်ယောကျ်ားမှာ ကျောက်ကုန်သည် ဦးပေါ်လာဖြစ်၍ ညရထားနှင့် ရန်ကုန်သို့ လိုက်သွားကြောင်း ပြောပြလေ၏။ ဦးပေါ်လာ၏ လုပုံစံကို အမြို့မြို့အရွာရွာရှိ ပုလိပ်ဌာနများသို့ သံကြိုးဖြင့် သတင်းပေးပို့လိုက်ရာ သုံးရက်အတွင်းတွင် ဦးပေါ်လာကို ကျိုက်လတ်မြို့တွင် ပစ္စည်းနှင့် တကွ လက်ပူးလက်ကြပ် ဖမ်းဆီးရမိလေ၏။

သို့သော် ပုလိပ်အရာရှိများသည် တရားခံကို ကျိုက်လတ်မြို့မှ ရန်ကုန်မြို့သို့ ဆောင်ယူလာကြစဉ် တရားခံသည် ကူးတို့သင်္ဘောပေါ်မှ လက်ထိပ်နှင့်တကွ ရေထဲသို့ ခုန်ချလိုက်လေ၏။ ပုလိပ်များသည် သင်္ဘောကို ချက်ခြင်းရပ်စေ၍ တွဲသမ္ဗန်ကလေးဖြင့် မြစ်ရိုးတစ်လျှောက် အနှံ့အပြား လိုက်လံရှာဖွေကြသော်လည်း မတွေ့ရတော့ချေ။ အကြောင်းမူကား တရားခံသည် ပုလိပ်လက်မှ လွတ်မြောက်အောင် ကြိုးစားခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုယ် အဆုံးအစ စီရင်လိုက်ခြင်း ဖြစ်ပေသောကြောင့်တည်း။ သို့ဖြစ်၍ အလောင်းပုပ်သဖြင့် ပေါ်လာသောအခါမှ တွေ့ကြရသည်နှင့် ပုလိပ်ဘက်က လက်ထိပ်ကိုဖြုတ်ယူပြီးလျှင် မယား ဒေါ်စိတ်ကောင်းက အလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်လိုက်ရလေ၏။

ထွန်း။ ။"သံလမ်းဘေးမှ တွေ့တဲ့ ရှုံချည်ကြိုးစအကြောင်းဟာက ကောင်းကောင်း မရှင်းပေါင်ဗျာ"

ထိုက်။ ။"ကိုပေါ်လာက ဘာဘူအလောင်းကို ထမ်းယူလာတုန်းက လက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မအားလေတော့ အထုပ်နဲ့ထီးကို တွဲချည်ပြီး ပခုံးမှ သိုင်းယူလာခဲ့ဟန် တူတယ်၊ ဒါနဲ့ ရှုံချည်ကြိုးကို သံလမ်းရောက်လို့ ဖြတ်လိုက်တော့ ချည်ထားတဲ့ အထုံးတည့်တည့်ကြီးဖြစ်လို့ အကွင်းလိုက်ကလေး ပြုတ်ကျလာလို့ ဖြစ်မှာပေါ့"

ထွန်း။ ။"သြော် ဟုတ်ပြီဗျို့"။ ။

BURMESE CLASSIC .com

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၄

# မယားကြီး သတ်မှု

www.burmeseclassic.com

www.burmeseclassic.com

မှရင်း 'The Blue Sequin' by Richard A. Freeman ကို မြန်မာမှုပြုသည်။ *

* မြသန်းတင့်၏ 'နှစ်တစ်ရာ ကမ္ဘာ့စုံထောက်ဝတ္ထုတိုများ' ပထမတွဲ (ဂုဏ်ထူးစာပေတိုက်၊ ၁၉၈၉) တွင် ဘာသာပြန်ဖော်ပြခဲ့သည်။

BURMESE CLASSIC .com

## [၁] မီးရထားတွဲပေါ်မှ မိန်းမအလောင်း

နောင်ဖြစ်လတ္တံ့သောအကြောင်းကို ဗေဒင်ကိန်းနက္ခတ် ကြိုဟ်စီးကြိုဟ်နင်း တိတ်နိမိတ်တို့ဖြင့် ရှေးအဖို့က တင်ကြို၍ ဟောပြောခြင်းတို့မှာ မှန်သည်လည်း ရှိ၏။ မှားသည် လည်းရှိ၏။ မှန်သော် "ဟောထားသားပဲ၊ ပြောထားသားပဲ" ဟု ပြောလေ့ရှိကြ၏။ မှားသော် ဆိတ်ဆိတ်နေတတ်ကြ၏။ သို့ကြောင့် မှန်သည်ကိုသာကြားရ၏။ ဤအကြောင်းနှင့် ပတ်သက်၍ ရှေးက ဖတ်မိ မှတ်မိသည်များကို ပြန်လှန်စဉ်းစားမိလေသည်။

'ကိုင်ရို' (Cheiro) အမည်ရှိသော ကမ္ဘာကျော်ကြားအောင် ထင်ရှားသော အီတလီယံ နက္ခတ်ဗေဒင်ဆရာကြီးတစ်ဦး ဟောကြားခဲ့သော အကြောင်းအရာများကို ၁၉၃၂ ခုနှစ်လောက်က ဖတ်ဖူးမိလေသည်။ ၎င်းစာအုပ်မှာ ၁၉၂၅ ခုနှစ်လောက်တွင် ရိုက်နှိပ်သည်ဟုမှတ်မိ၏။ ထိုစာအုပ်တွင် ရေးသားထားသော အကြောင်းအရာများ မှန်ကန်ကြောင်း သိရှိရ၏။ ထူးခြားစွာ မှန်သည့် အချက်တစ်ခုမှာ မကြာမီနှစ်အတွင်းက ဝေလမင်းသားအဖြစ်ဖြင့် တိုင်းခန်းလှည့်လည်၍ ရောက်ရာ တိုင်းနိုင်ငံတိုင်းတွင် လေးမြတ်ကြည်ညိုကြသော အိမ်ရှေ့မင်းသားသည် မထင်ရှားသော မိန်းမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အတွက် ထီးနန်းကို စွန့်လိမ့်မည်ဟု ထိုစဉ်က ဟောကြားထားသည်ကို မည်သူက ဖြစ်နိုင်မည်ဟု တွေးထင်ဖွယ် အကြောင်းရှိမည်နည်း။ သို့ပါလျက် 'အဒွမြောက်ဒွက်' (Edward VIII) ဘုရင်အဖြစ်နှင့် နန်းသက် တစ်နှစ်အကြာတွင် မှန်ကန်ကြောင်း ထင်ရှားလေသည်။

ဤအကြောင်းမျိုးနှင့် ပတ်သက်၍ ရဟန်းပညာရှိ၊ လူပညာရှိ၊ သဘင်သည်၊ အရှုးစကား၊ ကလေးပါးစပ်က ထွက်သည့်အတိတ်တို့မှာ မှန်တတ်သည်ဟု ဆိုကြ၏။ မကြာမီက သတင်းစာတစ်စောင်တွင် ဒေါက်တာဘမော်ကို ဖမ်းသောသတင်းနှင့် ပတ်သက်၍ ၎င်းအား မြန်မာပြည်မှ ပင်စင်ယူ၍ ဘိလပ်သို့အပြန် သင်္ဘောဆိပ်တွင် ဘဏ္ဍာတော်မင်းကြီးဟောင်း 'ဆာသောမတ်စ် ကောက်ပါ' (Sir Thomas Coupar) က နှုတ်ခွန်းဆက်သရာတွင်–

"ဒေါက်တာဘမော်၊ ကျုပ်အခု ရာထူးလက်ရှိမဟုတ်တော့ဘူး၊ လူလွတ်အနေနဲ့ တစ်ခုတော့ပြောခဲ့မယ်၊ ခင်ဗျားတော့ မြန်မာပြည်နန်းရင်းဝန် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ထောင်နန်းစံရမယ်"

ဟု ပြောဖူးသည်ဆို၏။ ထိုအခါ ပြက်ရယ်စရာစကားပင် ရှိစေဦး၊ သူပြောသည့်အတိုင်း ဒေါက်တာဘမော်မှာ နန်းရင်းဝန်လည်း ဖြစ်ခဲ့လေပြီ။ ယခု ထောင်နန်းလည်း စံရလေပြီ။ ထိုပုဂ္ဂိုလ်ပြောသော စကားနှစ်ခွန်းလုံးပင် မှန်နေကြောင်းနှင့် ပါလာသည်ကို တွေ့လိုက်ရ၏။

သို့ကြောင့် ရှေ့မီ နောက်မီ တကယ့်ပညာရှိ ပုဂ္ဂိုလ်များမဖြစ်မီက ပြောဟောသော စကားမှာ မဖြစ်နိုင်ဘူးဟု အယူမရှိပေရာ–

ဖြစ်တတ်သည့် အကြောင်းတစ်ချွှက် အော–၁၄ွှက်တွင်ဖော်ပြပေအံ့။

အရေးတကြီး ခဲယဉ်းသော စုံထောက်မှုများကို ဒေါက်တာသောင်းထိုက်သို့ အပ်နှံတိုင်း ကျွန်ုပ်သည် လိုက်ပါ၍ ဆောင်ရွက်လေ့ရှိရာ ယခုအမှုတွင်မည်သည့်ကိစ္စဟူ၍ တစ်စုံတစ်ရာ မသိရဘဲ မိတ်ဆွေကြီး ဦးသောင်းထိုက်နှင့်အတူ ခရီးသွားရန် ရန်ကုန်ဘူတာကြီးသို့ လာခဲ့ကြ၏။



ကျွန်ုပ်တို့ ပစ္စည်းများကို ဒုတိယတွဲထဲတွင် ထည့်ပြီးနောက် ဒေါက်တာသောင်းထိုက်သည် 'ပလက်ဖောင်း' ပေါ်တွင် လမ်းလျှောက်လျက် ဝင်ပေါက်...ကိုသာ လည်ပင်းတရှည်ရှည်နှင့် မျှော်လျက်ရှိလေရာ (ထွက်ချိန်မတိုင်မီ) ၅ မိနစ် ခေါင်းလောင်းထိုးသော်လည်း ချိန်းသည့်သူ မရောက်၊ ၎င်းနောက် ...ဘ်ဗိုလ်က 'ဝီဆီ' မှုတ်၍အလံစိမ်းပြသော်လည်း အရိပ်အယောင် မမြင်သည်နှင့် မီးရထားထွက်စပြုသည်တွင် ဒေါက်တာသောင်းထိုက်သည် စိတ်...ကျက်စွာနှင့် တွဲပေါ်သို့ တက်လေ၏။

တွဲပေါ်ရောက်သောအခါ ပြတင်းပေါက်မှ ခေါင်းပြူကြည့်ပြီးလျှင်–

"အဲဟိုလူများလား မဆိုနိုင်ဘူး၊ သူ့ငါမသိ ငါ့သူမသိနဲ့ ဟို နောက်ဆုံးတွဲတော့ လူတစ်ယောက် ပြေးတက်ထာပဲ"

ဒေါက်တာသောင်းထိုက်နှင့် ဆုံကြဖို့ ချိန်းသောသူမှာ အထက်တန်း...ရှ့နေ ဦးထွန်းလှဖြစ်လေသည်။ ရန်ကုန်မြို့တွင် ဝတ်လုံ၊ ရှေ့နေ၊ ရှေ့ရပ်...များလွန်းသဖြင့် နာမည်သာကြားရ၍ လူကိုမမြင်ဖူးသူ အများပင် ရှိလေသည်။

လွန်ခဲ့သည့် ည ၉ နာရီခွဲ အချိန်လောက်တွင် ဒေါက်တာသောင်းထိုက်...ရုပ်ရှင်ဓာတ်ကားကြည့်ရန် အိမ်မှထွက်သည့်အခိုက် ဧည့်သည်တစ်ယောက်သည် တပည့်အား အောက်ပါစာကို ရေးသားပေးခဲ့လေသည်။

"အရေးကြီးသော အမှုတစ်မှုတွင် စုံထောက်ပေးစေလိုပါသည်၊ ကုန်ကျသမျှစရိတ်ကို ကျေနပ်အောင်ပေးပါမည်၊ ဆောင်ရွက်နိုင် မဆောင်ရွက်နိုင်ကို နက်ဖြန်နံနက် ၆ နာရီမခွဲမီအတွင်း တယ်လီဖုန်းနှင့် ပြန်ကြားစေလိုပါသည်"

ထွန်းလှ
အထက်တန်းရှေ့နေ
တယ်လီဖုန်းနံပါတ် ၁၇၇၅

www.burmeseclassic.com

www.burmeseclassic.com



နောက်မနက် တယ်လီဖုန်း ဆက်ပြောသောအခါ အမိန့်တော်ရမင်း ကိစ္စ အရေးကြီး၍ ထွက်သွားကြောင်း၊ ဒေါက်တာသောင်းထိုက်ထံမှ တယ်လီဖုန်းလာလျှင် ၇ နာရီ ၄၅ မိနစ် ရထားနှင့် တိုက်ကြီးသို့လိုက်ရန် ဘူတာရုံမှာ ဆုံပါမည်ဟု မှာထားခဲ့ကြောင်းနှင့် သူ၏စာရေးထံမှ အကြောင်းပြန်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အား ချိန်းခေါ်သော အထက်တန်း ရှေ့နေကြီး ဦးထွန်းလှမှာ မီးရထားပေါ်တွင် လိုက်ပါလာသည် မလာသည်ကိုမျှ မသိရဘဲလျက် ထွက်ခဲ့ကြလေ၏။

ထိုက်။ ။"အမှုသွား အမှုလာ တစ်စုံတစ်ရာ မသိရတာထားလိုက်ဦး၊ ဘာအမှု စုံထောက်ရမယ်လို့မျှ မသိရဘဲ 'လေဖမ်း- ဝါးလုံးတန်းချည်' သလိုဖြစ်နေပြီကော ဦးသာထွန်းရဲ့၊ စိတ်များ ပျက်ပါပြီ"

ဟု မြည်တွန်တောက်တီးလျက် ဒေါက်တာသောင်းထိုက်သည် ဝယ်ယူလာသော သတင်းစာကိုဖြန့်၍ ဖတ်လေ၏။

ကျွန်ုပ် (ဦးသာထွန်း)။ ။"ဟိုရောက်လို့ လူတောက်လို့မှ မတွေ့တော့မှ ဘုန်းကြီးနှစ်ခါရှက် ဖြစ်နေပါဦးမယ်"

ထိုက်။ ။"ဟိုအရင်တစ်ခါလိုလား၊ ဟိုလိုတော့ မဖြစ်တန်ကောင်းပါဘူး။ ဟိုတုန်းကဟာက ပစ်စာသဘောမျိုးနဲ့ ကျုပ်တို့ အကူအညီကို တစ်ဖက်က ရမှာစိုးလို့ ကျုပ်တို့ကို ဟိုနေ့ဟိုရက် ရန်ကုန်မှာ မရှိအောင် လှည့်ထုတ်တာပဲ၊ အောင်မယ် ဦးသာထွန်းကြည့်စမ်း"

ဟုပြော၍ သတင်းစာကို ကျွန်ုပ်ဘက်သို့ လှည့်ပြလျက်-

"မီးရထားတွဲထဲတွင် မိန်းမသတ်မှုကြီး' ဆိုပါကလား၊ တယ်သောင်းကျန်းနေပါကလား"

ဟု ပြောသည်နှင့် ကြည့်လိုက်သောအခါ အောက်ပါသတင်းကို တွေ့မြင်ရလေသည်။ ထိုသတင်းမှာ (Stop-Press) စက်ရပ်ပြီးထည့်သော သတင်းဖြစ်လေသည်။



"မနေ့က နေ့လည် တစ်ချက်တီး အစုန်ရထား ဒုတိယတန်းတွဲထဲတွင် ကြမ်းကြုတ်ရက်စက်စွာ သတ်ထားသော မိန်းမအလောင်းတစ်လောင်းကို တိုက်ကြီးဘူတာ ရထားရပ်နေစဉ်၊ ရထားလိုက် အမှုထမ်းတစ်ယောက် တွေ့ရှိကြောင်း၊ သေသူ၏ ပုံပန်းသဏ္ဌာန်မှာ လက်ဝတ်လက်စား အပြည့်အစုံနှင့် တင့်တယ်စွာ ဝတ်ဆင်ထားသော မင်းကတော် စိုးကတော်ဟန် အထက်တန်းစား အသက် ၃၅ နှစ်ရွယ် မြန်မာမိန်းမတစ်ယောက်ဖြစ်ကြောင်း၊ မီးရထား ဒုတိယတွဲ ဝင်ပေါက် ထွက်ပေါက် ကြမ်းပေါ်တွင် သွေးကွက်များ အိုင်ထွန်းလျက် လဲနေကြောင်း၊ မီးရထားဆရာဝန်လည်း အဆင်သင့် ရထားမှာ လိုက်ပါလာသည်နှင့် ချက်ချင်း ဝင်ရောက်ကြည့်ရှုရာ အသက်မရှိကြောင်း တွေ့ရှိသည့်ပြင် အသက်ကုန်သည်မှာလည်း တစ်ခဏမျှရှိသေးကြောင်း၊ ဒဏ်ရာမှာ လက်ယာဘက် နားထင်မှ ဖောက်ထွင်း၍ ဦးနှောက်များ ထွက်နေကြောင်း၊ လက်နက်မှာ ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် ချွန်ထက်သော အဖျားရှိလျက် အလုံး တစ်လက်မခွဲ နှစ်လက်မမျှ ရှိဟန်တူသည်ဟု ခန့်မှန်းကြောင်း၊ ဦးခေါင်းခွံ ပေါက်ကွဲ၍ ဦးနှောက်များထွက်သည်ကို ထောက်သော် ဗလကောင်းသော ယောကျ်ား တစ်အားထိုးထားခြင်းဖြစ်ဟန်တူကြောင်း၊ လက်ဝဲဘက် နားထင်နှင့် ပါးမှာလည်း အညိုအမည်းစွဲလျက် တုတ်နှင့်ရိုက်ထားသော ဒဏ်ရာတစ်ချက်လည်း တွေ့ရှိကြောင်း၊ အဖိုးတန် စိန် ရွှေ လက်ဝတ် လက်စားများလည်း ဝတ်ဆင်လျက် မိန်းမဆောင် လက်ကိုင်သားရေအိတ်အတွင်းတွင် ငွေနှင့်တကွ အဝတ်အစားများ လက်ရာမယွင်းရှိနေကြောင်း၊ ထို့ကြောင့် ပစ္စည်းကိုလို၍ သတ်သည့် လက္ခဏာမရှိကြောင်း၊ သို့သော် ဆိုင်ရာပုလိပ်တို့က တရားခံကို ဖမ်းဆီးလိုက်ပြီဟု သိရှိရကြောင်း"

ကျွန်ုပ်။ ။"နေ့ကြောင်တောင် သည်လောက် ရဲတင်း ရက်စက်ဝံ့တာ ဘာအငြိုးများလဲ ပစ္စည်းလိုလို့မဟုတ်လျှင်"

ထိုက်။ ။"သည်အတိုင်းဆိုတော့ တံခါးမရှိ ဓားမရှိ တရားလွှတ်ဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သို့သော်လည်း သတင်းက အားလုံးစုံသေးမည့် လက္ခဏာမရှိဘူး၊ သေနတ်ဒဏ်ရာမဟုတ်လျှင် ဘယ်လို လက်နက်မျိုးနဲ့ ခေါင်းခွံပေါက်အောင် ထိုးနိုင်သလဲ၊ ဒီလက်နက်မျိုးကို မည်သူကိုင်တတ်သလဲ၊ ခိုးမှု တိုက်မှု လုယက်မှုမဟုတ်ဘဲ တစ်ဦးတစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းဟာ တော်တော်ကြီးတဲ့ ရန်ငြိုးဖြစ်ရမယ်၊ အဲ သည်အချက်တွေကိုလည်း စဉ်းစားကြရလိမ့်မယ်"

ကျွန်ုပ်။ ။"သည်ဒဏ်ရာနဲ့တိုက်ဆိုင်တဲ့ လက်နက်ကလည်း အရှားသားပဲ"

ထိုက်။ ။"သတ္တုရှာဖွေတဲ့လူများကိုင်တဲ့ တစ်ဖက်ချွန်တူမျိုးနဲ့ ပေါက်ချွန်းမျိုးသာ သည်ဒဏ်ရာမျိုး ရနိုင်တယ်"

ဟု ပြောပြီးနောက် ဦးသောင်းထိုက်သည် ပြတင်းပေါက်ဘက်ကို ငေးလျက် စဉ်းစားပြီးလျှင် တွေးဆ၍ ရသမျှအချက်ကလေးများကို မှတ်ပုံတင်စာအုပ်ကလေးထဲတွင် ခဏခဏ ရေးသား မှတ်ထားလေ၏။

## [၂] ငယ်မယား

ကြည့်မြင်တိုင်ဘူတာသို့ ဆိုက်ရောက်သောအခါ ခံ့ညားစွာ ဝတ်ဆင်ထားသော ၄၀ ရွယ် လူတစ်ယောက်သည် လက်ဆွဲသားရေအိတ် တစ်လုံးကို ဆွဲကိုင်လျက် ရထားစီးခရီးသည်များကို လိုက်ရှာဟန်ဖြင့် တွဲတိုင်းကို ကြည့်ကာ ကြည့်ကာဖြင့် နောက်ပိုင်းတွဲဆီမှ လျှောက်လာလေ၏။ ကျွန်ုပ်တို့တွဲသို့ရောက်သောအခါ ကျွန်ုပ်တို့ မျက်နှာကို တစ်ယောက်ပြီး တစ်ယောက် စေ့စေ့ကြည့်ပြီးလျှင်–

"ဦးသောင်းထိုက်"

ဟု ခေါ်လေရာ–



"ဟုတ်တယ်၊ ကျွန်တော်ပါပဲ၊ ဦးထွန်းလှ မှတ်တယ်"

ဟု ကျွန်တော်က ပြန်ပြောသောအခါ ကျွန်ုပ်တို့ မိတ်ဆွေက ဟုတ်ကြောင်းကို ခေါင်းညိတ်ကာ ဝန်ခံ၍ တွဲပေါ်သို့ တက်လာလေ၏။

ဦးထွန်းလှ။ ။"သတင်းစာမှာ တွေ့ပြီ ဟုတ်လား၊ ကျွန်တော့်ညီကို ညကပဲ သမ်းတယ်၊ အမှုဒုက္ခ အကြီးအကျယ်တော့ တွေ့နေပကော၊ တတ်အားသရွေ့ ကူညီစေလိုပါတယ်၊ ငွေကုန်ချင်သလောက် ကုန်ပါစေ"

ထိုက်။ ။"ဘာအမှုနဲ့ ပတ်သက်လို့လဲ"

လှ။ ။"အော် ဟုတ်ပေသား၊ ပြောမှ မပြောရသေးဘဲ၊ ကျွန်တော့်မှာလည်း ဆိပ်မြွေကိုက်သလို မွှန်နေလို့ပါ၊ တိုက်ကြီးဘူတာ ဒုတိယတွဲထဲမှာ မိန်းမ တစ်ယောက် သတ်ထားတယ်ဆိုတာ မတွေ့မိဘူးလား"

ထိုက်။ ။"အော် ဟုတ်ကဲ့၊ အခုတင်ပဲ တွေ့မိပါတယ်၊ ပြောပါဦး"

လှ။ ။"သူ့အတွက် အင်မတန်မှ နှလုံးမသာမယာ ဖြစ်နေပါတယ်၊ သေတဲ့ မိန်းမက ဂီတာ–သန်းသန်း ဆိုတာပေါ့။ ကျွန်တော့်ညီ မောင်ထွန်းဘနဲ့ ညားခဲ့တယ်။ ကျွန်တော့်ညီက သာယာဝတီမှာ တောအုပ်၊ သမီးကလေး တစ်ယောက်ရပြီး ကွဲနေတာပဲ။ သမီးကလေး အခု ၆ နှစ်သမီးရှိပြီ၊ ကလေး စရိတ် ရုံးကလျှောက်တောင်းလို့ တစ်လ ၂၀ ပေးနေရတယ်၊ ကလေးကိုတော့ ကျောင်းအိပ်ကျောင်းစားထားပြီး သည်မိန်းမက ဟင်္သာတက ရာဇဝတ်အုပ်ကလေးတစ်ယောက်နဲ့ မထင်မရှား အတူတူနေတယ်ဆိုပါတော့"

ထိုက်။ ။"လင်မယား သဘောမျိုး မဟုတ်ဘူးလား အခု နောက်လူနဲ့က"

လှ။ ။"အတည်လင် သဘောမျိုးလည်း မဟုတ်ဘူး၊ သည်မိန်းမ ရာဇဝင်က တော်တော်ရှုပ်တယ်၊ မကြားဖူးဘူးလား"

ထိုက်။ ။"အမှတ်မထားမိဘူး"

လှ။ ။"မောင်ထွန်းဘနဲ့တုန်းကလည်း သည်လိုပဲ၊ သူ့အိမ်မှာ ထမင်းလခပေးစားရင်းနဲ့ ကလေးတစ်ယောက်သာရရော၊ ညီတော်မောင်သိစ်တော

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်တော့ သူမလိုက်လျှင် ရှိပါစေဦး၊ အလုပ်ရလို့ နယ်ထွက်တော့လည်း သူများမိန်းမလို ခုံခုံမင်မင်နဲ့ လင့်နောက်လည်း မလိုက်ဘူး၊ ရန်ကုန်အိမ်မှာ အတီးအမှုတ် အပေါင်းအဖော်နဲ့ ပျော်နေတာပဲ။ အဲ–ဒါကြောင့်ပေါ့ 'ဂီတာ' ဆိုတဲ့ စောင်းအတီးကောင်းလို့ 'ဂီတာ–သန်းသန်း' လို့ လူတိုင်းသိတာ။ နာမည်ရင်းက သန်းမြတဲ့၊ ညီတော်မောင်နဲ့ ညားတာလည်း ကျောင်းသားဘဝက တီးရင်း၊ မှုတ်ရင်း အကြောင်းအပေါင်းသင့်ပြီး အိမ် ထမင်းလခပေးစားတဲ့အဖြစ်က လွန်ကျူးကြတဲ့ လက္ခဏာပဲ"

ထိုက်။ ။"နို့ တောအုပ် မောင်ထွန်းဘက နောက်အိမ်ထောင်နဲ့လား"

လှ။ ။"နောက်အိမ်ထောင်ပြုရခြင်းက သူ့ကို အဆိုးမဆိုသင့်ပေဘူး၊ မိန်းမက ခေါ်လို့တောင် တစ်ခေါက်တလေမှ လိုက်မလာတာကဘဲ"

ထိုက်။ ။"သူတို့ရွယ်တူပဲလား"

လှ။ ။"မဟုတ်ပါဘူး၊ မိန်းမက လေး ငါးနှစ် အနည်းကလေး ကြီးတယ်၊ ညီတော်မောင်က အခုမှ ၂၈ နှစ်ရှိသေးတယ်"

ထိုက်။ ။"သူတို့စိတ်ထားက ဘယ်နှယ့်လဲ၊ လင်ခန်း မယားခန်း ပြတ်ရုံရရဲ့လား"

လှ။ ။"မိန်းမကတော့ ပြတ်ဆို ဘာပြောစရာရှိသလဲ၊ ပြတ်လို့သာ ဟိုလူဒီလူနဲ့.. မပြောကောင်းပါဘူးလေ"

ထိုက်။ ။"ညီတော်မောင်ကတော့ မပြတ်ဘူး ဆိုလိုသလား"

လှ။ ။"ပြတ်တယ်တော့ ပြောတာပဲ၊ သူ့စိတ်ထဲတော့ ဘယ်သိမလဲ"

ထိုက်။ ။"ကလေးရလို့ ကွဲပြီးတဲ့နောက် လူချင်း မတွေ့မဆုံဖူးဘူးလား"

လှ။ ။"ကလေး စားစရိတ် လျှောက်တောင်းတုန်းက ရုံးပေါ်မှာမျက်နှာချင်းဆိုင်မိပြီးနောက် မတွေ့ဘဲ နေလိုက်တာ၊ အဲ မနေ့က မီးရထားပေါ်မှာ တစ်တွဲတည်း ဆုံမိကြတယ်ပြောတာပဲ"

ထိုက်။ ။"အင်း ဆုံမိပုံ ပြောပါဦး"



။"သည်လိုဗျ၊ ကျွန်တော့်ညီက မနက်စောစော ကိစ္စရှိလို့ သာယာဝတီ လက်ပံတန်းကို မနက် ဘတ်စ်ကားနဲ့ လိုက်သွားတယ်၊ သည်ကနေ့ကို ဖလုံကနေပြီး တောတက်စရာရှိတယ်။ သည်တော့ သူတပည့်များကို ငါ ရထားနဲ့ ဖလုံပြန်လိုက်မယ်။ မင်းတို့ သာယာဝတီဘူတာက ပစ္စည်းများ စောင့်ကြလို့ မှာခဲ့တယ်။ လက်ပံတန်းမှာ မီးရထားဆိုက်တော့ ရှေ့တွဲတွေ လူကျပ်နေတာနဲ့ ဟို နောက်ဆုံးက ဟသံ္တာဘက်က ဆက်တဲ့ ဒုတိယ တွဲကို တက်စီးတယ်။ အဲသည် တွဲထဲမှာ သူ့မယားဟောင်း သန်းမြနဲ့ ဆုံမိ တယ်၊ ကောင်မက သူ့နောက်အကောင်နဲ့ ဟသံ္တာမှာနေရာက ရန်ကုန် အလိုက်နဲ့ တူပါတယ်။ တွေ့ကြတော့ ကတောက်ကဆ စကားများကြ တယ်၊ အဲသလို ရှုရှုအောင့်အောင့်နဲ့ပဲ ရထားထွက်လာလို့ သာယာဝတီ ရောက်တော့ တပည့်များက ရှေ့တွဲမှာ မတွေ့တော့ တို့ဆရာ မပါလာဘူး ထင်နဲ့ ပစ္စည်းတွေကို တင်နေကျအတိုင်း တတိယတွဲထဲမှာ သူတို့နဲ့ အတူ ဘူး။ မီးရထားထွက်ခါနီးမှ သူတို့ဆရာကို နောက်ဆုံးတွဲမှာ ပါတာ မှ ဆရာစီးတဲ့ တွဲမှာပဲ ကပျာကယာ ထိုးတင်ကြ သူတို့လည်း တက်ကြ၊ ဆယ်ကျတော့ သူတို့ကတော့ တတိယတွဲပြောင်းစီးတယ်၊ ပစ္စည်းတွေက ဒုတိယတွဲမှာပဲ ထားခဲ့တယ်။ သည့်နောက် ရထားထွက်လာတော့ တော့်ညီက သူပေးတဲ့ရွှေကြိုးနဲ့ 'လော်ကက်' (Locket) သီးကလေးကို တောင်းတယ်။ သည်လိုဗျ၊ သူတို့ပေါင်းသင်းနေစဉ်က သန်းမြမွေးနေ့ ရောက် ကြုံကြိုက်တဲ့ တစ်နေ့မှာ ညီတော်မောင်က သူတို့စုံတွဲ ဓာတ်ပုံထည့် လက်ဆောင်အဖြစ် ပေးတယ်။ နောက်သမီးကလေး မွေးလာတော့လည်း ထဲမှာ သမီးကလေး ဓာတ်ပုံပါ ထည့်ဆွဲထားတယ်။

"အဲဒါ အခု လည်ပင်းမှာ မြင်တော့ အဖိုးထိုက်တန်လို့တော့ မဟုတ် ဘူး၊ 'နှင်လိုမိန်းမ ငါ့ဓာတ်ပုံနဲ့ ငါ့သမီးဓာတ်ပုံနဲ့ မတန်ဘူး၊ ပြန်ပေးပါ' မခံချင်တဲ့သဘောနဲ့ တောင်းတာကို 'သည်ဟာမျိုး ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကန်းကန်း နင့်ပုံလည်း ငါ့လည်ပင်းမှာ မဆွဲချင်ပါဘူး' လို့ပြောပြီး လည်ပင်းက ဆွဲဖြုတ်ပစ်ချပြီး ခြေနဲ့နင်းမယ်လုပ်တော့ ညီတော်မောင်က ဦးအောင်ကောက်ယူပြီး ရုပ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သတဲ့၊ ဒါနဲ့ ဖလုံ ဘူတာရောက်တော့ သူ ဆင်းနေရစ်တာပဲ။ သည်ညနေ ဖလုံဘူတာ ဗိုလ်တဲမှာ သစ်တောဘက်ဆိုင်ရာ တောခေါင်း တောကြပ်များနဲ့ အလုပ်ဝတ္တရားဆိုင်ရာ မေးစမ်းရေးသားပြီး မနက်စောစော သစ်တောရှိရာ တောင်ခြေတက်မယ်လို့ ညထမင်းစားသောက်ပြီး ဗိုလ်တဲမှာ အိပ်မယ်လုပ်နေတုန်း ဝန်ထောက်ကလေးကိုယ်တိုင် လာဖမ်းတာပဲ"

ထိုက်။ ။"သူသတ်တယ်လို့ ဘယ်လိုအတပ်စွဲပြီး သည်လောက် မြန်မြန် ဖမ်းပုံတဲ့လဲ"

လှ။ ။"သူတို့နှစ်ယောက် စကားများပြီး ခွန်းကြီးခွန်းငယ် ပြောကြတာကို ဟသ်ာတက လိုက်လာတဲ့ မီးရထားအမှုထမ်းနဲ့ လက်ပံတန်းဘက်က အမှုထမ်း နှစ်ယောက်စလုံးက မြင်တယ်။ ဟသ်ာတဘက်က လိုက်လာတဲ့ အမှုထမ်းကိုလည်း သူ့ နောက်အဆက် ရာဇဝတ်အုပ်ကလေးက ဟသ်ာတ ကမ်းနားဘူတာထိအောင် လိုက်ပြီး စောင့်ရှောက်ပါလေလို့ အပ်နှံထည့်လိုက်တယ်။ အဲ-သည့်နောက် အမှုထမ်းအချင်းချင်း တစ်ဆင့်ထပ်မှာလိုက်ပြီး တော့ လက်ပံတန်းဘက်က ရန်ကုန်အရောက် လိုက်တဲ့အမှုထမ်းကလည်း စောင့်ရှောက်လိုက်လာတော့ နောက်ဘူတာတွေမှာလည်း သူတို့ နှစ်ယောက် မသင့်မတင့်ဖြစ်ပြီး စကားများတာကို ဂါတ်ဗိုလ်ကပါသိသတဲ့။ ဒုတိယ အချက်က သည်တွဲထဲမှာ မီးရထားစီးဆိုလို့ သူတို့ နှစ်ယောက်ပဲရှိတယ်၊ သူက ဖလုံဘူတာမှာ ဆင်းတယ်၊ ဖလုံပြီး တိုက်ကြီးဆိုက်တာပဲ။ တိုက်ကြီး မှာ နွားနို့ကောင်းလို့ အမှုထမ်းက လက်ဖက်ရည်များ သောက်မလား မေးရအောင်သွားတော့ ပြတင်းပေါက်က မမြင်လို့ တံခါးဖွင့်လိုက်တော့ မိန်းမ တုံးလုံးလဲနေတာတွေ့တော့ ရုံပိုင်တို့ ဂါတ်ဗိုလ်တို့ခေါ်ပြီး အကြောင်းကြား



သင်

ထိုက်၊ ။"ဒဏ်ရာနဲ့ တိုက်ဆိုင်ဖို့ လက်နက်က"

လှ။ ။"သူတို့သစ်တောဘက်က ဆိုတော့ သစ်သားရွှေစရာ တံဆိပ်တုံး ရာ လက်နက်ကိရိယာ တော်တော်စုံစုံလင်လင်ပါတဲ့အပြင် ရွက်ထည် သောက်တဲ့အခါ မြေကြီးမှာ စိုက်ပြီး ကြိုးချည်ဖို့ သစ်ချွန်၊ ဝါးချွန်၊ သံ ချွန်တွေကလည်း ပါလာတယ်။ သာယာဝတီဘူတာကတက်တုန်းက ဒုတိ တွဲထဲ မီးရထားထွက်မှ အပြေးအလွှားတင်တာ မြင်ကြတာပေါ့။ လက်ပံ တန်းဘူတာ ထမင်းစားပွဲခန်းထဲမှာ သူအရက်သောက်တာကို ဘွိုင်ကုလား က်သေရှိတယ်။ သူတို့သစ်တောဘက်လုပ်တဲ့ လူတွေက ငှက်ဖျား ရမယ် ပြီး အသောက်အစားမကင်းဘူး။ သူ့ကို စုံစမ်းရအောင်သွားတော့လည်း တဲစားပွဲပေါ်မှာ ပုလင်းနဲ့ခွက်၊ သူကလည်း ခပ်ထိုထိုဖြစ်နေတာကို ဝန် ထောက်လေးကိုယ်တိုင် တွေ့တဲ့ပြင် သူ့ကိုရှာတော့ ရုပ်အင်္ကျီအိတ်ထဲမှ ရွှေ အပြတ်နဲ့ လောကက်သီးအတွင်းမှာ သူတို့နှစ်ယောက် ဓာတ်ပုံနဲ့ သမီး လေး ဓာတ်ပုံပါ သက်သေခံပစ္စည်းနှင့်တကွ အစုံအလင်တွေ့နေပါရော ဘူး၊ အမှုကတော့ တန်းနေတာပဲ"

ထိုက်။ ။"သူ့တပည့်များက ဘယ်လိုအစစ်ခံသလဲ"

လှ။ ။"တပည့်များက ဖလုံဘူတာမှာ ပစ္စည်းတွေ သယ်ချတော့ သည် သူတို့ဘက်ကို ကျောပေးပြီး ထိုင်နေတာကို မြင်တဲ့အကြောင်း ထွက် ယ်၊ နို့ပေမယ့် သူ့လက်အောက်က သူ့တပည့်များ ထွက်ချက်ကို အယူရှိ ယ် မဟုတ်လှဘူး"

ထိုက်။ ။"အမှုကို ပုလိပ်မျက်စိနဲ့ကြည့်လျှင် ဖြောင့်စင်းပြီး တန်းနေတာပဲ၊ ထဲမှာမိတဲ့ငါးလိုပဲ လွတ်ထွက်နိုင်စရာ လမ်းမရှိဘူး"

လှ။ ။"ကျွန်တော်လည်း ရှေ့နေလုပ်လာတာ ၁၂ နှစ်ကျော်ပါပြီ၊ ဥပဒေ ကျွန်တော်နားလည်တဲ့အတိုင်းမှာ သက်သေခံနှင့် အမှုသွားအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူမဟုတ်ကြောင်း မငြင်းနိုင်သလောက် ဖြစ်နေတယ်။ သို့သော်လည်း သောက်တတ်၊ စားတတ်ထာကလွဲလို့ သည်အကောင်ဟာ ကိုယ်နဲ့ ပေါင်းသင်းဖူးတဲ့ အကြင်လင်မယားလိုဟာ မဆိုထားနဲ့ လူတစ်ဖက်သားကို သီးသီးရင့်ရင့် နာနာကြည်းကြည်း မပြောတတ်ဘူး။ အင်မတန်လည်း စိတ်ကောင်း သဘောကောင်း ရှိပါတယ်။ ဒါ့သထွက်လို့ ခွေးတောင် နာနာရိုက်တတ်တဲ့ အကောင် မဟုတ်ဘူး။ သူ မလုပ်ရိုးမှန်ပါတယ်၊ သို့သော် ကျွန်တော်ထင်မြင်သလို တရားသူကြီးက အယူရှိဖို့လည်း ခဲယဉ်းတယ်"

ထိုက်။ ။"သည်လောက်လည်း အားမငယ်ပါနဲ့၊ သူမသတ်ရိုးမှန်လျှင် ကမောက်ကမ မဖြစ်စေရပါဘူး၊ သူ့အခု အချုပ်နဲ့လား"

လှ။ ။"ဟုတ်ကဲ့၊ အာမခံအတွက် အခုမှ လျှောက်ထားရမယ်၊ ရမယ်တော့ တယ် မထင်ဘူး"

ထိုက်။ ။"ဒဏ်ရာကို ခွဲစိတ်ကြည့်ပြီးပလား"

လှ။ ။"အလောင်း ရင်ခွဲရုံ ရောက်နေပါပြီ၊ ကနေ့မနက် ဆရာဝန် ခွဲစိတ်ကြည့်မယ် ပြောတာပဲ။ မီးရထားဆရာဝန် ထွက်ချက်အတိုင်းက သည်လောက်ပြင်းထန်တဲ့ ဒဏ်ရာဟာ ဗလကောင်းတဲ့လူ တစ်အားလွှဲထိုးမှ ဦးခွံပေါက်နိုင်တယ်ဆိုတာနဲ့ သူကလည်း ခွန်အားဗလ တော်တော်ပြည့်တင်းတဲ့လူ ဖြစ်နေပြန်တော့ အမှုက သူ့အပေါ်မှာ ပတ်သထက် ပတ်နေတာပဲ"

ထိုက်။ ။"သူက ထွားကျိုင်းသလောက် အရပ်မြင့်သလား"

လှ။ ။"အရပ်ကလည်း မပြောနဲ့တော့၊ သိပ်မြင့်တာပဲ"

ထိုက်။ ။"မသန်းမြကကော အရပ်အမောင်း ဘယ်နှယ်နေသလဲ၊ တော်တော် မြင့်သလား"

လှ။ ။"ကောင်မကတော့ ပုပုပျပ်ပျပ်ကလေးပါပဲ"

ထိုက်။ ။"အင်း သိသင့်သလောက် သိရပါပြီ၊ ကျွန်တော် တတ်အားသရွေ့ ကြိုးစားပါမယ်၊ စိတ်မငယ်ပါနဲ့"

## [၃] ကြိုမ်းစီး ကြိုမ်းနှင်း

ထိုသို့ မေးစမ်းပြောဆိုကြစဉ် တိုက်ကြီးဘူတာသို့ မီးရထား ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် သိုးမွေးစောင်ကလေးကို ခေါင်းမြီးခြုံလျက် တရှုပ်ရှုပ်ငိုနေသော မိန်းမတစ်ယောက်သည် ကျွန်ုပ်တို့ တွဲပေါက်ဝမှ ကြို၍–

"အောင်မယ်လေး– အစ်ကိုကြီးရဲ့ ဘယ်လိုကြံရမလဲ" ဟု ရင်ထဲမှ သက်သာလွန်း၍ ပါးစပ်ကထွက်လာရသော အသံမျိုးနှင့် ရှေ့နေ ဦးထွန်းလှအား ဆီး၍ ငိုပြောပြောသူမှာ တောအုပ် ဦးထွန်းဘ၏ဇနီး မလှငွေဖြစ်ကြောင်း သိရလေသည်။

လှ။ ။"အေး အေး အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့ရသတဲ့၊ သည်လိုအခါ စိတ်တင်းတင်းထားမှပေါ့။ ကံနိမ့်တဲ့အခါ အချုပ်အနှောင် ခံရတာပါ၊ သူက သည်လောက် ရက်စက်ကြမ်းကြုတ် လုပ်တတ်တဲ့လူမှ မဟုတ်ဘဲ၊ ဘုရားနတ်စောင့်သတဲ့။ ဟောသည်မှာ အားကိုးစရာ အမှုကို စောင့်ရှောက်ဖို့ ငါတို့ဘက်က စုံထောက်ကြီး ဒေါက်တာသောင်းထိုက် တစ်ယောက်လုံး ပါလာတယ် မစိုးရိမ်ပါနဲ့"

မလှငွေ။ ။"တောင်ညိုကလေးဘုန်းကြီးက သူ့ကို ကြိုဟ်စီးကြိုဟ်နင်း မလွတ်သေးဘူး၊ နက်ဖြန်ခါမှ လွတ်မယ်၊ ထွက်ခတ် ခတ်တတ်တယ်၊ မိန်းမမှုနဲ့ အချုပ်အနှောင်တောင် ခံရဖို့မြင်တယ်ဟောလို့ သူ့ကို သတိထားပါ ပြောပြောနေတာ။ ဒါကြောင့် မနေ့က ထွက်မယ်ကြံတော့ ကျွန်မလည်း စိတ်လက်မကောင်းလို့ မသွားပါနဲ့ဦး ၂ ရက်လောက်ကလေး ဆိုင်းပါဦးလို့ အတန်တန် တားတာ မရလို့ သည်လိုဖြစ်ရတယ် အစ်ကိုကြီးရဲ့"

လှ။ ။"အေးကွယ်၊ ခုတော့ ဒါတွေပြောမနေနဲ့တော့၊ လာမည့်ဘေးကို အဝေးကမြင်လျှင် ရှောင်ကြမှာပေါ့။ အခုတော့ ခေါင်းရှင်းရှင်းထားပြီး လမ်းရှိသရွေ့ ကြံကြံ စည်ကြဖို့သာ ရှိတယ်။ မင်းအဖော်များနဲ့ တည်းခိုတဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ပြန်ပေတော့၊ မင်းတို့ မိန်းမများ လုပ်နိုင်ကိုင်နိုင်တာ မရှိဘူး”

ထွေ။ ။“ဟုတ်ကဲ့၊ အစ်ကိုကြီးစကား နားထောင်ပါ့မယ်၊ ငွေရေး ကြေးရေး အတွက် ကုန်စရာရှိရင် မညှာပါနဲ့၊ ရှိသမျှ ပစ္စည်း အကုန်ကုန်တောင် ကျွန်မ ခေါင်းက ဆံပင်ဖြတ်ရောင်းပါ့မယ်”

“အေး အေး စိတ်ချပြန်သာ ပြန်ပါကွယ်”

ဟု ဦးထွန်းလှနှင့်တကွ ကျွန်ုပ်တို့ကပါ ကူညီအားပေးသဖြင့် ပြန်ရှာလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဝိုင်းအုံကြည့်နေကြသည့် လူထုထဲမှ ရုံပိုင် အခန်းထဲသို့ ဝင်ပြီးလျှင် မည်သူမည်ဝါဖြစ်ကြောင်း ပြောပြရာ–

ရုံပိုင်။ ။“ဟုတ်ကဲ့ ဦးသောင်းထိုက် ကျော်ကြားကြောင်း မဂ္ဂဇင်း၊ သတင်း စာထဲမှာ ခဏခဏတွေ့ရ ဖတ်ရပါတယ်၊ အကြောင်းအချက်ပေါ်လို့ ယခုလို တွေ့ရခြင်းကို ဝမ်းသာပါတယ်။ တောအုပ်ဦးထွန်းဘကိုတော့ ကိုယ်တိုင်သိပါ တယ်၊ အမိန့်တော်ရမင်းတော့ ခုမှပဲ မြင်ဖူးတယ်၊ ကျွန်တော်တို့လည်း စိတ် မချမ်းသာပါ၊ ကျွန်တော်ကူညီနိုင်တာရှိလျှင် အားမနာပါနဲ့ အမိန့်ရှိပါ”

လှ။ ။“သည်လိုစကား ကြားရတာ ကျေးဇူးတင်ဝမ်းသာပါတယ်”

ဒေါက်တာသောင်းထိုက်ဘက်သို့ လှည့်၍–

“သိလိုတာများရှိလျှင် စုံစမ်းပါ”

ထိုက်။ ။“သိလိုတာတွေတော့ အများကြီးပါပဲ၊ အလောင်းကို ဘယ်သူ ပထမ တွေ့ပါသလဲ”

ရုံပိုင်။ ။“မီးရထားလိုက် အမှုထမ်း တွေ့ပါတယ်၊ တွေ့တွေ့ချင်း ဂါတ်ဗိုလ် ပြောတော့ ဂါတ်ဗိုလ်က ကျွန်တော့်လာခေါ်ပါတယ်”

ထိုက်။ ။“အလောင်းက ဘယ်လို လဲနေပုံလဲ”

ရုံပိုင်။ ။“ဘူတာရုံဘက် တံခါးပေါက်ကို ခြေပြုပြီး တခြားဘက် တံခါး ကို ခေါင်းစိုက်လျက် ကန့်လန့်ကြီး လဲနေပါတယ်၊ မီးရထား ဆရာဝန် ပါ



ဘာနဲ့ တစ်ခါတည်း ခေါ်ပြပါတယ်”

ထိုက်။ ။“မီးရထား ဆရာဝန် ထွက်ချက်က သတင်းစာ အတိုင်းပဲလား”

ရုံပိုင်။ ။“ဟုတ်ကဲ့ သည်အတိုင်းပါပဲ”

ထိုက်။ ။“လက်ပံတန်းနဲ့ သည်ဘူတာကြားထဲမှာ သည်တွဲကို လူဆင်း၊ ကောက် မရှိဘူးလား”

ရုံပိုင်။ ။“သာယာဝတီမှာ တောအုပ်တပည့်များက သူတို့ဆရာကို မြင်မှ ဘောမိအောင် ပစ္စည်းတွေနဲ့ ကမန်းကတန်း ပြေးတက်ကြပြီး သုံးဆယ် ဘာကျတော့ တတိယတွဲ ပြောင်းစီးကြတယ်၊ သည်ကလွဲလို့ သည်တွဲကို ဘယ်သူမှ မတက်ဘူးလို့ ဂါတ်ဗိုလ်ရော၊ အမှုထမ်းရော ပြောတယ်”

ထိုက်။ ။“အရေးကြီးတာက ဖလုံ သည်ဘက် အထူးသဖြင့် တောအုပ် ဆင်းသွားပြီးနောက် သည်တွဲကို လူတက်မတက်”

ရုံပိုင်။ ။“ဖလုံသည်ဘက်မှာ လူမတက်ထာတော့ သေချာပါတယ်၊ တွဲ က ဂါတ်ဗိုလ်တွဲနဲ့ ကပ်နေတယ်၊ ဟိုဘက်တံခါးကိုလည်း ပိတ်ထားတယ်၊ ဒေါ်နဲ့ တိုက်ကြီးကလည်း ကပ်လျက်သား၊ ကြားမှာ အရပ်မရှိဘူး”

ထိုက်။ ။“တစ်တွဲနဲ့တစ်တွဲ ဘေးက ကူးသွားလို့ရသလား”

ရုံပိုင်။ ။“အခုတွဲမျိုးက ကူးလို့မရပါ”

ထိုက်။ ။“ရထားတွဲက ရန်ကုန်ပါသွားတယ်မှတ်တယ်”

ရုံပိုင်။ ။“မဟုတ်ပါ သည်မှာပဲရှိပါတယ်။ သည်လိုပါ၊ ရထားက မူလ ရင်းက ပြည်က မနက်ထွက်လာတဲ့ရထားပါ၊ သည်တွဲက ဟသ်ာတက ကောက်လိုက်လာတဲ့ ‘ပါစင်ဂျာ’ တွေကို သာရဝေါက တင်လာပြီးတော့ လက်ပံ ဆင်းရောက်တဲ့အခါ ပထမတန်းနဲ့ ဒုတိယတန်း အကန့်တစ်ကန့်စီပါတဲ့ တွဲကို ပြည်ရထားမှာ နောက်ဆုံးက ချိတ်ယူလာပါတယ်။ ခါတိုင်းတော့ သည်တွဲကို ဂါတ်ဗိုလ်တွဲရှေ့ကထား ချိတ်ပါတယ်။ သည်တစ်ခါတော့ သည် တွဲက နောက်ဆုံးကျနေတယ်၊ အခုအကြောင်း ဖြစ်လာတော့ ပထမတွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



'ပါစင်ဂျာ' လည်း မပါတော့ အလောင်းနဲ့တကွ သည်မှာပဲ ဖြုတ်ထားခဲ့ပါ တယ်"

ထိုက်။ ။"ဒါဖြင့် သွားကြည့်ရအောင်၊ ဘယ်ဘက်မှာလဲ"

ရုံပိုင်သည် ဘူတာရုံမြောက်ဘက် (ပြည်လမ်းမှ ရထားဝင်သောဘက်) ကို လက်ညှိုးညွှန်လျက်–

"သည်က မြင်တဲ့ကုန်တွဲက ကျွဲ၊ နွား တင်တဲ့တွဲ၊ အဲသည်ဟိုဘက်မှာ ထိုးထားပါတယ်။ တွဲကို ပုလိပ်ဘက်က သော့ပိတ်ထားတယ်၊ အထဲတော့ ဝင်လို့ မရဘူး"

ထိုက်။ ။"အလောင်းကတော့ ယူသွားပြီ မဟုတ်လား"

ရုံပိုင်။ ။"ဆေးရုံရောက်နေပါပြီ"

ထိုက်။ ။"အလုပ်အားရဲ့ မဟုတ်လား၊ လာပါလေ အပြင်ဘက်က ကြည့်ပြီး ကျေနပ်ရသေးတာပေါ့"

ဟု ပြောလျက် ရထားတွဲရှိရာသို့ လျှောက်သွားကြလေ၏။

ဤရထားတွဲကို ပြည်လမ်းဘက်မှ မီးရထားဝင်သောဘက်၊ လမ်းနံဘေးတွင် ကပ်လျက်ရှိသော (Dead Siding)လမ်းခွဲ အတိုကလေးပေါ်တွင် ရပ်တန့်ထားသဖြင့် ပလက်ဖောင်းဆုံးသည်နှင့် တစ်ပြိုင်နက် ကျွဲ၊ နွားတင်သောတွဲ ဟိုဘက်တွင် တွေ့ရလေ၏။

ထိုက်။ ။"သည်တစ်ခါ ပုလိပ်က အတော်ဇွဲစပ်ပါကလား၊ တွဲကို ချိပ်ပိတ်ထားတယ်"

ဟုပြော၍ တွဲကို အပြင်ဘက်မှ လှည့်ပတ်ကြည့်လေ၏။

အတော်ကြာ ကြည့်ပြီးနောက် နင်း၍တက်သော ပျဉ်ပြားပေါ်မှ အမှုန်အစကလေးများကို လက်ညှိုးဖြင့် တို့၍ ကောက်ယူပြီးလျှင် စက္ကူတစ်ရွက်နှင့်ထုပ်၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။ ၎င်းနောက် နင်းခုံပျဉ်ပြားပေါ်သို့ တက်ပြီးလျှင် တံခါးပြတင်းပေါက် တံခါးပေါင်ကို မှန်ဘီလူးနှင့်



ကြည့်၍ ခါးပိုက်ဆောင်ပေကြိုးနှင့် တိုင်းတွာယူလေ၏။

ထိုက်။ ။"ဟိုကောက်ရိုးပုံဟာ ဘယ်တုန်းက မီးလောင်ထားတာလဲ"

ဟု ဝါးသုံးလေးရိုက်အကွာရှိ ပြာပုံကို လက်ညှိုးထိုး၍မေးရာ–

ရုံပိုင်။ ။"အော် သည်ဟာလား၊ ပိတာကုလားရဲ့ နွားစားကောက်ရိုးပုံ မနေ့ကပဲ ပြာကျသွားတယ်၊ အဲသည်ရထားဝင်တဲ့အချိန်မှာ တဟုန်းနဲ့ လောင်ကောင်းတုန်းပေါ့"

ထိုက်။ ။"မနေ့က သည်အချိန်ရထားကို ဖလုံက အချိန်မီအောင် သွားစီးဖို့ တွန်း 'ထရော်လီ' ရနိုင်ပါ့မလား"

ရုံပိုင်။ ။"အခုချက်ချင်းသွားချင်သလား၊ 'ထရော်လီ' က 'အေ ပီ ဒဗလျူ (A.P.W.I) ရထားလမ်းဗိုလ် ထမင်းစားပြန်ချိန် ၁၁ နာရီခွဲ မှ ရမယ်၊ တွေတော့ အပုံကြီးရှိပါသေးတယ်"

ထိုက်။ ။"ဒါဖြင့် အလောင်းကြည့်ရအောင် ဆေးရုံသွားကြစို့"

ဟု ပြောပြီးလျှင် ဘူတာရုံသို့ လှည့်ပြန်လာကြလေ၏။

ပုလိပ် အင်စပိတ်တော်လုပ်သူနှင့် အဆင်သင့် ဘူတာထဲတွင် တွေ့သည်နှင့် တရားခံလက်တွင် တွေ့ရှိသော သက်သေခံပစ္စည်းများကို ကြည့်ရှု ဂါတ်ကို ပထမသွားကြလေ၏။

ဂါတ်သို့ ရောက်သောအခါ အင်စပိတ်တော်သည် တရားခံလက်တွင် တွေ့သော သေသူပိုင် 'လောကက်' သီးနှင့် ရွှေကြိုးပြတ်ကို ကိုင်လျက်–

"ဟောသည်မှာ သေသူနှင့် တရားခံ စုံတွဲဓာတ်ပုံနဲ့ သူတို့သမီးကလေး ဓာတ်ပုံပါ အပြီး လည်ပင်းက ဆွဲဖြုတ်ယူကြောင်း အထင်အရှား၊ သူတို့ ယောက် လက်ပံတန်းကစပြီး လမ်းတစ်လျှောက်လုံး ရန်ဖြစ်လာတာ အထင်အရှား၊ သူ 'ဖလုံ' မှာ ဆင်းတယ်၊ နောက်ဘူတာမှာ မိန်းမသေနေတာ တွေ့ရတယ်၊ ထိုးသတ်တဲ့ လက်နက်ကတော့ ဟောဒါပဲ"

ဟု အရှည်တစ်တောင်ထွာ လုံးပတ်တစ်လက်မရှိ သံချွန်တစ်ချောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြလျက်–

"သည်သံချွန်က သူတို့ရွက်ထည်တဲ ဆောက်တဲ့အခါမှာ ကြိုးဆိုင်းဖို့ မြေမှာစိုက်တဲ့ ငုတ်လို့ ပြောတာပဲ။ သည်တစ်ချောင်းတည်း သံချွန်ပါတယ်၊ သည့်ပြင်ငုတ်တွေက ဝါးချွန် သစ်ချွန်တွေချည်းပဲ။ သည်သံချွန်တစ်ချောင်းတည်း ထူးချွန်ပြီးပါလာတာ ဘာရည်ရွယ်ချက်ဆိုတာ စဉ်းစားကြည့်ပါ"

ထိုက်။ ။"သည်လို ကိုယ့်အတွေးနဲ့ တစ်ဖက်သတ် လမ်းခင်းပြီး အဆင်းတွန်းတဲ့ စကားမျိုး မကောင်းပါဘူး"

ဟု အင်စပိတ်တော်အား သတိပေးလျက် သံချွန်ကိုပေကြိုးနှင့် တိုင်းထွာခြင်း၊ လက်နှင့်ဆခြင်း စသည်ဖြင့် ပစ္စည်းများကို တစ်ခုစီ စေ့ငုအောင် ကြည့်ပြီးနောက် သေသူ၏ အလောင်းကိုကြည့်ရှုရန် ဆေးရုံသို့ သွားကြလေ၏။

ရင်ခွဲရုံအတွင်းသို့ ရောက်သောအခါ ရှေ့နေကြီး ဦးထွန်းလှမှာ စားပွဲတွင် အဝတ်ဖြူနှင့် အုပ်ထားသော အလောင်းကို မကြည့်ဝံ့ဘဲ အပြင်ဘက်သို့ ပြန်ထွက်သွားလေ၏။

ဒေါက်တာသောင်းထိုက်သည် အုပ်ထားသော အဝတ်ကိုလှန်၍ ဒဏ်ရာများကို သေချာစွာ တိုင်းထွာကြည့်ပြီးသကာလ အောက်ပါအချက်များကို ရေးမှတ်လေ၏။

"ဒဏ်ရာမှာ လက်ယာဘက် နားထင်တွင် တစ်လက်မခွဲခန့် ခပ်ဝိုင်းဝိုင်း အပေါက်တစ်ပေါက်မှ ဦးနှောက်များ ထွက်နေသည်။ အနက်မှာ – အနည်းဆုံး နှစ်လက်မ ရှိချေမည်။ ဒဏ်ရာနှုတ်ခမ်းဝရှိ အရေပြားများမှာ အနည်းငယ် ပွန်းလျက် ခပ်ကြမ်းကြမ်းရှိသည်။ ဒဏ်ရာ နှုတ်ခမ်းဝတွင် ရွှေရောင် ဖန်ကွဲစကလေးများ တွေ့ရှိသည်.."

ဤအချက်များကို ရေးမှတ်ပြီးနောက် ဖန်ကွဲစကလေးများနှင့် ပြတ်သတ်၍ ကပ်နေသော ဆံပင်တိုကလေးများကို ဒဏ်ရာနှုတ်ခမ်းဝမှ ဇာဂနာနှင့် ဆွဲယူ၍ စက္ကူချပ်တွင် ထုပ်ယူခဲ့လေ၏။ ၎င်းနောက် လက်ဝဲဘက် နား



...င်နှင့် ပါးတွင် ညိုမည်းလျက် အပေါ်မှအောက်သို့ အလျားလိုက် တွေ့ရှိသော ဒဏ်ရာကို တစ်ဖန် တိုင်းထွာ မှတ်ယူလေသည်။

သေသူ၏ အကျီ၊ လုံချည် အဝတ်အစားများမှာ အမှုအတွက် အရေး...င် လှသော်လည်း 'ဂီတာ သန်းသန်း' အမည်ရ မသန်းမြသည် အဖိုးတန်အကောင်းကြိုက်သူ တစ်ယောက်ဖြစ်ကြောင်း သိနိုင်ပေ၏။

ထိုက်။ ။"ရုပ်ကောင်း ခေတ်ဆန် အရွယ်ကောင်း မိန်းမတစ်ယောက်သည်လို သေခြင်းဆိုးသေရတာ သနားစရာပဲ၊ ဒါထက် ပြစ်မှု မရှိသူ တစ်ယောက် နောက်ထပ်လိုက်ရဦးမှာက သာပြီးအရေးကြီးတယ်။ ဪ သည်မိန်းမခေါင်းက ဘီးတို့၊ ဆံညှပ်တို့ လက်ဝတ်လက်စားတွေက ဘယ်မှာလဲ"

ဆရာဝန်။ ။"ဒါတွေကတော့ ပုလိပ်မေးမှ သိမယ်"

အင်စပိတ်တော်။ ။"စာရင်းနှင့် သိမ်းယူထားပါတယ်၊ ကြည့်ချင်လျှင် ပြ...ကာပေါ့"

ထိုက်။ ။"ကိုင်း ဒါဖြင့် ဂတ်ကို ပြန်ကြဦးစို့"

## [၄] ပုလဲပန်းခိုင်

သေသူ၏ လက်ဝတ်လက်စားထဲမှ ရွှေရောင် ပုလဲကလေးများ အသွယ်သွယ်ချ၍ ဆံညှပ်နှင့် ထိုးလုပ်ထားသော ပန်းခိုင်ကလေးမှာ ဝတ်ဆင်ထားသည့်အခါ အတော်ပင် လှပတင့်တယ် ရှုချင်ဖွယ်ရှိချေမည်ဟု တွေးထင်မိလေသည်။

ဒေါက်တာသောင်းထိုက်သည် ထိုပန်းခိုင်ကလေးကို ဆံညှပ်အရင်းမှ ဆိုင်၍ လှုပ်ချလေရာ ကွဲကြေသော ရွှေရောင်ပုလဲလုံးကလေးအချို့တို့သည် အောက်သို့ကျလေ၏။

ထိုက်။ ။"အင်စပိတ်တော်မင်း၊ သည်ပန်းခိုင်ထဲက အစုကြေကျတဲ့ ပုလဲ

www.burmeseclassic.com

www.burmeseclassic.com



လုံးကလေးတွေကိုလည်း အထူးသိမ်းထားစေလိုပါတယ်၊ ဒဏ်ရာရစဉ်က ခေါင်းတွင် ပန်ဆင်ထားတဲ့ လက်ခွဏာပဲ"

အင်စပိတ်တော်။ ။"မပျောက်ပျက်စေရပါဘူး"

၎င်းနောက် တရားခံ၏ဇနီး မလှမွေတည်းခိုသော အိမ်သို့ သွားကြလေရာ တောအုပ်ဦးထွန်းဘ၏တပည့်များနှင့် တွေ့၍ စစ်ဆေးမေးမြန်း၏။ ၎င်းတို့ ဖလုံဘူတာတွင် ဆင်းသောအခါ ပစ္စည်းများကို ဦးထွန်းဘ စီးသော ဒုတိယတွဲမှ ယူငင်ချစဉ်က တွဲထဲတွင် သေသူမိန်းမ ထိုင်နေသည်ကို မြင်ကြောင်း ထွက်ဆိုကြလေသည်။

ထိုက်။ ။"ဘယ်လိုထိုင်နေသလဲ"

တပည့်။ ။"ဟိုဘက်ထိုင်ခုံပေါ်မှာ ကျွန်တော်တို့ဘက်ကို နောက်နိုင်းပြီး ပြတင်းပေါက်ဘက်ကို လှည့်ထိုင်နေပါတယ်"

ထိုက်။ ။"မင်းတို့ဆရာနှင့် စကားပြောသံ မကြားဘူးလား"

တပည့်။ ။"တောအုပ်မင်းကတော့ 'သွားတော့မယ်လို့' နှုတ်ဆက်တယ်၊ မိန်းမကတော့ စကားတစ်ခွန်းမှ ပြန်မပြောဘူး"

ထိုက်။ ။"ပစ္စည်းတွေကို ဘယ်နေရာက ယူချသလဲ"

တပည့်။ ။"ဝင်ပေါက်ဝမှာ တင်ထားတဲ့နေရာကပဲ ဆွဲချကြတာပဲ"

ထိုက်။ ။"ဒါဖြင့် မင်းတို့ ဖလုံမှာဆင်းစဉ်က သည်မိန်းမ တွဲထဲမှာ အသက်ရှင်လျက်ရှိတယ် ဆိုချင်သလား"

တစ်ယောက်သောတပည့်။ ။"ကျွန်တော်တို့ ပစ္စည်းတွေသယ်ပြီး ဘူတာထွက်ပေါက်ကို လှည့်လာတော့ တွဲပြတင်းပေါက်က 'ထွီ' လို့ တံတွေးထွေးသံတောင် ကြားလိုက်ပါသေးတယ်"

ထိုက်။ ။"မင်းတို့ ဆရာနဲ့ မင်းတို့အတူတူ ထွက်လာကြသလား"

တပည့်။ ။"ကျွန်တော်တို့ဆရာက ရှေ့က၊ ကျွန်တော်တို့က နောက်က ပစ္စည်းတွေ သယ်ပိုးပြီး လိုက်လာကြတာပဲ"



[ထိုက်]။ ။"သည်တော့ မီးရထားထွက်သွားပလား"

[တပည့်]။ ။"မီးရထားထွက်လို့ ကျွန်တော်တို့က ဘူတာထွက်ပေါက်က [လှည့်]ကြည့်လိုက်တော့ သည်မိန်းမ ပြတင်းပေါက်မှာ ထိုင်နေတာကို ခေါင်း[မှာ ပ]န်ထားတဲ့ ပန်းခိုင်ကလေးတောင် မှတ်မိသေးတယ်"

[ထိုက်]။ ။"ဘယ်လိုကြောင့် မှတ်မိသလဲ"

[တပည့်]။ ။"သည်လိုပန်းမျိုး တစ်ခါမှ မမြင်ဖူးလို့ ရွှေရောင်ပုတီးစေ့ကလေး[တွေ]လိုလို အသွယ်အသွယ်ကျပြီး သိပ်လှတာပဲ"

[ထိုက်]။ ။"ဘယ်လိုဘက်က ပန်ထားသလဲ"

[တပည့်]။ ။"သူက မီးရထားခေါင်းတွဲဘက်ကို နောက်နိုင်းပြီးထိုင်တော့ ညာ[ဘ]က်က ပန်တယ်ဆိုရမှာပေါ့၊ ဆံထိုးကနေပြီး နားနောက်နားကို အသွယ်[အ]သွယ် ကျနေတယ်"

၎င်းအချက်များမှာ တပည့်သုံးယောက်က တညီတညွတ်တည်း ထွက်[ဆို]ကြလေသည်။

[ထိုက်]။ ။"ဒါဖြင့် သည်မိန်းမကို မင်းတို့ဆရာ မသတ်ဘူးလို့ မင်းတို့စိတ်[မှာ] အယူရှိတယ်ပေါ့လေ"

[တပ]ည့်များကလည်း။ ။"ကျွန်တော်တို့စိတ်က အယူရှိတာ မဟုတ်ဘူး၊ [ကျွ]န်တော်တို့ဆရာ မသတ်ကြောင်း အမှန်သိပါတယ်"

ဦးထွန်းလှ။ ။"ကျွန်တော်ပြောတဲ့အတိုင်း သူမဟုတ်တာတော့ မှန်ပါတယ်၊ သို့ဆမယ့် သူတို့က လက်အောက်လုပ်သား တပည့်တွေဖြစ်နေလို့ တရားခံပြ[န်]သက်သေအဖြစ်နဲ့ တရားဝင် မဝင် အရေးကြီးတယ်"

၎င်းနောက် ဖလုံဗိုလ်တဲတွင် သစ်တောအလုပ်နှင့် ပတ်သက်၍ စကား[ပြော]ကြသော တောခေါင်းနှင့် တောကြပ် ၂ ယောက်တို့ကလည်း တရားခံ[ပြော]သည် ခါတိုင်းကဲ့သို့ သူတို့အား စုံစမ်းမေးမြန်းရန် ကိစ္စများကို မေးမြန်း၍ [မှ]တ်ပြီး မိုးမချုပ်မီ အချိန်ရှိခိုက် ဗိုလ်တဲပေါ်တွင် အလုပ်လုပ်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အစစ်ခံကြသည်။

ထိုက်။ ။"သည်နေ့က အလုပ်လုပ် ရေးမှတ်တဲ့ စာရွက်နဲ့ ဖိုင်တွဲတွေ ဘယ်မှာလဲ၊ မင်းတို့ဆီမှာ ရှိသလား"

ဟု မေးသောအခါ တပည့်တစ်ယောက်က ရုံးကြိမ်တောင်းထဲမှ ယူ၍ ထုတ်ပေးရာ ဒေါက်တာ သောင်းထိုက်သည် ဖတ်ကြည့်ပြီးလျှင် တောခေါင်း နှင့် တောကြပ်တို့အား ထိုနေ့က တောအုပ်နှင့် မည်သည့်အလုပ်အကြောင်း များကို ပြောကြကြောင်းကို တစ်ဖန်မေးမြန်း၏။ ၎င်းတို့ပြောသော အကြောင်းများနှင့် ဖလုံမိုလ်တဲတွင် တောအုပ်လက်ရေးနှင့် 'ဒိုင်ယာရီ' နေ့စဉ်မှတ်တမ်းတွင် ရေးသားထားသော အကြောင်းအရာတို့မှာ ကိုက်နေကြောင်း တွေ့ရှိလေသည်။

ထိုက်။ ။"ကြည့်စမ်းပါ အင်စပိတ်တော်မင်း၊ သည်ရေးထားတဲ့ ရီပို့တ်ဟာ တော်တော်လည်းရှည်တယ်၊ သေသေချာချာလည်း ရေးသားထားတယ်၊ ဒါကြောင့် အလုပ်ဝတ္တရား အတော်ကျေပွန်တဲ့ လူတစ်ယောက်သာ မဟုတ်၊ သောက်စားမူးယစ်ပြီး လူတစ်ယောက်ကို သတ်လာလို့ စိတ်တုန်လှုပ် ချောက်ချားနေတဲ့လူမျိုး ရေးသားနိုင်စရာ မရှိဘူး၊ ဘယ်နှယ့်သဘောရသလဲ"

အင်စပိတ်တော်။ ။"သည်အချက်မျိုးကို ငဲ့ပြီး သည်လောက် ထင်ရှားတဲ့ အမှုမှာ တရားခံလွှတ်ဖို့ တယ်ခဲယဉ်းတာပဲ။ ကျွန်တော်က တရားခံကို ကျစေချင်လို့ မဟုတ်ပါဘူး၊ ဦးထွန်းဘကိုလည်း ခင်မင်ပါတယ်၊ သို့ပေမယ့်"

ထိုက်။ ။"ခင်ဗျားတို့ မျက်စိမှာသာ တရားခံပေါ်မှာ အမှုထင်ရှားတယ် အယူရှိတာကို၊ ကိုင်း–ဘူတာကို ပြန်ကြစို့၊ အခုလောက်ရှိလျှင် 'ထရော်လီ' ရောက်လောက်ပါရောမယ်"

ဟုပြော၍ တိုက်ကြီးဘူတာရုံသို့ ပြန်ခဲ့ကြလေ၏။

ရုံပိုင်က အလိုရှိကြောင်း မှာထားခဲ့သည်နှင့် 'ထရော်လီ' ရထားကလေးမှာ တွန်းသော ကုလား နှစ်ယောက်နှင့်တကွ အဆင်သင့် ဘူတာရုံရှေ့ မီး



...လမ်းပေါ်တွင် ရပ်ထားသည်ကို တွေ့ကြလေ၏။ ၎င်းနောက် ရုံပိုင်နှင့် အင်စပိတ်တော်တို့အား ဖလုံမှ ထိုအချိန် ရထားနှင့် ပြန်လာခဲ့ပါမည်ဟု ...ပြော၍ ဒေါက်တာသောင်းထိုက်နှင့် ကျွန်ုပ်တို့ နှစ်ယောက် တက်စီးလိုက်ပါ ...ကြလေ၏။

လမ်းတွင် စကားမပြောဘဲ ဦးသောင်းထိုက်သည် တွေ့သမျှအရာများ ...ကို ဂရုစိုက်၍ ကြည့်ရှုသွားလေ၏။ တစ်မိုင်အကွာလောက်တွင် မြေတူး ...လားများ အလုပ်လုပ်နေသည်ကို တွေ့သောအခါ 'ထရော်လီ' ကို ရပ်၍ ...တို့ကိုင်သော ပေါက်ချွန်းများကို ယူငင်ကြည့်ခြင်း၊ မေးစမ်းခြင်း ပြု၏။ ...နောက် ၎င်းတို့ ကူလီခေါင်းထံမှ ဤကူလီလုပ်သားများသည် ယမန်နေ့ ...က တိုက်ကြီးဘူတာမှစ၍ 'ဖလီဖား' တုံးနှင့် သံလမ်း တွဲရိုက်ထားသော ...ာက်များကို အထူးခိုင်ခံ့စေရန်နှင့် 'ဖလီဖား' တုံးကြားထဲတွင် ပွနေသော ...ျောက်ခဲများကို သိပ်သည်း ကျပ်တည်းအောင် ရိုက်သွင်းကြကြောင်း ပြော ...လေသည်။ ဤလူများအနက် မြန်မာတစ်ယောက်မှ မရောယှက်ဘဲ မြေတူး ...လားချည်းသာဖြစ်ကြောင်း တွေ့ရ၏။ ၎င်းနောက် ဆက်လက်လိုက်ပါ ...သွားရာ ဖလုံဘူတာသို့ မီးရထားမဆိုက်မီ ငါးမိနစ်သာသာတွင် ကျွန်ုပ်တို့ 'ထရော်လီ' ရောက်သွားလေ၏။

ဘူတာတံခါး လက်မှတ်စစ်ကို မေးမြန်းသောအခါ မနေ့က ရထားတွင် တောအုပ် လိုက်ပါလာကြောင်း၊ ကောင်းစွာ မှတ်မိကြောင်း၊ ဦးထွန်းဘက ...နေ့က၊ တပည့်များက နောက်က ပစ္စည်းများကို သယ်ပိုးထွက်သွားကြ ...ကြောင်း၊ သို့သော် လက်မှတ်ကို ဂရုစိုက် သိမ်းနေရသဖြင့် နောက်ဆုံးတွဲက ...န်းမကို သတိမထားမိကြောင်း ပြောပြလေသည်။

များမကြာမီ ရထားဆိုက်လာသည်နှင့် ကျွန်ုပ်တို့သည် ဂါတ်မိုလ်တွဲရှေ့ ...တွင် ကပ်လျက်ရှိသော ဒုတိယတွဲထဲသို့ တက်၍ လိုက်ခဲ့ကြလေ၏။

...ထိုက်။ ။"မောင်ထွန်းဘ မသတ်တာတော့ မုန်တယ်၊ သို့သော် သူ မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလုပ်မလဲဆိုတာ သိဖို့အရေးကြီးတယ်"

ဟုပြောပြီးနောက် ဒေါက်တာသောင်းထိုက်သည် လမ်း၏ လက်ဝဲဘက် ဘေးကိုသာ အထူးဂရုပြု၍ လိုက်လာလေသည်။

(လက်ဝဲဘက်ဆိုသည်မှာ မီးရထားစီးသည့်အခါ ခေါင်းတွဲကို မျက်နှာ မူ၍ မိမိလက်ဝဲဘက်ကို ဆိုလိုသည်။)

တိုက်ကြီးဘူတာသို့ မီးရထားဝင်သောအခါ ဒေါက်တာသောင်းထိုက် သည် ပြတင်းမှ ဦးခေါင်းပြူ၍ ဂရုစိုက်ကြည့်ရှုရာ ဘေးလမ်းခွဲပေါ်ရှိ ယာဉ် ဒုတိယတွဲနှင့် ကျွဲ နွားတင်သော တွဲကို မြင်သောအခါ အတော် ကျေနပ်သည့် လက္ခဏာနှင့် ခေါင်းညိတ်သေး၏။ ၎င်းနောက် ရှုံပိုင်နှင့် အင်စပိတ်တော် 'ပလက်ဖောင်း' ပေါ်တွင် စောင့်နေသည်ကို မြင်သည်နှင့် ရထားရပ်လျှင် ရပ်ချင်း ၎င်းတို့ရှိရာသို့ သွားလေသည်။

ထိုက်။ ။"ခင်ဗျားပြောတယ်၊ မနေ့က သည်ရထားဝင်တဲ့အချိန်မှာ ကောက်ရိုးပုံ မီးလောင်နေတယ်လို့"

ရှုံပိုင်။ ။"ဟုတ်ကဲ့၊ ကျွန်တော်တို့ သိပ်အလုပ်များတာပဲ၊ ဟို ကျွဲတွဲကို မီးကူးမှာစိုးလေတော့ အထဲကကျွဲတွေလည်း ဗရုတ်သုတ်ခ ဖြစ်နေလို့ တွဲကို အထက်နားတွန်းပြီး တိုးထားရတယ်"

ထိုက်။ ။"ဒါဖြင့် မနေ့က သည်ရထားဝင်လာတော့ သည်ကျွဲတွဲဟာ သည်နေရာမှာ မဟုတ်ဘူးပေါ့"

ရှုံပိုင်။ ။"ဟို လမ်းကွေ့နားမှာ သွားရပ်ထားပါတယ်"

ထိုက်။ ။"ဒါဖြင့် ကောက်ရိုးပုံမီးလောင်တာကို တွဲထဲကလူတွေ မြင်မှာပေါ့"

ရှုံပိုင်။ ။"ကောက်ရိုးမီးဆိုတော့ မီးခိုးတွေနဲ့မို့ မြင်ကြမှာပေါ့ 'ပလက် ဖောင်း' ပေါ်က လူတွေဆိုတာတော့ အားလုံးဟိုမှာချည့် မျက်စိစိုက်နေကြ တာပဲ၊ မီးရထားဝင်လို့ ရှေ့ရောက်တော့မှ တင်ဖို့ ချဖို့ သူတို့ ပစ္စည်းတွေကို ဂရုစိုက်နိုင်တော့တယ်"



...ပိုင်။ ။"ကောင်းပါပြီ၊ အဲသည့်တွဲကို တစ်ခါကြည့်ပါရစေဦး၊ အင်စပိတ် ...မင်းလည်း တစ်ဆိတ်လောက်လိုက်ခဲ့ပါ"

## ထန်းသီးကြွေခိုက် ကျီးနင်းခိုက်

ဒေါက်တာ သောင်းထိုက်သည် အနီးသို့ ရောက်သောအခါ နံဘေးရှိ ...င်ကလေးများကိုနင်း၍ ကာထားသောတန်းများကို ဆွဲငင်ပြီးလျှင် ကျွဲ ...သို့ တက်လေ၏။ အတွင်းရှိကျွဲများကို တစ်ကောင်စီ ကြည့်ရှုပြီးနောက် ...ထိုက်။ ။"ကိုင်း ဟောသည်တွဲထဲမှာ မသန်းမြကို သတ်တဲ့ လက်သည် ...ာ တွေ့နေပြီ"

ဟု ကျွဲတွဲပေါ်မှ ရုတ်တရက် နှုန်ဆင်းလျက် ပြောသောအခါ ရှုံပိုင်မှာ ...ပြီး ပြန်ပြေးမည် ပြုသေး၏။ ဒေါက်တာ သောင်းထိုက်သည် ရှုံပိုင်လက် ...ို ဖမ်းဆွဲလိုက်ပြီးလျှင်–

"နေပါဦးဗျာ၊ သည်လောက်လည်း မကြောက်ပါနဲ့၊ အင်စပိတ်တော်မင်း ...င်ယောက်လုံးရှိသားပဲ၊ သူဖမ်းလိမ့်မပေါ့။ ဘယ့်နှယ်လဲ အင်စပိတ်တော် ...င်း လက်ထိတ်သာပြင်ပေတော့"

ဟု ပြောသောအခါ အင်စပိတ်တော်မှာ မျက်နှာများ မည်းသွားပြီးလျှင်–

"ကျွန်တော့်မှာ လက်ထိတ်မပါဘူး၊ အမှုထမ်းဆီမှာရှိပါလိမ့်မယ်၊ သူတို့ ...ို သွားခေါ်ပါဦးမယ်"

ဟု ပြောပြောဆိုဆို ပြေးမည်ပြုလေ၏။ ထိုအခါ ဒေါက်တာ သောင်း ...ိုက်က–

"မလိုပါဘူးဗျ၊ နေပါဦး"

ဟု ပြောသော်လည်း–

"ဟာ ကျွန်တော်တို့ချည်း ဘာဖြစ်မလဲ၊ ပုလိပ်နှစ်ယောက် သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှ ဖြစ်မယ်"

ဟု ပြန်ပြော၍ စကားမဆုံးမီ သုတ်ခြေတင်သွားလေရာ ဒေါက်တ
သောင်းထိုက်က နောက်ကပြေးလိုက်၍–

"လာပါ၊ တရားခံက လူမဟုတ်ပါဘူး၊ ကျွဲပါ"

ဟု ပြောတော့မှ–

"အို ဘယ့်နှယ်ကျွဲလဲ၊ အထူး၊ ကျွန်တော်က သတ်တဲ့သူ ကျွဲတွဲထဲမှ
ပုန်းနေသလားလို့၊ ပြောပါဦး"

ဟု ရှက်ကိုးရှက်ကန်းနှင့် လှည့်ပြန်လာလေ၏။

ထိုက်။ ။"ပထမအလုပ်၊ ဟောသည် တန်းကျိုးနေတဲ့ အပေါက်ကို သတ
ထားကြည့်ပါ၊ ကျွဲခေါင်း ဝင်နိုင်မဝင်နိုင် ဘယ်နှယ့်လဲ"

ဟုပြောလျက် ကျွဲတင်သော တွဲအပေါ်ဘက်တွင် လုံအောင်မကာသ
ခပ်ကျဲကျဲ ရိုက်ထားသော သစ်သားတန်းများအနက် တစ်ချောင်းကျိုးနေ
သည့် နေရာကို လက်ညှိုးထိုး၍ ပြလေ၏။

"ဒုတိယအလုပ်၊ ခင်ဗျား 'ပိုတာ' ကုလား နွားမွေးတယ်ဆိုလျှင် ကျွဲ
လည်းကိုင်တတ်မှာပဲ၊ ခေါ်စမ်းပါ၊ တွဲထဲက ကျွဲတစ်ကောင်ကိုလည်း အောက်
ချနိုင်အောင် စီမံစမ်းပါ"

ဒေါက်တာ သောင်းထိုက်ပြောသည့်အတိုင်း စီမံ၍ အလိုရှိသော ကျွဲ
အောက်သို့ ရောက်လာသောအခါ ကျွဲမှာ ခေါင်းတစ်ဖက် ငုံ့စောင်း ငုံ့စောင်း
နှင့် ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုက်။ ။"သတိထား အနားသိပ်မကပ်ကြနဲ့၊ ကျွဲက ချိုတစ်ဖက် နာနေ
တယ်၊ မသိနိုင်ဘူး ခတ်ချင်ခတ်လိုက်မှာ၊ 'ပိုတာ' သာ ကိုင်ထားပေစေ
ကျုပ်ပြောပြမယ်"

ဟုပြော၍ အိတ်ထဲမှ စက္ကူထုပ်တစ်ခုကို ဖြန့်ပြီးလျှင်–

"ဟောသည် ရွှေရောင် ဖန်ကွဲမှုန့်ကလေးတွေက ဦးဇွာ ဟောဟို ဒုတိယ



တက်အဆင်း နင်းခုံပေါ် နောက်ကျကျ နေရာက ရတယ်။ သည်လိုဟာ
ိုင် မိန်းမများသာ သုံးတတ်တယ်၊ အကြောင်းအဆက် တခုခု ရှိချင်ရှိ
အောက်မေ့လို့ သိမ်းယူထားတဲ့အတိုင်း သည်ဖန်ကွဲကလေးမျိုး အစ
သလေးများကို အလောင်းမှာတွေ့တဲ့ ဒဏ်ရာနှုတ်ခမ်းမှာ တွေ့ရှိပြန်တော့
ကို ဇာဂနာခနဲ့ ကောက်ပြီး ဟောသည် စက္ကူနဲ့ ထုပ်ထားတယ်"

ဟု ဒုတိယစက္ကူထုပ်ကို အိတ်ထဲမှထုတ်၍ ဖြေပြပြန်၏။

"ဒီရွှေရောင် ပုလဲလုံးကလေးအသွယ်သွယ်နဲ့ လုပ်ထားတဲ့ ပန်းခိုင် က
ကို တွေ့တဲ့အခါ ဆက်စပ်ပြီးကြည့်လျှင် သည်မိန်းမမှာဒဏ်ရာရစဉ်က
င်းတွင် သည်ပန်းပန်လျက် ငုံ့နေသည်ကိုသိနိုင်တယ်။ ဘာကြောင့်လဲ
တော့ ဦးထွန်းဘရဲ့ တပည့်တစ်ယောက် မြင်လိုက်စဉ်က ဒီပန်းခိုင်ဟာ
နောက်တွင် အသွယ်သွယ်ကျနေတယ်ပြောတယ်၊ ပျော့ပျောင်းသော ပုလဲ
်ကလေးများဖြစ်တဲ့အတွက် ဒဏ်ရာထိသောအခါ ပုလဲလုံးကလေးများ
ကြကွဲပြီး ဒဏ်ရာနှုတ်ခမ်းမှာ တင်နေတယ်။ ဒီအခါမှာ မိန်းမက ငုံ့လို့ဖြစ်
ဘုန်းလို့ဖြစ်စေနေဟန်တူတယ်။ ဒီပြင်တစ်ချက်ကလည်း ပုလဲလုံးအကြေ
လေးများကို နင်းခုံပေါ်မှာတွေ့ပုံကို ထောက်ထားတော့ အပြင်ဘက်သို့
င်းပြူထွက်နေတယ်လို့ ဆိုရမယ်။ ဒါကြောင့် ထိုးသတ်သူဟာ ရထား
င်းဘက်ကမဟုတ်ဘဲ အပြင်ဘက်မှနေပြီး ပြုလုပ်တယ်ဆိုရမယ်၊ ပြစ်မှု
လွန်တဲ့ လက်နက်ကို တွေးဆကြည့်လိုက်တော့ မြေတူးကုလားများ
တဲ့ ပေါက်ချွန်းနှင့် သဏ္ဍာန်တူသော်လည်း ပေါက်ချွန်းမှာ တိတိရိရိလုံး
ရှမွေ့ရှာရှိနေတယ်၊ ဒဏ်ရာဟာကတော့ တိတိရိရိမဟုတ်ဘူး။ ဒါကြောင့်
တူးကုလားများသုံးတဲ့ ပေါက်တူးမဟုတ်နိုင်ကြောင်း သိရတယ်။ ကျွန်ုပ်
ခလုံမှ ပြန်လာလို့ တိုက်ကြီးဘူတာအဝင်တွင် ကျွဲတွဲကို မြင်တော့ ကျွဲချို
ဒဏ်ရာနှုတ်ခမ်းကို နှိုင်းချိန်ကြည့်မိတယ်၊ သို့သော် ထိုကျွဲတွဲဟာ ထိုအခါက
်နေရာမှာရှိတယ်လို့ မသိရသေးဘူး၊ ဒါကြောင့် ရုံပိုင်ထံမှ တောက်ရိုးမီး

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် ကျွဲတွဲကို မီးရထားလမ်းကွေ့နားသို့ တွန်းရွေ့ထားကြောင်း စုံစမ်းတော့မှ သိရတယ်။ ကျွန်တော် ကောက်နုတ်ချက်ထုတ်တာက ဘယ်လို လဲဆိုတော့ မီးရထားတိုက်ကြီးဘူတာ ဝင်လာရော သေသူ မသန်းမြကမီးကိုထိုင်ကြည့်ရာမှ အားမရလို့ တံခါးပြတင်းပေါက်မှ ကိုယ်လုံးထွက်ပြီး ခေါင်းပြူကြည့်လိုက်ရော၊ ကွေ့ဖြစ်လို့ ကျွဲတွဲကို ခပ်လှမ်းလှမ်းက မမြင်မိဘူး။ ဒီတော့ လန့်ဖျပ်နေတဲ့ ကျွဲတစ်ကောင်က တန်းကျိုးနေသော အပေါက်မှ ခေါင်းပြူပြီး ထွက်နေပါလေရော၊ အရှိန်နဲ့ ဝင်လာတဲ့ ရထားပေါ်မှာ မသန်းမြရဲ့ နားထင်ကို ရှုးဝင်ပါလေရော၊ မသန်းမြမှာ လက်ဝဲဘက်နားထင်နှင့် ပါးကို တံခါးပြတင်းပေါက်ပေါင်နှင့် ဆောင့်မိပါရော၊ ဒီတော့မှ ကျွတ်ထွက်ပြီး နောက်ပြန်လဲကျပါလေရော။ ဒါကြောင့် ကျွဲရဲ့ ညာဘက်ချိုမှာလည်း နာကျင်ပြီး စောင်းကန်း စောင်းကန်းဖြစ်နေတယ် မဟုတ်လား၊ သက်သေခံ ထင်ရှားအောင် ပြဦးမယ်"

ဟု 'ပိုတာ' ကုလားအား ကျွဲ၏ ညာဘက်ချိုကို ကိုင်၍ အလှုပ်ခိုင်းရာနဲ့နေကြောင်း တွေ့ရလေ၏။ ထိုအခါ ကျွဲသည် နာကျင်သဖြင့် ရှုးရှုးရှားရှားဖြစ်လေရာ အင်စပိတ်တော်လည်း ပြေးပေါက်ရှာပြန်လေ၏။ ဒေါက်တာသောင်းထိုက်သည် အင်စပိတ်တော်အား လက်မောင်းကို ဆွဲ၍–

"နေပါဦး၊ ခင်ဗျားအရေးကြီးတဲ့လူပါ၊ သည်မှာ မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်စမ်းပါဦး၊ ကျုပ်ကတော့ ချိုမှာ လက်လက်မြင်ကတည်းကရွှေပုလဲလုံးကွဲစကလေးတွေ သွေးစေးနဲ့ကပ်နေတယ်လို့ သိပြီးပါပြီ၊ မကြောက်ပါနဲ့ ကျွဲကို ကျုပ်တို့လည်း ကိုင်ထားပါ့မယ်၊ အခုတော့ ဘာမျှမလုပ်ပါဘူးခုတင်ကတော့ နဲ့နေတဲ့ချိုကို ကိုင်လှုပ်လို့ပါ၊ ကြည့်သာကြည့်ပါ"

ဟု ပြောသဖြင့် ကြောက်ဆုတ်ကြောက်ဆုတ်နှင့် ကြည့်လေ၏။ ဒေါက်တာသောင်းထိုက်က–

"ဘာမြင်သလဲ"



ဟုမေးသောအခါ–

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတဲ့အတိုင်း သွေးစေးနဲ့ ရွှေရောင် ဖန်ကွဲစကလေးတွေ ကပ်နေပါတယ်"

ထိုက်။ ။"သည့်ပြင် ဘာမြင်သေးသလဲ၊ သေသေချာချာကြည့်ပါဦး"

**အင်စပိတ်တော်။** ။"ဟို ဟို ဆံပင်မွှေးအပြတ်ကလေးတွေလည်း မြင်ပါတယ်"

ထိုက်။ ။(အိတ်ထဲမှ စက္ကူအထုပ်ကလေးတစ်ထုပ်ကို ဖြေပြလျက်) "ဟောသည်ဆံပင်နဲ့ ဟိုဆံပင်နဲ့ တူရဲ့လား၊ သည်ဆံပင်က မသန်းမြခေါင်းမှ ဒဏ်ရာက နုတ်ယူလာတာပဲ"

**အင်စပိတ်တော်။** ။"ဟုတ်ကဲ့ တူပါတယ်၊ သေချာလှပါပြီ၊ တော်ပါတော့"

**ထိုက်။** ။"ချိုအဖျားမှာ ခေါင်းခွံရိုးနဲ့ ခြစ်မိတဲ့ ပွန်းရာကလေးများလည်း တွေ့ပါလိမ့်ဦးမယ်၊ ထပ်ပြီး ကြည့်စမ်းပါဦး၊ ဘာများတွေ့သေးသလဲ"

**အင်စပိတ်တော်။** ။"ပြည်လိုလို ဖြူဖြူအဖတ်ကလေးတွေ ခြောက်နေတာတွေ့တယ်"

**ထိုက်။** ။"အဲဒါက ဦးနှောက်တွေပဲ"

ဟု ပြောသောအခါ အင်စပိတ်တော်ကြီးမှာ လက်က ကိုင်ထားသော မှန်ဘီလူးကို ပစ်ချလျက် ကြက်သီးမွေးညင်းထပြီးလျှင် တံတွေး တပျစ်ပျစ်နှင့် အော့ချင် အန်ချင် ရှိလာလေ၏။

ဤအကြောင်းများကို အင်စပိတ်တော်အား သေချာစွာ ရေးသားမှတ်ယူစေပြီးနောက် ဒုတိယတွဲ ပြတင်းပေါက် လက်ဝဲဘက်နှုတ်ခမ်းတွင်လည်း မသန်းမြ၏ပါးနှင့် ဆောင့်မိစဉ်က ကပ်ကျန်ရစ်ခဲ့သော အလှရည်နှင့် ပေါင်ဒါအစအနတို့ကို ပြလေ၏။

(ထိုနေရာမှာ ရထားတွဲအတွင်းမှကြည့်သော် လက်ဝဲဘက်ဖြစ်ကြောင်းကို ဆိုလိုသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဤအခြင်းအရာ အလုံးစုံတို့ကို အံ့အားသင့်စွာနှင့်ကြည့်နေသော အထက်တန်းရှေ့နေကြီး ဦးထွန်းလှက–

“အောင်မယ်လေး ဒေါက်တာ ဦးသောင်းထိုက်၊ ဒါဖြင့် ကျွန်တော့်ညီအပေါ်မှာ အပြစ်မရှိတော့ဘူးပေါ့၊ ခင်ဗျားကို ကျွန်တော် ဘယ်လို ကျေးဇူးဆပ်ရမလဲ၊ ခင်ဗျား ကျေးဇူးကို ဆပ်လို့ မကုန်နိုင်ပါဘူး”

စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ အံ့သြချီးမွမ်းခြင်းလက္ခဏာဖြင့် ဒေါက်တာ သောင်းထိုက်၏ လက်ကို အကြိမ်ကြိမ်ဆွဲ၍ နှုတ်ဆက်လေ၏။

ထိုက်။ ။“ကျွန်တော့်ကို ကျေးဇူးတင်နေလို့ မပြီးသေးပါဘူး၊ အချုပ်ခံနေရတဲ့ ခင်ဗျားညီကို ယခုချက်ချင်းအာမခံရဖို့က အရေးကြီးပါတယ်”

အင်စပိတ်တော်မင်းသည် ရှက်သလို ကြောက်သလို ရှိနေရာမှ အထင်မှား၍ ပြောမိသမျှကို နောင်တရ အားနာသည့်မျက်နှာထားဖြင့်–

“အို သည်အတွက်တော့ ကျွန်တော့်တာဝန်ထားပါ၊ ယခုချက်ချင်း အစီရင်ခံစာတင်ပြီး အာမခံရစေပါ့မယ်”

လှ။ ။“အောင်မယ်လေး မောင်မင်းကြီးသားရယ်၊ လုပ်စမ်းပါ မြန်မြန်ကြီး၊ လာ ဂတ်ကိုသွားကြစို့”

ဟု ဆွဲခေါ်လေ၏။

ထိုနေ့ညနေ ဂါတ်တွင် တောအုပ်မင်း ဦးထွန်းဘ အချုပ်မှ လွတ်လာသောအခါ ၎င်း၏ဇနီးမလှငွေမှာ လင်ဖြစ်သူ ဦးထွန်းဘ၏ မျက်နှာကို ကြည့်လျက် ရင်ထုမနာဖြစ်နေသည်ကို မြင်ရတိုင်း သနားမိကြလေသည်။

၎င်းနောက် များမကြာမီ တရားရက်ချိန်းစွဲသောနေ့တွင် ဤအမှု၌ သေသူ ‘ဂီတာ သန်းသန်း’ ခေါ် မသန်းမြမှာ မတော်တဆ ထိခိုက်၍ သေဆုံးကြောင်း တရားခံဦးထွန်းဘအပေါ်တွင် လုံးဝအပြစ်မရှိ၊ မှားယွင်းမှုဖြစ်ကြောင်း စီရင်ချက် ချလေသတည်း။ ။

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၅

# ရွှေသွား

www.burmeseclassic.com

www.burmeseclassic.com

## [၁] တရားခွင်

မြန်မာပြည်တွင် ရေနစ်၍သေသော အလောင်းများမှာ မကြာခဏ တွေ့ရှိရလေသည်။ ဤသို့သော အလောင်းများကို တွေ့ရှိသောအခါ ပုလိပ်ဘက်ဆိုင်ရာက အရေးယူ စုံစမ်းရလေသည်။ သင်္ကာမကင်းသော အကြောင်း တစ်စုံတစ်ရာ ရှိခဲ့သော် ရုံးတော်သို့ တင်သွင်းအစီရင်ခံရလေသည်။ ထိုအမှုမျိုးအနက် တစ်မှုမှာ မကြာမီက ရန်ကုန်မြို့ ပုလိပ်ရုံးသစ်ကြီးအတွင်း တရားခွင်တွင် စစ်ဆေးနေပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဆိုင်ရာရှေ့နေများနှင့် သက်သေများစုံ၍ ၁၁ နာရီခွဲအချိန်ကျရောက်သကာလ တရားသူကြီးသည် တရားခွင်ပေါ်သို့တက်၍ ထိုင်သောအခါ စကားပြောသူများရပ်စဲ၍ အခန်းတွင်းရှိ လူများအားလုံးတို့သည် ထ၍ အရိုအသေပြုပြီးနောက် ရှေ့ဖတ်စာရေးကြီးက တရားသူကြီးရှေ့တွင် အမှုတွဲကို တင်ပြလျက် အနည်းငယ်ဖတ်ရှု၍ ပထမသက်သေကို ထုံးစံအတိုင်း ကျမ်းကျိန်စေတိုက်၍ မေးမြန်းပြီး–

**တရားသူကြီး။** ။"မောင်မင်း နာမည်"

ရှေ့ဖတ်စာရေးကဆက်၍–

www.burmeseclassic.com

www.burmeseclassic.com



"နာမည်ဘယ်သူလဲ၊ နာမည် နာမည်၊ ခင်ဗျားနာမည် ဘယ်နှယ့် ခေါ်သလဲ မြန်မြန်ပြောလေ"

ဝရန်တာပတ်လည်ကာထားသည့် ဝက်ခြံကလေးအတွင်း သက်သေခံသော နေရာတွင်ရပ်လျက် လက်အုပ်ချီနေသော ဖျင်ကြမ်းအင်္ကျီစုတ်နှင့် တောသားအဘိုးကြီးတစ်ယောက်သည် အလွန်တရာ ခံ့ညားကြီးကျယ်သော စားပွဲကုလားထိုင် မာတ်မီး ပန်ကာ စသည့် ရုံးအခမ်းအနားအရှိန်၊ မင်း၏ ဘုန်းရှိန်များကို ကြောက်ရွံ့သဖြင့် မော်၍မျှ မကြည့်ဝံ့ဘဲ "ရာဇဂိုဏ်း လွတ်အောင် ငါဘယ်လို ဖြေရပါ့မလဲ" ဟု တွေးတောနေဟန်မှ ရှေ့ဖတ် စာရေးကြီးက–

"မြန်မြန်ပြောလေ"

ဟု ငေါက်လိုက်သောအခါ–

"ရွှေ ရွှေ ရွှေမိုးပါ"

ရှေ့ဖတ်ကဆက်၍–

"နာမည် ငရွှေမိုး၊ ကောင်းပြီ အသက် ဘယ်လောက်ရှိသလဲ"

သက်သေ။ ။"ခွန် ခွန် ခွန်နှစ်ဆယ့်ငါးနှစ်"

စသည်ဖြင့် မေးရိုးမေးစဉ် မေးဖြေပြီးသကာလ–

တရားသူကြီး။ ။"ဘာသိသလဲ"

ရှေ့ဖတ်။ ။"ဒီအမှုမှာ ခင်ဗျားဘာသိသလဲတဲ့၊ မေးတာကိုပြော မှန်မှန်ပြော၊ အပိုမပါစေနဲ့"

သက်သေ။ ။"အလောင်းတစ်လောင်း တွေ့တာပဲ၊ ဘယ်သူ့အလောင်းလဲတော့ မသိဘူး"

တရားသူကြီး။ ။"ဟုတ်ပြီ၊ တွေ့တာတော့ ဘယ်သူ့အလောင်းရယ်လို့ ခင်ဗျားသိရမယ် မဆိုပါဘူး၊ ခင်ဗျားက ဘယ်လိုသွားလို့ ဘယ်လို တွေ့ပုံလဲ ပြောစမ်းပါ"



သက်သေ။ ။"ကျွန်တော်မျိုး မနက်စောစော ကန်စွန်းရွက်ခူးရအောင် ရွာပြင်က အိုင်ကိုသွားတော့ အိုင်နှုတ်ခမ်းမှာ နောက်ပိတ် ဖိနပ်တစ်ဖက်ကို မြင်တယ်"

တရားသူကြီး။ ။"နေပါဦး ရွာကဘယ်ဘက်ကိုထွက်လို့ အိုင်က ဘယ်မှာ"

သက်သေ။ ။"ကန်ဘဲ့ရွာနဲ့ဆိုတော့ နေပါဦး၊ အရှေ့လား အနောက်လားမသိဘူး၊ တောင်လား မြောက်လားတော့ မသိဘူး"

တရားသူကြီး။ ။"ခင်ဗျားဟာက ဘာတော့သိသလဲ"

သက်သေ။ ။"ရွာထဲက ထွက်လာတော့ ကန်သင်းရိုးလျှောက်ရင်း ထမင်းစားတဲ့ လက်ဘက်က တောင်ပို့ နှစ်လုံး၊ နောက် ဝါးနှစ်ရိုက် လောက်သွားတော့ ဟိုဘက် ကြခတ်ရုံနားက အုတ်ကျင်းဟောင်းဟာပေါ့၊ လူတိုင်းသိတာပဲ"

တရားသူကြီး။ ။"အင်း လူတိုင်းသိလို့ ကျုပ်မသိရင် ထားပါတော့လေ၊ ကဲ ရှေ့လျှောက်သာပြောပါတော့"

သက်သေ။ ။"အနားရောက်လို့ ကြည့်လိုက်တော့ သည့်ပြင် တစ်ဖက်က ရေထဲမှာ ခုံနဲ့ချာကလေးတင် ဗေဒါပင်နဲ့ ကန်စွန်းပင်တွေကြားထဲမှာ မြင်ရတယ်၊ သို့ပေမယ့် ကျုပ်တို့ဆင်းရဲသားမှာ နောက်ပိတ်ဖိနပ်နဲ့မတန်ဘူး၊ ကိုယ့်ကန်စွန်းရွက်ကိုသာ မြန်မြန်ခူးပြီး မြေးကလေးများဈေးမီ ရောင်းခိုင်းနိုင်မှ ဆန်ဖိုးကလေး နည်းနည်းကျဉ်းကျဉ်းရတာဗျာ"

ရှေ့ဖတ်။ ။"အဘိုးကြီး မေးတာမပြောဘဲနဲ့ ဘာတွေလျှောက်ပြောနေသလဲ ဆိုင်တာသာပြောပါ"

သက်သေ။ ။"အေးလေ၊ အဖြစ်ကသာ ပြောတာပါ၊ နို့ပေမယ့် ချက်ချင်းစဉ်းစားမိပြန်တယ်၊ သည်ဖိနပ် သည်လိုပေါ်နေပုံဟာ ဧကန္တ ဖိနပ်ထဲမှာ တည်ခုခုတော့ရှိမှာပဲလို့ တောင်ဝှေးနဲ့ ဗေဒါပင်တွေကို ရှဲလိုက်တော့ အောက်မှာ သားလားထင်တဲ့အတိုင်း ဖိနပ်ထဲမှာ ခြေထောက် နှစ်ချောင်း စွပ်လျက်သား

www.burmeseclassic.com

www.burmeseclassic.com



ကိုးဗျ။ ဒါတင်မကသေးဘူး၊ ခြေနှစ်ချောင်းအောက်က လူကောင်လည်း ရှိဦးမှာပဲလို့ အတွေးပေါက်ပြန်တယ်။ ဒါနဲ့ အောက်လျှောက် တောင်ဝှေးနဲ့ ထိုးတော့ လူမှန်းတော့သိရဲ့ ညွန်နှစ် ရွှံ့နှစ်တွေ ထိုးမိလို့ ရေနောက်တာနဲ့ ကောင်းကောင်း မမြင်ရဘူး။ တစ်ယောက်တည်း ဆွဲလည်း မတင်ဝံ့ဘူး၊ နိုင်မှာလည်း မဟုတ်ဘူး။ ဒါနဲ့ နွားကျောင်းသား ကြွက်နီလာတော့ ဟဲ့ ငါ့ ကန်စွန်းရွက် ကူခူးပေးစမ်းပါ၊ သည်လို သည်လိုပဲ အကျိုးအကြောင်းပြောပြီး ဒါကို ရွာလူကြီးသွားတိုင်မှ ဖြစ်မယ်ပြောတော့ ကန်စွန်းရွက်တော့ ကူခူးပါ့ မယ်တဲ့၊ ရွာလူကြီးအိမ်တော့ မလိုက်ချင်ဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ အမှု တစ်ခုဖြစ်ရင် တယ် အညှဉ်းခံရတယ်ပြောကြတယ်တဲ့။ ဒါနဲ့ သူ့ကို ချော့မော့ ခေါ်လာပြီး ရွာလူကြီးကို တိုင်တာပဲ"

**တရားသူကြီး။** ။"ခင်ဗျားသိတာ ဒါပဲလား"

**သက်သေ။** ။"သည်မျှ ကရိုးလား၊ ရွာထဲက ယောကျ်ား သုံးလေးယောက်နဲ့ ကျုပ်တို့သွားပြီး ရေထဲက ဆွဲထုတ် ကုန်းပေါ်ရောက်အောင်တင်၊ တစ်ခါ ရွာပြန်ပြီး ပုခက်ငှား၊ ဘယ်သူမှ ပေးမယ့်သူမရှိဘူး၊ သူကြီးကိုယ်တိုင် လိုက် လာပြီး ဒဏ်တပ်မယ်ဆိုမှ ရတယ်၊ တစ်ခါ ပြန်သွားပြီး ရွာပြင်က ဇရပ်ပေါ် တင်၊ သက်ရှယ်ကြီးမှ လူသေထမ်းလား ပိုးလား လုပ်ရတာ ရွာလူကြီးက ပိုက်ဆံပေးမယ်လို့ ပြောတယ်၊ ခုထက်ထိ တစ်ပြားမှ မရသေးပေါင်ဗျာ"

ဟု စိတ်ပျက်လက်ပျက် မျက်နှာကိုမဲ့ရွဲ့၍ ပြောလေ၏။

ဤစကားအဆုံး၌ ဆက်လက်မေးစစ်ခြင်း မရှိဘဲ ဒုတိယ သက်သေကို ခေါ်လေ၏။ အဘိုးကြီး၏ စိတ်ထဲ၌ ရွာလူကြီးထက်ကြီးတဲ့ မင်းစိုး တစ် ယောက်အား ကိုယ့်နစ်နာချက်ကို ပြောရလျှင် ထိုက်သည့်အားလျော်စွာ "ပေးစေ"လို့ အမိန့်ချမှာပဲဟု မျှော်လင့်ခဲ့၏။ သို့သော် တရားသူကြီးလုပ်သူ က တစ်စုံတစ်ရာ အရေးမယူသဖြင့် စိတ်အားလျော့စွာနှင့် သက်သေစင်ပေါ်မှ ဆင်းလာခဲ့လေ၏။



ဒုတိယသက်သေ နွားကျောင်းသား ကြွက်နီနှင့် တတိယသက်သေ ရွာလူကြီးတို့ကို စစ်ဆေးရာ ပထမသက်သေပြော၍ သိရကြောင်းနှင့် အ လောင်းနေပုံ အစခပ်သိမ်းမှာ ပထမအဘိုးကြီးထွက်သည့်အတိုင်း ထွက်ဆို ကြ၏။ ရွာလူကြီးက ဆိုင်ရာပုလိပ်ကို တိုင်တန်းကြောင်း၊ အစစ်ခံကြလေ သည်။

စတုတ္ထသက်သေ ရာဇဝတ်အုပ်က အစစ်ခံသည်မှာ အလောင်းတွေ့ သော နေရာကို မိမိကိုယ်တိုင် သွားရောက်ကြည့်ရှုကြောင်း၊ သေသူသည် ဘစ်ဦးတစ်ယောက်နှင့် ခိုက်ရန်ဖြစ်ပွား၍ တွန်းထိုးခြင်းခံရသည့် လက္ခဏာ တစ်စုံတစ်ရာ မရှိကြောင်း၊ အနီးတစ်ဝိုက် မြက်ပေါ်တွင် နင်းထားသော ခြေ ရာများမှာ ရွာလူကြီးနှင့် ရွာသားများအလောင်းကို သယ်ယူစဉ်က လျှောက် သွားကြသော ခြေရာများသာ ဖြစ်ကြောင်း၊ ယခုတင်ပြသော သက်သေခံ ပစ္စည်းများမှာ သေသူ၏ အင်္ကျီအိတ်ထဲမှာ တွေ့ရှိကြောင်း၊ ၎င်းအနက် စာတစ်စောင်မှာ စာအိတ်ပေါ်တွင် 'ကြည့်မြင်တိုင် ကျွန်းတောကွက်သစ် လမ်း အိမ်နံပါတ် ၄၂၂ ဦးဘိုးသန့်'ဟု ပါရှိ၍ သေသူ၏အမည်မှာ ဦးဘိုးသန့် ဟု တွေးထင်မိကြောင်း၊ အတွင်းရှိ စာရွက်ထိပ်ပေါ်တွင် ဦးဘိုးခန့် နံပါတ် ၇၂၃၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့'ဟု ပုံနှိပ်ထားလျက် အောက်တွင် 'ဘိုးခန့်' ဟု လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသဖြင့် သေသူနှင့် စာပေးသူမှာ နာမည်ချင်းဆင်ပုံကို ထောက်ခြင်းအားဖြင့် ညီအစ်ကိုတော်ဟန်တူသည် အထင်နှင့် ဦးဘိုးခန့်အား အလောင်းကို လာရောက်ကြည့်ရှုရန် ချက်ချင်းပင် အကြောင်းကြားလိုက်ကြောင်း၊ ဦးဘိုးခန့်က မိမိ၏ ညီဖြစ်ကြောင်း လာ ရောက် ပြောဆိုသွားကြောင်း။

**တရားသူကြီး။** ။"အလောင်းတွေ့တဲ့ရေအိုင်မှာ ဘယ်လောက်နက်တယ် ဆိုတာ သိသလား"

**ရာဇဝတ်အုပ်။** ။"ရေအိုင်လို့သာ ခေါ်ရပါတယ်၊ စင်စစ်အားဖြင့် နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာက အုတ်ဖုတ်ဖို့ မြေတူးတဲ့ကန်ဖြစ်ပါတယ်၊ အနက်မှာ တညီတညာတည်း လေးပေသာသာထက် မပိုပါ"

**တရားသူကြီး**။ ။"လေးပေထက် ဘယ်လောက်သာသလဲ၊ ဆယ်လက်မ၊ ဆယ့်တစ်လက်မခွဲလား သေသေချာချာပြောပါ၊ အထင်နဲ့မလုပ်ပါနဲ့"

**ရာဇဝတ်အုပ်**။ ။"လေးပေထက်ပိုလှလျှင် အလွန်ဆုံး နှစ်လက်မ သုံးလက်မပါပဲ"

**တရားသူကြီး**။ ။"သည်ထက်နက်တဲ့နေရာမရှိဘူးပေါ့၊ ကောင်းပြီ၊ အလောင်း တွေ့တဲ့နေရာ ဘယ်လောက်နက်သလဲ"

**ရာဇဝတ်အုပ်**။ ။"ရွာလူကြီးပြတဲ့အတိုင်းမှာ ကမ်းနဖူးမှာခြေတင်ပြီး ခေါင်းဖောက်ထိုးကျနေပါတယ်၊ ကမ်းစပ်မှာတော့ ပြေပြေကလေးပါပဲ၊ ငါးပေကွာလောက်ကျမှ သုံးပေခွဲလောက် နက်ပါတယ်"

**တရားသူကြီး**။ ။"အုတ်ကျင်းဆိုလျှင် သည်လောက်ပြေနိုင်သလား"

**ရာဇဝတ်အုတ်**။ ။"အုတ်ကျင်းဆိုသော်လည်း နှစ်ကြာလို့ ကန်စွန်းပင် ကနဖော့ပင်များကို ရွာကလူများ ခူးခူးရောင်းကြတာနဲ့ အထူးသဖြင့် အခု အလောင်းတွေ့တဲ့နေရာမှာ အဆင်းအတက်တော့ အတော်ပဲ ပြေနေပါတယ်"

**တရားသူကြီး**။ ။"ဒါဖြင့် သည်ရေအိုင်ထဲကို လူကြီးတစ်ယောက်ယောက် မတော်တဆ ကျသွားခဲ့လို့ ရေမကူးတတ်သည့်တိုင်အောင် ရေနစ် သေနိုင်ဖွယ်ရာ အကြောင်းမရှိဘူးလို့ ဆိုနိုင်သလား"

**ရာဇဝတ်အုပ်**။ ။"သောက်စားမူးယစ်ခြင်း မဖြစ်ခဲ့သော်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူမဟုတ်ခဲ့သော် လည်းကောင်း သေနိုင်ရန် ခဲယဉ်းပါတယ်"

**တရားသူကြီး**။ ။"မောင်မင်း၊ ခုတင်က အစစ်ခံတာမှာ ကမ်းစပ်မှာ လူချင်း တစ်ယောက်ယောက် တွန်းထိုးရုန်းကန်ကြဟန် လက္ခဏာ မတွေ့ဘူး ပြောဘယ်၊ ရေအိုင်ထဲမှာကော သည်လိုတွေးထင်ဖွယ်ရာ တစ်စုံတစ်ရာ တွေ့သလား"



**ရာဇဝတ်အုပ်**။ ။"အောက်နုန်းထဲမှာ ထင်နိုင် မြင်နိုင်ဖို့ မရှိပါဘူး၊ ရေပေါ်မှာဆိုတာတော့..၊ သည့်ပြင် အပင်ထက်ဗေဒါပင်က အတော်ပိတ်ကျပ် နေပါတယ်၊ သေသူလက်ထဲမှာတော့ မှော်ပင်တစ်ဆုပ် လက်ထဲမှာ ကုတ်ထားတာ တွေ့ပါတယ်"

ဝင်းနောက် သက်သေစင်ပေါ်သို့ ခုံညားစွာတက်၍ ရပ်သူမှာ ဆရာဝန်ဖြစ်လေသည်။ ထိုပန်ချာပီလူမျိုး သုံးဆယ်ရှယ်ခန့် ဆရာဝန်မှာ မိမိအလုပ်နှင့်ဆိုင်ရာ အရေးကြီးသောအချက်များကို သေချာဂန ဝတ္တရား ကျေပွန်အောင် ဆောင်ရွက်သူတစ်ယောက်အဖြစ်ဖြင့် အောက်ပါအတိုင်း ထွက်ဆို၏။

"သေသူ၏ အလောင်းကို မိမိကိုယ်တိုင် သေချာစွာ စစ်ဆေးကြည့်ကြောင်း၊ အသက်သုံးဆယ့်ငါးနှစ်ရှယ်မျှ ခန့်မှန်းရကြောင်း၊ ကျန်းမာ သန်စွမ်းသူတစ်ယောက် ဖြစ်ကြောင်း၊ အလောင်းကို ကုန်းပေါ်သို့ တင်ပြီးနောက် ၂ နာရီခန့်ရှိမှ ကြည့်ရှုရကြောင်း၊ ထိုအခါ အသက်ကုန်ပြီး၍ ၁၂ နာရီမှ ၁၅ နာရီခန့်ရှိလိမ့်မည်ဟု ထင်မြင်ကြောင်း၊ တစ်ကိုယ်လုံးတွင် မည်သည့်နေရာမှ ဒဏ်ရာဟူ၍ ပြောလောက်အောင် ကြီးကျယ်ထင်ရှားသော ပွန်းခြင်း ပဲ့ခြင်း တစ်စုံတစ်ရာ မတွေ့ရှိကြောင်း၊ အနာရောဂါ တစ်မျိုးတစ်မည်ဖြင့် သေဆုံးသည်ဟု စွပ်စွဲစရာ အချက်မတွေ့ရှိကြောင်း"

**တရားသူကြီး**။ ။"ဒါဖြင့် ဘယ်လိုကြောင့် သေသလဲ"

**ဆရာဝန်**။ ။"ရေမွန်းလို့သေပါတယ်"

**တရားသူကြီး**။ ။"ဒါဖြင့် ရေနစ်လို့ သေကြောင်း သေချာတယ်ဆိုပါတော့"

**ဆရာဝန်**။ ။"ဒါတော့ လွဲနိုင်စရာ အကြောင်းမရှိပါ၊ အဆုတ်ထဲမှာလည်း ရေတွေဝင်လို့ ပွနေတဲ့အပြင် အစာအိမ်အတွင်းမှ 'ကွတ်' ပုလင်းအကြီးနှင့် ဘစ်ပုလင်းမျှလောက် ရေထုတ်ယူလို့ ရပါသည်၊ ဤလက္ခဏာများမှာ ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် နှာခေါင်းတို့မှ ရှူရှိုက်ယူသဖြင့် အသက်ရှူပေါက်ပိတ်သေကြောင်း ထင်ရှားပါတယ်၊ ထို့ကြောင့် သေသူမှာ ရေထဲသို့မကျမီ အသက်ရှင်လျက်ရှိကြောင်း သိနိုင်ပါတယ်"

**တရားသူကြီး။** ။"ခုပြောတဲ့ အဓိပ္ပာယ်က လူသေပြီးနောက်မှ ရေထဲကို ကျလျှင် အဆုတ်ထဲ အစာအိမ်ထဲကို ရေမဝင်နိုင်ဘူးလို့ ဆိုလိုသလား"

**ဆရာဝန်။** ။"ဘယ်လိုနည်းနဲ့မှမဝင်နိုင်ပါ၊ သည်လူ ရေမွန်းစဉ်က နှာခေါင်းနှင့် ပါးစပ်မြုပ်ရုံမျှလောက်သာ ရေပြင်အောက်ရောက်ဟန် လက္ခဏာရှိပါသည်။ ဘာပြုလို့လဲဆိုတော့ ဝမ်းထဲမှ ထုတ်ယူသော ရေထဲမှာ မှော်ပင် အသေးစားမျိုးများစွာ တွေ့ရှိရပါသည်၊ မှော်ပင်များမှာ ရေပေါ်မှာသာပေါက်ရိုးထုံးစံရှိပါတယ်"

**တရားသူကြီး။** ။"သည်သေတဲ့သူမှာ ရေနစ်စဉ်က သောက်စားမူးယစ်နေတယ်လို့ တွေးထင်ဖွယ်ရှိသလား"

**ဆရာဝန်။** ။"သေရည်သေရက် ယစ်မျိုးတစ်စုံတစ်ရာနှင့် မူးယစ်တဲ့ အထိမ်းအမှတ်များ တွေ့ရမလားလို့ ထုတ်ယူတဲ့ ရေကိုသေချာစွာ စစ်ဆေးကြည့်ပါသည်။ အရိပ်အငွေ့မျှ မတွေ့ရပါ၊ သည်အချက်မှာ အတော်အရေးကြီးတယ် အောက်မေ့လို့ အဲသည်ထုတ်ရတဲ့ရေကို ပုလင်းထဲထည့်ပိတ်ပြီး ယခု တင်ပြရန် ယူလာပါတယ်"

ဟုပြော၍ နောက်ပါ 'ဒရဝမ်' ထဲမှ အဝကျယ်ပုလင်းကို တရားသူကြီးအား ပေးလိုက်လေ၏။

တရားသူကြီးက–

"ကျွန်ုပ်နှင့် မဆိုင်ဘူး၊ ဟိုလူများသာပြ"

ဟုပြော၍ 'ဂျူရီ' လူကြီးများ ထိုင်နေသည့် ဘက်သို့သာ ညွှန်ပြလေ၏။ 'ဂျူရီ' လူကြီးများကလည်း တညီတညာတည်း ခေါင်းခါ၍ ပယ်လိုက်ကြလေ၏။



...င်းနောက် ထိုပုလင်းကို ဆရာဝန်လက်မှယူ၍ အမှုလိုက် အင်စပိတ် ...က တရားခွင်ရှေ့ရှိ ရှေ့နေများထိုင်သော စားပွဲပေါ်တွင် တင်ထားသော ... ကျွန်ုပ်နှင့် စုံထောက်ကြီး ဒေါက်တာသောင်းထိုက် ထိုင်နေသော ရှေ့နား ...ဖြင့်၍ ဦးသောင်းထိုက်က စေ့စပ်စွာ ကြည့်ရှုသည်နှင့် ကျွန်ုပ်ကလည်း ...မြင်ရလေသည်။ ပုလင်းအတွင်း ရေပေါ်တွင် သေးငယ်သော မှော်ကလေး ...မှာ ပေါလောပေါ်လျက် ရေအောက်တွင်လည်း သေးသွယ်၍ အလိမ် ...ငံမိရှိသော သတ္တဝါကလေးများကို တွေ့မြင်ရလေသည်။

**...ရားသူကြီး။** ။(ဆက်လက်၍) "သည်သေတဲ့ လူဟာ ရေထဲကို ဘယ် ...ည်းနဲ့ လိမ့်ကျတယ်လို့ ပြောနိုင်ပမလား"

**ဆရာဝန်။** ။"ရေနစ်သေသည်ကလွဲလို့ ကျွန်တော်က တစ်စုံတစ်ရာ မပြော ...ပါ"

ဟုဖြေဆို၍ နောက်ထပ်အစစ်ခံရန် မရှိတော့သည်နှင့် သက်သေစင်ပေါ် ...ဆင်းမည်ပြုရာ ဒေါက်တာသောင်းထိုက်သည် ရုတ်တရက်ထ၍ တရား ...ကြီးအား–

"ရုံးမင်းခွင့်ပြုပါလျှင် မေးခွန်းတစ်ခု မေးလိုပါတယ်"

(တရားသူကြီးက ခေါင်းညိတ်လိုက်သည်နှင့်) "သူ၏ အလောင်းတွင် ...ပြောလောက်အောင် ထင်ရှားသောဒဏ်ရာမတွေ့မရှိကြောင်းကို သည် ဆရာ ...ဝန်က ထွက်ဆိုပါတယ်၊ အညိုအမည်းလောက်မျှ အမှတ်အရာကလေးများ ...လောက်မှလည်း မတွေ့မရှိဘူးလားလို့ မေးလိုပါတယ်"

(တရားသူကြီးသည် "မေးတာ ကြားသလား ဘယ့်နှယ်လဲ" ဟု ပြော ...န်ဖြင့် ဆရာဝန်အား မေးထိုက်လိုက်သောအခါ)

**ဆရာဝန်။** ။"သေသူ၏ ညာဘက်လက်မောင်း တံတောင်ဆစ် အောက်နား ...မှာတော့ တုတ်နဲ့ ရိုက်မိသလို ညိုတိုတိုတော့ တွေ့ရှိပါတယ်၊ သို့ပေမယ့် ...ဒဏ်ရာဟူ၍ တပ်အပ်ပြောလောက်အောင် မထင်ရှားလှပါ"

www.burmeseclassic.com

www.burmeseclassic.com

## [၂] သေသူ၏ညီ အစစ်ခံချက်

ဒေါက်တာသောင်းထိုက် ပြန်ထိုင်၍ ဆရာဝန်ဆင်းသောအခါ နော
အရေးကြီးသော သက်သေတစ်ယောက်မှာ ဦးဘိုးခန့်ဆိုသူ ဖြစ်လေသည်
ဤသူကိုအကြောင်းပြု၍ ဤအမှုတွင် ကျွန်ုပ်၏မိတ်ဆွေ စုံထောက်ကြီး
ဒေါက်တာသောင်းထိုက် လိုက်ပါရွက်ဆောင်ရခြင်းဖြစ်၍ ဤ ဦးဘိုးခန့်ဆိုသူ
၏ အကြောင်းအဆက်အသွယ်ကို အနည်းငယ် ဖော်ပြရန် လိုလေသည်။

ဦးဘိုးခန့်နှင့် သေသူ ဦးဘိုးသန့်တို့မှာ ချမ်းသာသော အမျိုးအနွယ်
ပေါက်ဖွား၍ ဦးဘိုးခန့်မှာ အကြီး၊ သေသူမှာ ညီအငယ်ဖြစ်လေသည်။ မိဘ
များ သေဆုံးပြီးနောက် လူလားမြောက်သော်လည်း အိမ်ထောင်မပြုကြဘဲ
နှစ်ယောက်လုံးပင် လူပျိုကြီးများ ဖြစ်ကြ၏။ ဦးဘိုးခန့်မှာ မိမိ အပေါင်း
အသင်းများနှင့် 'စိတ်ပျို ကိုယ်နု' ဆိုသလို ပျော်ရွှင်စွာ နေတတ်ခြင်းကြောင့်
ရုပ်ရှင်ရုံ၊ ဟိုတယ်၊ ပျော်ပွဲရုံများနှင့်နီးရာ မြို့လယ်ရှိ ပန်းဆိုးတန်းတွင် နေထိုင်
လျက် ညီအငယ် ဦးဘိုးသန့်မှာမူ လူသံသူသံ နည်းပါးဆိတ်ငြိမ်ရာ မြို့ပြင်
ဘက် ကျွန်းတောကွက်သစ်ရပ်တွင် တစ်ယောက်တည်းချင်း အိမ်ကလေး
တစ်လုံးနှင့် နေလေသည်။

ဦးဘိုးခန့်က သေသူမှာ မိမိ၏ ညီအငယ် အသက် ၃၈ နှစ်ရှိကြောင်း
အလောင်းကို မတွေ့မီတစ်ရက် အင်္ဂါနေ့တွင် တစ်ယောက်နှင့်တစ်ယောက်
တွေ့သေးကြောင်း၊ သူ့မှာ စိတ်ညစ်ညူးပူပင်စရာ ဒုက္ခမရှိကြောင်း၊ သို့သော်
မကြာမီခန့်အတွင်း အထူးသဖြင့် နောက်ဆုံးတွေ့သည့်အကြိမ်၌ ခါတိုင်း
ထက် တွေဝေစဉ်းစားနေပုံကို ထောက်ရသော် အလုပ်အကိုင်နှင့် ပတ်သက်၍
သော် လည်းကောင်း၊ တစ်ဦးတစ်ယောက်အတွက်နှင့်သော်လည်းကောင်း
သောက မကင်းစရာ တစ်ခုခုရှိလိမ့်မည်ဟု ယခုမှ ပြန်လှန်တွေးထင်မိကြောင်း
အစစ်ခံလေသည်။



...ရားသူကြီး။ ။"သည်လို သောကရောက်နေပုံမှာ ကိုယ့်ကိုယ်ကိုယ် အဆုံး
...င်ရင်မယ်လို့ မသင်္ကာလောက်အောင် ရှိသလား"

...ဘိုးခန့်။ ။"သည်လိုတော့ ကိုယ့်အသက်ကိုယ် ကြံစည်မယ်လို့ ဘယ်
...ည်းနဲ့မှ ကျွန်တော် မထင်မိပါ"

...ရားသူကြီး။ ။"သည်လိုမလုပ်ဘူးလို့ မှတ်ထင်နိုင်စရာ အကြောင်းများ
...ိုင်သလား"

...ဘိုးခန့်။ ။"မထင်နိုင်စရာအကြောင်းက သူ့မှာ ပိုက်ဆံကြေးငွေ ပြည့်စုံတဲ့
...ပြင် သူများကိုပင် အမြဲလိုလိုထောက်ပံ့ကူညီနေတဲ့လူတစ်ယောက် ဖြစ်ပါ
...ယ်။ မကြာမီက သူနဲ့ ခင်မင်တဲ့ မိတ်ဆွေတစ်ဦးက လက်ထပ်ရန် ငွေကြေး
...ပြည့်စုံလို့ နှောင့်နှေးနေတာကို ကျွန်တော့်ထံမှ ငွေလှည့်ယူပြီး ထုတ်ချေးမှု
...သေးတယ်။ သူများအတွက် သည်လိုထုတ်ပေးလို့ ဆုံးပေါင်းလည်းများ
...ို့ ကျွန်တော်က ရုတ်တရက် ငွေထုတ်မပေးတာနဲ့ ချက်ချင်းစိတ်ကောက်
...ိန်သွားပြီး လယ်စာချုပ်တွေနဲ့ သူ့အသက်ပေါင်စာချုပ်ကို လွှတ်ပေးနိုင်း
...ိုက်ပါတယ်။ အသက်အာမခံ စာချုပ်မှာ ငွေတစ်သောင်းတန်ဖြစ်ကြောင်း
...ိရပါတယ်။ သူ့မှာ သားမယားမရှိသည့်အတွက် သူ ၁၅ နှစ်အတွင်းမှာ
သေပါက အမွေစားအဖြစ်နဲ့ ထုတ်ယူနိုင်ရအောင် ကျွန်တော့်နာမည်နဲ့ လွှဲထား
...ကြောင်း တွေ့ရှိရပါတယ်။ သို့သော် အသက်ပေါင်ငွေ စပြီးသွင်းခဲ့တာက
...နှစ်မပြည့်သေးလို့ ဒီအတောအတွင်း သူ့ကိုယ်သူ သတ်သေပါက လျော်
...ကြေးငွေမရနိုင်ဘူးဆိုတာ သူသိပြီးဖြစ်ပါတယ်။ ဒါကြောင့် သတ်သေလိမ့်
...ယ် မထင်ပါ"

တရားသူကြီးသည် ကျေနပ်စွာ ခေါင်းညိတ်လျက်–

"သေသူ ဦးဘိုးသန့် ဘာလုပ်ကိုင်စားသလဲ"

ဦးဘိုးခန့်။ ။"နိုင်ငံ ကာကွယ်ရေးဘက်မှာ အမှုထမ်းပါတယ်၊ သို့သော်
...ည်သည့်ရာထူးဌာနဌာနရဆိုတာတော့ မပြောနိုင်ပါ။ သူ့အလုပ်နှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



၍ မည်သူနဲ့မှ ဘာအကြောင်းကိုမျှ ပြောသံမကြားဖူးပါ။ စကားလည်း အလွန်နည်းပါသည်။ လခမှာတော့ သုံးရာကျော် လေးရာနီးပါးရတယ်လို့ သိရပါတယ်။ အိမ်မှာတစ်ယောက်တည်း နေထိုင်ပါတယ်။ အစားအသောက်မှာလည်း တွေ့ရာ ကြုံရာ အပြင်ဘက်ဆိုင်တွေမှာသာ အစားများပါတယ်။ အိမ်မှာ ဘာမှ ချက်ပြုတ်ခြင်းမရှိပါ၊ မနက်နဲ့ ညနေ သူအိမ်မှာ ရှိချိန်လောက်မှာ နိုင်းစေရန် 'ချွတ်ကရား' ကုလားကလေးတစ်ယောက်ပဲ ရှိပါတယ်။ ကျွန်တော်ကလွဲလို့ သည့်ပြင် ဆွေမျိုးတော်စပ်သူ အနီးအဝေး တစ်ယောက်မျှ မရှိပါ။ သောက်စား ပျော်ရမ်းတတ်သူလည်း မဟုတ်ပါ"

**တရားသူကြီး**။ ။"ထွေထွေထူးထူး ရောဂါများရှိသလား၊ ဥပမာ ဝက်ရူးပြန်ရောဂါလို"

**ဦးဘိုးခန့်**။ ။"မရှိပါ"

**တရားသူကြီး**။ ။"ယခုလို လူမနီးသူမနီး အလောင်းကိုတွေ့တဲ့နေရာမျိုးကို ည ၈ နာရီ ၉ နာရီဆိုကြပါစို့၊ ဘယ်နည်းနဲ့ ရောက်သွားပုံလဲ ပြောနိုင်ရဲ့လား"

**ဦးဘိုးခန့်**။ ။"စဉ်းစားလို့မျှ မရပါ"

ထိုအချိန်တွင် သက်သေများ ဆက်လက်စစ်ဆေးရန် မရှိတော့၍ အမှုကို ရက်ချိန်းပေးလိုက်လေသည်။

ရုံးပြင်ဘက်သို့ ထွက်လာကြသောအခါ ကျွန်ုပ်က ဦးဘိုးခန့်အား-

"ဒီအမှုမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ အသက်အာမခံ ကုမ္ပဏီက စောဒကတက်စရာတော့ မရှိလှပါဘူး။ ဒါကြောင့် အာမခံလျော်ကြေးငွေထုတ်ပေးဖို့ လမ်းသာရှိပါတယ်" ဟု ပြောသောအခါ ဦးဘိုးခန့်က-

"ကျွန်တော် ယခု ဒေါက်တာကြီး ဦးသောင်းထိုက်ရဲ့ အကူအညီကို တောင်းရခြင်းမှာ အာမခံလျော်ကြေးငွေ ဆုံးရှုံးမှာစိုးလို့ မဟုတ်ပါ။ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတဲ့ နာမည်ဆိုးကျန်ရစ်ပြီး သေသူရဲ့ အကျင့်စာရိတ္တကို ထိခိုက်မှာစိုးလို့ ပေါ်အောင် စုံထောက်ပေးဖို့ခေါ်ရခြင်းဖြစ်ပါတယ်"



**ထိုက်**။ ။"ဟုတ်ပါပေတယ်၊ သည်ကိစ္စမှာ တရားဥပဒေ လမ်းကြောင်းနဲ့၊ လူများထင်မြင်ချက် သေးသိမ်မည့်အတွက်ရော နှစ်ဖက် နှစ်ဌာနလုံးကို ဘာကွယ်ဖို့ အရေးကြီးပါတယ်၊ အခု ကျွန်တော်တို့ ဆေးရုံကို အလောင်းသွားကြည့်မယ်၊ နောက်ပြီးတော့ အလောင်းတွေ့တဲ့နေရာကို သွားကြမယ်၊ ကျွန်တော့်ကားလည်း အဆင်သင့်ရှိပါတယ်၊ သွားကြပါစို့"

ကျွန်ုပ်တို့သည် ဆေးရုံကြီးသို့ ရောက်သောအခါ သက်သေခံသော ဆရာဝန်သည် ထွက်လာ၍-

"အို ဒေါက်တာသောင်းထိုက်၊ အလောင်းကြည့်ဖို့ လာတယ်မှတ်တယ်၊ ဒါထက် တရားသူကြီးက သေသူ့ဝမ်းထဲက ရတဲ့ရေကို တင်ပြတော့ အရေးတကြီး အရေးယူရတဲ့ သက်သေခံပစ္စည်းရယ်လို့ အောက်မေ့တဲ့ လက္ခဏာမရှိဘူး၊ 'ဂျူရီ' လူကြီးတွေကလည်း ကြောက်စရာ ရွံ့စရာလို့ အောက်မေ့ပြီး ခေါင်းသွက်သွက်ခါနေကြတယ်"

**ထိုက်**။ ။"သူတို့လည်း အပြစ်တင်စရာ မဟုတ်ပေဘူး၊ ကျုပ်တို့ ခင်ဗျားတို့လို လောကဓာတ်ပညာဘက်ကို ဝါသနာပါပြီး လိုက်စားတဲ့လူကသာ အရေးကြီးကြောင်းသိတာ၊ အရပ်သူအရပ်သား လူပြိန်းက သည်လို သိတတ်နိုင်တာမျိုး မဟုတ်ဘဲကိုး၊ သို့ပေမယ့် သူတို့ နားမလည်တာနဲ့ စိတ်ပေါက်ပြီး သွန်ကြဲမပစ်လိုက်နဲ့ဦးဗျ၊ သည်ဟာမျိုးဟာ အနည်းဆုံးအမှု မပြီးပြတ်မချင်း ထားကောင်းတယ်"

**ဆရာဝန်**။ ။"ဟာ ဘာထားဖို့ လိုတော့မှာတုံး၊ အမှုက ပြီးပြတ်သလောက် ရှိနေပါပကော၊ သည်အမှုက ဘာစဉ်းစားစရာလိုသလဲ၊ တယ် ထင်ရှားတာပဲ၊ ရေပေါင်လယ်လောက်ရှိတဲ့ ချိုင့်ကလေးထဲမှာ လူတစ်ယောက် ရေနစ်တယ်၊ မတော်တဆ ကျလို့ရှိလျှင် ပြန်တက်ဖို့ မခဲယဉ်းဘူး၊ အရက်လည်း မမူးဘူး၊ ခွေးရူးပြန် ဝက်ရူးပြန်ရောဂါလည်း မရှိဘူး၊ တစ်ဦးတစ်ယောက်က ကြိုးနဲ့ ကြိုးချည်ထားတဲ့ ဒဏ်ရာမဆိုထားနဲ့ ရှန်းကန်တဲ့ အထိမ်းအမှတ်တစ်ခုတလေ

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိဘူး၊ မသေမီအတွင်း သူ့အစ်ကိုနဲ့ တွေ့တဲ့အခါမှာ သူ့ညီဟာ တစ်ခုခု တစ်ရာရာ အလုပ်အကိုင်နဲ့ ပတ်သက်ပြီး စိတ်ညစ်နေတယ်လို့ ထွက်သွားတယ်၊ ဒါမှ သူ့ကိုယ်သူ သတ်သေတယ် မခေါ်လျှင် တရားသူကြီးတွေ ဘာစဉ်းစားပြီး ဘယ်လို စီရင်နေကြသလဲ" ဟု မဲ့ရွဲ့ညည်းညူလေ၏။

ထိုက်။ ။"ထင်မြင်ချက်ဆိုတာ တစ်ယောက်တစ်မျိုးစီ တယ် တူခဲတာပဲ၊ သို့သော် ကျွန်တော့်ဝတ္တရားကတော့ အသက်အာမခံကုမ္ပဏီက သည်အချက်ကို အကိုးအကားလုပ်ပြီး လျော်ကြေးမပေးရဖို့ ခုခံမယ်ဆိုလျှင် ကျွန်တော်က အတိုက်အခံဘက်က ဆောင်ရွက်ရလိမ့်မယ်"

ဆရာဝန်သည် မျက်နှာပျက်လျက်–

"ဒါဖြင့် ခင်ဗျားသဘောက သည်လူဟာ ကိုယ့်ကိုယ်ကိုယ် သတ်တယ်လို့ အယူမရှိဘူးပေါ့"

ထိုက်။ ။"ဒါကြောင့် နောင်ခါ အရှုပ်အရှင်း ရှိမည့်အရေးကိုမြင့်လို့ သည်ရေကို လုံလုံခြုံခြုံထားဖို့ ပြောတာပေါ့"

ဆရာဝန်။ ။"သည်လိုဆိုလျှင် ဗီရိုထဲထည့်ပြီး သော့ခတ်ထားပါမယ်၊ စိတ်သာချပါ" ဟုပြော၍ အလောင်းများထားသော အအေးတိုက်ခန်းထဲသို့ ရောက်သောအခါ–

"ခင်ဗျား သည်အလောင်းကို အထူးတလည်ဘာများကြည့်ချင်တာလဲ"

ထိုက်။ ။"ဘာရယ်လို့ ထူးထူးခြားခြား မဟုတ်ပါဘူး၊ ကြည့်သင့် ကြည့်အပ်တာဆိုသမျှ အားလုံးကြည့်ချင်တာပဲ။ အလောင်းကို ခင်ဗျားတို့ စစ်ဆေးပုံဟာက လက်ထောက်ဆရာဝန်ကလေးများနဲ့ လွှဲထားပြီး တစ်ယောက်က စစ်ဆေး၊ တစ်ယောက်က ပြောသမျှကို တစ်ယောက်က ရေးမှတ်ထားတဲ့ လက္ခဏာရှိတယ်။ ကျောင်းထွက်စ တချို့လက်ထောက်ဆရာဝန်ကလေးများက အလုပ်မှာ လာဘ်မြင်သေးတာမဟုတ်တော့ သာမန်ကာလျှံကာ ကြည့်ပြီး တတ်သမျှလောက် ရေးမှတ်တဲ့ အစီရင်ခံစာမျိုးလည်း ဖြစ်တတ်တယ်"



ဆရာဝန်။ ။"အိုး ကျွန်တော်ကိုယ်တိုင် အနားမှာ ရပ်ကြည့်နေပါတယ်"

ထိုက်။ ။"ဒါကို မငြင်းပါဘူး၊ ကိုယ်တိုင်ကိုယ်ကြပ်မလုပ်ကြတဲ့ ဆရာဝန်ကြီးများလည်းရှိတဲ့ အကြောင်း ပြောတာပါ"

၎င်းနောက် ကျောက်စားပွဲပေါ်တွင် အုပ်ထားသောအဝတ်ကို လှန်လိုက်သောအခါ သေသူ ဦးဘိုးသန့်အလောင်းမှာ ယခုဘဝ၏ ဆားဒုက္ခ အပေါင်းကို လျစ်လျူရှုသကဲ့သို့ မပွင့်တပွင့် မျက်လုံးများမှာ မည်သည်ကိုမျှ အာရုံမပြုဘဲ ပါးစပ်ကလေး ဟောင်းလောင်းနှင့် ရှိနေလေ၏။

ဒေါက်တာ သောင်းထိုက်သည် အလောင်းကို ခြေဆုံးခေါင်းဆုံး သေချာကြည့်နေရာ ရေနစ်စဉ်က လက်တွင် ဆွဲမိဆွဲရာ ဆွဲကုတ်ထားသော မှော်ပင်ကလေးများမှာ လက်အကြောများ ပြန်စန့်လာသည်နှင့် လက်ဆုပ်မှ ပြေကျလုမတတ်ရှိနေလေ၏။ ဒေါက်တာ သောင်းထိုက်သည် မှော်ပင်ကလေးများကိုဆွဲယူ၍ သေချာစွာ ကြည့်ရှုလေရာ ထိုမှော်ပင်မျိုးကား ယခင်ဝမ်းထဲမှသည့် ရေမျက်နှာပြင်ပေါ်တွင် ပေါက်ရောက်သော မှော်ပင်မျိုးနှင့် သဘာဝများစွာ ခြားနားလေ၏။

ရေပေါ်တွင် ပေါက်သော မှော်ပင်မျိုးမှာ အောက်ဘက်တွင် ကြက်သွန်ဝင်များကဲ့သို့ အမြစ်ဓုတ်ဖွားရှိ၍ အစိမ်းရောင်ဆိုးထားသော ဖော့ပန်းနှင့် သဏ္ဌာန်တူလေသည်။ လက်တွင် ဆုပ်ထားသော မှော်ပင်ကလေးများမှာမူ မှော်ပင်ဟုပင် ဆိုရသော်လည်း ရေအောက်ညွန်ထဲတွင် အမြစ်တွယ်၍ ပေါက်လေ့ရှိလျက် ပုံသဏ္ဌာန်မှာ ကျောက်ခက်ကဲ့သို့ ရှည်လျားသေးသွယ်သော အပင်ကလေးများ ဖြစ်လေသည်။

ထိုက်။ ။(ဆရာဝန်အား ထိုမှော်များကို ကိုင်ပြလျက်) "ခင်ဗျား ခုတင်က တရားခွင်မှာ မှော်မှန်လျှင် ရေပေါ်မှာ ပေါ်၍ ပေါက်ရိုး ထုံးစံရှိကြောင်း သက်သေခံတယ်၊ မှော်ခေါ်တိုင်း ရေပေါ်မှာချည့် ပေါက်တယ် မမှတ်လိုက်၊ တချို့အမျိုးဟာ ရေအောက်ညွန်ထဲမှာသာ အမြစ်တွယ် ပေါက်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘာဝတွေ ရှိပါတယ်"

ဆရာဝန်လည်း မှန်ကြောင်း ဝန်ခံရလေ၏။ ထို့နောက် ဦးသောင်းထိုက်သည် ယခင်က တရားခွင်တွင် ဆရာဝန်ထွက်ဆိုသည့်အတိုင်း သေသူ၏ ညာဘက်လက် တံတောင်ဆစ်အောက်နားတွင် တွေ့သည်ဆိုသော ညိုမည်းနေသည့် ဒဏ်ရာကိုကိုင်ကြည့်၍–

"အင်း၊ ခင်ဗျားပြောသလိုပဲ တုတ်လိုလို ဘာလိုလို တစ်ခုခုနဲ့ ရိုက်မိတဲ့ ဒဏ်ရာလို့ ဆိုမယ်ဆိုလည်း ဆိုထိုက်ပါတယ်၊ ဒါထက် အလောင်းမှာ ရေ့သွား မရှိပါကလား" ဟု သေသူ၏ ဟောင်းလောင်းနေသော ပါးစပ်အတွင်းအပေါ်သွား ၄ ချောင်းမျှ ဟာနေသည်ကို ညွှန်ပြလေ၏။

**ဆရာဝန်**။ ။"ဟုတ်ကဲ့၊ သူ့အစ်ကို ဦးဘိုးခန့်က သူ့ညီမှာ ရွှေသွား ၄ ချောင်းစိုက်ထားတယ် ပြောတယ်၊ ရေထဲကျတုန်းက ထွက်ကျတဲ့လက္ခဏာရှိတယ်၊ အလောင်းတွေ့တဲ့နေရာမှာတော့ မတွေ့ဘူးပြောတယ်၊ နို့ပေမယ့် ရွှေဆိုတော့ ပြန်ရဖို့ အခက်သားပဲ"

အစ်ကိုဖြစ်သူ ဦးဘိုးခန့်မှာ အတူတူလိုက်ပါလာသော်လည်း ညီ၏အလောင်း ခွဲစိတ်ထားခြင်းကို မကြည့်ရက်သည်နှင့် အပြင်ဘက်တွင် ရပ်ကျန်ခဲ့လေသည်။

## [၃] ဒဏ်ဆောင်ပြေစာလက်မှတ်

**ထိုက်**။ ။"အကျီအိတ်ထဲမှာ အားလုံးပစ္စည်းတွေရှာပြီးပါပြီလား"

ဟုပြော၍ အလောင်းစင် ကျောက်စားပွဲ ခြေရင်းရှိ ချိတ်ထားသော အကျီကို ကိုင်ကြည့်ပြီး စမ်းလိုက်သော အခါ အကျီအပေါ် နာရီအိတ် အိတ်ကပ်ကလေးထဲတွင် မာခေါက်ခေါက်ကလေးတွေ့သည်နှင့် ဆွဲထုတ်လိုက်ရာ စက္ကူခေါက်ကလေးဖြစ်ကြောင်း တွေ့ရလေသည်။



ထိုစက္ကူခေါက်ကလေးမှာ မီးရထားလက်မှတ်မပါဘဲ စီးနင်းလိုက်ပါသွားသည့်အခါ ရောက်သည့်ဘူတာက ဆီး၍ ဒဏ်တပ်သဖြင့် နှစ်ဆပေး၍ ဆောင်ရသော ပြေစာလက်မှတ်ကလေးမျိုးဖြစ်၍ ကြည့်မြင်တိုင်ဘူတာမှ သမိုင်းဘူတာအထိ ဒဏ်ဆောင်သော ပြေစာဖြစ်ကြောင်း ရေးသားထားလေသည်။

ဦးသောင်းထိုက်သည် ထိုပြေစာကို ကူးမှတ်ယူမည်ပြုရာ ဆရာဝန်က–

"အို ကူးမနေပါနဲ့တော့၊ သည်ဟာ ဒါလောက် အရေးကြီး အသုံးဝင်တာ မဟုတ်ပါဘူး၊ သည်အတိုင်းပဲ ယူသွားပါ"

ဟု ပေးလိုက်သောကြောင့် ဦးသောင်းထိုက်က ကျေးဇူးတင်စွာနှင့် လက်ခံ သိမ်းပိုက်လိုက်လေသည်။

**ထိုက်**။ ။"ဒါထက် ဆရာဝန်ကြီး သည်လူ့ပစ္စည်းထဲမှာ သော့များ မမြင်ပါကလား"

**ဆရာဝန်**။ ။"ဟုတ်ကဲ့၊ သော့ဆိုလို့ တစ်ချောင်းမှ မတွေ့ဘူး၊ ရေထဲများ ထွက်ကျသလား မသိဘူး၊ တစ်ယောက်တည်းနေတယ်ဆိုတော့ အနည်းဆုံး အိမ်ခတ်တဲ့သော့တော့ ပါဖို့ကောင်းတယ်"

**ထိုက်**။ ။"ဟုတ်တယ်၊ အလောင်းတွေ့တဲ့ ရေထဲမှာ သွားရှာရလျှင် ကောင်းလိမ့်မယ်" ဟု ပြော၍ နှုတ်ဆက်ပြီး ထွက်ခဲ့ကြလေ၏။

**ကျွန်ုပ်**။ ။"ဆရာဝန်ကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ အပြီးစွဲနေပါကလား"

**ထိုက်**။ ။"ခင်ဗျားက အသက်အာမခံငွေထုတ်ဖို့ပဲ လမ်းရှိတော့တယ် ပြောတာနဲ့တော့ တကတဲ ဆန့်ကျင်နေတာပေါ့"

**ကျွန်ုပ်**။ ။"သူတို့ကတော့ နေရှင် ကုမ္ပဏီကြီးတွေဘက်ကပေါ့"

**ထိုက်**။ ။"ဒါလည်း မပြောနဲ့လေ၊ ကိုယ့်အကျိုး သူ့အကျိုးရှိသေးတာကိုး၊ ဆရာဝန်ဆိုတာ အသက်အာမခံကုမ္ပဏီနဲ့ဆိုတော့ ရေအိုးနဲ့ ရေမှုတ်ကိုး၊ သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အသက်ပေါင်ထားမယ်ဆိုကတည်းက သူတို့က စတင်ပြီး ကျန်းမာတယ် မကျန်းမာဘူး၊ သည်လူ့ အဖေအမေမှစလို့ ညီအစ်ကို မောင်နှမ သည်လူ့သွေးသားထဲမှာ မပျောက်နိုင်သော ဝေဒနာ၊ ကူးစက်တတ်တဲ့ ရောဂါ ဘာပါသလဲဆိုတာတွေ စမ်းသပ်စစ်ဆေးဖို့ ကုမ္ပဏီက အခကြေးငွေ ပေးထားတာလည်း ကြည့်ဦးမှာပေါ့"

ကျွန်ုပ်သည် "သည်လိုဆိုလျှင် ဟန်မှ ဟန်ပါ့မလား" ဟု တွေးတောမိသော်လည်း ဦးသောင်းထိုက်၏ စွမ်းရည်ကိုသိသဖြင့် "သည်လူဟာ သည်လောက် ကြိုးကြိုးစားစား ခရေစေ့တွင်းကျ သေးသည်ငယ်သည်မရွေး စပ်ဆိုင်မယ်ထင်တဲ့ အချက်အလက်တွေကို တစ်ခုမကျန် လိုက်လံ မှတ်သားကောက်နုတ်ယူတာဟာတော့ အချည်းနှီးမဟုတ်နိုင်ဘူး"

ဟု စဉ်းစားမိလေ၏။ အပြင်သို့ ရောက်၍ ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေသော ဦးဘိုးခန့်ကို တွေ့လေ၏။

အလောင်းတွေ့သော ကန်ပွဲရွာအနီး ရေအိုင်သို့ ရောက်သောအခါ ဦးသောင်းထိုက်သည် ကမ်းစပ်ရေထဲ ရေပေါ်တွင် ပိတ်လောက်အောင် ပေါက်နေသော ကန်စွန်းပင်၊ ကနဖော့ပင်၊ ဗေဒါပင်များနှင့်တကွ အလောင်းကျနေပုံ အခြင်းအရာ ခပ်သိမ်းကို ကြည့်ရှုဆင်ခြင်နေသေး၏။ ၎င်းနောက် နေရာကို ပြသရန် လိုက်ပါလာသော ရာဇဝတ်အုပ်အား–

"ကြည့်စမ်း၊ ဟောဟို ကန်စွန်းရွက်တွေ၊ ဗေဒါရွက်တွေပေါ်မှာ တရွရွနဲ့ တွားသွားနေကြတဲ့ အကောင်ကလေးတွေဟာ ဘာကောင်ကလေးတွေလဲ သိသလား"

**ရာဇဝတ်အုပ်။** ။(အနားကပ်ကြည့်ပြီးလျှင်) "ဒါတွေဟာ ပက်ကျိကလေးတွေကပဲ"

**ထိုက်။** ။"အောင်မယ် ဟိုမှာ ဟိုမှာ တစ်ကန်လုံး သူတို့ချည့်ပါကလား၊ သည့်ပြင် ရေပိုးရေမွှားတောင် မရှိသလောက်ဘဲ၊ ကိုင်း ဒါတွေထက် ကျုပ်တို့



သာတာ သေသူရဲ့ သော့များကျကျန်ခဲ့မလားလို့ ရှာဖို့လာတယ်၊ ဟောဟို နွားကျောင်းသားကိုခေါ်ပြီး ဆင်းအစမ်းခိုင်းရအောင်"

နွားကျောင်းသား ရောက်လာသောအခါ–

"ဟေ့ မင်းကို ပိုက်ဆံပေးမယ်၊ ရေထဲဆင်း စမ်းစမ်းကွာ၊ တို့ သော့ ကျမတွေ့လို့"

ဟုပြော၍ ပိုက်ဆံတစ်မတ်ကို လက်ထဲ ထည့်ပြီးလျှင်–

"ဒါက စရန်ပေါ့ကွာ"

ဆိုသော စကားကို ကြားသောအခါ နွားကျောင်းသားသည် ကျေနပ်စွာနှင့် တုံ့ပြန်မပြောဘဲ ရေထဲသို့ ဆင်းလေ၏။

**ထိုက်။** ။"ဟေ့ ဟေ့ သည်လိုလုပ်ကွာ၊ ပထမ အပေါ်က အပင်တွေကို ရှင်းအောင်ဆယ်ပြီး ကမ်းပေါ်တင်လိုက်၊ အဲသည် အပင်ထဲများမှာ ရှိလိုရှိငြား တို့ရှာမယ်၊ အပေါ်ကရှင်းတော့ မင်းက အောက်ကိုစမ်း၊ အရင်မလိုနဲ့ကွ စေ့စေ့စပ်စပ်ရှာ"

သို့သော် ရာဇဝတ်အုပ်မှာ စိတ်မရှည်သဖြင့်–

"ပြန်တဲ့အခါကျလို့ တွေ့လျှင်သာ ကျွန်တော်တို့ ဂါတ်ကို တစ်ဆိတ်လောက် ဝင်ပြောပါတော့၊ အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါ၊ အလုပ်တွေ ရှိပါသေးတယ်" ဟုပြော၍ ပြန်သွားလေ၏။

နာရီဝက်သာသာမျှ ရှာသော်လည်း တစ်စုံတစ်ရာ မတွေ့သဖြင့် နွားကျောင်းသား ပင်ပန်းကျိုးနပ်စေရန် ငွေတစ်ကျပ်ပေး၍ ထွက်ခွာခဲ့ကြလေ၏။

**ထိုက်။** ။"သော့ သည်နေရာမှာ မတွေ့တာနဲ့ သေတဲ့လူမှာ သော့မပါလာဘူးလို့တော့ မယူဆနိုင်ဘူး၊ ပါးစပ်ထဲမှာစိုက်ထားတဲ့ သွားကလည်း တစ်နေရာရာမှာတော့ ရှိရမယ်"

ကျွန်ုပ်တို့သည် မြက်ပေါ်တွင် ရွာသားများ ခြေနင့်နင်း၍ ဖြတ်လျှောက်လုကမန်းရှိသော လမ်းကလေးမှ တာလမ်းပေါ်သို့ ပြန်တက်လာကြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းထိုက်သည် ရပ်၍ တွေဝေနေပြီးနောက်–

"ကြည့်စမ်း၊ သည်တာယာ အရာကြီးဟာ"

ဟု လမ်းနံဘေး ကျောက်ခင်းထားသော နေရာနှင့် လွတ်သည့် မြေကြီးပေါ်တွင် ထင်ရှားသော တာယာအကြောင်းကြီးကို လက်ကိုင်တုတ်နှင့် ထိုး၍ ပြလေသည်။

ထိုက်။ ။"ကန်ဘဲ့ရွာ ဒီလိုလမ်းကလေးမျိုးကို မော်တော်ကား အသွားအလာ အင်မတန် နည်းတာဗျာ၊ နည်းလို့ တာယာအမှတ်မတွေ့ရဘူး မပြောပါဘူး၊ သို့သော်လည်း သည်တာယာက သေသေချာချာကြည့်၊ လူစီးကားကလေးက တာယာအမှတ်မဟုတ်ဘူး။ 'ဟက်ဗီး–ဆားဗစ်' ဝန်လေးတင်တဲ့ တာရာအလုံးကြီးမျိုးပဲ၊ ဒီတာယာမျိုးကို ကုန်တင် 'လော်ရီ' များသာသုံးတယ်။ ဒါတင်မကသေးဘူး၊ သည်နေရာတွင်ပဲလာပြီး သည်နေရာတွင်ပဲ ပြန်ကွေ့လို့ လှည့်လိုက်တဲ့အခါမှာ လမ်းဘေးလွန်ပြီး နောက်ဆုတ်တဲ့အရာနဲ့ တူတယ်၊ ဘယ်နှယ့်သဘောရသလဲ"

ညီသေသော အလောင်းနေရာကိုကြည့်ပြီး ဝမ်းနည်းပန်းနည်းဖြစ်၍ စကားမပြောဘဲ မှိန်းနေသော ဦးဘိုးခန့်က–

"အောင်မယ်၊ ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောလို့ ထူးခြားမှန်း သိရတယ်၊ ကျွန်တော်တို့လိုတော့ ကျော်လွှားသွားမှာပဲ၊ သတိထားမိမှာ မဟုတ်ဘူး"

ထိုက်။ ။"တာယာက ဟောင်းနေပေမယ့် 'ဂွဒ်ယီးယား' (Good Year) တာယာအမှတ်ဆိုတာ ကွဲပြားသေးတယ်၊ နို့ပြီးတော့ ဟောသည် အပြင်စောင်းမှာတွေ့လား၊ ဖာထားတဲ့အရာ၊ မှန်း တိုင်းကြည့်ရအောင်"

ဟုပြော၍ လက်ဆွဲသေတ္တာကလေးထဲမှ ပေကြိုးနှင့် ကွန်ပါကိုထုတ်ယူ တိုင်းထွာ၍ မှတ်စုစာအုပ်ကလေးထဲတွင် ပုံစံအတိုင်းအထွာနှင့်တကွ ကျနစွာ ရေးမှတ်လေ၏။ ထို့နောက်–

"သည်တာယာနဲ့ ကားကိုတွေ့အောင်ရှာပြီး စုံစမ်းလျှင် အကြောင်း



...င်စုံတစ်ရာတော့ သိရမှာပဲဗျို့၊ သို့သော် သည်နေရာမှာ ရပ်နေလို့ အချိန်...ကုန်မယ်၊ သွားကြဦးစို့"

မော်တော်ကားပေါ်သို့ ပြန်တက်ကြသောအခါ–

"ကိုင်း– ဦးဘိုးသန့်အိမ်ကို အရင်သွားကြစို့"

ဟု ဦးသောင်းထိုက်က ကျွန်းတောကွက်သစ်ဘက်သို့ မောင်းရန် 'ဒရိုင်ဘာ' အား ပြောကြားပြီးနောက်–

"ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တဲ့ လူတစ်ယောက်ဟာ ကျွန်းတော...ကွက်သစ်နေရာက ပြည်လမ်း၊ မြေနီကုန်း၊ ဂိုလ်ဒင်းဘဲလီ၊ ကုက္ကိုင်း မြင်းပြိုင်...ကွင်းသစ်ကမှ မိုးကောင်းဘုရား လှည့်ကွေ့ပြီး ကန်ဘဲ့ရွာကလေးနားက ...ရေအိုင်ကလေးကိုမှ ရွေးချယ်ပြီး ဆင်းသေရမယ်ဆိုတာ တော်တော် ခဲယဉ်း...တာပဲ။ သို့သော် တစ်ခုတော့ရှိတယ်၊ သည်မီးရထား ဒဏ်ဆောင်တဲ့ လက်...တော်ကို ကြည့်ကြဦးစို့"

ဟု အိတ်ထဲမှ ယခင်ဆရာဝန်က ခွင့်ပြု၍ ယူလာခဲ့သော ဖြတ်ပိုင်း...ကလေးကို ကြည့်သောအခါ–

"အင်း၊ သည်လက်မှတ်ထဲမှာ ရေးထားတဲ့အတိုင်းတော့ မနေ့က ညနေ ၆ နာရီနဲ့ မိနစ် ၄၀ မှာ သည်လက်မှတ်ကို ရေးတယ်၊ ကြည့်မြင်တိုင်က ...မိုင်းသို့ လိုက်ပါတယ်။ သည်တော့ ၇ နာရီ အချိန်လောက်မှာ သည်လူ ...မိုင်းမှာရှိကြောင်း သိရပြီ၊ ဆရာဝန်ထွက်ချက်အရ တွက်ကြည့်လျှင် မနေ့...က ည ၇ နာရီနဲ့ ၁၀ နာရီ အတွင်းမှာ အသက်ပျောက်တယ်၊ ဒါထက် ...တစ်ခုမေးစမ်းပါရစေ ဦးဘိုးခန့်၊ ခင်ဗျားညီနဲ့ တစ်နေ့ကတွေ့တော့ သူ...သောကရောက်နေပုံကို ပြောစမ်းပါ၊ စိတ်စက်မကောင်းဘဲ လူနွမ်းနယ်နေ...သလား"

...နံ့။ ။"သည်လိုလည်း စိတ်ပျော့ လက်ပျော့နဲ့ ကြောက်တတ်သွေးနည်းတဲ့...လူသား မဟုတ်ပါဘူး၊ သတ္တိအတော်ကောင်းပါတယ်။ သူတို့အလုပ်မျိုးက

www.burmeseclassic.com

www.burmeseclassic.com



ဘားကင်းရန်ကင်း မဟုတ်ဘူး၊ သူတို့နိုင်ငံ ကာကွယ်ရေးဘက်မှာ ပဋိပက္ခတွေရှိမှာပေါ့။ သူကြည့်ရပုံတော့ အလုပ်ဘက်မှာ တစ်ခုခုကို အားစိုက်ကြိုးစားနေဆဲမို့ မဖြစ်မြောက်သေးတဲ့ သောကမျိုးလို့ တွေးရတာပဲ၊ ဒါ ကျွန်တော့်အထင်လေ။ နောက်ပြီးတော့ တစ်ခုရှိသေးတယ်၊ သူ့ကိုယ်များ သေမယ်လို့များ ထင်လို့လားတော့ မပြောတတ်ဘူး၊ နောက်ဆုံး သူ့အိမ်ကို ခေါ်လို့သွားတဲ့နေ့က "ရော့ ဟောသည်မှာ အကိုကြီးတဲ့ ဒါပါယူထား" ဆိုပြီး စက္ကူကလေး လှမ်းပေးတယ်၊ ကြည့်လိုက်တော့ သုံးလတစ်ကြိမ် နောက်ဆုံးအသက်ပေါင်ငွေသွင်းတဲ့ ပြေစာလက်မှတ်ဖြစ်နေတယ်။ ကျွန်တော်က ပြန်ပေးတာလည်း မရဘူး၊ "ခင်ဗျားဆီမှာသာ ထားပါဗျာ၊ ခင်ဗျားဆီမှာသာ စိတ်ချရပါတယ်" တဲ့၊ အဲဒါလည်း အခုပြန်တွေးမှ စိတ်စနောင့်စနင်းရှိ နေတယ်"

ထိုက်။ ။"အင်း၊ ဟုတ်ပေမယ်၊ နို့ သူ့အပေါင်းအဖော်များထဲမှာ မသင်္ကာစရာ လူများ.."

ခန့်။ ။"ကျွန်တော်နဲ့ အပေါင်းအသင်းတွေဟာ သူ့မိတ်ဆွေတွေပဲ၊ သည့်ပြင်တော့ ထူးထူးထွေထွေ မရှိပါဘူး၊ သူ့အလုပ်နဲ့ ပတ်သက်တဲ့ အပေါင်းအသင်းတော့ မပြောတတ်ဘူး။ သူ့အလုပ်က ရုံးမှာထိုင်ရတာက နည်းနည်းပဲ၊ ဟိုထွက် သည်သွား လူအမျိုးမျိုးနဲ့ ပေါင်းသင်းဆက်ဆံနေရတာ။ သေးသေးနပ်နပ် လူစားတွေတော့ မဟုတ်ပါဘူး။ တစ်ခါတလေ ဟို ရှမ်းပြည်နယ် ယိုးဒယား နယ်စပ်ဘက်၊ တရုတ်နယ်စပ်ဘက် ခရီးသွားနေတာ များတယ်။ ဟော အိမ်တော့ရောက်လာပြီ၊ အထဲဝင်ဖို့တော့ သော့မရှိဘူး"

ထိုက်။ ။"ကြည့်သေးတာပေါ့လေ၊ ကျွန်တော် မတတ်နိုင်တော့ သော့ဖျက်တန် ဖျက်ရတာပေါ့"

ဟုပြော၍ ခတ်ထားသော သော့ခလောက်ကို ကြည့်လျက်–

"ချစ်ဘ်စ် (Chubbs) ကုမ္ပဏီက လုပ်တဲ့ 'စပရင်' (Spring)(အပိတ်



ဘောင် သော့မပါဘဲ နှိပ်၍ ပိတ်ရသောအမျိုး) သော့ခလောက်ပဲ"

ဟု လက်ဆွဲသေတ္တာကလေးထဲမှ မောင်းချစား ပုံသဏ္ဍာန်တွင် သော့ပုံအမျိုးမျိုးပါသော 'ယူနီဘာဆယ်ဒန်မီ' (Universal Dummy Keys) သော့တွဲ တစ်ချောင်း နှစ်ချောင်းနှင့် ထိုးလှည့်ရာ ပွင့်လာလေ၏။

## [၄] သော့ပျက်နေသော အံ့ဂုက်

အိမ်တွင်းသို့ ရောက်သောအခါ အိမ်ရှေ့ခန်း စာရေးစားပွဲတွင် သော့တွဲတစ်တွဲကို မြင်၍ ဦးဘိုးခန့်က–

"ဟောသည်မှာ သူ့သော့တွဲပါကလား၊ အင်း သော့မေ့ထားခဲ့ပြီး အပြင်က သည်တိုင်း သော့ခလောက်ကို နှိပ်ပြီး ပိတ်သွားတဲ့ လက္ခဏာပဲ၊ သူ့မှာ သောက ဘယ်လောက်များနေသလဲ ချင့်တော့"

ထိုက်။ ။"သည်လိုလည်း တွေးစရာပဲ၊ သူ့ဥစ္စာပစ္စည်းများ လက်ရာ ခြေရာ ပျက်သလား ကြည့်ဖို့ရှိတယ်"

ခန့်။ ။"အဖိုးထိုက် အဖိုးတန်တော့ ဘာမှအိမ်မှာ မထားပါဘူး၊ သည်စာရေးစားပွဲထဲမှာတော့ ဘဏ်စာအုပ်၊ ချက်လက်မှတ်နဲ့ စာချုပ်တွေ ဘာတွေထားတတ်တယ်"

စားပွဲအံဆွဲများကို ဖွင့်၍ ကြည့်သောအခါ တစ်စုံတစ်ရာ လက်ရာ ခြေရာ ပျက်သည်ဟူ၍ မဆိုနိုင်ချေ။ သို့သော် လက်ဝဲဘက်စားပွဲအောက် ဗီရိုအတွင်းရှိ အံ့ဂုက်ကလေးမှာမူ ၎င်းနှင့်တော်သော သော့ချောင်းမျှ မရှိချေ။

ထိုက်။ ။"ဘယ်သော့နဲ့မှ မတော်ဘူးလား၊ သည်အထဲမှာဘာရှိသလဲ"

ခန့်။ ။"ဘယ်သော့နဲ့မှ မတော်ဘူး၊ သူ့သော့ကိုက သည်သော့တွဲထဲမှာ မရှိဘူး၊ သည်အထဲမှာ ဘာထားသလဲ မသိဘူး၊ တစ်ခါမှလည်း ဖွင့်တာ ပိတ်တာ မကြုံကြိုက်ဘူး၊ ကျွန်တော်ထင်တော့ သူ့အလုပ်က အရေးကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာများ ပါလာတဲ့အခါ သည်အထဲမှာထားတယ် အောက်မေ့တာပဲ"

ထိုက်။ ။"မှန်း ကျုပ်ကို ပေးစမ်းပါ၊ ကျုပ်ဖွင့်စမ်းမယ်"

ဟု ပြောလျက် သော့ကိုထိုး၍ လှည့်ပြီးနောက် မဖွင့်သည်နှင့် ဆွဲလိုက်သောအခါ–

"အို သော့ကပျက်ပြီး ပွင့်နေတာပဲ၊ ဟင် အထဲမှာလည်း ဘာမှ မရှိပါကလား"

ခန့်။ ။"သော့ပျက်နေတာနဲ့ အထဲမှာ ဘာမှမထားဘူး ထင်ပါရဲ့"

ထိုက်။ ။"ဘာဟုတ်လိမ့်မလဲ၊ အံဆွဲအတွင်းဘေးမှာ ဖုန်တက်နေပုံနဲ့ အလယ်ကောင်မှာ ပြောင်နေပုံကြည့်ပါလား၊ အထဲမှာ ခဏခဏထည့်လား ထုတ်လား လုပ်နေကြောင်း သိနိုင်တယ်၊ ပြီးတော့ ဟောသည် သော့ပေါက်ကို ကြည့်ကြဦးစို့"

ဟု ပြောလျက် မှန်ဘီလူးနှင့် ကြည့်ပြီးသောအခါ–

"ကြည့်စမ်း၊ သော့ပေါက်ထိပ်မှာ မကြာခဏ ဖွင့်တိုင်း ပိတ်တိုင်း ပွန်းပြီး ပြောင်လက်နေတာ တွေ့ရတယ်၊ သည်တော့ ခင်ဗျားထင်သလို မဟုတ်နိုင်ဘူး၊ ဒါနဲ့ စကားမစပ် သူ့ရုံးက အထက်အရာရှိကြီးများကို တိုင်ကြားပြီးပလား"

ခန့်။ ။"တိုင်ကြားဖို့ကို သတိမရဘူး၊ ဘယ်လို တိုင်ရမယ်တောင် မပြောတတ်ဘူး"

ထိုက်။ ။"ဒါဖြင့် တစ်ရက်လောက် ဆိုင်းထားသေးတာပေါ့၊ ကျွန်တော်တို့ သွားမယ်၊ အိမ်တော့ သော့ပြန်ပိတ်ပြီး အပြင်မှာ 'ဒရဝမ်' တစ်ယောက် အစောင့်ထားလျှင် ကောင်းလိမ့်မယ်"

ပြန်လာကြသောအခါ ကားပေါ်တွင် ကျွန်ုပ်က "အံ့ဝှက်က သော့ပျက်နေတာ ဘယ့်နှယ်သဘောရသလဲ၊ သော့တွဲထဲမှာ တော်တဲ့သော့ မတွေ့ပုံထောက်တော့ သော့အိမ်ကို ဖျက်ဆီးထားတဲ့ လက္ခဏာပဲ၊ အထဲမှာ ရုံး



ပ်နဲ့ ပတ်သက်တဲ့ စာတွေထားတယ်ဆိုတယ်"

ဲ။ ။"သော့ဆိုတာ အလိုလိုလည်း ပျက်တတ်တာမျိုးပဲ၊ သို့သော် က်ပုံ အကြောင်းစုံကို စုပေါင်းပြီး ထောက်ကြည့်လျှင် တယ်ပြီး မသင်္ကာ ဉ်းစားကြည့်ပါလား၊ အလုပ်ဝတ္တရားထဲမှာ အတော်စိတ်ဝင်စားနေ ်ဆိုတဲ့ လူတစ်ယောက် သော့အတွဲလိုက် အိမ်ခတ်တဲ့ သော့ပါ မေ့နေ တဲ့၊ သည်သော့ မေ့နေတဲ့နေ့မှာပဲ သည်လူသေတာ တွေ့ရတယ်၊ ပြီး င်ခါ သော့တွဲထဲမှာရှိတဲ့ သော့များနဲ့ မတော်တဲ့ အံဝှက်သော့အိမ်မှပဲ ရွှေ့ပြီး က်နေရသတဲ့။ သည်လိုမဖြစ်သင့်တာတွေ တစ်ချိန်တည်း ဆက်ဖြစ်တယ် ဘာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်တယ်လို့ ဆိုထိုက်ပါ့မလား၊ မသင်္ကာစရာလမ်းက ားဘူးလား"

ပ်။ ။"သူသေပုံကတော့ ခပ်ဆန်းဆန်းပဲ၊ မတော်တဆ အမှောင်ထဲမှာ သဲ ခြေချော်ကျတယ်ဆိုဖို့ရာလည်း ခင်ဗျားစောစောက ပြောသလိုပဲ အချိန်မတော်ကို သည်နေရာမျိုး သူသွားဖို့အကြောင်းရှိရမယ်။ ပြီးတော့ ၇ နာရီမှာ သမိုင်းမှာ သူရှိတာလည်း သေချာတယ်၊ သည့်နောက် မသေခင် လေးတွင်မှ ဟိုရောက်အောင် အလျင်စလို အရေးတကြီး သွားစရာ ဘာ ကြောင်းလဲ"

ိုက်။ ။"အဲသည်တော့ ၇ နာရီနဲ့ ပမာ ၁၀ နာရီဆိုကြပါစို့၊ အဲသည် တွင်းမှာ သည်လူ ဘယ်မှာရှိသလဲ စုံထောက်ဖို့ရှိတယ်၊ သည်တော့ သမိုင်း ဗလိုက်ရအောင်၊ ကြည့်မြင်တိုင်ဘူတာက မီးရထားစီးကြစို့။ ကားကို ာ့ ကျုပ်တိုက်ပြန်လွှတ်ပြီး ယူစရာရှိတာတစ်ခု မှာလိုက်ချင်တယ်၊ မီး ား စောင့်ရမှာနဲ့ ကျုပ်တို့သမိုင်းရောက်တာနဲ့ ကားကတော့ မရှေးမနှောင်း ်ရောက်မှာပဲ။ ကြားလားဟေ့ ဒရိုင်ဘာ၊ ဟောသည် စာကလေးကို စာရေး ီးပေး၊ သူပေးတာ ပြန်ယူလာပြီး သမိုင်းဘူတာနားမှာ လာစောင့်တို့ ည့်မြင်တိုင် ဘူတာမှာချပြီးပြီးချင်း မင်းပြန်သွား"

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဘူတာသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် အခြားမီးရထား စီးသူများထက် နောက်ဆုံး ချန်နေရစ်ပြီးနောက် လက်မှတ်စစ်အား လက်မှတ် ပေး၍ ထွက်မည်ပြုသောအခါ ဦးသောင်းထိုက်က လက်မှတ်စစ်အား–

"ဒါထက် တစ်နေ့က ဟိုလူလက်မှတ်မပါတာ ဘယ်နှယ့်ဖြစ်သလဲဗျာ"

**လက်မှတ်စစ်။** ။"ဘယ်သူဟာလဲ"

**ထိုက်။** ။"ဟိုလူ ထောင်ထောင်မောင်းမောင်းလေဗျာ၊ သက္ကလတ် အင်္ကျီ နက်ပြာရောင်ဝတ်လို့ ကျုပ်နောက်နားက လူဟာလေ"

**လက်မှတ်စစ်။** ။"အော် ဦး နောက်ကလား"

(ဦးသောင်းထိုက်ကို သေသေချာချာကြည့်လျက်)

"ဦးတော့ အမှတ်မထားလိုက်ဘူး၊ သူကတော့ သည်ဘူတာကို အခု တလော လာနေကျလို ဖြစ်နေတယ်၊ ခဏခဏမြင်မိတယ်။ သည်တစ်ခါ အချိန်မမီလို့ လက်မှတ်မခံခဲ့ရဘူးတဲ့၊ သို့ပေမယ့် ကျွန်တော်တို့ ဝတ္တရား အတိုင်း ဒဏ်ရိုက်ရမယ်ပြောတော့ သူက ကျေကျေနပ်နပ်ပဲ ပေးသွားပါတယ် တချို့က လက်မှတ်မခံဘဲ စီးပြီးတော့ ဒဏ်ရိုက်တော့ စိတ်ဆိုးသေးတယ်"

**ထိုက်။** ။"သူကြည့်မြင်တိုင်မှာ နေမှန်းတော့ သိတယ်၊ ဘယ်ရထားနဲ့ ပြန် လိုက်သလဲ"

**လက်မှတ်စစ်။** ။"သူလာလျှင် ခါတိုင်းတော့ သည်ထက်စောတယ်၊ ပြန် တော့လည်း မိုးမချုပ်ခင်ကလေးပဲ၊ သည်တစ်ခါ မိုးချုပ်မှလာတယ်၊ မီးရထား နဲ့တော့ ပြန်တာမတွေ့ဘူး၊ ဘတ်စ်ကားနဲ့များ ပြန်သွားသလား မသိဘူး"

**ထိုက်။** ။"အမြဲ မီးရထားနဲ့လာ မီးရထားနဲ့ပြန်သလား၊ စီးကရက် သောက် ပါဦး"

ဟု အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ ကမ်းပေးလေသည်။

**လက်မှတ်စစ်။** ။"တော်ပါပြီ၊ အားနာစရာ။ ဟုတ်ကဲ့ မီးရထားနဲ့လာ မီးရ ထားနဲ့ ပြန်တာတွေ့တာပဲ"



**ထိုက်၊** ။"အို သောက်သာသောက်ပါ၊ အားနာစရာမဟုတ်ပါဘူး၊ သွားရင်း လာရင်း အသိမိတ်ဆွေဆိုတာ သည်လိုပဲ ဖြစ်ကြရတာပေါ့၊ သည်လူ ခဏ ခဏလာရတာ ဘာကိစ္စများ ရှိလို့ပါလိမ့်"

**လက်မှတ်စစ်။** ။(စီးကရက်ကိုယူ၍) "ဘာကိစ္စတော့ မပြောတတ်ဘူး၊ ဆပ် ပြာစက်ရုံဘက်ကို ချိုးတဲ့လမ်းကြားကို ဝင်တာတော့ မြင်တယ်၊ ဘူတာရုံမှာ တော့ ဘယ်သူနဲ့မှ စကားပြောတာ မမြင်ဘူး၊ ဘာအကြောင်းများရှိလို့လဲ"

**ထိုက်။** ။"အကြောင်းထူးလှလို့ မဟုတ်ပါဘူး၊ သူ လက်မှတ် မပါတာ သွား သတိရလို့ပါ၊ သွားပါဦးမယ်"

ဘူတာရုံဝင်းပေါက်ဝမှ လှမ်းကြည့်လိုက်သောအခါ မိတ်ဆွေကြီး ဦး သောင်းထိုက်၏ကား ရပ်ထားသည်ကို မြင်ရလေသည်။ ကားအတွင်းမှ လွယ်အိတ်ကြီး တစ်ခုကိုထုတ်ယူ၍ လက်မှတ်စစ်ပြောသော ဆပ်ပြာစက်ရုံ ဘက်ကိုသွားသော လမ်းဘက်သို့ သွားကြလေ၏။ ထိုလမ်းကြားမှာ ဝတ္တရာစေးခင်းသော လမ်းမကြီးမှ ခွဲသော ဂဝံကျောက်များ ခင်းထားသော မြို့နီလမ်းကလေးမျှ ဖြစ်လေသည်။

**ကျွန်ုပ်။** ။"အော် ခင်ဗျားနဲ့ သေတဲ့ ဦးဘိုးသန့်နဲ့ ဟိုနေ့က တစ်ရထား တည်းကိုး၊ ခင်ဗျား သမိုင်းလာမှန်းတောင် ခုပြောမှ ကြားတယ်"

**ထိုက်။** ။"အို ခင်ဗျားကလည်း ဝေးလိုက်တာဗျာ၊ ကိုယ်သိချင်တဲ့ စကား ရောက်အောင် ဆီလျော်အောင် ပြောတာပါ၊ 'မှသားမပါ လက်ာမချော' တဲ့၊ ဟောသည်မှာ သူပြောတဲ့လမ်းတော့ ရောက်ပြီ၊ လမ်းဘေးမှာ တစ်ဦးပိုင် မြေ ဦးစ–ဖြတ်သန်းသွားလာခြင်း မပြုရ လို့ မြန်မာလိုရော အင်္ဂလိပ်လိုရော တပ်ထားပါကလား၊ ဘေးပတ်ပတ်လည်တော့လည်း ဝင်းခြံခတ်ထားတာ မဟုတ်ဘူး။ နောင်ခါစကားများတော့ ရောက်ရားပြောယူမယ်၊ အခုတော့ သိချင်ယောင်ဆောင်ကြစို့။ လူလည်း တစ်ယောက်မှ မမြင်ဘူး၊ စက်ရုံကို ဘာကလည်း တော်တော်လှမ်းသားပဲ ဖွတ်ဝင်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com

## [၅] ရွှေသွား

ဝါး ၃ ပြန်လောက် လျှောက်သွား၍ ထိုလမ်းကလေးနံဘေးတွင် ရေအိုင် ကလေးတစ်ခုကို တွေ့သောအခါ ရှေးအထက်ကျော်ကာရီက ရောက်ဖူးသ သကဲ့သို့ ဦးသောင်းထိုက်က "လာဗျာ" ဟု တိုးတိုးခေါ်၍ လမ်းဘေးသို့ ဆင်းလေ၏။ ရေအိုင်ကမ်းနဖူးသို့ ရောက်သောအခါ လွယ်အိတ်အတွင်းမှ 'ဘက်မင်တန်' ကစားသော 'ဘက်' တစ်ခုနှင့် အဝကျယ်ဖန်ဘူးဆို့နှင့် ပုလင်း တစ်လုံးကို ထုတ်ယူလိုက်ပြီးနောက် 'ဘက်' ကွန်ချာပေါ်တွင် လက်ကိုင်ပဝါ နှင့်ပိတ်၍ အစွန်းလေးဘက်ကို အထက်အောက် နှစ်ဖက်စီ စု၍ ချည်လိုက်လေ သည်။ ကလေးကလား လုပ်တတ်သူတယောက် မဟုတ်ကြောင်းကို သိပြီး သော်လည်း မည်သည့် ရည်ရွယ်ချက်နှင့် သည် 'ဘက်' ကလေးကို အယူ နိုင်းရလေသနည်း ဟု အံ့ဩမိ၏။ ဦးသောင်းထိုက်သည် ကမ်းစပ်မှ ကုန်း၍ ရေပေါ်တွင် ပိတ်ဖုံးနေသော မှော်ကလေးများကို လက်ကိုင်ပဝါ ဖုံးထားသော 'ဘက်' ကလေးနှင့် ယက်တင်လိုက်သောအခါမှ ရိပ်မိလေသည်။

မှော်ကလေးများ အနည်းငယ် ရှင်းလင်းသွားသောအခါ ရေမှာ အလွန် တရာ ကြည်လင်၍ လေကလည်း ငြိမ်သည်နှင့် ကောင်းကင်က မိုးတိမ်ရိပ် တို့သာမက ရေအိုင်အောက်တွင် ဖွဲကပ်ပေါက်နေသော ကျောက်ခက် သဏ္ဍာန် စိမ်းစိုသော မှော်ပင်ကလေးများကိုလည်း ထင်လင်းစွာ မြင်နိုင် လေသည်။ ထိုအခိုက်တွင် ဦးသောင်းထိုက် သတ္တုရှာဖွေသောသူသည် ရွှေဖြစ် သော ကျောက်သလဲများကို တွေ့၍ ဝမ်းသာအားတက်သကဲ့သို့–

"ကြည့်လိုက်စမ်း၊ ဟိုမှာ ဘာလဲလို့"

ဟု 'ဘက်' နှင့် ထိုးပြသည့်နေရာကို ကြည့်လိုက်သောအခါ စိမ်းလန်း နေသော မှော်ပင်ခက်ကလေးများပေါ်တွင် လက်လေးသစ်လောက်မျှ နီမြန်း မြန်း ချိပ်ပြား းထဲတွင် ရွှေသွားကလေး လေးချောင်းကို မြင်ရလေသည်။



ဦးသောင်းထိုက်သည် 'ဘက်' ပေါ်တွင် အုပ်ထားသော လက်ကိုင်ပဝါ ဖြေ၍ 'ဘက်' နှင့် ကော်ယူလိုက်လေ၏။ ထိုသွားကို စက္ကူနှင့် ပတ်၍ အတွင်းအိတ်ထဲသို့ ထည့်ပြီးနောက်–

"စက်ရုံရှေ့က လူတစ်ယောက် ထွက်ကြည့်တယ်၊ တရုတ်လိုလို ဂျပန် လိုလိုပဲ၊ ကျုပ်တို့တော့ မြင်သွားပြီ" ဟု ဦးသောင်းထိုက်က ပြောလေ၏။ ၏စကားမဆုံးမီ ထိုလူသည် ပြန်ဝင်သွား၍ စက်ရုံအပေါ်ထပ် ပြတင်း ပေါက်နှစ်ဖက်ကို "ဗျန်း" ခနဲဖွင့်ပြီးလျှင် မှန်ပြောင်းနှင့် ကျွန်ုပ်တို့အား ကြည့် နေကြောင်း တွေ့မြင်ရသောအခါ ကျွန်ုပ်မှာ အံ့အားသင့်မိလေ၏။

ထိုက်။ ။"တော်တော် ဒေါသကြီးပုံရတယ်၊ သို့ပေမယ့် ကျုပ်ရှာတဲ့ ဥစ္စာ တစ်ခု လိုသေးတယ်၊ ခင်ဗျားက သူ့ကိုမျက်ခြည်မပြတ်အောင်သာ ကြည့် နေ၊ ကျုပ်လုပ်ငန်း မပြီးသေးဘူး"

ဟု ပြောလျက် ရွှေသွားတွေ့သော နေရာအနီးတွင် ထပ်မံ၍ 'ဘက်' ကလေးနှင့် ဆွဲချိတ်တင်လိုက်သောအခါ ရုံးစက္ကူဖိုင်တွဲများ ချည်နှောင်သော လက်မ တစ်မတ်ခန့်အပြားရှိသည့် အဝတ်ကြိုးနီကလေး တစ်ထွာခန့်မျှနှင့် ချည်ထားသော သော့ကလေးတစ်ချောင်းကို တွေ့မြင်ရလေ၏။

ကျွန်ုပ်။ ။"အိုင်ဆေး လာပြီဗျို့၊ ခပ်သုတ်သုတ် ဒေါပါပါနဲ့ပဲ၊ လူပု သလောက် ကျဲကျဲလှမ်းလာတာပဲ"

ထိုက်။ ။"အခုတော့ လာပါစေတော့၊ ကိစ္စပြီးပါပြီ"

ဟုပြော၍ ရေပေါ်မှ မှော်ကလေးများနှင့် ရေအောက်တွင် ပေါက်သော မှော်ကျောက်ခက်ကလေးများကို ပုလင်းအဝကျယ်နှင့် ခပ်ယူလိုက်လေသည်။

ထိုအခါ ထွက်လာသူသည် အနီးသို့ရောက်လာ၍ အင်္ဂလိပ်စကားဖြင့်–

"ခင်ဗျားတို့ သည်အထဲဝင်ဖို့ ဘယ်သူ့ဆီက ခွင့်တောင်းသလဲ၊ သည် ဟာ ကျုပ်မြေ"

ထိုက်။ ။"ဝင်းခြံခတ်ထားတဲ့ အကာအရံမှမရှိဘဲ၊ ဘာအခွင့်တောင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုမှာတုံး”

မြရှင်။ ။“ဘယ့်နှယ်လဲ လမ်းဝမှာ စာကပ်ထားတာပဲ”

ထိုက်။ ။“အို စာကပ်ထားသလား၊ ကျုပ်တို့ လမ်းပေါက်ဝက လျှောက်ဝင်လာမိလျှင်တော့ မြင်ဖို့ကောင်းတာပဲ၊ ဟောသည်လူက ကလေးလိုပဲ တော်တော်ဆော့တယ်” ဟု ကျွန်ုပ်ကိုမေးငေါ့ပြပြီးလျှင်–

“လက်မနေနိုင်လို့ ကြက်တောင်ကလေးကို ရိုက်လိုက်ထာ သည်အထဲဝင်သွားလို့ ဝင်ကောက်တာပါ”

မြရှင်။ ။“ခင်ဗျားတို့ဟာ သည်အထဲရောက်လို့ ဝင်ကောက်လျှင် သည်ရေအိုင်ကို ဘာလုပ်တာလဲ”

ထိုက်။ ။“အို ဒါကတော့ သည်လိုနေရာမျိုး ရောက်လို့ ရေကန်ထဲက မှော်ကလေးများ တွေ့လျှင် ထည့်ယူခဲ့ပါလို့ အိမ်ကမိန်းမက မှာလိုက်လို့ပါ” ဟု ကျွေကြေးစွာနှင့် ပြောလေ၏။ ၎င်းနောက် ဦးသောင်းထိုက်က ဆက်၍–

“ကျွန်တော်တို့ အိမ်မှာ မိန်းမက ရွှေငါးမွေးတာ အင်မတန် ဝါသနာပါတယ်၊ သို့သော်လည်း မကြိုက်မှန်းသိလျှင် နောက်ခွင့်မတောင်းဘဲ မဝင်ပါဘူး သည်းခံပါ” ဟု ပုလင်းနှင့် ပစ္စည်းများကို လွယ်အိတ်တွင်ထည့်၍ ထွက်လာကြသော အခါ မြရှင်မှာ ရပ်ကြည့်နေရစ်ခဲ့လေ၏။

ကျွန်ုပ်။ ။“မျက်နှာပေါက်ပုံကတော့ တရုတ်ပါပဲ”

ထိုက်။ ။“အများအားဖြင့် တရုတ်တိုင်းလိုလို မြန်မာစကားတတ်တယ်၊ ဂျပန်ကတော့ နည်းနည်းပါးပါးတတ်တောင် အင်္ဂလိပ်လို အပြောများတယ်၊ တရုတ်က အောက်ဆုံးတန်းအရိုင်းအစိုင်းကလွဲလျှင် ကုန်သည်၊ သူဌေးအားလုံး စကားပြောယဉ်ကျေးပြေပြစ်တယ်။ ဂျပန်ကတော့ ခုနှယ် အခါ အရှေ့တိုင်းနိုင်ငံမှာ ငါတကော ကောနိုင်တော့ သိပ်ပြီးမာနရောက် စိတ်ကြီးဝင်တာပဲ၊ စကားပြောပုံ နားထောင်ပါလား”

ကျွန်ုပ်။ ။“ဒါထက် ရွှေသွားကတော့ ဦးဘိုးသန့် ရွှေသွားပဲ မဟုတ်လား”



ထိုက်။ ။“ဦးဘိုးသန့် သွားစိုက်တဲ့ ဆိုင်မှာ စုံစမ်းလိုက်လျှင် သိတာပေါ့၊ သည်အားလျော်စွာ သော့ကလေးကလည်း ရုံးကြိုးကလေးနဲ့ ချည်လို့ လာတွေ့တယ်။ သည်လောက်ဆီဆိုင်ပုံထောက်တော့ ဦးဘိုးသန့် စာရေးစားပွဲအံဝက်က သော့နဲ့ပဲတူပါတယ်။ ပုံပန်းမှာ အံဝက်ထဲမှာ တစ်ယောက်ယောက်က ဆိုခိုက်စရာ နိုင်ငံကာကွယ်ရေးအကြောင်းနဲ့ ပတ်သက်တဲ့စာများ ထည့်ထားလို့ အရေးကြီးတဲ့အတွက် သည့်ပြင်သော့တွေနဲ့အတူ ရောတွဲ မထားဘဲ သည်ဟာကို တခြားသတ်သတ် ကြိုးနဲ့ချည်ပြီး အကျီအပေါ်နာရီအိတ်ထဲ ထည့်ထားဟန်နဲ့ တူတယ်။ ဘာပြုလို့လဲဆိုတော့ သွားတွေ့တဲ့နေရာနဲ့ သော့ ... လာတဲ့နေရာဟာ တစ်နေရာတည်းလိုလိုပဲ။ သိချင်လျှင် အကျီအပေါ်အိတ်ထဲမှာ ဒင်္ဂါးတစ်ပြားထည့်၊ ပါးစပ်ထဲမှာလည်း ငွေ ဒီ ငုံပြီး ခပ်နာနာ ကုန်းကြည့်စမ်းပါလား၊ ထွက်ကျတော့ တစ်နေရာနဲ့ တစ်နေရာ မကွာဘူးဆိုတာ တွေ့ရလိမ့်မယ်။ နောက်ပြီးတစ်ခုလည်း အိတ်ထဲထည့်ထားတာချင်း တူပေမယ့် ထွက်အကျချင်းမတူဘူး။ အကျီကြယ်သီးတပ် ဝတ်တဲ့လူကျတော့မှ သာပြီး ခြားနားတယ်။ အပေါ်အိတ်ကတော့ ဖောက်ထိုးများ ကုန်းလိုက်လျှင် တစ်ခါတည်း မှောက်သွန်လိုက်သလိုနေတာပဲ၊ အောက်အိတ်နှစ်လုံးကတော့ သေးလေးထည့်လေ အောက်လေးပြီးတော့ တွဲခဲလေပဲ။ အင်း ဦးဘိုးသန့် သော့ ဟုတ်တယ်မဟုတ်ဘူးကတော့ သော့အိမ်ပျက်နေပေမယ့် သော့ပြင်တဲ့ဆရာ ပြကြည့်လျှင် သိနိုင်တာပဲ”

ကျွန်ုပ်။ ။“ဒါထက် ကျောင်းသားစကား ပြောရဦးမယ်၊ ဟိုငနဲကို ဖိန်းနေသိုက်တာ ခင်ဗျားပဲ ပွေပွေလီလီ၊ အိမ်ကမိန်းမ ရွှေငါးမွေးလို့ဆိုပြီး ပုလင်းနဲ့ ဘာနဲ့ မှော်ကလေးတွေများတောင် ရေနဲ့ ဘာနဲ့ သေသေချာချာ ထည့်ယူလာသေးတယ်”

ထိုက်။ ။“အို သည်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ခင်ဗျား မသိဘဲကိုး၊ နားထောင် ပထမအလုပ်”

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြ၍ ရပ်ထားသော ကားနားသို့ ရောက်လေရာ လွယ်အိတ်ထဲမှ ပုလင်းကို ထုတ်ပြီးလျှင်–

"ဟောသည်မှာကြည့်စမ်း၊ သည်ပုလင်းထဲက ငရုတ်ကောင်းစေ့လောက်ရှိတဲ့ မှော်ကလေးတွေဟာ ဆရာဝန်က သေသူ့ဝမ်းထဲက ထုတ်ယူလို့ရတယ်ဆိုတဲ့ မှော်ကလေးတွေနဲ့ မတူဘူးလား၊ ဒုတိယ ဟိုအလိမ်အလိမ်နဲ့ ခရုကလေးတွေကော ဟို ရေထဲက အတိုင်းမဟုတ်ဘူးလား"

ကျွန်ုပ်။ ။"ဟုတ်တယ်ဗျို့ တစ်ထေရာတည်းပဲ"

ထိုက်။ ။"အလောင်းတွေ့တဲ့ ရေအိုင်မှာ သည်မှော်ကလေးမျိုးနဲ့ သည်ခရုကလေးမျိုး မရှိဘူး၊ ဟိုရေအိုင်ထဲမှာက ကန်စွန်း၊ ကနဖော့နဲ့ ဗေဒါသာရှိတယ်၊ ပိုးကောင် မွှားကောင်လည်း ပက်ကျိနဲ့ ရေသူမသာ ရှိတယ်၊ နောက်ပြီးတော့ သေသူ့လက်ထဲမှာ ဆုပ်ထားတဲ့ မှော်ကျောက်ခက်ကလေးတွေလည်း ဟိုအိုင်ထဲမှာ မရှိဘူး၊ သည်အိုင်မှာသာ ရှိတယ်။ နောက်တစ်ခုလည်း အလောင်းတွေ့တဲ့ ရေအိုင်က ရေအနက် သုံးပေကျော်ရှိတယ်၊ တကယ်လို့ လူတစ်ယောက်ဟာ ရေထဲကို ဖောက်ထိုးကျလျှင် ရေပေါ်မှာ ပေါ်နေတဲ့ မှော်ကလေးများကို ရှုရှိုက်ဝင်နိုင်အောင် ရေတိမ်တိမ်မှာ လက်နဲ့ထောက်နေရလိမ့်မယ်၊ ရေနက်လျှင် မရဘူး၊ ယခုတွေ့တဲ့ရေအိုင်ကလေးက အနက်တစ်ပေခွဲနှစ်ပေလောက်ရှိမယ်၊ လူတစ်ယောက်ကို ရေထဲမှာ ဖောက်ထိုးနှစ်လိုက်လျှင် ကြောက်အားလန့်အားနှင့် လက်ကအရင် ဖမ်းထောက်တာမျိုး၊ ပြီးတော့ ဆွဲမိဆွဲရာ ဆွဲတာမျိုး၊ ဟိုအိုင်ထဲမှာနစ်လျှင် သူ့လက်က ပထမ ဆွဲမိ ဆွဲရာ ဆွဲတယ်ဆိုကတည်းက ကန်စွန်းနွယ်၊ ကနဖော့၊ ဗေဒါပင်တွေ ပိတ်နေလို့ လက်က ရေအောက်ကို မရောက်ခင် သည်အပင်မျိုးကိုသာ ဆွဲမိရမယ်၊ လက်ထဲမှာလည်း သည်အပင်မျိုးကိုသာ တွေ့ရမယ်၊ သည်တော့ သည်လူဟာ ဟိုအိုင်မှာ သေရတာမဟုတ်ဘူး၊ သည်အိုင်မှာ သေတာအမှန်ပဲ။ နို့ ဘာပြုလို့ ကျူးကျူးကျော်ကျော် ဝေးဝေးလံလံ ဟိုအိုင်ကို ရောက်ရသလဲ၊ တစ်နည်း



နည်းနဲ့ ပို့တဲ့လူရှိမှ ရောက်မယ်၊ လူသေအလောင်းကို ဒုက္ခခံပြီး ပင်ပန်းဘကြီး တစ်နေရာက တစ်နေရာကို သယ်ယူသွားတယ်ဆိုတာ တော်ရုံလူမခွန့်စားဘူး"

ဟု ပြောနေစဉ် ကုန်တင်လော်ရီတစ်စီးသည် ဆပ်ပြာစက်ရုံဝင်းအတွင်းမှ ထွက်လာ၍ ကျွန်ုပ်တို့ကား ရပ်ထားသည့်နေရာသို့ရောက်လာသောအခါ သမ်းကျဉ်းသဖြင့် လမ်းဘေးကိုရှောင်၍ ဖြည်းဖြည်းမောင်းရလေသည်။ ဆောင်းသော 'ဒရိုင်ဘာ' မှာ ဘေးပတ်လည် သားရေကွပ်ထားသော မျက်မှန်အမည်းကို တပ်ထားလျက် နံဘေးမှာထိုင်သောသူမှာ ပြတင်းပေါက်တွင် ခေါင်းကလေးမျှပေါ်၍ ဦးထုပ်အပျော့မျိုးကို မျက်ခုံးအုပ်မိအောင် ပိတ်ဆောင်းထားသော်လည်း ကျွန်ုပ်တို့အား ပိုင်နက်ကျူးလွန်ရမည်လောဟု ဒေါပွထွက်လာသူဖြစ်ကြောင်းကို သိနိုင်လေသည်။

ထိုက်။ ။"ကျုပ်တို့ နောက်လိုက်တာပဲ၊ ကံအားလျော်စွာ ကျုပ်တို့က ကားဆားမှာ ရပ်နေတာမြင်လို့၊ ကားထဲမှာဆိုလျှင် တစ်ခါတည်း သူတို့လော်ရီနဲ့ ဘိုက်မလား မပြောနိုင်ဘူး၊ အလို ဟောသည်မှာ ကြည့်စမ်း"

ဟု ညွှန်ပြသဖြင့် လမ်းဘေးမြေပျော့သည့်နေရာသို့ ကြည့်လိုက်သောအခါ ယခင်အလောင်းတွေ့သော ကန်အနီး လမ်းပေါ်တွင်တွေ့သော 'ဘာယာ' အမှတ်အတိုင်း ဖာထားသော အဖာနှင့်တကွ တွေ့ရလေသည်။

"ကိုင်း သည့်ထက်တော့ သေချာတာ မရှိတော့ဘူး၊ အလောင်းတင်သွားတဲ့ လော်ရီပါ၊ အပြီးပဲ လိုလေသေးမရှိဘူး။ ကိုင်းဟော့ ဒရိုင်ဘာ ကားပြန်လှည့်ဟော့၊ သူတို့နောက် လိုက်လို့ မဖြစ်ဘူး၊ သူတို့တော့ ပုလိပ်နဲ့ ဆိုင်ဘယ်၊ တို့က ရစ်မိုင်က ပြန်ကွေ့ပြီး ကုတ်ကိုင်းက လှည့်ပြန်မှ တော်မယ်"

ကျွန်ုပ်တို့သည် စကားမပြောဘဲ အတော်ကြာနေပြီးနောက် ကျွန်ုပ်က သိလိုသည်နှင့်– "သူတို့က ဘာရန်ငြိုးနဲ့ ဦးဘိုးသန့်ကို သတ်ရမှာလဲ"

ဟု မေးသောခါ ဦးသောင်းထိုက်က–

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျုပ်တို့နဲ့ မဆိုင်ဘူး၊ ကျုပ်တို့အလုပ်က ဦးဘိုးသန့်ဆိုသူသည် သူ့ကိုယ်သူ သတ်မသေကြောင်း အသက်အာမခံ ကုမ္ပဏီကို ထုချေနိုင်ဖို့နဲ့ သေသူ၏နာမည်ကို အငြိအစွန်းမရှိအောင်သာ ဆောင်ရွက်ဖို့ရှိတယ်၊ သည်အချက်အားလုံးကို ပုလိပ်ကိုပြောပြ၊ ဆရာဝန်ကို တွေ့တဲ့သွား တပ်အကြည့်ခိုင်း၊ သွားစိုက်ဆိုင်မှာ စုံစမ်းသင့်စုံစမ်း ရေထဲကရတဲ့ သော့ကလေးကို အံဝှက်ခတ်ကြည့်၊ ဒါပဲ ကျုပ်တို့အလုပ်ကုန်ရော လက်သည်ရှာဖို့ တရားခံဖမ်းဖို့ကိုတော့ ပုလိပ်တာဝန်ပဲ"

အပြန်တွင် ဦးဘိုးခန့်အိမ်သို့ ဝင်ခေါ်ပြီးလျှင် တစ်ဖန် ကျွန်းတောကွက်သစ်သို့သွား၍ ဦးဘိုးသန့်၏ အံဝှက်ကိုတွေ့ရှိခဲ့သော သော့ကလေးနှင့် တပ်ကြည့်သောအခါ အံကျနေလေ၏။ ထိုညနေပင် ဆရာဝန်၊ ပုလိပ် အရာရှိများရှေ့တွင် ဆေးရုံအလောင်းများထားသော အအေးခန်းထဲ၌ အလောင်း၏ပါးစပ်ရှေ့အထက် သွားဖုံးဟနေသော နေရာကို ရွှေသွားများ တပ်ကြည့်ပြန်ရာ ကိုက်နေအောင်တော်ကြောင်း တွေ့ရလေ၏။

အားလုံးသော လူအပေါင်းတို့ထက် ဦးဘိုးခန့်မှာ ဦးသောင်းထိုက်၏ဉာဏ်စွမ်းကို အံ့ဩခြင်းကြီးမက အံ့ဩချီးမွမ်း၍ ထိုက်တန်သော ပဋ္ဌာဖြင့်ချီးမြှင့်လျက် အကြိမ်ကြိမ် ကျေးဇူးတင်စကားပြောကြားလေသည်။

**ကျွန်ုပ်**။ ။"ဘယ်လိုများသွားပြီး စိတ်ကူးမိတာလဲ"

**ထိုက်**။ ။"စိတ်ကူးမိတာတွေတော့ ပြန်မပြောပါရစေနဲ့တော့၊ ရှည်ဝေးလုတယ်၊ ခင်ဗျားလည်း ကျွန်တော့်လို ဆက်စပ်ကြည့်လျှင် တွေးလမ်းပေါ်လာမှာပါပဲ၊ ဒါထက် အခု စစ်ကလည်း အရှေ့တိုင်း အနောက်နိုင်ငံ ပြုပြစင်အောင်ဖြစ်နေ၊ သူလျှိုတွေဆိုတာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အလုအယက် အမျိုးမျိုး ဉာဏ်ဆင်ဝင်ထွက်ပြီး အားကြိုး မာန်တက်ဆောင်ရွက်နေကြတာ ဂျာမန်လား၊ အီတလီယံလား၊ ရုရှလား ဘယ်အတွက် ဘာကြံစည်တယ်၊ ဘယ်သူက ဘယ်သူ့အတွင်းလူဆိုတာ မပြောနိုင်အောင် ဖြစ်နေတာပဲ"။ ။

ဆရာဝန် ဦးသာထွန်း မှတ်တမ်း ၆

# ရှမ်းစားမြှော်

www.burmeseclassic.com

## [၁] သွေးအိုင်ထဲမှ မိန်းကလေး

ကျွန်ုပ်သည် စုံထောက်ကြီး ဒေါက်တာသောင်းထိုက်နှင့် နီးရင်းစွာ ပေါင်းသင်းဆက်ဆံခြင်းမပြုမီ ရှေးအဖို့က လည်းကောင်း၊ အရေးကြီးသော အမှုများကို ဦးသောင်းထိုက် လိုက်လံစုံထောက်သည့်အခါ အတူလိုက်ပါ၍ တွေ့မြင်ရသည်မှစ၍ လည်းကောင်း၊ စိတ်ကူးကောင်း၊ စာရေးကောင်း၊ ပညာသည်ကြီးများ ရေးသားသော စုံထောက်ဝတ္ထုကြီးများကို များစွာဖတ်မိလေသည်။ သို့သော် တကယ်ကိုယ်တိုင် တွေ့ကြုံရသော အချို့အမှုများမှာ ဝတ္ထုကောင်းများထက်ပင် ထူးခြားလှပေသည်။

ထိုသို့သော အမှုများအနက် အောက်တွင်ဖော်ပြမည့်အမှုမှာ အထူးအံ့သြဖွယ် တစ်မှုပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဖွင့်လှစ်ထားသော သူနာပြုဌာနတွင် စိုးရိမ်ဖွယ် သူနာတစ်စုံ တစ်ယောက်မျှမရှိသည်နှင့် ဆေးတိုက်ကို လက်အောက်ဆရာဝန်နှင့် လွှဲခဲ့၍ ထွက်လာခဲ့သော တစ်နေ့ညနေ ၄ နာရီခွဲအချိန်လောက်တွင် ပျင်းပျင်းရှိသည် နှင့် မိတ်ဆွေကြီး ဦးသောင်းထိုက်၏ အလုပ်ခန်းသို့ဝင်သွားရာ မိတ်ဆွေကြီး သည် အနောက်နိုင်ငံ ပညာရှိတစ်ဦးရေးသားသော လက္ခဏာဖတ် ကျမ်းစာ အုပ်တစ်မျိုးကို ဖတ်လျက် စိတ်ဝင်စားနေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်။ ။"ခင်ဗျား သည် ဗေဒင်တွေ၊ လက္ခဏာတွေကို အယုံအကြည်မရှိ ဘူးလို့ ကျွန်တော်က ထင်မိတယ်"

ထိုက်။ ။"သည်လိုလည်း ဝန်မခံမိပါကလား၊ ပြီးတော့လည်း ကိုယ် အယူ ရှိမရှိက တခြား၊ ဘယ်ပညာမျိုးမဆို ဆည်းပူးကောင်းတာပဲ။ နို့ပြီးတော့ သည်စာအုပ်က (လူ၏အင်္ဂါရုပ်ကိုလိုက်၍ စိတ်နေစိတ်ထားနှင့် အကျင့် စာရိတ္တကိုပြသောကျမ်း) နဲ့ ယှဉ်ရေးထားတာ၊ ကျုပ်တို့မြန်မာမှာလည်း 'စိတ် သာရှင်စော ဘုရားဟော' ဆိုတယ် မဟုတ်လား၊ လူတစ်ကိုယ်လုံး စိတ် အရေးကြီးတယ်၊ စိတ်ဆိုတာ ဦးနှောက်ထဲက ဖြစ်ပေါ်လာတာ၊ ဦးနှောက်က ခေါင်းထဲမှာရှိတယ်၊ သည်တော့ သူတို့ယူဆပုံလည်း နီးစပ်တယ် ဆိုစရာပဲ"

ကျွန်ုပ်။ ။"ဘယ်ပညာမျိုးမဆို ဆည်းပူးကောင်းတယ်ဆိုတာတော့ သဘော ကျပါတယ်"

ထိုသို့ပြောနေစဉ် တပည့်တစ်ယောက် ဝင်လာ၍ ဧည့်သည်တစ်ယောက် အရေးကြီးသောကိစ္စရှိ၍ အမြန်တွေ့လိုကြောင်း ပြောသဖြင့် ဦးသောင်းထိုက် က ဝင်ခွင့်ပြုလေရာ မိတ်ဆွေကြီးက တားထားသည်နှင့် ကျွန်ုပ်မှာ ထိုင်မြဲ ထိုင်နေလိုက်လေ၏။

"ကျွန်တော့်ကို ပွဲစားကြီး ဦးစံလှက လွှတ်လိုက်ပါသည်"

ဟု အလျင်စလိုပြော၍ ဝင်လာသူမှာ အသက် ၂၅ နှစ်အရွယ်ခန့် ကျွန်ုပ် တို့ တစ်ခါမျှ မမြင်ဖူးသော ဧည့်သည်ဖြစ်လေသည်။



ထိုက်။ ။"မှန်း ဘယ်ဦးစံလှလဲ၊ အာရကန် ကုမ္ပဏီ ပွဲစားလား"

ဧည့်သည်။ ။"ဟုတ်ပါတယ်၊ ကိစ္စအရေးကြီးလို့ အခု မြန်မြန် လိုက်ခဲ့ပါလို့ မှာလိုက်ပါတယ်"

ထိုက်။ ။"သည်လောက် အရေးကြီးရအောင် ဘာကိစ္စများပါလိမ့်"

ဧည့်သည်။ ။"သူ့တူမ ကျောမှာ ဓားစိုက်လျက် သေနေတယ်"

ထိုက်။ ။"အို ဖြစ်မှဖြစ်ရလေ၊ လက်သည်မပေါ်သေးဘူးဆိုပါတော့၊ ဘယ် သိုက်ရမှာလဲ"

ဧည့်သည်။ ။"ဘယ်အချိန် ဘယ့်နှယ်သတ်သွားမှန်းတောင်မသိဘူး၊ ၃၇ သမ်းထဲမှာ မဝေးပါဘူး"

ထိုက်။ ။"ကောင်းပြီလေ လိုက်တာပေါ့၊ မောင်က ဘယ်သူတုံး"

ဧည့်သည်။ ။"ကျွန်တော်ကတော့ ဘယ်သူနဲ့မှ ဘာမှ မတော်ပါဘူး၊ အခု သေတဲ့ မစောဖြူတို့နဲ့ အခန်းချင်းကပ်နေတယ်၊ တစ်လှေအားတည်းပဲ"

ထိုက်။ ။"အင်း သိသလောက် ပြောစမ်းပါဦး"

ဧည့်သည်။ ။"သည်လိုခင်ဗျ၊ ကျွန်တော်က ကျောင်းဆရာ၊ သည်ကနေ့ ဆော့ ကျောင်း နေ့တစ်ဝက်ပိတ်လို့ စောစောအိမ်ပြန်ရောက်တယ်၊ စောစော ပြန်ရတဲ့နေ့မို့လို့ တစ်ရေးကလေး အိပ်ပါတယ်၊ သူတို့ဘက်ခန်းက နိုင်းတဲ့ 'ဒွတ်ကရား' ကုလားကလေးဟာက "အမား အမား" နဲ့ အော်အော်ခေါ်ပြီး တံခါးကိုခေါက်လိုက်တာ မနားတော့ဘူး။ ဒါနဲ့ အတော်ကြာတော့ မနေနိုင် လို့ ဒေါသဖြစ်ဖြစ်နဲ့ထွက်သွားပြီး "ဟဲ့ ဘာလုပ် သည်လောက်အော်အော်ပြီး တံခါးခေါက်ရသလဲ" လို့မေးတော့ ကုလားကလေးက "ဆပ် ကျွန်တော် ကြာလှပြီ ခေါက်တယ်နော်၊ အများကြီးခေါ်တယ်နော်၊ အမားစကားမပြေးဘူး၊ တံခါးမဖွင့်ဘူး၊ ရိပ်တယ်နော် ကုလားကလေး အများကြီး သည်လို သည်လို တံခါးကိုရိုက်တယ်နော် နီးမှာပဲ၊ အမား သည်အချိန်းနော် ရိပ်တယ်မပါဘူး" တဲ့၊ ဒါနဲ့ ကျွန်တော်က "ဟယ် နေစမ်းပါဦး၊ ငါခေါ်ကြည့်စမ်းပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး "မစောဖြူ မစောဖြူ" ခေါ်ပြီး တံခါးခေါက်၊ ကျွန်တော့်မိန်းမကပါ-
လာပြီးခေါ် ခေါက်၊ နောက်ဖေးက လှည့်ခေါ်၊ အိမ်ရှေ့ကို လှည့်ခေါ်၊ မရတဲ့
အဆုံးကျတော့ အိမ်နားနီးချင်းတွေကလည်း ထွက်ကြည့်နေကြတယ်။ ကျွန်
တော်က သူတို့အခန်းကို ပြတင်းပေါက်က ကူးမယ်လို့ကြည့်တယ်၊ သူတို့
အခန်းကိုကူးဖို့ နင်းစရာ တွယ်စရာ ဘာမျှမရှိဘူး၊ အောက်ကနေ တက်စရာ
ပိုက်လုံးလည်း နီးနီးနားနားမရှိဘူး၊ အိမ်သာ ပြတင်းပေါက်နဲ့ မီးဖိုဘက်
သားပြတင်းပေါက် နှစ်ပေါက်ကလည်း သံတိုင်တွေစိုက်ထားတယ်၊ အလယ်
ပေါက်မှာတော့ သံတိုင်မရှိဘူး၊ သို့ပေမယ့် ဘယ်က တက်လို့မှ ရောက်နိုင်စရာ
အကြောင်းမရှိဘူး၊ နောက်သတိရလို့ အပေါ်ထပ်က ကြိုးနဲ့ဆင်းမယ်လို့
ကြံတော့ အပေါ်ခန်းကလည်း တံခါးသော့ပိတ်ထားတယ်"

**ထိုက်။** ။"အပေါ်ထပ်မှာ ဘယ်သူနေသလဲ၊ ပြောသာပြောပါ၊ ကျုပ်
အဝတ်အစားလဲရင်း နားထောင်ပါ့မယ်"

**ညွှန့်သည်။** ။"အပေါ်ထပ်မှာ သားအမိသုံးယောက်နေတယ်၊ အမေရယ်
သမီးနှစ်ယောက်ရယ်၊ သမီးအကြီးက ဗုဒ္ဓဘာသာမိန်းကလေးကျောင်းမှာ
ဆရာမ၊ သမီးအငယ်ကတော့ စာသင်တုန်းပဲ ရှိသေးတယ်၊ သည်ကနေ့တော့
လပြည့်နေ့မို့ ကျောင်းပိတ်လို့ မနက်စောစောကတည်းက အလယ်တောရမှာ
ဥပုသ်စောင့်သွားကြတယ်၊ မိုးချုပ်မှ ပြန်မယ်တဲ့"

**ထိုက်။** ။"ကြားပါတယ်လေ ပြောသာပြောပါ"

အခန်းထဲ အဝတ်လဲရာမှ ပြန်ပြောသည်။

**ညွှန့်သည်။** ။"ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူး၊ တံခါးကို တွန်း
ကြည့်တော့ အပေါ်မင်းတုပ်ရော အောက်မင်းတုပ်ရော ထိုးထားတယ်၊ လှေ
ကားဆိုလည်း အနီးအနားမှာ ဘယ်မှုမရှိဘူး၊ သည်တော့ တံခါးကို ချိုးဝင်
မယ်လို့ စိတ်ကူးတယ်။ ကျွန်တော့်မိန်းမက မတော်တာ မလုပ်ပါနဲ့လို့ ဆိုတာ
နဲ့ ပုလိပ်ခေါ်မယ် ကြံတယ်"



**ထွန့်ပ်။** ။"အတူနေတဲ့ လူမရှိဘူးလား"

**ညွှန့်သည်။** ။"အတူနေဆို ညညလာအိပ်တဲ့ အဒေါ်ကြီးက ကြည့်မြင်
တိုင်က မိုးချုပ်မှလာတယ်၊ ခိုင်းတဲ့ 'ချွတ်ကရား' ကလေးက မနက်စောစော
လာပြီး ၁၁ နာရီပြန်တယ်၊ ညနေ ချက်ချိန်ပြုတ်ချိန် ၃ နာရီခွဲ ၄နာရီ
လောက်လာတယ်၊ အခု သူ ညနေဘက် လာတာပဲ"

**ထွန့်ပ်။** ။"သူ့ယောကျ်ား မရှိဘူးလား"

**ညွှန့်သည်။** ။"သူ့ယောကျ်ားက သတ္တုရှာဖွေ စမ်းသပ်တဲ့ ဗိုလ်ဆီမှာ အလုပ်
လုပ်တယ်၊ တစ်ခါတစ်ခါ ရှမ်းပြည်နယ်ဘက်ကို တက်သွားလျှင် တော်တော်
နဲ့ မပြန်ဘူး၊ ဟိုကနေပြီး လခသာ ပို့ပို့နေတယ်၊ သည်တော့ နေ့ဆိုလျှင်
သူ့ဘာသာတစ်ယောက်တည်းပဲ၊ ညလာအိပ်တဲ့ အဒေါ်ကြီးဆိုတာလည်း ကျွန်တော်
တို့ မြင်ဖူးရုံပဲရှိတယ်။ ဘယ်လိုက်ခေါ်ရမှန်းလည်း မသိဘူး၊ ဒါနဲ့ အိမ်ပေါ်က
ဆင်းတုန်းကတော့ ပုလိပ်ခေါ်ရအောင် ဆင်းတာပဲ၊ အောက်ရောက်တော့
အခု အခေါ်ခိုင်းတဲ့ ပွဲစားကြီးဦးစံလှဟာ မော်တော်ကားနဲ့ တစ်ခါတစ်ခါ
လာတော့ မစောဖြူရဲ့ ဦးကြီးလို့ ပြောသံကြားဖူးတာနဲ့ ပုလိပ်ကို ရှေ့အား
ဦးကြီးနဲ့ သွားခေါ်လို့ ဖြစ်သေးမထင်ဘူးလေ ဆိုပြီး အဲ-သူ့အိမ် အရင်သွား
တာပဲ၊ ပွဲစားကြီးနဲ့ အဆင်သင့်တွေ့လို့ လိုက်လာ.."

ထိုစဉ်တွင် ဒေါက်တာ သောင်းထိုက် အဝတ်များ လဲလှယ်ပြီး၍ထွက်
လာသည်။

**ထိုက်။** ။"ပြောလေ ဆက်သာပြော၊ ဖိနပ်စီးရင်း သွားရင်းလာရင်း နား
ထောင်တာပေါ့"

**ညွှန့်သည်။** ။"အိမ်ရောက်တော့ ပွဲစားကြီးလည်း ကြံရာမရတော့ "ကိုင်း
သည်လိုနေလို့တော့ မဖြစ်ဘူး၊ တံခါးချိုးဖွင့်မှပဲ" လို့ ပြောတာနဲ့ လှေကား
သာတဲ့ ဖိနပ်ချုပ်ကုလားဆီက တူကြီးယူပြီး အောက်တံခါးပေါင် ရိုက်လိုက်
တော့ အောက်မင်းတုပ်ထိုးတဲ့ ကွင်းကတော့ ကျွတ်ထွက်သွားပါရဲ့၊ အပေါ်

www.burmeseclassic.com

မင်းတုပ်က တံခါးရွက်ကို ရိုက်ချိုးပြီး အပေါက်ဖြစ်တော့မှ မင်းတုပ် ဆွဲချရတယ်။ အထဲရောက်တော့ အိမ်ရှေ့ခန်းမှာလည်းမရှိ၊ အိပ်ရာပေါ်မှာလည်းမရှိ၊ မီးဖိုခန်းလှမ်းကြည့်လိုက်တော့ သွေးခြင်းခြင်းနီတဲ့အထဲမှာ တုံးလုံးလဲနေတာမြင်တော့ ကျွန်တော်တို့ နှစ်ယောက်သား အံ့အားသင့်ပြီး ရုတ်တရက် အနားတောင် မသွားဝံ့ဘူး။ တော်တော်ကြီးကြာမှ အနားကပ်ကြည့်လိုက်တော့ အသက်မရှိမှန်းသိတယ်၊ ပွဲစားကြီးမှာလည်း ခြေမကိုင်မိ လက်မကိုင်မိနဲ့ အိပ်ခန်းနဲ့ အိမ်ရှေ့ခန်းကို ကူးချည် သန်းချည် ဝင်လိုက်ထွက်လိုက် ဖြစ်နေတယ်၊ ကျွန်တော်က ပုလိပ်နဲ့ ဆရာဝန်ခေါ်မှဆိုတော့မှ သတိရပြီး "အင်း ပုလိပ်တိုင်လျှင် ဆေးရုံကားလွှတ်မှာပဲ၊ ဂါတ်တော့နီးတယ်၊ အပြန်မှ ဝင်တိုင်တာပေါ့၊ ကျုပ်က ဒေါက်တာသောင်းထိုက်ကို အရင်ကြည့်စေချင်တယ်၊ ကျုပ်မိတ်ဆွေပဲ၊ မဟာဗန္ဓုလပန်းခြံလမ်း ပုလိပ်ရုံးသစ်ကြီးနားက သူ့ စုံထောက် အလုပ်တိုက်ကို သိသလား၊ ကျုပ်ကအမြန်လာပါလို့ ပြောပြီး ခေါ်ခဲ့ပါ" လို့ မှာတာနဲ့ လာခဲ့ရတယ်၊ ဦးမရောက်ခင် အလောင်းကိုစာယ်သူမှ မကိုင် မထိရစေဘူးလို့ မှာလိုက်သေးတယ်"

**ထိုက်။** ။"အဲဒါ ကောင်းတဲ့နည်းပဲ၊ ပွဲစားက တော်တော်အချက် ပိုင်တယ်၊ အနုသွားရမှာ ၃၇ လမ်း ဘယ် 'ဘလောက်' ကျသလဲ"

**ညီသည်။** ။"ကုန်သည်လမ်းနဲ့ မဟာဗန္ဓုလလမ်းအကြားက ဘလောက်ပါပဲ အနီးကလေးပါ"

**ထိုက်။** ။"အို ဒါဖြင့် ပန်းဆိုးတန်းဂါတ်နဲ့ကပ်လျက်သားပါကလား"

အောက်သို့ဆင်းလာကြ၍ လူလျှောက်သော 'ပလက်ဖောင်း' လမ်းပေါ်သို့ ဆင်းမိသောအခါ–

**ညီသည်။** ။"တက်ကြပါ အဲဒါပွဲစားကြီးကားပါပဲ၊ ကျွန်တော်တော့ ပန်းဆိုးတန်းဂါတ်မှာ ဆင်းနေရစ်ခဲ့မယ်၊ ဦးတို့ စီးလိုက်သွားပါ၊ 'ဒရိုင်ဘာ' အိမ်ခန်းကို သိပါတယ်"



၃၇ လမ်းသို့ ရောက်သောအခါ အိမ်ရှေ့တွင် လူများဝိုင်းအုံနေသည်ကို မြင်ရသည်နှင့် 'ဒရိုင်ဘာ' ပြရန် မလိုတော့ချေ။

ကျွန်ုပ်တို့ အိမ်ပေါ်သို့ ရောက်သောအခါ ပုလိပ်များမှာ ကျွန်ုပ်တို့အရင် ရောက်နေသည်ကို တွေ့ရလေသည်။ သို့သော် ပွဲစားကြီးဦးစံလှက ပုလိပ်များအား ခေတ္တဆိုင်းငံ့ရန် တားဆီးပြောဆိုနေကြောင်း တွေ့ရလေသည်။

**တစ်ယောက်သောပုလိပ်။** ။"ကျွန်တော်တို့တော့ တားလို့ရပါတယ်၊ အင်စပိတ်တော်တော့ တားလို့ရမယ်မဟုတ်ဘူး၊ အခုအခေါ် လွှတ်လိုက်ပြီ"

ဟု ပြောစဉ် လှည့်ကြည့်လိုက်သောအခါ ဒေါက်တာသောင်းထိုက်ကို မြင်လေရာ အဝမှ လမ်းဖယ်ပေးလေ၏။

**ပွဲစားကြီး ဦးစံလှ။** ။"ဟောလာပြီ ဒေါက်တာကြီးကို မျှော်လိုက်ရတာ၊ ပုလိပ်တွေလည်း တားမရဆီးမရနဲ့ ဒါကြောင့် ဟိုကျောင်းဆရာကလေးကို မှာလိုက်တာ၊ ဂါတ်ကိုအပြန်မှ ဝင်တိုင်ပါလို့"

**ထိုက်။** ။"သူတို့ ပုလိပ်တန်းလျားက လှမ်းခေါ်လိုက် ကြားတာ၊ သည်အနားတွင် ကပ်နေတာပဲ၊ လူတွေအပြင်ဘက်မှာ သည်လောက်အုံနေတော့ သိရောပေါ့၊ ဘယ်လိုဖြစ်ပုံလဲ ပြောစမ်းပါဦး"

**ပွဲစား။** ။"ဟို ကျောင်းဆရာကလေး ပြောမပြဘူးလား"

**ထိုက်။** ။"သူသိသလောက် ပြောပါတယ်"

**ပွဲစား။** ။"ကျွန်တော်လည်း အထူးမပြောတတ်ပါဘူး၊ အလောင်းသာ လာကြည့်ပါတော့"

ဟု ဝမ်းနည်း စိတ်မသက်သာသောအသံဖြင့် ပြော၍ အလောင်းရှိရာ မီးဖိုခန်းဘက်သို့ ခေါ်သွားလေ၏။

အသက် ၂၀ ကျော်အရွယ် မစောဖြူဆိုသူ မိန်းကလေးမှာ အိုင်ထွန်းနေသော သွေးကွက်ထဲတွင် မြင်လိုက်လျှင် အသည်းနာစရာ၊ ဝင်ပေါက် ထွက်ပေါက် တံခါးဝနှင့် တည့်တည့် မီးဖိုခန်းအလယ်ကောင်တွင် လဲနေသည်

www.burmeseclassic.com



ကို မြင်လိုက်ရသောအခါ ဦးကြီးဖြစ်သူ ပွဲစားကြီး ဦးစံလှကို မပြောထားဘိ ဆရာဝန်လုပ်သူ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် အသည်းတုန် အူတုန်ရှိမိလေသည်။

ပွဲစား။ ။“ဆရာဝန်ကြီးလည်း ပါလာသကိုး ကဲ စမ်းသပ်ကြည့်စမ်းပါဦး”

ထိုက်။ ။“ကြည့်တော့ ကြည့်တာပေါ့လေ၊ အသက်မရှိကြောင်း ရှိကြောင်းတော့ အထူးကြည့်နေဖို့ မလိုပါဘူး၊ သွေးပဲ ဆုတ်နေမှပဲ”

ဟု ပြော၍ ဆန့်လျက်ရှိသော ဘယ်ဘက်လက်ကို ကိုင်ကြည့်လေ၏။

ထိုက်။ ။“အေးပဲ နေမင့်ကို၊ အလောင်းကို ပုလိပ်နဲ့ ဆိုင်ရာ ဆရာဝန်များ လာအောင် ထားဖို့ရှိတယ်၊ သည်အတွင်းမှာ အရေးကြီးတာက အလောင်း နေပုံနဲ့ အခန်းကို ဓာတ်ပုံရိုက်ယူဖို့ဟာ ပထမအလုပ်ပဲ”

ဟု ပြောပြောဆိုဆို ဆောင်ယူလာသော ‘ဓာတ်ပုံကူးကင်မရာ’ ကလေးကိုဖွင့်၍ အိမ်ခန်းတွင်းမှ အလောင်းနှင့် ပြတင်းပေါက်များကိုလည်းကောင်း၊ ပြတင်းပေါက်ဘက်မှ အပြန်အလှန်လည်းကောင်း၊ ဘေးထရံ တစ်ဖက် တစ်ချက်ကိုလည်းကောင်း အမျိုးမျိုးရိုက်ကူးပြီးနောက် မီးဖိုခန်းအကျယ်အဝန်းနှင့်တကွ အလောင်းလဲနေပုံ အကွာအဝေးမှစ၍ ပြတင်းပေါက်များပါမကျန် တိုင်းထွာ၍ ပုံထုတ်ဆွဲယူ မှတ်သားလေသည်။

## ၂ ထွက်ပေါက်မရှိသောအခန်း

၎င်းနောက် ဒေါက်တာသောင်းထိုက်သည် အိမ်ရှေ့အိမ်နောက်မှစ၍ ဤအခန်းကို အပြင်အပမှ မည်သည့်နည်းနှင့် လူဝင်၍ မည်သည့်နည်းနှင့် ပြန်ထွက်နိုင်မည်ကိုပါ သေချာစွာ ကြည့်ရှုပြီးနောက်–

ထိုက်။ ။“သည်အခန်းကို ဝင်နိုင် ထွက်နိုင်ရန် လေကားတံခါးပေါက်မှ လွဲ၍ မရှိ၊ အကယ်တန္တု အဝင်မှာ အိမ်ရှင်ကိုယ်တိုင်က ဖွင့်ပေးလို့ အထဲရောက်သည်ထား၊ အထွက်ကို သတ်တဲ့လူ ဘယ်လိုထွက်နိုင်မလဲ၊ တံခါးမှာ



ည်း အပေါ်ကလန့် အောက်ကလန့် ထိုးထားတယ်”

ထိုအခိုက်တွင် ပုလိပ်အင်စပိတ်တော်နှင့် ဆေးရုံဆရာဝန် ရောက်လာကြ သ၏။

ရှေ့သို့မဆက်မီ ဤနေရာတွင် အိမ်နေပုံ၊ လမ်းနေပုံနှင့် အခန်းဖွဲ့ပုံကို နည်းငယ် ဖော်ပြရန် လိုလေသည်။

သေသူ မစောဖြူနေသောတိုက်မှာ ၃၇ လမ်း အရှေ့ဘက်တန်း အလယ် ကျဖြစ်၍ ပန်းဆိုးတန်း ပုလိပ်တန်းလျား အဆောက်အအုံနှင့် ခါးလွယ် ဘ် ပေ ၂၀၀ ကျော်ကျော်မျှ အောက်ဘက်တွင်တည်လျက် ၃၈ လမ်း အနောက်ဘက်တန်းတိုက်များကို ကျောခိုင်းလျက်ရှိ၏။ တိုက်မှာ ၃ ထပ် း ၅၀ မျက်နှာစာကို ပေအဝက်ခန်းဖွဲ့၍ ဆောက်ထားခြင်းကြောင့် အခန်း ၁၂ ခန်း ရှိ၏။ မစောဖြူနေသောအခန်းမှာ မြောက်ဘက်အစွန်ဆုံး အလယ် ပ်ဖြစ်၍ အပေါ်ဆုံးထပ်တွင် ယခင် ကျောင်းဆရာကလေး ပြောသည့် အတိုင်း မိန်းမသား သားအမိ သုံးယောက်နေလေသည်။ ၎င်း နှင့်တည့်တည့် အောက်ဆုံးထပ်မှာမူ ဟိန္ဒူလူမျိုး ဆေးသုတ်ကုလားများနှင့် ဒရဝမ် ကုလား များ စုပေါင်း၍ နေကြလေသည်။ အိမ်ရှေ့မျက်နှာချင်းဆိုင် တိုက်မှာ ‘သော တ်စ်ကွတ်’ ဂိုဒေါင်ဖြစ်လျက် နောက်ဘေးတန်း တိုက်များမှာ သုံးထပ်တိုက် န်းဖြစ်၏။

ဆေးရုံဆရာဝန်။ ။“အို ကြည့်စမ်းပါ၊ မြို့လယ် ပုလိပ်ဂါတ်နဲ့ကပ်ပြီး နေ့လယ် တြောင်တောင်ကြီး လူသတ်မှုဖြစ်တယ်ဆိုတာ”

ဟု အင်စပိတ်တော်ဘက်သို့ လှည့်၍ ပုလိပ်များ ပေါ့လျော့၍ ဆရာဝန် များမှာ ဟိုလိုက်ရ သည်လိုက်ရ အလုပ်များသည်ဟု ပါးစပ်က မပြောသော် ည်း မျက်ရိပ် မျက်ကဲဖြင့် ကြည့်လေ၏။

အင်စပိတ်တော်။ ။“ခင်ဗျားတို့ကတစ်ဆိတ်ရှိလျှင် ပုလိပ်သာ အပြစ်ဖို့မယ်ကြ ည်း ဘိုင်းပြည်က ပုလိပ်ကို တယ်ပြီးအကူအညီမပေးတော့မခံဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



**ဆေးရုံဆရာဝန်**။ ။"ဒါလည်း ပုလိပ်ပေါ့လို့ မဟုတ်လား"

**ထိုက်**။ ။"နှုတ်ခမ်းပွဲချင်း မီးမမှုတ်ချင်ပါနဲ့လေ၊ အစိုးရသားချင်း တစ်ယောက် တစ်ယောက် အတိုက်အခံ လုပ်နေစရာ အခါ မဟုတ်ပါဘူး၊ သည်ဟာတွေ တိုင်းရေး ပြည်ရေးလိုက်စားတဲ့လူတွေအတွက်ထားပြီး ကိုယ့် ဝတ္တရားကိုယ် ဆောင်ရွက်ကြပါဦး"

ဟု စကားပိတ်ပြောလိုက်သောအခါမှ မီး ရေနှင့် သတ်သလို ငြိမ်သွားပြီးလျှင် ဆရာဝန်လုပ်သူက အလောင်းနားကပ်၍ ကိုင်တွယ်ကြည့်ရှုလေ၏။

**ဆရာဝန်**။ ။"အသက်ကုန်ပြီ၊ သေတာ ၂ နာရီ ၃ နာရီခန့်ရှိရမည်"

**ထိုက်**။ ။"ဘယ် ကနိုင်မလဲ"(လူသေပြီးနောက် အလောင်းကို စမ်းသပ်ကြည့်ခြင်းဖြင့် သေသည့်အချိန်ကို ဆုံးဖြတ်သော ဆေးပညာနည်း အမျိုးမျိုးကို ပြောပြီးနောက်) "နာရီမှန်ကွဲပြီး ၁၁ နာရီခွဲတွင် ရပ်နေတယ်၊ ဒါကြောင့် အသက်ပျောက်တာ ၅ နာရီကျော်ကျော်ရှိနေပြီ"

ဆေးရုံဆရာဝန်သည် မိမိစကားမှားရခြင်းအတွက် မကျေနပ်ဟန် ရှိနေလေ၏။

**ထိုက်**။ ။"သည်မိန်းကလေး ဒဏ်ရာရပြီး လဲသွားတော့ လက်ကို ဆန့်ပစ်လိုက်ရာတွင် ဟိုဘက်က ကျောက်ငရုတ်ဆုံနဲ့ လက်ပတ်နာရီကို ဆောင့်မိပြီး နာရီရပ်သွားရမယ်၊ ငရုတ်ဆုံနှုတ်ခမ်းပေါ်နှင့် ဆုံခွက်ထဲမှာ နာရီမှန်ကွဲတွေ ကျနေပုံကြည့်ပါတော့၊ ကိုင်း ဒဏ်ရာကိုကြည့်ပါဦး"

ဆရာဝန်သည် စကားတုံ့ပြန်မပြောဘဲ မျက်မှောင်ကြုတ်လျက် ဒဏ်ရာကို စုံစမ်းရာ ဘယ်ဘက်လက်ပြင်အောက်တွင် ဓားစိုက်လျက်ရှိသည်ကို တွေ့ရလေသည်။ ထိုဓားမှာ အဆုံးဝင်၍ ငွေခွေးကလေးများ ကွပ်ထားလျက် အလယ်တွင် မြင်းမြီးများပတ်ထားသော ဓားရိုးလုံးကလေးကိုသာ မြင်နိုင်လေသည်။ ဒေါက်တာသောင်းထိုက်သည် ဓားရိုးကို ပေါင်ဒါမှုန့်များ ဖြူးကြည့်ရာ လက်ပုံစံမရှိကြောင်း သိရှိပြီးနောက် ဓားကိုဆွဲထုတ်၍ ဓားသွား



နှင့် ဒဏ်ရာနေပုံကို ကြည့်ပြီးသကာလ–

**ဆရာဝန်**။ ။"ဓားသွားဟာ အတော်ရှည်လျားပုံထောက်တော့နှလုံးကို ထိ ားယ်လို့ ယူဆရမယ်"

**ထိုက်**။ ။"အတော်ရှည်လျားတယ် လုပ်မနေစမ်းပါနဲ့"

ဟု ပြောလျက် အိတ်ထဲမှ 'စပရင်' နှင့် ခွေထားသော သံပတ်ပေကြိုး ကလေးကိုထုတ်၍ တိုင်းပြီးလျှင်–

"ဖြ လက်မရှိတယ်၊ နှလုံးကို ထိရုံမဟုတ်ဘူး၊ ထုတ်ချင်းပေါက်သွားတဲ့ အတွက် ပွဲချင်းပြီး သေတယ်လို့ တပ်အပ်ဆိုပါ"

**အင်စပိတ်တော်**။ ။"ဘယ်ဘက်လက်ပြင်မှာ ထိုးထားခြင်းကြောင့် ထိုးတဲ့ လူဟာ ဘယ်သန်ရမယ်" ဟု ဖြတ်၍ ပြောလေသည်။

**ဆရာဝန်**။ ။"ဆိုနိုင်ပါတယ်"

**ထိုက်**။ ။"ဓားရိုးဓားသွား နှစ်ဌာနကြည့်ခြင်းဖြင့် ဒီလောက်သေးသွယ်တဲ့ ဓားရိုးကလေးနဲ့ အဆုံးဝင်အောင် ထိုးဖို့ရာ ဖြစ်နိုင်ပါ့မလား"

ဟုပြော၍ ဓားရိုးကို တိုင်းထွာပြသောအခါ ဓားရိုးမှာ ၃ လက်မခွဲမျှ ရှည်၍ အလုံးမှာ ဖောင်တိန်ကလောင်အရွယ် ငါးမူးလုံးသာသာကလေးမျှ နိုကြောင်း တွေ့ရ၏။

"ဝင်အောင် ထိုးနိုင်တယ်ထားဦး၊ ဓားနှောင့်ကို လက်မနှင့်ပိတ်ပြီး တစ် အားထိုးမှဖြစ်မယ်၊ သည်လိုဆိုလျှင် မြင်းမြီးပေါ်မှာ လက်ပုံစံ မကျန်ခဲ့သည့် တိုင်အောင် ဓားနှောင့်မှာ ပိတ်ကွပ်ထားတဲ့ ငွေခွေးပေါ်မှာတော့ အထင်အရှား ကျန်ခဲ့ဖို့ သင့်တယ်၊ သို့သော် မြင်တဲ့အတိုင်းပဲ လက်ပုံစံရယ်လို့ အစအန ကလေးများမှ မတွေ့ရဘူး"

**အင်စပိတ်တော်**။ ။"ထိုးတဲ့လူက ဓားရိုးကို လက်ကိုင်ပဝါနဲ့ ဆုပ်ကိုင် ဦးလျှင်ကော"

**ထိုက်**။ ။"ကောင်းပြီ၊ လက်ကိုင်ပဝါနဲ့ပဲ ကိုင်ကိုင်၊ အဝတ်စုတ်နဲ့ပဲ ကြိုးစုတ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုင်ကိုင်၊ အဲသည် အဝတ်စက္ကူတို့မှာ သွေးစွန်းရမယ်၊ ဘယ်မှာလဲ သွေးစွန်းသွေးစနဲ့ အစုတ်အပြတ်၊ သွေးစွန်းပြီးသားအဝတ်ကို ဘယ်လူမျိုးမှ အိတ်ထဲ ထည့်ယူမသွားဘူး၊ သည်မှာပဲ ချပစ်ခဲ့မှာပဲ"

**အင်စပိတ်တော်**။ ။"သည်ဟာလည်း သည်လောက်အရေးမကြီးပါဘူး၊ လာတိုင်တဲ့ ကျောင်းဆရာကလေးပြောတာကို ထောက်တော့ သတ်တဲ့လူဟာ ပြန်ထွက်တဲ့လမ်း မရှိဘူးလို့ပြောတယ်၊ ဟို ရေစည် 'တိုင်ကီ' ထဲမှာ ကြည့်ပြီးပလား၊ ဟော့ အမှုထမ်းတစ်ယောက် လာစမ်း၊ ဟောဟို အပေါ်တက်ပြီး 'တိုင်ကီ' ကိုဖွင့်ကြည့်၊ မင်းတို့ တယ်အ တဲ့အကောင်တွေကိုးကွ၊ သည်လိုနေရာမျိုးကိုလာလျှင် လက်နှိပ်ဓာတ်မီးကလေးဘာကလေး ဆောင်ခဲ့ရတယ်ကွ"

**ထိုက်**။ ။(အိတ်ထဲတွင် ဖောင်တိန်ကလောင်တံသဖွယ် ချိတ်ထားသော လက်နှိပ်ဓာတ်မီးကလေးကို လှမ်းပေးလျက်) "သည်ဟာနဲ့လည်း မြင်နိုင်ပါတယ်"

**အင်စပိတ်တော်**။ ။"ခိုကပ်ပုန်းစရာ သည့်ပြင်မရှိတော့ တရားခံ ထွက်သွားတာ အမှန်ပဲ၊ ဘယ်နည်းနဲ့ ထွက်သွားတယ်ဆိုတာတော့ နောက်မှ စုံစမ်းရင် ပေါ်လာမှာပဲ၊ ဒါထက် ပစ္စည်းဘယ်ရွေ့ဘယ်မျှပါတယ် သိပလား၊ သေတဲ့လူရဲ့ လက်နဲ့နားကို ကြည့်ရခြင်းအားဖြင့် လက်ကောက်၊ နားကပ် အမြဲဝတ်ဆင်တတ်ဟန်တူတယ်။ သည်ပစ္စည်းများမရှိတာကို ထောက်တော့ ပစ္စည်းအလိုရှိလို့ လူသတ်တာပဲ၊ သည်မိန်းမ ဘာပစ္စည်းများ ဝတ်တတ်တယ်ဆိုတာ ဘယ်သူသိသလဲ၊ ဟဲ့ 'ချွတ်ကရား' နင် ဘာသိသလဲ ပြောစမ်း"

**ချွတ်ကရား**။ ။"ဘာ ဘူ"

ဟု လက်ဝါးနှစ်ဖက်ကို ရှေ့တွင် မှောက်ချည် လှန်ချည်ပြလျက်–

"နား နားမလဲဘူး၊ အမား အခု ဘုရားခေါ်သွားပြီလား"

ဟု အလောင်းဘက်သို့ လှည့်၍ ခြေဖျားထောက်လျက် ကြည့်သည်တွင် အင်စပိတ်တော်သည် စိတ်မရှည်နိုင်ဘဲ–

"ဟယ်– သည်ခွေးကုလားကလေးဟာ မေးတာတော့ မပြောဘူး၊ သူ့



ဒြမ်ပြီး သံတော်ဦး တင်နေရဦးတော့မလို၊ ဟော့ အမှုထမ်းတစ်ယောက် သည်အော့နာဝမ်းကျ ကုလားချီးကလေးကို တော်ရာ ချုပ်ထားလိုက်စမ်းကွာ၊ ကြာကြာနေလျှင် ငါဖနောင့်နဲ့ ဖပါက်မိလိမ့်မယ်"

ထိုစဉ်တွင် အင်စပိတ်တော်နှင့်အတူ ဂါတ်မှ ပြန်လိုက်ပါလာသော တစ်ဘက်ခန်းတွင်နေသူ ကျောင်းဆရာကလေးသည် စကားမပြောဘဲ ရှေ့ငံနေရာမှ–

"မစောဖြူ နေ့တိုင်းဝတ်ဆင်တဲ့ လက်ဝတ် လက်စားကတော့ စိန်ခြယ်နားပန်၊ ကြိုးလိမ်လက်ကောက် တစ်ဖက်တစ်ဆင့်၊ မြကို စိန်ရံတဲ့ လက်စွပ်ဘခ်ကွင်းနဲ့ ဆွဲကြိုးတစ်ကုံးပါပဲ"

ထိုအခါမှ ပွဲစားကြီးဦးစံလှကလည်း သတိရပြီးလျှင်–

"ဟုတ်တယ်၊ ကျုပ်တူမ ဝတ်စားနေတာ ခုပြောတဲ့ အတိုင်းပဲ"

ပြောသံကို ကြားသည်နှင့် တစ်ပြိုင်နက် အင်စပိတ်တော်သည်–

"အဲ သည်လိုရင်လည်း ဖြစ်ရမယ်၊ နားနဲ့ လက်ကို မြင်ကတည်းက သိပါတယ်လို့ ကျွန်တော် မပြောဘူးလား"

ဟု မိမိယူဆချက် မှန်ကြောင်းကို အလွန်ကျေနပ်စွာဖြင့် မြိန်ရေရှက်ရေ ပြောလေ၏။ ထိုမှဆက်၍–

"လက်က လက်ပတ်နာရီတော့ မှန်ကွဲလို့ သူမယူတာဘဲ၊ ပစ္စည်းပျောက်တာလည်း သိရပြီ၊ နောက်စဉ်းစားဖို့က..."

ဟု တွေးတောနေရာတွင်–

**ထိုက်**။ ။"စကားဖြတ်လို့ ပွဲစားကြီး၊ ခင်ဗျားတူမဟာ ရတနာသုံးပါး ဘုရား တရား တော်တော်ကြည်ညိုသလား"

**ပွဲစားကြီး**။ ။"ကြည်ညိုဆို ဘာပြောစရာရှိသလဲ၊ ဥပုသ်သီတင်း ဘယ်တော့မှ မပြတ်ဘူး၊ အုတ်ဖိုဆရာတော်ဂိုဏ်းက ဒွါရတွေပဲ၊ သီလကိုတောင် ဆယ်ပါး ခံယူဆောက်တည်တဲ့ လူစုတွေပဲ"

**ထိုက်**။ ။"ဒါဖြင့် ကျွန်တော် တစ်ခုပြောပါရစေ၊ ထားတတ်တဲ့ နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို ရှာကြည့်စမ်းပါ၊ တွေ့ပါလိမ့်မယ်"

ထိုအခါ ပွဲစားကြီးသည် ဦးဖွာအစ တူမ မစောဖြူ အိပ်သော အိပ်ရာခေါင်းအုံးအောက်တွင် ကြည့်လေရာ မိန်းမများကိုင်သော လက်ကိုင်သားရေအိတ်ထဲတွင် အထက်၌ ဖော်ပြသော စိန် ရွှေ လက်ဝတ်လက်စား အားလုံးကို တစ်ခုစီ စက္ကူနှင့်ပတ်လျက် သေချာစွာ ထည့်ထားသည်ကို တွေ့ရလေ၏။

## [၃] ဇာတရူပ သိက္ခာပုဒ်

ပွဲစားကြီးသည် တူမ၏ လက်ဝတ် လက်စားများကို မြင်၍ ဝမ်းနည်းသည်ထက် ဦးသောင်းထိုက် သိပုံကို အံ့ဩလှသည်နှင့်–

"ဘယ်လိုများလုပ်ပြီး သိသလဲ"

ဟု မေးလေ၏။

**ထိုက်။** ။"ဒီလိုဗျ၊ ဥပုသ်နေ့လည်း ဖြစ်တယ်၊ ရတနာသုံးပါးလည်း ကိုင်းရှိုင်းတယ်၊ ဟောဟိုစားပွဲကလေးပေါ်မှာ လက်ဖက်ရည်တစ်ခွက် တန်းလန်းကြီး ဖျော်တင်ထားတာကိုလည်း မြင်တယ်။ မိန်းကလေးက ၁၁ နာရီခွဲအချိန်လောက်မှာ စားထိုးခံရတယ်ဆိုတော့ ဘယ်လိုစဉ်းစားချက်ထုတ်မလဲ၊ ဥပုသ်စောင့်လို့ မွန်းမတည့်မီ လက်ဖက်ရည်သောက်မယ်လို့ ဖျော်နေတုန်းမှာ စားထိုးခံရခြင်းဖြစ်မယ်။ ကောင်းပြီ ဥပုသ်စောင့်လျှင် သူ့ကိုက ဆယ်ပါးထိန်းတယ်လို့ သိရတယ်၊ ဆယ်ပါးထိန်းလျှင် ရွှေ ငွေ မဝတ်ရဘူး၊ ဒါကြောင့် လက်ဝတ်လက်စားများဟာ သိမ်းဆည်းထားလိမ့်မယ်လို့ အတွေးပေါက်ထာပါ"

**ကျောင်းဆရာ။** ။"နေပါဦး၊ ကျွန်တော့်မိန်းမ သိကောင်း သိပါလိမ့်မယ်၊ မေးကြည့်ပါဦးမယ်"

(အခန်းပေါက်ဝသို့ ထွက်၍) "ဟေ့ မသန်းတင် ခဏ သည်ဘက်



ဘူးခဲ့စမ်းပါ၊ မေးစရာရှိလို့"

**သန်းတင်။** ။"အောင်မယ်လေး ကိုမောင်သွယ် ကူးမလာပါရစေနဲ့၊ သနားသွှန်းလို့ပါ မကြည့်ရက်ပါဘူး၊ သည်မှာ လူများဖြင့် အသည်းတုန် အူတုန်ရှိလှန်းလို့ လျက်ဆားတွေ သွေးဆေးမှုတ်ပြီး ရှူလိုရှူ၊ ကွမ်းရွက်တွေချေပြီး ပါးစပ် ပွတ်လိုပွတ်နဲ့ မေးစရာရှိလည်း သည်က ပြောပါရစေတော့"

**ဆရာသွယ်။** ။"အေးအေး ဒါဖြင့် မလာချင်နေ၊ ဟို မစောဖြူ ဥပုသ်စောင့်ယ် ပြောသံကြားသလား"

**သန်းတင်။** ။"ဟုတ်တယ်၊ သူခါတိုင်း စောင့်နေကျအတိုင်း ဆယ်ပါးပဲ၊ ကြက်ဆံ ရွှေ ငွေ မကိုင်ဘူး၊ လူများသာ သူများလို ကိုယ်လွတ် လက်လွတ်ဟုတ်လို့ မစောင့်ရဘူး"

**ဆရာသွယ်။** ။"အတွန့်ကလေးက ပါလိုက်ရသေး"

တစ်ဖန်အခန်းတွင်းသို့ ပြန်ဝင်လာ၍–

"ဟုတ်တယ် စောင့်တယ်တဲ့၊ ဦးပြောသလို ဆယ်ပါး၊ ရွှေ ငွေ မကိုင်ဘူးတဲ့"

**ထိုက်။** ။"ဟုတ်ပါပြီလေ၊ ဒါတော့ သိပကော၊ ဟောသည် လက်ဖက်ရည်းပွဲမှာ လက်ဖက်ရည်ကို ဖျော်နေတုန်း ဒဏ်ရာရတာပဲ၊ ဖွန်းကလေး ကျသွားပုံ လက္ခဏာတောက်ပါလား"

**ဆင်စပိတ်တော်။** ။"ဒေါက်တာကြီး ဦးသောင်းထိုက် ပြောနေပုံကဖြင့် ကိုယ်ကိုင်မျက်မြင်လိုပဲ၊ ထိုင်တော့ကော ဘယ်လိုများလဲ၊ ကျုံ့ကျုံ့ကလေးလား"

ဟု သရော်သည့် သဘောနှင့် ပြော၏။

**ထိုက်။** ။"ဟုတ်ပါရိုးလားမောင်၊ ဆောင့်ကြောင့်မို့ ဟိုက အထိုးလိုက်နဲ့ နောက်ပြန်ပြီး အလဲမှာ ထိုးလိုက်တဲ့ ဓားနောင့်ရိုးနဲ့ သမံတလင်းနဲ့ ဆောင့်ခွင်းသလိုဖြစ်လို့ သည်လောက်ဝင်တာပေါ့၊ အဲဒါကြောင့် ပွဲချင်းပြီး အသက်ထွက်လို့ ဟိုဘက်က လက်ကလည်း ကျောက်ရေတ်ဆုံနဲ့ ဆောင့်မိပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်မရုပ်နိုင်ဘူး၊ သည်ညာဘက် လက်ကလေးကလည်း ရင်ကလေး ဓ
နေတဲ့ အတိုင်းပဲ၊ တစ်ခါတည်း ဒဏ်ရာထိလို့ နာတဲ့ဘက်က ကျောကလေး
ကော့လိုက်နိုင်တယ်၊ အဲဒါကြောင့် စောင်းခွေခွေကလေး ဖြစ်နေတာပေါ့"

**အင်စပိတ်တော်။** ။"အဲဒါတွေနဲ့ တရားခံမိစရာ လမ်းမမြင်သေးဘူး"

**ထိုက်။** ။"သည်အတွက်တော့ စုံစမ်းဖို့လမ်း အများကြီးပဲ၊ ကိုင်း– ထိုးတဲ့ လက်နက်ကို စစ်ဆွေ့ကြည့်ဦးစို့၊ ကြည့်စမ်းပါ၊ ဒါ ဘာလက်နက်မျိုးလို့ အမည်မှည့်မလဲ"

**အင်စပိတ်တော်။** ။"ဓားမြှောင်အမြင်သားနဲ့တော့ သေနတ်လို့ မခေါ်နိုင်ဘူး"

**ထိုက်။** ။"ဟုတ်ပါပြီ၊ ဘာဓားမြှောင်လဲ"

**အင်စပိတ်တော်။** ။"ဓားမြှောင် ဓားမြှောင်ပေါ့၊ ကျွန်တော်တို့ သင်ရ တတ်ရ တဲ့အထဲမှာ သေလောက်တဲ့ လက်နက်ဆိုလျှင် တော်ပြီ၊ အတူတူချည့်ပဲ"

**ထိုက်။** ။"ဝတ္တရားကျေပွန်အောင် တိုတိုတုတ်တုတ် ဆောင်ရွက်ပါပေတယ်"

**အင်စပိတ်တော်။** ။"ကျွန်တော်တို့က အမြန်ဆုံး ဖြတ်လမ်းကို လိုက်ရတယ်၊ လက်ရေးတိုကို သင်ရတာ ကြည့်ပါလား"

ဟု ကိုယ်တတ်သည့်ဘက်က ဟုတ်နိုးနိုး ပြောလေ၏။

**ထိုက်။** ။"သည်လိုဗျ၊ ကျုပ်မြင်ဖူးတဲ့အတိုင်းမှာ ဟောသည် ဓားမြှောင် ကလေးမျိုးဟာ ရှမ်းဓားမြှောင်လို့ ခေါ်တယ်၊ ရှမ်းပြည်နယ်မှာတော့ လူတိုင်းလိုလို ခါးကြားမှာ ထိုးဆောင်ကြတယ်၊ အရွက်နဲ့ အရိုးနဲ့တစ်ဖြောင့်တည်း အဖျားသွယ်ပြီး ချွန်ထက်နေလိုက်တာက လုံ့များလိုပဲ၊ သည့်ပြင်တစ်ချက်က သည်မိန်းကလေး မစောဖြူရဲ့ ယောက်ျားက သတ္တုရှာဖွေတဲ့ ဗိုလ်နဲ့ အမြဲ လိုက်ပြီး ရှမ်းပြည်နယ်၊ ရှမ်းရွာ တက်လိုက်နေရသတဲ့၊ သည်တော့ ရှမ်းပြည်နယ်နဲ့ အဆက်ရှိကြောင်း သိရတယ်၊ စဉ်းစားဖို့က သည်ဓားမြှောင်ကလေးဟာ သူ့ယောက်ျားသည် ဆောင်ကြဉ်းလာလို့ အိမ်မှာရှိတဲ့ ဓားမြှောင်ဖြစ်လျှင် သူ့ဓားမြှောင်နှင့် သူ့ကိုထိုးတာပဲ၊ အဲသည်တော့ လိုက်ဖို့လမ်းက



ဘာ်မျိုးရှိတယ်၊ တခြား အပြင်အပက ဓားမြှောင်ဖြင့် စုံထောက်ဖို့လမ်းက
ာစ်သွယ် ရှိပြန်တယ်"

ထိုစဉ်တွင် မစောဖြူ၏ အဒေါ်ဖြစ်သူ ဒေါ်တုတ်ကြီးဆိုသူမှာ မျက်လုံး ရှား နီမြန်းလျက် လဲမလို ပြိုမလု လှေကားမှ တက်လာပြီးလျှင် တိုးတိုး ာလေး လေသံဖြင့်–

"အသက် ရှိသေးရဲ့လား"

ဟု မေးလေ၏။ ထိုအခါ အဝတွင် စောင့်နေသူ အမှုထမ်းက ကရုဏာ ာင်းမဲ့စွာဖြင့်–

"အို ခက်ပါပြီ၊ ကျားကိုက်ပါတယ်ဆို နာတာရှည်သလားလို့ ခင်ဗျား မဲ့ မေးပလေ၊ လူသတ်မှုဖြစ်လို့ ကျုပ်တို့လာစောင့်နေရတာ၊ သေလို့ပဲ တောင့် နေပြီ"

ဟု ပြောလိုက်သောအခါ မိန်းမကြီးမှာ တားမနိုင် ဆီးမရ–

"အောင်မယ်လေး၊ မစောဖြူရဲ့"

ဟု တစ်ချက်တည်း လွှတ်ခနဲအော်ပြီး တက်တော့မည် ဖြစ်သွားလေ၏။ သို့အခါ တစ်ဖက်အခန်းမှ ကျောင်းဆရာကတော်ကလေး မသန်းတင်က နောက်မှ မတက်လိုက်ခဲ့သော် လှေကားမှ ကျွမ်းပြန်ကျ၍ နောက်တစ်လောင်း သပ်မံ သင်္ဂြိုဟ်ရန် အကြောင်းသာရှိတော့၏။

မိန်းမောရာမှ အတန်ငယ် သတိရလာသောအခါ ဓားမြှောင်ကိုပြလေရာ အိမ်တွင် တစ်ခါမျှ မမြင်ဖူးကြောင်း ပြောလေသည်။

ထိုအခါ ဆရာဝန်လည်း မိမိအလုပ်ဝတ္တရားကို ကျေပွန်အောင် ဆောင် ရွက်ပြီးပြီဖြစ်၍ အိမ်ရှေ့တွင် စောင့်ဆိုင်းနေသော လူနာတင်ကားနှင့် ဆောင် ယူရန် အလောင်းကို နှစ်ယောက်ကိုင် ကပ်နှင့် တင်စေ၏။

အလောင်းကို သယ်ယူသွားသည်နှင့် တစ်ပြိုင်နက် ဒေါက်တာသောင်း ထိုက်သည် မစောဖြူ မသေမီက လက်ဖက်ရည် ထိုင်ဖျော်သည့်ဖူး အယူရှိ

www.burmeseclassic.com

www.burmeseclassic.com



သော နေရာတွင်ကျကျနန ဝင်ထိုင်လျက် ခာတ်ပုံရိုက်ကူးသော 'ကင်မရာ' ကလေးကို ရင်ဘတ်တွင် ကပ်ပြီးလျှင် ပြတင်းပေါက်တည့်တည့်သို့ ချိန်၍ ရိုက်ကူးလိုက်၏။

ထိုင်ရာမှအထတွင် မစောဖြူ အလောင်းအောက်တွင် ကျနေသော အုန်းခွံရောင် သေးငယ်သော စက္ကူအထုပ်ကလေးကို မျက်စိစိုက်မိ၍ သွေးကွက်ထဲမှ အမှတ်မဲ့ ကောက်ယူပြီးလျှင် အိတ်ထဲမှ စာအိတ်ဟောင်းတစ်ခုထဲတွင် ထည့်၍ အတွင်းအိတ်ထဲသို့ ထည့်ယူ သိမ်းဆည်းလိုက်လေ၏။

တစ်ခဏမျှ တွေဝေစဉ်းစားပြီးနောက် ကျွန်ုပ်အား သူထိုင်သည့် ယခင်နေရာတွင် နောက်ခိုင်းထိုင်စေ၍ သူကိုယ်တိုင် သံတိုင်အရံအတားမရှိသော အလယ်ပြတင်းပေါက် (အောက်တစ်ပိုင်းတွင် သံတိုင်များ စိုက်ထားသော လက်ရန်းပေါ်သို့) တက်၍ 'ကင်မရာ' ကို ပြတင်းပေါက် အပေါ်ပေါင်သို့ ထိအောင် လက်နှင့်မြှောက်ပြီးလျှင် ကျွန်ုပ်အားချိန်၍ နောက်တစ်ပုံရိုက်ပြန်လေ၏။

အင်စပိတ်တော်သည် အမှုထမ်းများအား အမိန့်ပေးရာမှ လှည့်လာပြီးလျှင် ကျွန်ုပ်တို့အား ကြည့်၍ ပြုံးစလဲလဲ့ မျက်နှာနှင့် "တယ်လည်း ခာတ်ပုံရိုက် ဝါသနာရှူးသကိုး၊ ကျွန်တော့် တူတော်မောင် ကျောင်းသားကလေး တစ်ယောက်လည်း သည်ဟာ ဝါသနာပါတာနဲ့ တစ်နေ့တစ်နေ့ ပိုက်ဆံဖြုန်းနေတာပဲ"

ကျွန်ုပ်။ ။(အတော်နားကြားပြင်းသဖြင့်) "အို သည်လို ဖြုန်းလို့ နောက်ထင်ဆရာဝန်ခ မကုန်ရလျှင် မတော်ပေဘူးလား၊ မတော်လို့ ဘောလုံးကန်မယ် လန်ချားပေါ်ကလိမ့်ကျမယ်ဆိုလျှင်" စကားမဆုံးမီ ချာခနဲလှည့်သွားလေ၏။

ဒေါက်တာ သောင်းထိုက်သည် သူပြောသော စကားကို လုံးဝ ပမာဏ မထားဘဲ အောက်သို့ လှမ်းကြည့်ပြီးလျှင် နောက်ဖေးလမ်းကြားထဲတွင် သစ်သားကုလားထိုင်များကို မှန်ကွဲဖြင့် ခြစ်သူကခြစ်၊ ကော်ဖတ်စားသူက စား



မြေနီမြေဝါမှုန့်များနှင့် ခံဆေးအကြမ်း သုတ်သူက သုတ် လုပ်ကိုင်နေကြသော ဟိန္ဒူ ဆေးသုတ်ကုလားများအား မေးစမ်းခြင်းအားဖြင့် သည်အထပ်အခန်းဘက်မှ တစ်ဦးတစ်ယောက် အိမ်မိုးဖာရန် သော်လည်းကောင်း၊ အုတ်ဆောင့် ဖာထေးရန်သော် လည်းကောင်း၊ ရေပြွန်ပြင်ရန်သော် လည်းကောင်း လှေကားကြိုးများနှင့် ဆွဲငင်ဆွဲတက်ခြင်းတွေ့မမြင်ကြောင်း သိရှိရလေသည်။

ထိုခဏချင်းတွင် အင်စပိတ်တော်သည် 'တစ်ရေးနိုးမှ အကြံပေါ်၊ ပေါ်သည့်အကြံ တစ်ထောင်တန်' ဆိုသည့် မျက်နှာမျိုးနှင့် ရွှင်ပြလျက်–

"အို– သည်မှာ ဒေါက်တာကြီး၊ ကျွန်တော် အခုမှ စဉ်းစားမိတယ်၊ ဒေါက်တာကြီးစဉ်းစားတာလည်း မှန်တာပဲ၊ ဒေါက်တာကြီးပြောသလို တရားခံ ဝင်လာစဉ်က မစောဖြူက တံခါးဖွင့်ပေး၊ နောက်ပြီး ဝင်လာတဲ့သူက အပေါ်မင်းတုပ် အောက်မင်းတုပ်ပြန်ထိုး၊ မစောဖြူသတ်၊ နောက်ပြီးတော့ ပြတင်းပေါက်က ဆင်းဖို့ပဲ လိုတော့တယ်။ အို 'စကောနှစ်ချပ် အတောင်တပ် ငှက်ဆောင်ပြည် ရောက်ကရော' ဆိုတာ မကြားဖူးဘူးလား၊ တစ်ခါတလေ လက်ခုံပေါ်က စနည်းတဘောင်တွေကပေမယ့် အတော်အသုံးဝင်တယ်၊ ပြန်းပင်အမြင့်ကြီးပေါ်က နေပြီးတောင် ထန်းပလပ်စီး ဆင်းသေးတယ် မမှတ်လား။ ထီး ထီး ထီး၊ ထီးဘယ်နှယ့်လဲ၊ အိမ်ထဲမှာ ထီးတစ်လက်မှ မတွေ့တော့ဘူး၊ ထီးဖွင့်ပြီး သူခုန်ဆင်းသွားလို့ပေါ့၊ အခုပဲ ကျွန်တော် နက်ဖြန်နဲ့ အတွေးပေါက်လာတယ်"

ထိုက်။ ။"ချီးမွမ်းလောက်ပါတယ်၊ အဲသည်က ခုန်ဆင်းတဲ့လူ ဘယ်ဘက်ပြေးသလဲလို့ ဟောဟိုအောက်မှာ တစ်နေ့လုံး ဆေးသုတ်နေတဲ့ ကုလားတွေ မေးစမ်းပါဦး"

အင်စပိတ်တော်သည် ပြတင်းပေါက်မှ ခေါင်းပြူ၍ မျှော်လင့်ချက်နှင့် မေးလေရာ ကုလားများက သူ့ကို တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောဘဲ တစ်ယောက် တစ်ယောက် မျက်စပစ်ပြီးလျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ဟာရေး 'ပတ်ကလား' ဟေး"

(စိတ်မနှံ့သောသူ) ဟု တစ်ယောက် တစ်ယောက် တိုးတိုးပြော၍ ရယ်မောကြလေ၏။ အင်စပိတ်တော်သည် လွန်မင်းစွာ ဒေါပွပြီးလျှင် ဆဲရေးသော စကားများကိုပင် အမှားမှား အယွင်းယွင်းနှင့် စိတ်ဆိုးဒေါသကြီးလေများလက်စ စကားကို ဆက်ကာမှားပြီးလျှင် ကျွန်ုပ်တို့ ပြုံးသည်ကို ကြည့်၍ ကူးစက်သည်နှင့် မရယ်ဘဲ မနေနိုင်ဖြစ်လာလေ၏။

ကျွန်ုပ်။ ။"သူတို့ ထောင်ချလို့ ကျေးဇူးတော့ မမဲ့ပါဘူး၊ ထောင်ထဲကျတော့ ထောင်နံ့ရုံမကျန် ကော်ဖတ်ချောပြီး ဆေးသုတ်ခိုင်းလျှင် ကျေးရကျိုးနပ်ပါတယ်"

ထိုအခါ အင်စပိတ်တော်သည် ရယ်ရာမှ မျက်နှာပြင်ပြီးလျှင်–

"ဩော် ခင်ဗျားတို့ မေးစမ်းစုံစမ်းပြီးပြီထင်တယ်၊ ဒါကြောင့် ရယ်ကြတာကိုး"

ဟု ပြောပြီးလျှင် အပြင်ဘက်သို့ ထွက်သွားလေ၏။

ထိုက်။ ။"သူ့ကိုယ်က မျက်နှာရှုးပဲ၊ သည်လိုလူမျိုး ပန်းဆိုးတန်းလို ဂါတ်မျိုးမှာမှ ထားပလေ"

ကျွန်ုပ်နှင့် ဒေါက်တာ သောင်းထိုက်လည်း 'ကင်မရာ' များ 'အက်စစ်' ခွက်ပုလင်းကလေးများနှင့် ကတ်ကြေး၊ ဇာဂနာစသော လက်နက်ကိရိယာများထည့်သော သေတ္တာကလေးကို သိမ်းဆည်း၍ ထွက်ပြန်မည်ကြံသောအခါ နှုတ်ဆက်ရန် အင်စပိတ်တော်အားကြည့်ရှုရာ အမှုထမ်းတစ်ယောက်က–

"အထက်ထပ်မှာနေတဲ့ အမယ်ကြီးများ ဥပုသ်ဇရပ်က ပြန်လာလို့ မေးစမ်းရအောင် အပေါ်ထပ်ကို တက်သွားတယ်"

ဟု ပြောသည်နှင့် ကျွန်ုပ်တို့လည်း တက်လိုက်သွားကြ၏။

အင်စပိတ်တော်မင်းက မေး၊ အိမ်ရှင်အမယ်ကြီးက ဖြေနေကြပုံ စကားအသွားအလာကို ထောက်ချင့်သော် အမယ်ကြီးသားအမိများသည် အလယ်



...င် အဖြစ်အပျက်များကို သိကြသေးဟန် မတူချေ။

အမေကြီးမှာ ဥပုသ်စောင့်ရာမှ ပြန်လာကြောင်း၊ မုဆိုးမ ဖြစ်ကြောင်း၊ ...လသူ လင်ယောကျ်ားမှာ မြောက်ပိုင်း ရှမ်းပြည်နယ် နမ္မတူမိုင်းတွင် ...ကြီးဖြစ်ကြောင်း၊ သမီး နှစ်ယောက်ရှိကြောင်း၊ တစ်ယောက်မှာကျောင်း...မဖြစ်၍ တစ်ယောက်မှာ စာသင်သားဖြစ်ကြောင်း၊ အင်စပိတ်တော်...သမှုကို တစ်ခွန်းချင်းဖြင့် မလွဲသာပြော ပြောနေရ၏။ စင်စစ်သော်ကား ...ာင်လျှာရှည်၊ ကျုပ်ကို မင်းစစ်စစ်နေရအောင် အမောင်ဟာ စက်ရှင်မင်း... ဦးဗလချာရဲ့ အိမ်နီးချင်းရဲ့ ယောက်ဖလား၊ သို့တည်းမဟုတ် ကျုပ်ကို ...ောက္ခမ တော်လိုလို့လား၊ သည်လိုဆိုလျှင် ဆန်မရှိသေးဘူး၊ သွားပါဦး" ...ု မျက်နှာကြောင်တောင်ကြည့်ပြီး တံခါးသာ ဗျန်းခနဲ ပိတ်လိုက်ချင်သော ...ော်ရှိလေ၏။

ဗုဒ္ဓဘာသာ မိန်းကလေးကျောင်း ကျောင်းဆရာမလုပ်သူ သမီးအကြီး...မှု အင်စပိတ်တော်အသံကိုကြားကတည်းက အိမ်ခန်းထဲမှ ထွက်မလာဘဲ ...၏။

သမီးငယ် ဆယ့်လေးနှစ်အရွယ် ကျောင်းသူမကလေးကား နံနက် အိမ်...မှ ထွက်ကတည်းက မိမိအပေါင်းအဖော်များနှင့်အတူ အင်းယားသို့ ရေကူး...ော်ပွဲစားမလိုက်ရသည့်အတွက် စိတ်ကောက်ပြီးလျှင် ဥပုသ်ကိုလည်း သူ...ောင့်ပါဟု ဆောင့်ကြီးအောင့်ကြီးဖြင့် လိုက်ခဲ့ရာ သီလယူချိန်တွင် မိမိနှင့် ...ွယ်တူ အခြားမိန်းကလေးများ ဥပုသ်စောင့်ကြသည်ကို အမိလုပ်သူက–

"မရှက်ဘူးလား၊ ကိုယ်နဲ့ရွယ်တူတွေ ကြည့်စမ်း၊ နင်တော့ နိဗ္ဗာန်ရောက်...ယ့် ကောင်မ မဟုတ်ပါဘူး"

စသည်ဖြင့် ခိုင်းနှိုင်း၍ အားကျအောင် ပြောသော်လည်း–

"နိဗ္ဗာန်မသွားချင်ဘူး၊ လူ့ပြည်မှာသဘောကျတယ်"

ဟု ခေတ်ကာလ ဗိုလ်ဆန်ဆန် ကျောင်းသူမကလေးတို့ ...တရွတ်

www.burmeseclassic.com

www.burmeseclassic.com



ပြောနည်းဖြင့် မထီလေးစား ပြန်ပြောလေ၏။

ဘုန်းကြီးရှေ့သို့ရောက်၍ ဝတ်ချပြီးလျှင် "ကန်တော့ကြ ကန်တော့ကြ" ဟု ရှေ့ဆောင်ဆောင်က တိုင်တည်လိုက်သောအခါ မိမိတစ်ယောက်တည်း ငေါက်တောက်တောက် ကြောင်တက်တက် ကျန်နေမည်ကိုစိုးသဖြင့် ရှေ့ ယောင် နှုတ်ခမ်းလှုပ်ကာ လက်အုပ်ချီသော်လည်း အဟ်ဘန္တေမှအစ အပွစ ဒေန သမ္မာဒေထ အဆုံး၊ ဘုန်းကြီး ရှေ့ကကြောင်းသမျှ တစ်လုံးတစ်ပါဒမျှ လိုက်မဆိုဘဲ ပါးစပ်က လေသံဖြင့်–

"တပည့်တော် ဥပုသ်စောင့်တာ မဟုတ်ပါဘူးဘုရား၊ အလကား လုပ်နေ တာ၊ ကိုယ့်ကိုယ်တော့ ကိုယ်မလိမ်ဘူး၊ သူများလည်း မလိမ်ဘူး၊ အတန်းထဲ က စိစိတို့ မော်လီတို့ ကစ်တီတို့လိမ်တာ သိပ်အမြင်ကပ်တာပဲ၊ ဆရာမ လည်း ဥဿဖယားတွေ ကြယ်သီးလုပ်တပ်ပြီး စိန် စိန်နဲ့ လိမ်ပြောတာလည်း မကြိုက်ဘူး၊ ဥပုသ်မစောင့်တာတော့ ထမင်းဆာလို့ မဟုတ်ပါဘူးဘုရား ပတာနီတော့ လက်ထဲကိုင်ထားမိလျှင် စားမိမှာစိုးလို့ပါ၊ သည်ကနေ့တော့ အမှန် တိရစ္ဆာန်ရုံထဲ ရောက်သွားမှာပဲ၊ သွားရင်တော့ မျောက်ကလေးတွေ ကျွေးဖို့ ပတာနီတော့ မဝယ်ဘဲ မနေနိုင်လို့ပါ ဘုရား"

ဟု သူများနှင့်အတူ အာမဘန္တေ ခံယူလိုက်လေ၏။

နေ့လယ် သုံးနာရီအချိန်လောက်တွင် ရွှေတိဂုံစေတီကုန်းတော်သို့တက်၍ အမိနှင့် အစ်မများတို့သည် ဆရာတော်တစ်ပါး၏ တရားဒေသနာကို ကြား နာနေသည့်အခိုက် ကျောင်းသူကလေး မတင်ဥသည် နောက်နားမှ တိတ်တ ဆိတ်ထွက်ခွာ၍ တိရစ္ဆာန်ရုံအတွင်း၌ 'ကိုယ့်သဘော' အတိုင်း လွတ်လပ်စွာ ခုန်မြူးပျော်ရွှင်စွာ လှည့်လည်ရှုစားပြီးနောက် တရားဟောပြီးချိန်အမီ ကုန်းတော်ပြန်တက်ခဲ့လေ၏။

ကုန်းတော် တရားပွဲများ၌ 'ဘုရားလည်ဖူး၊ လိပ်ဥလည်းတူး' ဆိုသလို လာရောက်ကြသော ကိုနောက်ပိုးတို့၏ မျက်စိများသည် မိန်းကလေးတို့၏



...ငုံ့ကိုသာ ခံစားကြသည်သာမက "ငါ့ကိုကြည့်လျှင် ခံနိုင်ရိုးလား" ဟု ... 'ကြာကြည့်' ဖြင့် မြင်မြင်သမျှကို ရွယ်ထားသော လက်နက်တို့၏ ...ရန်မှ ပုန်းကွယ်နေရသောကြောင့် အစ်မလုပ်သူမှာ ဘေးဘီကိုမျှ စောင်း ...ကြည့်ဘဲနေသည်ကတစ်ကြောင်း၊ အမိဖြစ်သူမှာလည်း တရားသံဖြင့် ဇယင် ...သကဲ့သို့ ပီတိသောမနဿ ဇောဂ္ဂဒါကျ၍ ဘဝင်သို့ ဆိုက်လေခြင်း ...ကြောင့် တစ်ကြောင်း၊ သမီးငယ် သွားသည်ပြန်သည်ကိုမျှ မသိဘဲ တရားပွဲ ...၍ ရုတ်ရုတ်ရက်ရက်ဖြစ်မှ ကယောင်ကတမ်းထပြန်ခဲ့ကြလေသည်။

## [၄] ခေတ်ကျောင်းသူ

ယင်းသို့သော သမီးအငယ်ကား ယခု အင်စပိတ်တော် မေးစမ်း ပြောနေ သည်ကို အနည်းငယ်မျှ အလေးမပြုဘဲ မိမိကစားနေကျဖြစ်သော ကြက် ချေးတပ်ထားသော မြှားကလေးကို ထရံတွင် ဆွဲထားသော စက်ဝိုင်းသို့ မဝင် ဝင်အောင် အားကြိုးမာန်တက် လေ့ကျင့်ကစား၍သာ နေလေသည်။

အမိလုပ်သူနှင့် စကားပြောဆိုနေသော အင်စပိတ်တော်၏ မျက်စိများမှာ မြှားပစ်နေသော လက်ကိုသာ ငေးစိုက်လျက် ကျွန်ုပ်တို့ တက်သွားသော အခါ ကျွန်ုပ်တို့အား မျက်စပစ်၍–

"ဟော့ ကလေးမ၊ မင်းက ဘယ်လက်ကြီးနဲ့ ပစ်နေတာကိုးကွ၊ ညာနဲ့ ပစ်မှ တည့်မှာပေါ့"

မတင်ဥသည် မြှားကစားရာမှ "သည်ကောင်ကြီးနှယ်၊ အရောဝင်လိုက် တာ" ဟူသော မျက်စောင်းမျိုးဖြင့်–

"ကျွန်မ ကလေး မဟုတ်ဘူး၊ ကလေးမ မခေါ်နဲ့၊ နာမည်ရှိသားပဲ၊ တင်ဥခေါ်ပါလား"

အင်စပိတ်တော်သည် "ကနေ့ ငါ့မှာ ဘယ်နေရာမှ အပေါက်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



မတည့်ပါကလား" ဟု အောက်မေ့ အံ့အားသင့်ပြီးလျှင် မျက်နှာပြင်၍–

"အေး အေး မတင်ဥရယ် ညာနဲ့ ပစ်စမ်းပါ"

**မတင်ဥ။** ။"ကျွန်မ ဘယ်သန်တယ်"

**အင်စပိတ်တော်။** ။"ဓားနဲ့ပစ်လျှင် သာတည့်မှာပဲ"

**မတင်ဥ။** ။"အို ရှင်တော်တော် စာတတ်တဲ့လူပဲ၊ ရှင့်ဝမ်းထဲမှာ ပုလ္လား ကလေးရှိတယ်ထင်တယ်၊ ရှင့် ဘယ်သူပြောသလဲ"

**အင်စပိတ်တော်။** ။"ဒါဖြင့် ပစ်ပြစမ်းပါ"

**မတင်ဥ။** ။"ဆောရီး Sorry ဓားမရှိဘူး၊ ဓားရှိလျှင်တော့ 'အိုကေ' OKပဲ"

**အင်စပိတ်တော်။** ။"ဓားဘယ်ရောက်သွားသလဲ"

**မတင်ဥ။** ။"အို ဒါ ကျွန်မအလုပ် ရှင့်အပူ မဟုတ်ဘူး"

**အင်စပိတ်တော်။** ။"စကားကို ကောင်းကောင်းပြောပါ၊ မင်းသည်ကနေ့ ဘယ်ရောက်သလဲ"

**မတင်ဥ။** ။"ရှင်နဲ့ဘာဆိုင်သလဲ မပြောဘူး"

ထိုအချိန်အထိ အင်စပိတ်တော်သည် အိမ်ပေါက်ဝတွင် ရပ်နေလေသည်။ ကျွန်ုပ်တို့လည်း နောက်ကရပ်လျက်ရှိသည်။

**အင်စပိတ်တော်။** ။(အိမ်တွင်းသို့ တစ်လှမ်းတိုးလျက်) "မပြောဘဲ နေလို့ရမလား၊ ပြောမှ ပြီးမယ်"

**အမေ။** ။"အလို ဘယ်လိုလူစားမျိုးလဲ၊ အကောင်းမှတ်လို့ စကား လက်ခံပြောနေတယ်၊ မူးလာသလား ဘယ့်နှယ့် မိန်းမမှတ်သလဲ"

**မတင်ဥ။** ။"ဖယ် ဖယ် အမေ၊ ရှေ့တိုးလာဝံ့ လာပါစေ၊ အခုထွက်မလား မထွက်ဘူးလား"

ဟု လက်တွင်ကိုင်ထားသော မြှားကလေးနှင့် ရွယ်သောအခါ–

**အင်စပိတ်တော်။** ။"ဖယ်ပေးလိုက်ပါ၊ ပစ်ပါစေ၊ တစ်မှုအပြင် နှစ်မှုဖြစ်မှာပေါ့၊ ပုလိပ်ခုခံမှုလည်း လူသတ်မှုလောက် အရေးကြီးတာပဲ"



**အမေ** ။"ပုလိပ်…ဘာမှု ဘာကိစ္စ… လူမှား အခန်းမှားလာတယ် ထင်ပါရဲ့"

**အင်စပိတ်တော်။** ။"မမှားပါဘူး၊ ခင်ဗျားသမီးကိုင်တဲ့ ဓားဘယ်မှာလဲ၊ သည်ကနေ့ နေ့ခင်း သူဘယ်သွားသလဲ၊ မှန်မှန်ပြောပါစေ"

ထိုစကားကိုကြားလျှင် အမိသည် သမီးငယ်အား လှမ်းကြည့်လိုက်သောအခါ မျက်နှာပျက်နေသည်ကို တွေ့ရလေ၏။ ထိုအခါ အမိဖြစ်သူသည် အံ့ကြည့် ကြောင်ကြည့်ဖြင့် မဝေခွဲနိုင်ရှိနေစဉ် ကျောင်းဆရာမလုပ်သူ သမီးအကြီးထွက်လာ၍–

"ဘာမေးတာလဲ၊ သူကစားတဲ့ ဓားလား၊ ကျွန်မ ချိုးပစ်လိုက်တယ်၊ ဘာလုပ်မလို့လဲ"

**အင်စပိတ်တော်။** ။"အဲသည် ဓားကျိုးဘယ်မှာလဲ"

**ဆရာမ မတင်စု။** ။"အို ဘယ်သိနိုင်မလဲ၊ သူကစားတဲ့ ဓား ချိုးပစ်ရမလားလို့ စိတ်ကောက်ပြီး တင်ဥ သူ့ဟာသူ နောက်ဖေးလမ်းကြား လွှင့်ပစ်လိုက်တာပဲ"

**အင်စပိတ်တော်။** ။"ဘယ်တုန်းကလဲ"

**မတင်စု။** ။"သေသေချာချာ သိချင်ရင်နေဦး"

ဟု လက်ကိုချိုး၍–

"ဆန်းဒေး၊ မန်းဒေး၊ ဆတ်တာဒေး၊ ဖရိုင်းဒေး လေးရက်ရှိပြီ၊ သောကြာနေ့ညနေ ငါးနာရီလောက်ကို၊ ဘာပြုလို့လဲ သိချင်သေးသလား၊ "ပစ်လိုက်ရမလား၊ ပစ်လိုက်ရမလား" ပြောင်နေလို့ မတော် ခြေဦးလွန် လက်ဦးလွန်ရှိမှာစိုးလို့ ဘယ်လိုလုပ် ချိုးသလဲ သိချင်သေးသလား၊ အဖျားကို တူနဲ့ထု ချိုးလိုက်တယ်၊ ဘာမေးဦးမလဲ"

အင်စပိတ်တော်သည် မတင်စုအား ခြေဆုံးခေါင်းဆုံး ခေါ်တော်ကဲသို့ ပါးစပ်အပြဲသား ငေးကြည့်လျက် ငိုင်နေရာမှ–

"အင်း သည်လိုပြောနေလို့ မပြီးဘူး၊ အောက်ထပ်မှာ လူသတ်မှုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခင်ဗျားညီမ နေ့ခင်းက ဘယ်သွားသလဲ မေးကြည့်ပါ"

**အမေ။** ။"အလို ဘယ်အထပ်မှာ၊ ဘယ်သူ့သတ်ထားသလဲ"

**အင်စပိတ်တော်။** ။"အောက်ထပ်မှာ တစ်ယောက်တည်းနေတာ၊ ဘယ်သူ ဖြစ်ရဦးမလဲ၊ နေ့ခင်းက ခင်ဗျား သမီးကလေး ဘယ်သွားသလဲသာ မေးပါ"

အမိဖြစ်သူသည် သမီး ဘယ်မှ မသွားကြောင်း သိသော်လည်း သမီးကို ကြည့်ရခြင်းမှာ အားမရသဖြင့် "တစ်ခုခု အကြောင်းရှိလို့သာ ငါ့သမီး မျက်နှာ ပျက်တာပဲ" ဟု စဉ်းစားမိသည်နှင့် မည်သို့ပြောရမည်ကို ချင့်ချိန်ရသည်နှင့် အတာတာဖြစ်ရှာလေ၏။

ဆရာမ မတင်စုမှာလည်း ထို့အတူပင်၊ မတင်ဥမှာမူ တိတ်တဆိတ် ထွက်ကာ တစ်ယောက်တည်း ကျူးကျူးကျော်ကျော် ဘုရားမှ တိရစ္ဆာန်ရုံ အရောက် မိန်းကလေးတန်မဲ့နှင့် သွားသည်ကို လူသိမှာစိုး၊ မှသားလည်း မပြောလိုသည့်အတွက် အနေကျပ်၍ ခေါင်းမဖော်ဘဲ နေလေ၏။

ထိုအခိုက်တွင် ဒေါက်တာသောင်းထိုက်သည် အိမ်ပေါက်ဝမှ တိုးဝင်၍-

"အို ဒေါ်ငွေစု၊ ကျွန်တော့်ကို မမှတ်မိဘူးလား၊ သောင်းထိုက်လေ ဦးဘိုးတင်နဲ့တော့ အင်မတန် မိတ်ဆွေကြီးတွေပါပဲ၊ ကျွန်တော့် ကောင်းကောင်း မှတ်မိပုံမရဘူး၊ ဟို အောက်ထပ်က မစောဖြူ ဘယ်သူ့ဓားနဲ့ ထိုးသွားမှန်း မသိဘူး၊ မနက်က ၁၁ နာရီခွဲလောက်ကို၊ အဲသည်ကိစ္စနဲ့ လာတာ၊ သည်က အင်စပိတ်တော်ကြီးက မမေးတတ်လို့ပါ"

(အင်စပိတ်တော်ဘက်သို့ လှည့်၍) "သင်တယ်လည်း မအောက်မေ့ပါနဲ့၊ ကျုပ် မေးပြစမ်းပါရစေ၊ မနက်က ၁၀ နာရီနဲ့ ၁၂ နာရီအတွင်းမှာ မတင်ဥ ဘယ်မှာရှိသလဲ"

**သုံးယောက်တစ်ပြိုင်တည်း။** ။"ဥပုသ်ဇရပ်မှာ" "အလယ်တောရမှာ" "ဦးဗျားတောရမှာ"

**ထိုက်။** ။"ဟိုမှာရှိကြောင်းဘုန်းကြီးတွေ ဘာတွေ အားလုံး သက်သေရှိမှာ



နော်"

**ဒေါ်ငွေစု။** ။"အို အကုန်လုံး သက်သေရှိပါတယ်"

**စပိတ်တော်။** ။"နေပါဦး သူတို့ဟာက သုံးယောက် သုံးမျိုး ပြောနေပါ လား၊ တစ်ယောက်က ဥပုသ်ဇရပ်၊ တစ်ယောက်က အလယ်တောရတဲ့၊ ကျတစ်ယောက်က ဦးဗျားတောရတဲ့၊ ဘယ်သင်း ယုံရမှာလဲ"

**ထိုက်။** ။"ဩ မောင်က ရန်ကုန်ကိုရောက်တာ ကြာသေး မထင်ဘူး၊ ဘုန်း ကျောင်းများနဲ့လည်း ဝေးတဲ့လက္ခဏာပဲ၊ သည်ကုန်းနေရာကို ဦးဗျားဆို တဲ့ ဘုန်းကြီးက စပြီး တောရကျောင်းတည်လို့ ဦးဗျားတောရတဲ့၊ အခုရှိတဲ့ ကာသလ္လ လက်ထက်ကျတော့ အလယ်တောရလို့ တွင်ပြန်တယ်၊ သို့ သော်လည်း ရှေးကျကျ လူတွေကတော့ နှုတ်ကျိုးနေလို့ ဦးဗျားတောရပဲ ခေါ်ကြသေးတယ်၊ အဲသည်ကုန်းပေါ်မှာ ကိုယ့်ဇရပ်နဲ့ကိုယ် ဥပုသ် ထွက် ဆောင့်ကြတယ်၊ စကားမစပ် ခုတင်က ချိုးပစ်တယ်ဆိုတဲ့ ဓားဟာ ဘယ်လို ဓားမျိုးလဲ ပြောပြစမ်းပါ"

**တောင်စု။** ။"အို သံရိုးနဲ့ မောင်းချဓား၊ သံချေးတက်ကလေးပါ၊ မောင်းတောင် ချလို့ မရပါဘူး၊ သူ ဘယ်က ရှာရှာဖွေဖွေ ရလာတယ် မပြောတတ်ပါဘူး၊ အဲဒါ အင်္ဂတေ နှုတ်ခမ်းမှာသွေးပြီး တတက်တက်နဲ့ ပစ် ကစားနေတယ်၊ မတော်တဆ သူ့ပြန်မှန်လည်း ဒုက္ခပဲ၊ သူကတော့ ယောက်ျားကလေးထက် ကဲသေးတယ်"

**ထိုက်။** ။"ဩ ရှမ်းပြည်နယ်မှာ နေဖူးတော့ မေးရဦးမယ်၊ ရှမ်းဓားမြှောင် များ ဘယ်လိုနေသလဲ"

**ဒေါ်ငွေစု။** ။"သူတို့အဖေရှိတုန်းက ကျွန်မသာ နမ္မတူမိုင်းကို တစ်ခေါက် နှစ် ခေါက် ရောက်ဖူးတာပါ၊ သူတို့က ရှမ်းပြည်နယ် ဘယ်ဆီမှာနေမှန်းတောင် မသိဘူး၊ ဓားများတော့ ကြောက်လွန်းလို့ ဘယ်လိုနေတယ်သိဖို့ နေနေ သာသာ အိမ်မှာတောင် သားလှီးဓားထက်လျှင် မကိုင်ဝံ့ဘူး၊ အိုသည်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်မ မစောဖြူ ဖြစ်မှဖြစ်ရလေတယ်၊ အခုတုန် အသည်းတုန် ရှိလိုက်တဲ့ ဘဲ၊ အခုဘယ်မှာလဲ"

ထိုက်။ ။ဆေးရုံယူသွားပါပြီ၊ ဒါနဲ့ အင်စပိတ်တော် ဘာများ သိလိုသေး သလဲ၊ အကြောင်းမထူးပါဘူး ထင်တယ်"

ဟုပြော၍ ပုလိပ်အရာရှိကြီးအား ကြည့်လိုက်သောအခါ လျှာရှည်နေ ဦးမည်ကိုသိသဖြင့် စကားသတ်၍–

"ကျေနပ်လောက်ပါပြီ ထင်တယ် သွားကြပါစို့၊ သူ့ခမျာများလည်း ဥပုသ်ကြီးနဲ့ အနှောင့်အယှက် လာပေးရတာ အားနာပါတယ်"

ဟု တစ်ဆက်တည်း ဒေါ်ငွေစုဘက်သို့ လှည့်၍–

"နောက်များမှာ လာပြီး စကားစမြည် ရှေးဟောင်းနှောင်းဖြစ် လာပြောပါ ဦးမယ်၊ ခွင့်ပြုပါဦး"

ဟု လှည့်ထွက်လေရာ အင်စပိတ်တော်ကြီးမှာ ကြည့်၍ အားမရသည့် စပ်ဖြီးဖြီး မျက်နှာထားနှင့် မတင်စုမျက်နှာကို လည်ပြန်အောင်ကြည့်လျက် မလွှဲသာလွှဲသာ ထွက်ခွာခဲ့လေ၏။

အင်စပိတ်တော်ကြီးမှာ ကြည့်၍ ဝနိုင်စရာပင်မရှိ မှန်ပေမည်၊ အကြောင်း သော်ကား ကျောင်းဆရာမကလေး မတင်စု၏ မျက်နှာကလေးမှာ မျက်လုံး မျက်ခုံးမှစ၍ အသားအရေနှင့်တကွ ကောင်းခြင်းခြောက်သွယ်နှင့် ပြည့်စုံမှုမှာ ယခုကဲ့သို့ မပြုမပြင် ဥပုသ်စောင့်နေခိုက်မှာပင်လျှင် ရှေးမြန်မာမင်းများ ရှိခဲ့ပါက တော်ဆက်လောက်ပေသောကြောင့်တည်း။

သို့သော် အင်စပိတ်တော်ကြီး ရူးစားခြင်းကို ဥပေက္ခာပြု၍ ဒေါက်တာ သောင်းထိုက်အား သည်လိုအရေးထဲမှာ အနှောင့်အယှက်မှ ကာကွယ်ပါပေ သည်၊ ပေါင်းသင်းထိုက်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါပေတည်း၊ ကျေး ဇူးတင်လှပါတယ် ဟူသော ခေါင်းညိတ်ခြင်းဖြင့် နှစ်ကြိမ်မျှ ဆတ်လိုက်သော ခေါင်းကလေးမှာ နွဲ့မှုနွဲ့ရာ ရှိလှချေသည်တကား။



ဆေးကားနှစ်ထစ် သုံးထစ်မျှ ဆင်းမိသောအခါ ဦးသောင်းထိုက်သည် ခေါ်ဝန်း ပြန်တက်၍–

"အို ကျုပ်လက်ဆွဲသေတ္တာကလေး မေ့ထားခဲ့တယ်"

ဟုပြော၍ ဘယ်သောအခါမျှ မေ့လျော့ခြင်းမရှိသော သူတစ်ယောက် သည် ယခုတစ်ခါ မေ့ခြင်းကား ရေးပုံတော် တယ် မလှဘူး၊ သူ့ခမျာလည်း စောင့်ငါးရာနဲ့ မကင်းသေးတဲ့ ပုထုဇဉ်ပဲ ဟု တွက်ရေးချလိုက်ရလေသည်။

သို့သော် အင်စပိတ်တော်မှာမူ ဦးသောင်းထိုက်အပေါ်၌ လွန်စွာမှ သူသော မကင်းရှာဘဲ ပြန်ကြည့်ပြန်ကြည့်ဖြင့် လှေကားကိုစမ်း၍ ဆင်းရရှာ လေသည်။ ဦးသောင်းထိုက်သည် ခဏချင်းပင် မေ့ထားခဲ့သော သေတ္တာ ကလေးကိုဆွဲ၍ ဆင်းလာလေ၏။ ၎င်းနောက် အလယ်ထပ်တွင် ပွဲစားကြီးကို ခေါ်၍ ဆင်းခဲ့ကြလေသည်။ အောက်သို့ရောက်သောအခါ အင်စပိတ်တော် အား ပွဲစားကြီးကားနှင့်ပင် ဒေါက်တာသောင်းထိုက်၏ အလုပ်တိုက်သို့ လာခဲ့ကြလေ၏။

## (၅) ထူးဆန်းသောစာ

အလုပ်တိုက်သို့ ရောက်သောအခါ ပွဲစားကြီးထံမှ ထပ်မံသိရသော အကြောင်းများမှာ မသေမီ ၁၅ ရက်လောက်အတွင်း တူမ မစောဖြူမှာ များစွာ စိတ်လက်မချမ်းမသာ ရှိနေကြောင်းကို ပြောပြသည်မှာ–

"ချွတ်ကရားကလေး လွှတ်ခေါ်လို့ တစ်နေ့ ကျွန်တော် အိမ်ကိုသွား တယ်၊ ဟိုရောက်တော့ မျက်စိမျက်နှာပျက်ပျက်နှင့် စကားမပြောဘဲနေရာမှ ကျွန်တော်က ဘာများ စိတ်မချမ်းသာစရာရှိသလဲ၊ ဦးကြီးပြော၊ တို့မှာ အရင်း အချာဆို၍ များများစားစား မရှိဘူး၊ ဦးကြီးကူညီနိုင်သလောက် ကူညီမယ်လို့ အတန်တန် ချော့မော့ပြောတော့မှ ယောသည်စာ ၂ စောင်ကို ထုတ်ပြတယ်"

www.burmeseclassic.com

www.burmeseclassic.com

ပထမစာ

သီပေါမြို့
တောင်ပိုင်းရှမ်းပြည်နယ်
လဆန်း ၁ ရက်နေ့စွဲ

"သည်းခံ၍ဖတ်ပါ အစ်မရှင့်၊ ကိုသိန်းတန်နှင့် ညီမတို့မှာ တစ်ယောက် တစ်ယောက် မြင်လျှင်မြင်ချင်း ချစ်ခင်ကြသည်နှင့် ပေါင်းသင်းဆက်ဆံခဲ့ကြရာ ယခု ကျွန်မမှာ ပဋိသန္ဓေကိုးလရှိမှ မယားကြီးရှိကြောင်း ကြားသိရ၍ ခေါင်းအုံးနှင့် မျက်ရည်သုတ်နေရပါသည်။ ကျွန်မတို့နှစ်ယောက်နှင့် နှိုင်းစာသော် အစ်မမှာ ကလေးမရှိ လွတ်လပ်ပါသည်။ ရှည်ရှည်တော့ မပြောပါရစေနဲ့၊ သဘောကြီးကြီးထား၍ ကိုသိန်းတန်အပေါ်မှာ အစ်မက စိတ်ဖြတ်စေလိုပါသည်"

ဒုတိယစာ

သီပေါမြို့
တောင်ပိုင်းရှမ်းပြည်နယ်
.... လဆန်း၊ ၁၀ ရက်

"ပထမစာရေးပြီးနောက် အစ်မထံကလည်း မကြားရ၊ ကျွန်မမှာလည်း သည်စိတ်နဲ့ တစ်နေ့တစ်နေ့ ပူဆွေးသည်ထက် ပူဆွေး၊ ဒုက္ခရောက်သည်ထက် ရောက်၍ တစ်နေ့တခြား မအိပ်နိုင် မစားနိုင် ရင်ဝမှာ မီးတောက်နေရပါသည်။ ကျွန်မမှာတော့ တစ်လမ်းတည်းကျန်ပါတော့သည်။ နှစ်ရက်အတွင်းကိုမှ အစ်မထံမှ စာမပြန်လျှင် တတ်တဲ့နည်းနဲ့ လုပ်ရပါမည်၊ နောင်ခါတော့ ကျွန်မ အဆိုးမဆိုနဲ့၊ ကျွန်မမောင်တစ်ယောက်လည်း မျက်စိကုရအောင် ရန်ကုန်ကို လာပါလိမ့်မည်"



...ဦးသောင်းထိုက်သည် အထက်ဖော်ပြပါစာနှစ်စောင်ကိုဖတ်ရှုပြီးနောက်–

...ထိုက်၊ ။"အလွန်တရာမှ ယုတ္တိမရှိတဲ့စာပဲ၊ မဟုတ်တာက စရေးတယ်၊ ...မအလုပ်–စာရေးသူမှာ လက်ရေးနှင့်တကွ အတော်ပညာရှိတဲ့ ယောကျ်ား...ယောက် ရေးပုံရေးနည်းမျိုးပဲ၊ ကိုယ်နေတာ တောင်မှန်းမြောက်မှန်း...ဆိုသလို သီပေါဆိုတာ တောင်ပိုင်းမဟုတ်ဘူး မြောက်ပိုင်းရှမ်းပြည်...၊ မဇောဖြူယောကျ်ားက သတ္တုဗိုလ်နဲ့ လိုက်သွားတယ်ဆိုတာ တောင်...ပိုင်းလား၊ မြောက်ပိုင်းလား"

...ကြီး။ ။"တောင်ပိုင်း မြောက်ပိုင်းတော့ မသိဘူး၊ တက်သွားကြတာ...တော့ ကရင်နီတောင်လို့ ပြောသံကြားတယ်"

ထိုက်၊ ။"တောင်ပိုင်းပေါ့၊ တောင်ပိုင်းမှာ သီပေါဆိုတဲ့ နာမည်နဲ့တူတဲ့ မြို့ရွာမရှိဘူး၊ ထားဦးတော့ သူ့ အပူမဟုတ်ဘူး၊ ဒီက သူငယ်မရဲ့ အပူ၊ သူက လက်ရှိ၊ သူ့လက်ရှိ သူ့လက်ထဲရောက်နေတာ သည်လောက် ပူရသတဲ့လား။

"ထုံးစံကြားဖူးသရွေ့မှာ အနားကမခွာနိုင်အောင် လင်ကိုသာ တတ်သမျှပရိယာယ်မာယာ၊ အမှုအမျိုးမျိုး၊ ပညာအမျိုးမျိုးနဲ့ ကိုယ့်လက်က မလွတ်အောင် လုပ်ကြတယ်သာ ကြားဖူးတယ်၊ အင်း တကယ်လို့များ မြန်မာပြည်ပြန်ရောက်လို့ ရှမ်းပြည်နယ် ပြန်မလာလျှင်သာ ကြံမိကြံရာ ကြံဖို့ရှိတယ်၊ အခုလို မယားငယ်က မယားကြီးကို လွှတ်ပါကျွတ်ပါ၊ စာတစ်တန် ပေတစ်တန်နဲ့ ရေးလားသားလားလုပ်တယ်ဆိုတာ တွေးတောလို့ မရနိုင်ဘူး၊ နောက်တစ်ချက်က ဘယ်မိန်းမမျိုးက ဘယ်လို လင်မျိုးကို အခုလို အပြိုင်အဆိုင်လုတဲ့အခါမှာ ဘယ်လိုဆိုးတဲ့လင်ဖြစ်စေ၊ ဖူးစာရေစက်ကုန်တောင် အေးအေးသာသာနဲ့ ပြတ်ပြတ်တောက်တောက် လွှတ်မတဲ့လဲ၊ လွှတ်ပြန်လျှင်လည်း မယားငယ်ထံကို အစီအရင်ခံမတဲ့လား၊ အကြောင်းပြန်စရာလည်း လိပ်စာမပါ၊ ပါတဲ့ လိပ်စာကလည်း အမြီးနေရာ ခေါင်းပေါက်ထားသလိုပဲ၊ တိုတို

www.burmeseclassic.com

www.burmeseclassic.com



ပြောကြပါစို့ သူ့စာက ဘယ်နေရာမှ မှုမမှန်ဘူး၊ သူ့စာအိတ်ကော ဘယ်မှာ
လဲ မှန်းစမ်းပါ”

လက်တွင် ကိုင်ထားသော စာအိတ် နှစ်အိတ်ကို ပွဲစားကြီးက ကမ်းပေး၍ စာအိတ်ခေါင်းပေါ်တွင် ရိုက်နှိပ်ထားသော စာတိုက်တံဆိပ်များကို မှန်ဘီလူးနှင့် သေချာစွာကြည့်ပြီးနောက်–

ထိုက်။ ။“ကောင်းကောင်းတော့ မထင်ရှားဘူး၊ သို့ပေမယ့် ရန်ကုန် စာတိုက်ကြီးက ရိုက်တဲ့တံဆိပ်မျိုး နေ့စွဲက (၁–၇–၀) ၁ ရက် ၇ လဆိုတော့ ဇူလိုင်လ ၁ ရက်၊ မှန်း ပထမစာ– (ပြက္ခဒိန်နှင့် တိုက်ကြည့်ပြီးနောက်)

“ဟောသည်မှာ ချာနေအောင် လွဲတာက စာတိုက်တံဆိပ်ရက်စွဲက ၃ ရက်ဦးတယ်၊ စာရက်စွဲက ၃ ရက် နောက်ကျတယ်၊ နှားရှေ့ထွန်ကျူး ဖြစ်နေပါ ပကော၊ ဒုတိယစာအိတ်က–

“သည်မှာ ကြည့်စမ်းပါ၊ ကြည့်မြင်တိုင် ဆိုတာများ ‘ကေ–အီ–အင်’ အားလုံးတစ်လုံးစီ ပီသလိုက်တာ မှန်ဘီလူးနဲ့ကြည့်ဖို့တောင် မလိုဘူး၊ ရက်စွဲက (၇–၇–၀) ၇ ရက် ၇ လ၊ အရင်တံဆိပ်နဲ့ နောက်တံဆိပ် ၇ ရက်ကွာတယ်။ စာရက်စွဲက တစ်ဆောင်နဲ့ တစ်စောင် ၁၀ ရက်ကွာတယ်၊ ဒါတွေထားလို့ သီပေါက သည်လာ စာထည့်သလား၊ ပြီးတော့ ဒုတိယစာ အဆုံးသတ်မှာ ကျွန်မမောင်တစ်ယောက်လည်း မျက်စိကုရအောင် ရန်ကုန် လာပါလိမ့်မယ်ဆိုတာ ဘာထည့်ရေးဖို့ရှိသလဲ။

“ဟယ်– ရှုပ်ထွေးပွေလီပါကလား၊ ကိုင်း သည်စာအကြောင်းတော့ သိရပကောလေ၊ မစောဖြူက သည်စာပြပြီးတော့ ဘာပြောသလဲ”

ပွဲစား။ ။(တောက်ခေါက်ပြီးလျှင်) “ခင်ဗျားကို သည်စာ စောစောက မပြမိတာ နာသဗျ၊ သို့မဟုတ်လျှင် ကောင်မကလေး သေရမှာ မဟုတ်ဘူး၊ ကျွန်တော့်အပြစ်ပဲ”

ဟု ပဝါဖြူကို မျက်နှာအုပ်ပြီး ရှိုက်လျက်–



“ငါ့မိုက်လို့ ငါ့အပြစ်ပဲ စောဖြူ စောဖြူ”

ဟု တိုးတိုးကလေး လေသံဖြင့် သူ့အပြစ်တင် တွမကို တသလေရာ ...ပ်တို့ နှစ်ယောက်မှာ ရင်ထဲများမှာတောင် ဆို့သလို ဖြစ်မိလေသည်။

...ထိ၊ ။“သုံးဆယ့်တစ်ဘုံမှာ ကျင်လည်သရွေ့ ဝဋ်မကင်းသမျှ ဒုက္ခ ...ာ တွေ့စမြဲပဲ၊ ရှင်မောဂ္ဂလန် ကိုယ်တော်မြတ်တောင် ခိုးသားငါးရာ ...်သတ်ခံရတယ်၊ ဘုရားရှင်ကိုယ်တော်တိုင် ဝဋ်တော်နဲ့ မကင်းဘူးတဲ့၊ ...ည်လိုလည်း ဖြေမှပေါ့ ပွဲစားကြီးရဲ့”

...ကြီး။ ။“သာဓုဗျာ သာဓု၊ မောင်မင်းကြီးသား ဘုရားဖြစ်မည့်လူ ...ဘူးရှိပေလို့၊ သည်လိုအခါမှာ တရားလက်လွှတ်တာမျိုး သတိပေးပေလို့ ...က်သာရာ ရပေတယ်။ သူကတော့ အပြောရှာသား ကိုသိန်းတန်ထံက ...တာ မကြာသေးဘူးတဲ့။ သူတို့တောတွေ တောင်တွေချည့် တက်နေရ ...ယ်ဘဲ၊ အခု မိုးကျလို့ အလုပ်သိမ်းပြန်ခဲ့မယ်လို့ ပါလာတယ်တဲ့၊ လင်သား ...ါမှာ မယုံကြည်လည်းမရှိဘူး။ သို့သော်လည်း သည်စာကို သူ ဘယ်လို ...ရမလဲ မတွေးမဆနိုင်လို့ ကျွန်တော့်ကို တိုင်ပင်တာ၊ ကျွန်တော်ကလည်း ... ငါစဉ်းစားဦးမယ်၊ စာ ငါ့ပေးလိုက်ဆိုပြီး ယူပြီး အိတ်ထဲထည့်ထားပြီး ...နေဘာ သည်ကနေ့ သည်အကျိုပဲ ဝတ်လာမိလို့ သည်စာကို အခုမှ သတိ ...ရတယ်”

...ထိ၊ ။(အတော်ကြာကြာကြီး စဉ်းစားပြီးနောက်)

“သည်စာကတော့ ‘ပစ်စာ’ တော့ ပစ်စာပဲ၊ ဘယ်လို ရည်ရွယ်ချက်နဲ့ ...ဘယ်လို့ဆိုတာ စဉ်းစားဖို့သာရှိတယ်။ ဒါထက် ခင်ဗျားတို့ ဘယ်လို ...သလဲ၊ ဆွေမျိုးဆက်ကို နည်းနည်းပြောစမ်းပါဦး”

...း၊ ။“ကျွန်တော်တို့မှာ မောင်နှမ နှစ်ယောက်၊ သူ့အမေရယ်၊ ကျွန် ...ရယ်။ ကျွန်တော့်မှာ သားသမီးတစ်ယောက်မျှ မရှိဘူး၊ နှမက မွေး... ...မ်းနှစ်ယောက်ရှိတယ်။ သူတို့အဖေသေတော့ အကြီးကို အိမ်ထော... ပေး

www.burmeseclassic.com

www.burmeseclassic.com



စားတယ်၊ အခုဆုံးတဲ့ သူငယ်မပေါ့။ မအေက နောက်အိမ်ထောင်ပြုမ[illegible] ကြီတော့ အငယ်ကို ကျွန်တော်က ခေါ်ထားတယ်၊ သမီးအမှတ်နဲ့ မွေး[illegible] တယ် ဆိုပါတော့။ များမကြာမီ သည်ကလေးမကလေးကလည်း ပလိ[illegible] ဆုံးတယ်၊ သင်းတို့ နှစ်ယောက်စလုံး အသက်တိုရှာတယ်"

ဟုပြော၍ ဝမ်းနည်းနေပြန်လေ၏။

ထိုက်။ ။"သူတို့အမေပြုတဲ့ နောက်အိမ်ထောင်ကကော"

ပွဲစား။ ။"သည်လူကလည်း ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်[illegible] ကျွန်တော်တို့ မောင်နှမမှာလည်း မိဘအမွေအနှစ်နဲ့ လယ်မြေဆိုတာ ပြော[illegible] ပါစို့ ဘယ်နှသက် ပြန်စားတော့ မကုန်ပါဘူး၊ သည်လူလည်း အသက်မ[illegible] ဘူး၊ ၂ နှစ်ပေါင်းပြီးနောက် စိုစိုဖတ်ဖတ်ကြီးက ၇ ရက် မကျန်းမမာဖြစ်[illegible] ရုတ်တရက် ရှောင်တခင် သေသွားရှာတယ်။ သေပြန်တော့လည်း ပစ္စည်း[illegible] တိုးတိုးသာ လာတယ်၊ မသေခင် ၆ လလောက်ကမှ အသက်ပေါင်ထား[illegible] ငွေက သုံးသောင်းကျော် ထုတ်ရတယ်။ အသက်ပေါင်ကုမ္ပဏီနဲ့ စကား နည်း[illegible] နည်း များရသေးတယ်၊ ဒါလည်း သူ့တူတစ်ယောက်က ထုတ်ပေးလို့ ရ[illegible] တယ်၊ ပေါင်တုန်းကလည်း ဒီတူကပဲ အသက်ပေါင်ကိုယ်စားလှယ်အဖြစ်နဲ့ တိုက်တိုက်တွန်းတွန်း လုပ်တယ်၊ သေတော့လည်း သည်ကောင်လည်ထ[illegible] လို့ သည်လောက်တောင် မြန်မြန်ငွေထုတ်ရတာ"

ထိုက်။ ။"တူဆိုတာ ဘယ်လိုတော်ပုံလဲ"

ပွဲစား။ ။"ယောကျ်ားဘက်က အရင်းအချာ သည်တစ်ယောက်ပဲရှိတယ် တေလိုက်ထာလည်း လွန်ရော၊ ပညာလည်း အကောင်းသား၊ ရှေ့နေစာမေး[illegible] လည်း အောင်တယ်။ အပြောကောင်း အဟောကောင်း အာဝဇ္ဇန်းကလည်း ရှင်ပါဘိနဲ့၊ ရှေ့နေသာ ကောင်းကောင်းလိုက်စားမယ်ဆိုရင် ရန်ကုန်လို နေရာ[illegible] မှာတောင် သဲ့ယူသလို ရနိုင်တယ်၊ သို့ပေမယ့် လူကလေးက ပျင်းတယ် အလုပ်ကို အတည်တကျ မလုပ်ဘူး၊ အလောင်းအစား အားကြီးတော့ သူ့နိုင်[illegible]



[illegible]ဘာ ကြာပကော၊ ဦးလေးဆီကို ငါးရာတစ်ထောင် သွားသွားညှဉ်း [illegible] ကျုပ်နှင့် မလှမေကလည်း တစ်ရာမျိုး ငါးဆယ်မျိုးတော့ မပြတ်မလပ် [illegible]ကနေရတာပဲ၊ သူ့လည်း ချစ်ပါတယ်၊ ဟိုက ချစ်ဆို အမွေစား အမွေခံ [illegible]သားတာပဲ၊ မမွေးစားလည်း သူတို့အကြောင်းမပါခင်ကတည်းက [illegible]ကြီးက တူယူပြီး မွေးစားထားတာ၊ သူနဲ့ညားတော့ သည်အတိုင်း [illegible] အမှတ်မပြုရင် လှမေ့ သဘောသေးရာ ရောက်မှာပေါ့"

ထိုက်၊ ။"ဘယ်လို အသိအမှတ်ပြုပုံလဲ"

ပွဲစား၊ ။"သူတို့ မင်္ဂလာဆောင်တုန်းကတည်းက ပရိသတ်အလယ်မှာ [illegible] မောင်မှတ်ကြီးကိုလည်း ကိတ္တိမ ဩရသအဖြစ်နဲ့ အသိအမှတ်ပြုပြီး [illegible]လက်မွေးစားပါတယ်လို့ ကြေညာလိုက်တာပဲ။ အဲသည်ကတည်းက [illegible]ဖြေက မွေးစားတာတော့ မနာလိုမရှိပါဘူး၊ လူပုံထဲမှာ ဩရသဆိုတဲ့ [illegible]ဆည့်သုံးရမလားဆိုပြီး မအေကိုလည်း အပြစ်တင်၊ တူလုပ်တဲ့ မှတ် [illegible]လည်း အရင်က အတော်ခင်မင်ကြတာ၊ သည့်နောက်တော့ မရှောင်သာ [illegible]ခါမှပဲ၊ ဝမ်းထဲကတော့ တစ်ယောက် တစ်ယောက် ကျေနပ်ပုံ မရဘူး"

ထိုက်၊ ။"ဒါဖြင့် သူက မစောဖြူနဲ့ အတူတူ အမွေဆိုင်တာပေါ့"

ပွဲစား၊ ။"အခုတော့ သူတစ်ယောက်တည်း ရတော့မှာပေါ့၊ ဥပဒေအတိုင်း [illegible]ရင်"

ထိုက်၊ ။"သည် မောင်မှတ်ကြီးဆိုတာ လူပုံဘယ်လိုနေသလဲ ပြောပြစမ်းပါ"

ပွဲစား၊ ။"လုံးတန် ရုပ်တန်၊ အသားလတ် ရုပ်ကောင်း၊ မြင်လိုက်လျှင် [illegible]ငြင်းကျတာပဲ၊ သို့ပေမယ့် မျက်လုံးက တယ်ပြီး ဂနာမငြိမ်ဘူး၊ အို သူ့ [illegible]ပုံရှိတယ် ကြည့်ချင်လျှင်၊ ဘာပြုလို့လဲ"

ထိုက်၊ ။"ကျွန်တော်သိတဲ့ မှတ်ကြီးလားလို့၊ ကိုင်း ဒါဖြင့် ပြန်ပေတော့ [illegible] အိမ်ကျတော့သာ ဒရိုင်ဘာနဲ့ အဲသည်ဓာတ်ပုံကလေး လွှတ်ပို့လိုက် [illegible]"

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီး နှုတ်ဆက်၍ ပြန်သွားသောအခါ–

ကျွန်ုပ်။ ။"ခင်ဗျားသိတဲ့ မုတ်ကြီးက ဘယ်သူဟာလဲ"

ထိုက်။ ။"ဘယ်မုတ်ကြီးမှ ကျုပ်အသိထဲမှာ မရှိဘူး၊ စာတ်ပုံလိုချင်လို့ ပြောတာ"

ကျွန်ုပ်။ ။"ဒါထက် ခင်ဗျား ဒေါ်ငွေစုယောကျ်ား ဦးဘိုးတင်ဆိုတာနဲ့ အတော်ကျွမ်းသလား"

ထိုက်။ ။"တစ်ခါမှ မမြင်ဖူးဘူး၊ ဒေါ်ငွေစုလည်း ကနေ့မှ မြင်ဖူးတယ်"

ကျွန်ုပ်။ ။"ဒါနဲ့ နာမည်တွေ ဘာတွေသိပြီး"

ထိုက်။ ။"အိမ်ပေါ်ထပ်တက်တော့ ကျုပ်က နောက်ကျန်ခဲ့တယ်၊ စာပို့ ကုလားက စာတစ်စောင်ကိုင်ပြီး နောက်က တက်လိုက်မယ်လုပ်တော့ ယူ ကြည့်လိုက်ပြီးဖတ်တော့ ဦးဘိုးတင် မယား မငွေစုလို့ သိနှင့်တယ်၊ ကျုပ်က ကုလားကို "အပ်ချား တံဒေးဂါး" လို့ ပြောလိုက်တော့ စာကို ရလိုက်တာပေါ့၊ အဲ ဒါကြောင့် အင်စပိတ်တော်ရှေ့မှာ စာထုတ်ပေးဖို့ခက်လို့ သေတ္တာကလေး ကို တမင်ထားခဲ့ရတာ"

ကျွန်ုပ်။ ။"မေ့ကျန်ခဲ့တယ်ဆိုတော့ ကျွန်တော်က အတော်အံ့သြသွားတယ်၊ မိန်းကလေးကလည်း အတော်ချောပြီး ကျက်သရေရှိတဲ့ရုပ်ပဲ"

ထိုက်။ ။"အို ဒါတွေ ထားစမ်းပါဦး"

ကျွန်ုပ်။ ။"တစ်ခုမေးစမ်းပါရစေ မသိလို့၊ ဓားရိုးမှာ သွေးတွေပေစွန်းနေ တာ ပေါင်ဒါတွေဖြူးကော လက်ပုံစံရနိုင်ပါမလား"

ထိုက်။ ။"သည်အကြောင်း ခင်ဗျားသာ သိတာပဲ၊ ပြန်းခနဲ ဖိန်းလိုက်တော့ ဘူးလုံးနားမထွင်းနဲ့ စကားရှည်မှာစိုးလို့၊ ကျုပ်ကတော့ ကိုယ်စဉ်းစားတဲ့ နည်းနဲ့ တွက်ကိန်းချပြီးသားပဲ၊ သူတို့ပြောလို့ အချိန်သာကုန်မယ်၊ လိုက်နိုင် မှာ မဟုတ်ဘူး။ စဉ်းစားကြည့်ပါလား၊ သည်လောက် သေးသွယ်ပြီး ဓားရိုး သုံးလက်မခွဲ အလုံးငါးမူးရှိတဲ့ ဓားကလေးနဲ့ အဆုံး၀င် အရင်းနိုက်အောင်



ထိုး၍ဟာ အလွန်ခဲယဉ်းတယ်၊ နောက်ပြီးတော့ ဓားရိုးက သွေးတွေ သုတ် ကြည့်တော့ ဓားသွားပုံရှဲ့နေတာဟာ အရိုးခိုက်လို့ပေါ့၊ ဒါကြောင့် အလောင်း ... ခပ်စောင်းစောင်းကလေးနေပေမယ့် လဲတုန်းက အောက် သမံတလင်းနဲ့ ...နဲ့ပြီး ဝင်တယ်လို့ဆိုရတာ၊ အင်း ဒါက သွေးသုတ်ထာ ပြောမှ သတိရ ...ယ် သွေးသုတ်တဲ့ စက္ကူစုတ်ကို ထည့်ယူလာခဲ့တယ်၊ မသကာလို့ လာ ...စစ်ဆေးကြည့်ရအောင်"

ဟု ပြော၍ နောက်ဖေးဘက် မှန်ပြတင်းပေါက်များနှင့် လုံအောင် ကာ ...သော အခန်းထဲသို့ဝင်ကြ၍ ပန်ကာဖွင့်ပြီးလျှင် စစ်ဆေးကြည့်ရာ အဆိပ် ...ကြောင်းကို တွေ့ရှိရလေသည်။

ထိုက်။ ။"အဆိပ်တော့ အဆိပ်ပဲ၊ ဘာအဆိပ် ဘယ်လောက် ပြင်းထန် ...ယ်တော့ ရုတ်တရက်မပြောနိုင်ဘူး၊ ဒါကို ထပ်မံစစ်ဆေးနေဖို့လည်း အချိန် ...ဘူး၊ ထိုးတဲ့လူက တစ်ခါတည်း ဓားဖျားကလေးနဲ့ ထိရုံနဲ့ သေအောင် ...တာပဲ"

ကျွန်ုပ်။ ။"ဘယ်ရန်ငြိုးများလဲ၊ သည်လောက်တောင်"

ထိုက်။ ။"ဒါတွေ နောက်မှစဉ်းစား၊ အခုအရေးကြီးတာ ရှိနေတယ်"

ဟုပြော၍ အိတ်ထဲမှ စာအိတ်တစ်ခုကို ယူထုတ်လိုက်သောအခါ အလောင်းအောက် သွေးကွက်ထဲမှ ကောက်ယူသိမ်းဆည်းထားသော စက္ကူ ...ကလေးကို သတိရလေသည်။ သေချာစွာကြည့်သောအခါ စက္ကူချပ် ...လေးမဟုတ်ဘဲ အရှည်လက်မ သုံးမတ်၊ အလျားလက်မ ငါးမူးခန့် ငါး ...ပုံသဏ္ဌာန် သေးငယ်သော ထန်းရွက်ဖတ်ကလေးဖြစ်နေကြောင်းကို ...လေသည်။

ဦးသောင်းထိုက်သည် ထိုထန်းရွက် ဖတ်ကလေးတွင် ပေနေသော သွေး ...ကို ရေဆေး၍ ကြည့်သောအခါ အရင်းဘက်တွင် ရေမစိုဘဲ ဆီငွေ့ရှိ ...ကို ပြ၍–

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဖယောင်းပဲ၊ လူသွေးက ထွက်စမို့ အတော်ပူလို့ ပျော်သွားတဲ့ လက္ခဏာရှိတယ်၊ အင်း ထင်တာနဲ့တော့ တယ်မလွဲဘူး"

ကျွန်ုပ်။ ။"ဒါကလေးက ဘယ်လိုအဆက်အသွယ်များ ဖြစ်နိုင်သလဲ"

ထိုက်။ ။"အို အတွေးရှိပါသေးတယ်၊ လာ ကျုပ်စုံစမ်းစရာ တစ်ခုရှိသေးတယ် သွားကြဦးစို့"

## [၆] ကော်ရင်ဂျီထံမှ လမ်းစ

အလုပ်တိုက်မှ ထွက်လာခဲ့ကြပြီးလျှင် ၃၈ လမ်းသို့ဝင်၍ မစောဖြူနေသော တိုက်နှင့် ကျောချင်းကပ် တိုက်တန်းသို့ ရောက်သောအခါ–

"အင်း ကြည့်ရတာတော့ သည်ဆီလောက်ပဲ ကျမှာပဲ၊ သည်ကုလားတွေ မေးစမ်းရအောင်"

"ဟေး သည်တိုက်မှာ မြန်မာဘယ်အခန်းမှာ နေသလဲ"

၃၈ လမ်း ဤအပိုင်းတွင် များသောအားဖြင့် ကော်ရင်ဂျီကုလားများသာ နေကြသဖြင့် မြန်မာနေအိမ် မရှိသလောက်ဖြစ်ရကား မေးလျှင်မေးချင်း အတော်လည်ပတ် ချက်ချာပုံရသော ကော်ရင်ဂျီတစ်ယောက်က အပေါ်သို့ မော့ကြည့်ပြီးလျှင်–

"အတိုကြီး ဟိုသုံးထပ်လေ ဒီဘက်မာနေတယ်၊ ဗရမာလူတမျိုး နာမယ် ဘယ်နှယ့်ခေါ်သလဲ မတိဘူး၊ တူနော်ကြီးနားလိုပဲ" (လက်ကို ခြေနစ်ဖက်ကြား ဒူးလောက်သို့ရောက်အောင် ချပြလျက်) "ဒီလောက်ဝဝ ဘောင်းဘီဝတ်တယ်၊ အဖြူဘောင်းဘီလေ၊ နင်လို လုံချည်ဝတ်တယ် မှုတ်ဘူး၊ ခေါင်းမာနော် ပတ်ဂရီးလေး နင်တို့ 'ပွာ' ခေါ်တယ် မှုတ်လား၊ ဒါလေ နင့်လို လလ ရှိတယ်မုတ်ဘူး၊ နာတို့ပေါင်းသလိုလေ၊ ဒီလိုပဲ ထုထုပတ်ထားတယ်"

ကျွန်ုပ်။ ။"သူမခေါ်တတ်လို့ ရှမ်း ပြောနေတာ"



ထိုက်။ ။"အေး သူ အခု အိမ်ပေါ်မှာ ရှိသလား"

ဟု လေ့ကားထစ်ကို နင်း၍ တက်ဟန်ပြုသောအခါ ကုလားက မရှိကြောင်း ပြောသည်တွင်–

ထိုက်။ ။"သူ့အခန်းမှာ သည့်ပြင်လူမရှိဘူးလား"

ကုလား။ ။"တစ်ယောက်လည်း မရှိ၊ နေဝင်းမှာလေ ဆယ့်နှစ်နာရီမှာနော် ထွက်သွားပြီ၊ ပြန်လာမယ် မှုတ်ဘူး၊ တစ်တာတို့ ဘာတို့ အားလုံးယူသွားတယ်"

ထိုက်။ ။"ဘာနဲ့ သွားသလဲ"

ကုလား။ ။"ဂေါ်ရာဂါရီ ရှိတယ်မှုတ်လား၊ အေးဒီအထဲမှာ တွားတယ်၊ ဒီကောင်းလေနာခေါ်ပေးတယ်၊ တစ်တာအားလုံး နာချပေးတယ်၊ တူကောင်းတဲ့လူပဲ၊ ကုလားလေးတဲ့ ကောင်းဂေါင်းနေတဲ့၊ နာ့ကိုနော် ပိုက်ဆံအများကြီးပေးတယ်၊ တူပြောတယ် နာ့ကိုမှတ်ထားတဲ့၊ နာပြောတယ်၊ အေးဒီ နောက်လာမယ်နော် နာ အားလုံး ကူလီလုပ်ပေးမယ်ပြောတယ်၊ ပြောက်ပြီးတော့ နာ့ကိုနော် တူ ဒီဟာပေးတယ်၊ တူပြောတယ် ဒီဥစ္စာလေအိမ်ရှင်မ် လာတယ်နော် ပေးလို့"

ဟု စိတ်ရှည်လက်ရှည်ပြော၍ အိမ်ခတ်သော သော့ကို ထုတ်ပြလေ၏။

"နာပြောတယ် နင်စာတစ်ခုပေးလေ၊ စာနဲ့ သော့နဲ့ တူတူပေးတယ်နော်၊ ကောင်းတယ်ပြောတယ်၊ တူ ဟိုအပေါ်မှာ ပြန်တက်တယ်နော်၊ စာရေးတယ်၊ ဒီစာပေးတယ်"

ဟု စာရွက်ခေါက်ကို ထုတ်ပြပြန်၏။

ဆိုစာမှာ အင်္ဂလိပ်လိုရေး၍ အိမ်ရှင်ကို လိပ်တပ်ထားလေသည်။ အကြောင်းတွင် အိမ်ကို ယနေ့ (ရက်စွဲနှင့်) ပြန်အပ်ခဲ့ကြောင်း၊ သော့ကို အောက်ထပ်က ကုလားအား ဤစာနှင့်အတူ ပေးခဲ့ကြောင်းပါရှိလေသည်။

ထိုက်။ ။"အေး ကောင်းပြီ၊ လာ အိမ်ရှင်ကိုသွားပေးမယ်၊ အခု အိမ်ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တက်ကြည့်မယ်၊ နင်လည်း လိုက်ခဲ့"

ဟု ခေါ်၍ တက်ပြီးလျှင် အခန်းကို ဖွင့်ကြည့်သောအခါ အိမ်ရှေ့ခန်းနှင့် အလယ်ခန်းတွင် ဖုန်များ ထူထပ်စွာ တွေ့ရသော်လည်း မီးဖိုခန်းမှာမူ အတော်သန့်ရှင်းကြောင်း တွေ့ရလေသည်။ ကြွက်လျှောက်နံရံ တံခါးနောက် ချောင်ကြိုချောင်ကြားများတွင် လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ လိုက်လံ ကြည့်ရှုသော်လည်း တစ်စုံတစ်ရာ မတွေ့ မရှိ၊ အိမ်ရှင်သို့ပေးရန် ရေးသော စာရေးစက္ကူ အပေါ်စားမျိုး တစ်ကပ်ကိုသာ တွေ့ရှိလေသည်။

နောက်ဖေးတံခါးကို ဖွင့်၍ ကြည့်လိုက်သောအခါ ဤအခန်းမှာ မစောဖြူနေသော အခန်းနှင့် တည့်နေကြောင်း သိရသော်လည်း သုံးထပ်ဖြစ်၍ မီးဖိုခန်းအဆုံးလောက်မျှသာ မြင်နိုင်လေသည်။ ထိုအချိန်မှာ အနည်းငယ်ခန့် မှောင်ပြီဖြစ်၍ မစောဖြူတို့ မီးဖိုခန်းအတွင်း ဓာတ်မီးထွန်းလင်းနေသည့် အောက်သွေးကွက်များကို မြင်သောအခါ သေသူကလေးမျက်နှာကို မြင်ယောင်သနားခြင်း ဖြစ်ပြန်လေ၏။

**ထိုက်။** ။(အောက်ပြတင်းပေါက်နားတွင် ထိုင်၍ သံတိုင် နှစ်ချောင်းကို ကိုင်ပြီးလျှင်) "ဟောသည်က ကြည့်စမ်း၊ မစောဖြူ သောက်မယ်လို့ ထားတဲ့ လက်ဖက်ရည် ပန်းကန်ကလေးတောင် မြင်ရသေးတယ်၊ သူထိုင် ဖျော်နေတာလည်း ဟိုတုန်းက သည်ကသာနေ ကြည့်လျှင် မြင်ရမှာပဲ"

ဟု ကျွန်ုပ်ကို အကြည့်ခိုင်းလေ၏။ ထို့နောက်–

**ထိုက်။** ။"ဘယ်သင်းမျိုးမဆို သေချာတာ ကောင်းတယ်လေ"

ဟု ပြောပြီးလျှင်–

"ခင်ဗျား ဓာတ်မီးနဲ့ ထိုးထားစမ်းပါ"

ဟုဆိုပြီး ရေချိုးခန်းအပေါ်ထပ် 'တိုင်ကီ' ရှိရာသို့ တက်ပြီးနောက် အပေါ်မှ–

"ထင်တဲ့အတိုင်းပါပဲ၊ သည်မှာရှိရမယ်၊ ယူသွားရတာမျိုးမှ မဟုတ်ဘဲ



[illegible]ဖေးလမ်းကြားထဲတောင် လွှင့်ပစ်လို့ ရတာမျိုး မဟုတ်ဘူး"

ဟုပြော၍ ဓာတ်မီးနှင့် ထိုးထားသောနေရာ 'တိုင်ကီ' အဖုံးပေါ်မှ ဆွဲယူ၍ [illegible]ခဲ့လိုက်လေ၏။

[illegible]လာသော အရာဝတ္ထုများကား သစ်သားသုံးချောင်းကို ကြိုးနှင့် ပတ်[illegible] အစည်းတစ်စည်းနှင့် အရှည် ၇ လက်မလောက်ရှိသော မည်းမည်း[illegible]ချောင်းကလေး တစ်ချောင်း ဖြစ်လေသည်။ ထိုအချောင်းကလေးကို [illegible]ကြည့်လိုက်သောအခါ ရှမ်းဓားမြှောင်အိမ်ကလေးဖြစ်သည်ကို [illegible]ယ်တကူနှင့် သိနိုင်သော်လည်း အခြားပစ္စည်းများမှာ ရုတ်တရက် [illegible]နိုင်ချေ။

ဦးသော်ထိုက်သည် ဆင်းလာ၍ ကြိုးဖြေပြီးလျှင်–

"ဒါဘာလဲ ကြည့်စမ်း"

ဟု သစ်သားကျိုးနှစ်ချောင်းကို တစ်ချောင်းတည်းစပ်၍ အခြား တစ်[illegible]ချောင်းဘွင် စွပ်သကဲ့သို့ တင်လိုက်သောအခါ ကြိုးနှင့်တကွ ဒူးလေးဖြစ်နေကြောင်းကို သိရလေ၏။

**[illegible]။** ။"အထူးပြောနေဖို့ မလိုပါဘူး၊ ဟောသည်ကသာ နေပြီး သည်ဒူး[illegible]နဲ့ ချိန်တဲ့ဟန် လုပ်ကြည့်စမ်းပါ"

ဟု ပြောသည့်အတိုင်း ကြည့်လေရာ မစောဖြူ လက်ဖက်ရည်ဖျော်သော [illegible]နှင့် တည့်နေသည်ကိုတွေ့ရ၍ များစွာ အံ့ဩမိလေသည်။

**[illegible]။** ။"ကိုင်း အချိန်ကုန်နေမယ်၊ သွားကြဦးစို့"

ဟု ပြန်ဆင်းလာရာတွင် ကုလားကိုမေးသဖြင့် ထိုလူ၏ လုံးရပ်သဏ္ဍာန် [illegible]ရသောအခါ–

"ကြားလား မျက်မှန်အမည်းတပ်ထားတယ်ဆိုပါကလား၊ သူ့စာထဲမှာ [illegible]သားပဲ၊ မောင်တော် မျက်စိကုရအောင် လာမယ်ဆိုတာ၊ ဟောဟိုင်းပါ [illegible]ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကော်ရင်ဂျီ ကုလားကိုပါ အလုပ်တိုက်သို့ ခေါ်သွားလေ၏။

ဒေါက်တာ သောင်းထိုက်၏ စုံထောက်ရုံးခန်းသို့ ရောက်သောအခါ ပွဲစားကြီးထံမှ ပေးပို့သော ဓာတ်ပုံကို ဦးစွာ ယူကြည့်ပြီးနောက် အပေါ်တွင် ဖယောင်းစက္ကူ ထပ်ပြီးသကာလ ခေါင်းဆေါင်းနေရာတွင် ပွပွ မျက်စိပေါ်တွင် မျက်မှန် လုံချည်နေရာတွင် ရှမ်းဘောင်းဘီ ရေးဆွဲပြီးနောက် ကော်ရင်ဂျီ ကုလားအားပြသောအခါ–

"ဟန်းဆပ် ဒီလူပဲ၊ တူကောင်းတယ်၊ နာ့ကို ပိုက်ဆံအများကြီးပေးတယ်"

ထိုက်။ ။"ဘယ်နှယ် သဘောရသလဲ၊ လာ တစ်ခုကျန်သေးတယ်"

ဟုခေါ်၍ ယူလာခဲ့သော ဓားမြှောင်အိမ်ကလေးအတွင်းကို ရေနှင့် ဆေး၍ ဓာတ်ခွဲကြည့်ပြန်ရာ ဓားသွားမှုရသော သွေးတွင်ပါသော အဆိပ်မျိုးပင် ထပ်မံတွေ့ရှိရပြန်လေ၏။

ထိုက်။ ။"ကိုင်း စက္ကူနှင့် မင် ကလောင်သွားဆွဲပုံ အားလုံးယှဉ်ပြိုင်ကြည့်"

ဟု မစောဖြူကို ပေးသောစာများနှင့် အိမ်ရှင်ကိုပေးသောစာများကို ယှဉ်ကြည့်သောအခါ စက္ကူချင်းတူ၊ စိမ်းလဲ့လဲ့ မင်ရောင်ချင်းတူ၊ ကလောင်သွားခြစ်ရာချင်းတူကြောင်း တွေ့ရလေ၏။

ထိုက်။ ။(ကော်ရင်ဂျီကုလားအား) "ဟေး ဟေး အရာ၊ မင်း မြင်းရထားနံပါတ် မှတ်မိသလား"

ကုလား။ ။"မှတ်မိတယ်၊ အေးကဆိုး ချဲ့တာလီ ဒိုး လမ်ဘား၊ နာလေ မောင်းတဲ့ ကုလားလည်း နာနားလဲတယ်၊ တူလေ 'ဘုံဘော' ဟိုတယ်နားမှာ ရပ်တဲ့လူပဲ"

ထိုက်။ ။'အေးအေး သွားရှာချေ မြန်မြန်၊ ရော့ နင် သည်ရထား ကုလားကို အခု မြန်မြန်ရအောင် ခေါ်နိုင်လျှင် နောက်ထပ် အများကြီးရဦးမယ်"

ဟုပြော၍ ငွေနှစ်ကျပ် သူ့လက်ထဲသို့ ထည့်လိုက်သောအခါ ကုလားမှာ



...မ်းသာစွာ ဆင်းပြေးလေ၏။

ထိုအချိန်မှာ မိုးချုပ်၍ ၇ နာရီကျော်ကျော် ရှိနေလေပြီ၊ ကုလား ပြန်မလာ ...ခင်း နာရီကိုသာ ခဏခဏကြည့်၍ ဦးသောင်းထိုက်မှာ အထဲဝင် ပြင်ထွက် ...ငြိမ်မနေနိုင်အောင် ရှိလေသည်။

မကြာမီအတွင်း ကုလားသည် မြင်းရထားနှင့် ပြန်လာသောအခါ ...နှံပ်တို့သည် ပန်းဆိုးတန်းဂါတ်ကို ဦးစွာမောင်းစေသည်။

...ဆင်စပိတ်တော်။ ။(အဝမှဆီး၍) "အဆင်သင့်ပဲ၊ ကျွန်တော်လည်း ပြောမလို့ ...တော်ဥ ဖမ်းဖို့ ဝရမ်းထုတ်ဖို့ ဝန်ထောက်ကြီး လက်မှတ်ထိုးဖို့ပဲ လိုတော့ ...တယ်၊ ဘယ့်နှယ့်လုပ်မလဲ ဓားပစ်ကောင်း ဘယ်ကျော်"

ထိုက်။ ။"ဒါထားပါဦး၊ မနက်ကျတော့ ထုတ်တာပေါ့ ခင်ဗျာ 'ဝရမ်း' ကို ...အခု ကျုပ်ပြောတာ တစ်ခုလုပ်စမ်းပါ"

ဟု နားနားတွင်ကပ်၍ ပြောပြီးနောက် ထွက်ခဲ့ကြလေ၏။

ထိုမှတစ်ဖန် ပွဲစားကြီးအိမ်သို့သွား၍ ဝင်ခေါ်ပြီးကာလ–

ထိုက်။ ။(ရထားကုလားအား ဓာတ်ပုံကိုပြ၍) "ဟေး ဂါရီဝါလား၊ နေ့ခင်း ...က သည်လူသွားတဲ့အိမ်ကိုသွား"

ဟုပြောသောအခါ ကုလားသည် ဓာတ်ပုံပေါ်မှ ဖယောင်းစက္ကူကို လှန် ...လှာ၍–

"၃၈ လမ်းမှာ သွားဒယ်နော်၊ သည်လိုရှိတယ်"

ဖယောင်းစက္ကူတွင် ဆွဲထားသော ပုံကို ထိုးပြပြီးလျှင် တစ်ဖန်လှန်၍–

"ဟို ကြည့်မြင်တိုင်မှာ သွားတယ်နော် သည်လိုရှိတယ်"

ဟုအောက်တွင်ရှိသော မောင်မှတ်ကြီး ဓာတ်ပုံကိုပြလေ၏။

ထိုက်။ ။"အေးအေး မြန်မြန်မောင်း မြန်မြန်မောင်း တို့နောက်က လိုက်ခဲ့မယ်"

ဟုပြော၍ ပွဲစားဦးစံလှ ကားပေါ်သို့ တက်ကြလေ၏။

ကြည့်မြင်တိုင် စမ်းချောင်း မင်းလမ်း အိမ်တစ်အိမ်သို့ ရောက်၍ မောင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးနှင့် တွေ့လိုကြောင်းပြောရာ–

"အခုပဲ မြင်းလှည်းကလေးနဲ့ ထွက်သွားတယ်၊ ပစ္စည်းတွေနဲ့"

ဟု ပြန်ပြော၏။

အိမ်မှပြန်ထွက်၍ ပွဲစားအား–

ထိုက်။ ။"နေပါဦး၊ သူက ဘယ်ဇာတိလဲ၊ မေးဖို့ ကျွန်တော် မေ့နေတယ်"

ပွဲစား။ ။"ကွင်းကောက် ခြောက်ရွာ၊ ကျွန်တော်လည်း ဟိုဇာတိပဲ၊ အခု ဘာဖြစ်တာလဲ နားမလည်လို့ ပြောပါဦး"

ထိုက်။ ။"ဒါဖြင့် ရန်ကုန်ကလိုက်လျှင် ပြည်မီးရထားလမ်းဘက်ပေါ့၊ သော တွမ်လို့ (က) လေးလိုး"

ဟု မြင်းရထားကုလားနှင့် ကော်ရင်ဂျီ ကုလားနှစ်ယောက်အား ကျေနပ်အောင်ပေးပြီးလျှင် ကားနှင့် ကြည့်မြင်တိုင်ဘူတာသို့ သွားကြရာ မတွေ့သဖြင့် ရန်ကုန်ဘူတာကြီးသို့ အပြင်းမောင်းသွားကြလေ၏။

ရန်ကုန်ဘူတာကြီးသို့ ရောက်သောအခါ နောက်မှပုလိပ်သားများလည်း မထပ်မနား ရောက်လာ၍ လူစုခွဲပြီးလျှင် ဘူတာအတွင်းသို့ ဝင်ရှာရာ ထွက်ရန် ပထမခေါင်းလောင်းထိုးပြီး၍ သုံးမိနစ်သာ ကျန်တော့သည်ဖြစ်၍ ခရီးသည်များမှာ တွဲပေါ်သို့ အားလုံးရောက်ရှိနေကြောင်း တွေ့ရသော်လည်း မောင်မှတ်ကြီးမှာ အရိပ်အယောင်မျှ မမြင်ချေ။

၎င်းနောက် ဦးသောင်းထိုက်သည် မီးရထားဟိုတယ် ဒုတိယ အခန်းဝသို့ ရောက်၍ ပွဲစားကြီးအား–

"ဟောဟို အထဲမှာ ခင်ဗျားရှေ့ကဝင်၊ ကျုပ်တို့ နောက်က လိုက်မယ်"

ဟု ပြော၍ ဝင်ကြသောအခါ မောင်မှတ်ကြီးသည် သောက်နေသော ဖန်ခွက်ကိုကိုင်လျက် ကျွန်ုပ်တို့အား တစ်ချက်မော့ကြည့်ပြီးနောက် ပြုံး၍ တစ်ဖန် အတွင်းဘက်သို့ လှည့်လိုက်သောအခါ အင်စပိတ်တော်ကို မြင်သည်နှင့်တစ်ပြိုင်နက် ကုလားထိုင်မှထ၍ တစ်ခဏမျှ တွေဝေစဉ်းစားလေသည်။



၎င်းနောက် အင်္ကျီအတွင်းအိတ်မှ သေးငယ်သော ပုလင်းကလေးကို [...]၍ သောက်နေသော ဖန်ခွက်ထဲသို့ ထည့်သွန်ပြီးလျှင် ဖန်ခွက်ကို [...]တို့အား မြှောက်ပြပြီးလျှင်–

"ကျန်းမာကြပါစေသောဝ်"

ဟု ပြော၍ မော့ချလိုက်လေ၏။ ထို့နောက် ဖန်ခွက်ကို စားပွဲပေါ်သို့ [...]လျှင်–

"ဟာ ဟာ ဟ သူ့သတ်ရဲလျှင် ကိုယ်သေရဲမှ၊ လာကြပါဗျာ ကိစ္စပြီး [...]ပြီ"

ဟု ပြော၍ ထိုင်ချလိုက်လေ၏။

ဤအမှုအရာ အားလုံးမှာ တစ်ခဏချင်းမျှဖြစ်၍ မောင်မှတ်ကြီး ဘာလုပ်[...]ကို ရိပ်မိသော်လည်း သူ့အနားသို့ ကြိုတင် ရောက်နိုင်ခြင်းငှာ မစွမ်း[...] ကျွန်ုပ်တို့အားလုံး ငေးလျက်သာ ရှိကြ၏။

နောက်ငါးမိနစ်အတွင်း မောင်မှတ်ကြီးသည် အပြုံးမပျက်ဘဲ ထိုင်နေရာ [...]းပွဲပေါ်တွင် လက်တင်၍ ခေါင်းစိုက်သွားလေ၏။

ထိုက်။ ။"နည်းနည်းကလေး နောက်ကျသွားတယ်၊ သူ့ခမျာ လုံ့လစိုက်[...] ကြိုးစားရကျိုး မနပ်လိုက်တာ၊ အမွေကလေးများမှ ခံစံမသွားရဘူး၊ အမွေဆိုတာ ဒါကြောင့် စားထိုက်မှစားရတယ် ဆိုတာပဲ၊ သို့သော် ကျုပ်တို့ [...]တော့ သူနောက်ထပ်သတ်မယ့် အသတ်တစ်ချောင်း ကယ်ဆယ်ကျိုးနပ်[...]ဘယ်"

ပွဲစားကြီး။ ။"နောက် သူ ဘယ်သူ့ကို သတ်ဦးမှာလဲ"

ထိုက်။ ။"အို သည်အမွေကို သူခံစားဖို့ လမ်းထွင်နေတာ အောင်မြေနင်းဖို့[...]ကားမှ ခင်ဗျားနှမ ဒေါ်လှမေတစ်ယောက်ပဲ ကျန်တော့တယ် မဟုတ်လား၊ [...]င်း အင်စပိတ်တော် ကျွန်တော်တို့ တာဝန်တော့ ကုန်ပါပြီ။ ခင်ဗျား အလုပ်ပဲ [...]ကျန်တော့တယ်၊ အလောင်းကို ဆေးရုံပို့ဖို့ဟာ ဟိုတယ် နောက်ဖေးပေါက်က

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ထုတ်ရရင် ကောင်းမယ်၊ သို့မဟုတ် ရှေ့က လူတွေ သိပ်ဝိုင်းနေလိမ့်မယ်၊ ဟိုတယ်ရှေ့ပေါက်ကိုလည်း လူမသိခင် ပိတ်ထားရင်ကောင်းမယ်"

ဟု ပြော၍ ကျွန်ုပ်တို့ ထွက်လာခဲ့လေ၏။

ပွဲစားကြီးမှာ တူမသေသည်ကို ဝမ်းနည်းနမြောသော်လည်း နမအသက်ချမ်းသာရသည်ကို ထောက်စာ၍ ဖြေရလေသည်။

ဒေါက်တာသောင်းထိုက်။ ။"ဟောသည်လူ နှစ်ယောက် အင်စပိတ်တော်နှင့် မောင်မှတ်ကြီး၊ သူတို့မျက်နှာပေါက်ပုံ ခေါင်းပေါက်ပုံ အင်္ဂါရုပ်နဲ့ သူတို့ပြုံပုံ မူပုံနဲ့မလိုက်ဘူးလား၊ တစ်ယောက်က ထိုင်းသလောက် တစ်ယောက်က ဉာဏ်သွားတယ်၊ တစ်ယောက်သွေးနည်းသလောက် တစ်ယောက် ရဲရင့်တယ်၊ ကျွန်တော် သူတို့ရုပ်နဲ့ ဓာတ်ပုံကိုမြင်ကတည်းက အတော် အကဲခတ်မိတယ်၊ အဲဒါ (ဦးခေါင်း၊ မျက်နှာတို့ကို စမ်းသပ်ကြည့်ရှုခြင်းဖြင့် လက္ခဏာဖတ်သောကျမ်း) ထဲက ပညာပဲ"

ကျွန်ုပ်။ ။"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဘယ်ပညာမျိုးမဆို ဆည်းပူးထိုက်ပါတယ်လို့ ဝန်ခံတာပေါ့၊ 'မလုပ်အပ်သည်သာ ရှိသည် မတတ်အပ်သည် မရှိ' လို့ ပညာရှိကြီးများ စကားရှိပေတာပဲ၊ ဒါထက် စကားမစပ် ဟိုအလောင်းအောက်က ကောက်ယူတဲ့ ထမ်းရွက်ဖတ်ကလေးဟာ ဘာလဲ"

ထိုက်။ ။"အို မြားဖင်မှာ ငါးအမြီးလို မြားလမ်းဖြောင့်အောင် တပ်ထားတာ မမြင်ဖူးဘူးလား၊ မှတ်ကြီးက သိပ်ဉာဏ်များတဲ့အကောင်ပဲ၊ ဓားမြှောင်မှာ နောက်က ဘယ်လိုလုပ်ပြီး တပ်တယ်တော့ မသိဘူး၊ ဖယောင်းတော့ တွေ့တာပဲ၊ 'ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်' အောင် စာရေးတာ မကောင်းဘူးလား"

ကျွန်ုပ်။ ။"ကောင်းပါရဲ့၊ သို့သော်လည်း လောဘတိုက်တွန်းအားကြီးတော့ အလွဲလွဲအချော်ချော်ဖြစ်တာမျိုးပဲ"

ရွှေဥဒေါင်း

## ရွှေဥဒေါင်း



၁၈၈၉ အောက်တိုဘာ ၂၄ ကြာသပတေးနေ့တွင် အဖဦးရော၊ အမိ ဒေါ်ရွှေတို့မှ မန္တလေးမြို့ ဓနိုင်(ဓားတန်း) ရပ်ကွက်တွင် ဖွားမြင်သည်။

အမည်ရင်း ဦးဖေသိန်း၊

၁၉၀၂ မန္တလေးမြို့ အိမ်တော်ရာဘုရားတောင်ဘက်ရှိ ဒက္ခိဏာဝံတိုက် (မြိတ်)ဘုန်းတော်ကြီးကျောင်းမှ ငါးတန်းအောင်၊ အေဘီအမ် (ကယ်လီကျောင်း) သို့ပြောင်း၊

၁၉၀၈ ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်မြင်၊ မန္တလေးမြို့ ဗုဒ္ဓဘာသာကျောင်း၌ ကျောင်းဆရာ၊ ရွှေဘိုမြို့ အရေးပိုင်ရုံး အကူစာရေး၊ သစ်တောရုံး၌ တောလိုက်စာရေး၊

၁၉၁၀ မန္တလေးမြို့ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမမင်းကြီး ရုံးစာရေး၊ ကျောင်းဆရာကြီး သမီး မလှမူနှင့် အိမ်ထောင်ပြု၊

၁၉၁၄ အိမ်ထောင်ကွဲ၊ ဒုတိယ အိမ်ထောင်ပြု၊

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၅ ပထမဆုံးဝတ္ထု 'ရန်ကြီးအောင်' ကို ရေးသား၊ သူရိယ သတင်းစာတိုက်မှ ၁၉၁၇ တွင် ပုံနှိပ်ထုတ်ဝေ၊

၁၉၁၆ ရတနာပုံဝတ္ထု ရေးသား၊ ပထမဆုံး လုံးချင်းစာအုပ်အဖြစ် သူရိယသတင်းစာတိုက်မှ ထုတ်ဝေ၊

၁၉၁၇ ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ သူရိယသတင်းစာတိုက် အယ်ဒီတာ၊

ဧပြီလ သူရိယမဂ္ဂဇင်းတွင် စုံထောက်မောင်စံရှား ပထမဆုံး ဝတ္ထုဖြစ်သော 'ကြိုးကြာကန် လူသတ်မှုတွင် မောင်စံရှား စုံထောက်ပုံ' စတင်ရေးသား

ရှုပနန္ဒ စာအုပ်ရေးသား၊

၁၉၁၈ သူရိယသတင်းစာတိုက်မှ ဝက်နွံဝတ္ထုကို ရိုက်နှိပ်ထုတ်ဝေခဲ့၊ (မှုကွဲ၊ စာကြေးမုံ ဦးကြီးမောင် (ငွေဥဒေါင်း) က ၁၉၂၀ ကျော် ကျော် ဟုဆိုသည်)

၁၉၁၉ ရတနာပူရ ဝတ္ထု၊

၁၉၂၀ ဒုတိယအိမ်ထောင်ကွဲ၊ မစိုး(ဒေါ်ကြီးစိုး)နှင့် တတိယအကြိမ် အိမ်ထောင်ပြု၊

၁၉၂၂ မြတောင် ကမ်းနီရွာတွင် အင်္ဂလိပ်အလွတ်ပညာသင် ကျောင်းဆရာ၊

၁၉၂၆ မြတောင် ကမ်းနီရွာတွင် ရာသက်ပန်ရည်ရွယ်၍ ရဟန်းဘောင်ဝင်၊ နာမကျန်းဖြစ်၍ လူထွက်၊ နယူးဘားမား သတင်းစာတွင် စက္ကရီတေရီ၊

၁၉၃၀ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်းတွင် ဘာသာပြန်ဆရာ၊ ဂျမဒါ ကိုကိုကြီး ဝတ္ထုတိုများကို သူရိယမဂ္ဂဇင်း၌ စတင်ရေးသား၊

၁၉၃၆ ဇူလိုင် ၇ရက်နေ့တွင် သူရိယသတင်းစာတိုက်တွင် ဒုတိယ အကြိမ် အယ်ဒီတာ၊



၁၉၃၇ စောဒေဝီစာအုပ် သူရိယသတင်းစာတိုက်မှ ထုတ်ဝေ၊

၁၉၃၈ ရှုပကလျာဏီစာအုပ် လောကစံစာအုပ်တိုက်မှ ထုတ်ဝေ၊

၁၉၃၉ ဝသုံးလုံး၊ ပထမ်ဆရာသိန်း စာအုပ်များ မန္တလေးကြီးပွားရေးမှ ထုတ်ဝေ၊

၁၉၄၀ အိုင်ဗင်ဟို ပထမတွဲ ဟံသာဝတီစာအုပ်တိုက်မှ

၁၉၄၁ အိုင်ဗင်ဟို ဒုတိယတွဲ ဟံသာဝတီစာအုပ်တိုက်မှ၊

အေဗျုဟောင်လင်းကွန်း နဂါးနီစာအုပ်တိုက်မှ၊

စုံထောက်မောင်စံရှား စာအုပ်၄တွဲ ရန်ကုန်ဒေါ်အုန်းသင်နှင့် သားများ စာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေ၊

၁၉၄၃ အာဟာရနှင့် ကျန်းမာရေးစာအုပ်

၁၉၄၄ အကြံဉာဏ်နှင့် ကြီးပွားရေးစာအုပ်နှင့်

၁၉၄၅ ရွှန်းဝှံသူစာအုပ်တို့ကို မန္တလေးကြီးပွားရေးတိုက်မှ ထုတ်ဝေ၊

၁၉၄၆ မန္တလေး လူထုသတင်းစာ အယ်ဒီတာချုပ်

၁၉၄၇ ဂမုန်းနက် ဝတ္ထုကို မန္တလေးကြီးပွားရေးတိုက်မှ ပုံနှိပ်ထုတ်ဝေ၊

ဂျမဒါကိုကိုကြီး ဝတ္ထုတိုများ စုပေါင်း၍ စာအုပ်အဖြစ် ရန်ကုန် ဒေါ်အေးသင်နှင့် သားများမှ ပုံနှိပ်ထုတ်ဝေ၊

၁၉၄၈ စာရေးဆရာအသင်း အတွင်းရေးမှူး၊ ဇော်ဟိတ်ဝတ္ထုတိုများကို သွေးသောက်ဂျာနယ်တွင် စတင်ရေးသား၊

သူတော်စိန် ဝတ္ထုတိုများကို ပဒေသာမဂ္ဂဇင်းတွင် ရေးသား၊

၁၉၄၉ ဒဂုံတင့် ဝတ္ထုတိုများကို တော်ဝင်မဂ္ဂဇင်း၌ ရေးသား၊

၁၉၅၀ ကိုယ်ရံတော် ဘာသာပြန်ဝတ္ထုကို ပြည်သူ့အလင်းတိုက်မှ ထုတ်ဝေ၊

၁၉၅၂ မျှော်တလင့်လင့် ဝတ္ထု (Great Expectation by Charles Dickens) ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ရရှိ၊ ပီကင်းမြို့ ကမ္ဘာ့ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေး အစည်းအဝေးကြီးသို့ မြန်မာအဖွဲ့၏ ဒုတိယခေါင်းဆောင် အဖြစ် သွားရောက်၊
စိတ်ထားဝတီ စာအုပ်ကို မန္တလေးကြီးပွားရေး စာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေ၊

၁၉၅၃ ကိုယ်တွေ့တရုတ်ပြည်သစ် စာအုပ်နှင့် ဦးဖေသိန်း၏ရွှေဥဒေါင်း စာအုပ်ကို လူထုသတင်းစာတိုက်နှင့် ကြီးပွားရေး ပုံနှိပ်တိုက်မှ ထုတ်ဝေ၊

၁၉၅၅ သွေးစုတ်မြေ ဝတ္ထု (The Jungle by Upton Sinclair) စာအုပ်ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ထပ်မံရရှိ၊

၁၉၆၀ ဒွေ့ဒိဋ္ဌမတ္တံ လက်တွေ့ကျင့်စဉ် စာအုပ်၊

၁၉၆၁ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်ဖြင့် စာပေဗိမာန် သုတပဒေသာဆု ရရှိ၊

၁၉၆၄ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်၊

၁၉၆၅ ကာလယန္တရား၊ ချစ်ပန်းပွင့်၊ စေတလုံးပိုင်ရှင်နှင့် အခြားဝတ္ထုတိုများ၊ ဇော်ဟိတ်၊ သူတော်စိန် အစရှိသည့် ဝတ္ထုတိုပေါင်းချုပ် စာအုပ်များကို ပြန်လည်စုစည်း ပုံနှိပ်ထုတ်ဝေ၊

၁၉၆၆ ဩဂုတ်လတွင် ဆိုဗီယက်မြန်မာယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး အစီအရုဉ်အဖြစ် ဆိုဗီယက်အစိုးရ၏ ဖိတ်ကြားချက်အရ လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ်အနေဖြင့် ဆိုဗီယက်သို့ လေ့လာရေးခရီးသွား၊

၁၉၇၁ ဇူလိုင် ၂၅ရက်ထုတ် ဟံသာဝတီသတင်းစာပါ ရွှေဥဒေါင်း၏ ဖြောင့်ဆိုချက်သည် ဆရာကြီး နောက်ဆုံးရေးသော စာဖြစ်ခဲ့ပြီး

၁၉၇၃ ဩဂုတ် ၁၀ သောကြာတွင် မန္တလေးမြို့၌ကွယ်လွန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com